# ဒေသနာနယသင်္ခေပ

# ဓါတုကာယဝိနိစ္ဆယကျမ်း။



ဖွါးသက္ကရာဇ် ၁၂၁၇-ခုနှစ်။
၁၃၁၈-ခုနှစ်တွင်ပျံလွန်တော်မမူမှီရိုက်ကူးထားသော
ပဲခူးခရိုင် ကဝမြို့နယ် သကလချွာတောင်ကျောင်း
ကျေးဇူးရှင် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၊ ဦးကေသရ၏ပုံ။
သက်တော် (၁၀၁)နှစ်။ ဝါတော်(၈၁)ဝါ။



မူလ-ဓမ္မာစရိယ

အတိဝိသိဋ္ဌဂန္ထကာရ-မဟာဘိသက္က

ပြည်သူ့ရွှေတံဆိပ်ရ

**ဆရာကြီး-ဦးချစ်ဖေ။**

အသက် ၇၂-နှစ်တွင် ရိုက်ကူးထားသောပုံ

# ဆရာကြီးဦးချစ်ဖေ၏

# အကျဉ်းမှတ်တမ်းအကျဉ်း

၁၂၅၃-ခု ဒုတိယဝါဆိုလဆန်း(၃)ရက်ဗုဒ္ဓဟူးနေ့သို့အဝင် နံက်(၁)ချက်တီးကျော် ပဲခူးခရိုင်၊ ခမ္မနက်ကြီးရွာ အမိဒေါ်နှင်းညိုမှ မွေးဖွားသောသားအကြီးဆုံးဖြစ်ပါသည် ဘခင်မှာ ဆရာကြီးဆရာဖေဖြစ်ပါသည်၊မျိုးရိုးစဉ်ဆက်ဆရာမျိုးဖြစ်ပါသည်။

(၅) နှစ်ရွယ်ရောက်သောအခါဘုန်းတော်ကြီးကျောင်းတွင်အပ်နှံ၍စာပေများသင်ပြီး(၁၃)နှစ်အရွယ်ရောက်သောအခါ သာမဏေဝတ်ပါသည် ထိုမှစ၍ လောကဓမ္မ ကြောင်းနှစ်ဖြာကို သင်ယူခဲ့ပါသည် အားလပ်ချိန်မှာလည်း ဘုန်းတော်ကြီးထံတွင်မက - ဘခင်ထံမှာလည်းလက်တွေ့နည်းကောင်းများ ခံယူခဲ့ပြီး (၂၀) မြောက်ဥပသမ္ပဒ ရဟန်းအဖြစ်သို့ တက်ခဲ့ပါသည်၊ထိုမှတဆင့်မန်းမြို့သို့ တက်ပြီး နေ့ဝါ-ညဝါများလည်းသင်ယူခဲ့ပါသည်(၆)ဝါမြောက်တွင်မိမိနေရပ်သို့ပြန်၍ ဆရာတော်ကြီးများလက်အောက်မှာစာများပို့ချပြီးနောက်(၁၁)ဝါမြောက် ရောက်ရှိသောအခါ မဟာဗောဓိသို့သွားပြီး ဆေးပညာ အတတ်များကိုလည်းဆည်းဘူးခဲ့ပါသည် ထိုမှပြန်လာပြီး နောက် (၁၇) ဝါမြောက်တွင်လူပြန်တော်ဘဝသို့ ရောက်ပြီးယနေ့(၇၂)နှစ်ထိ ဆေးပညာနှင့် အသက်မွေးကျွေးပါသည်(၁၃၂၀) ခု လောက်တွင် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့က ဆေးကျမ်းများခေါ်ယူခဲ့ရာမှာ ဆေးကျမ်းအများတို့တွင်ရွေးရာ ဇမ္ဗူ့ဝိဘဇ္ဇဝါဒီ ခေါ်ရောဂါနိဒါန်းဆေးကျမ်းအနေနှင့်ပ-ဒု-တ-စ-ဆေးကျမ်းကြီး လေးကျမ်းကို(၁)နံပါတ်အနေနှင့် အရွေးခံရပါသည် ၎င်းကျမ်း(၄)ကျမ်းလုံးပင် တိုင်းရင်းဆေးဆရာအဖွဲ့ရုံး၌ မှတ်ပုံတင်ထားခဲ့ပါသည်၊ ထိုအခါတွင် ဂ-ည-ဆ-ဖ ခရိုင်ပေါင်းစုံ ဆေးဆရာတို့၏ရွေးတံဆိပ်ကိုဆွတ်ခူးခဲ့ရပါကြောင်း။

**ဤကားအကျဉ်းစကားဖြင့်**

**အစီရင်ခံရခြင်းဖြစ်ပါကြောင်း။**

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်းစကား

ဤဒေသနာနယသင်္ခေပခေါ်၊ ဓာတု-ကာယ ဝိနိစ္ဆယကျမ်း နှင့် ဘေသဇ္ဇနယသင်္ခေပ၊ ရောဂါနိဒါန်းနှင့် ကုထုံးကျမ်းကိုရေးသားဖေါ်ပြရခြင်းမှာ။ နိုင်ငံတော်တော်လှန်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာနမှ။ အတွင်းဝန် ဦးထွန်းသောင်းနံမည်နှင့်၊ သတင်းစာများတွင်၊ တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်လိုသော၊ ဆေးဆရာများအတွက်၊ တိုင်းရင်းမြန်မာ ဆေးစာမေးပွဲကို(၁၉၆၂-ခု။ ဒီဇင်ဘာလ (၁၇-၁၈) ရက်နေ့များတွင်၊ မန္တလေးမြို့နှင့်၊ ရန်ကုန်မြို့တို့၌တပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေငြာလိုက်သည်ဟု ဝါခေါင်လဆုတ်(၇)ရက် ဩဂုတ်လ(၂၂ ရက်ထုတ် သတင်းစာများတွင် ကြေငြာချက်ထုတ်ပြန်ထားသည်ကို တွေ့ရှိရကြပါသဖြင့်။

ရန်ကုန်မြို့နှင့်နီးစပ်သောမြို့များမှအဖွဲ့ဝင်အပေါင်းတို့သည်၊ ဝါခေါင်လဆုတ် (၁၂) ရက်၊ဩဂုတ်လ (၂၇) ရက်နေ့တွင်၊ အထူးအစည်းအဝေးခေါ်ပြီးထိုနေ့ (၁၂) နာရီအချိန်တွင် အဖွဲ့တည်ရာဌာန (၉) ဥယျာဉ်လမ်း ကြည့်မြင်တိုင် ရန်ကုန်၌ ဟိုင်းရာဇာဆရာမြကို သဘာပတိပြုလုပ်ပြီး၊ တွဲဘက်အတွင်းရေးမှူးကိုတင်ဝင်းက အခမ်းနားမှူးပြုလုပ်၍၊ အဖွဲ့၏စည်းမျဉ်းအတိုင်းအတွင်းရေးမှူးချုပ်ကအစီရင်ခံစာဘတ်ပြပြီးနောက်။

အဖွဲ့ဥက္ကဋ္ဌဆရာကြီးဦးချစ်ဖေက၊ နိုင်ငံတော် တော်လှန်ရေးကောင်စီ အစိုးရက မြန်မာဆေးဆရာများ စာမေးပွဲပြုလုပ်မည်ဟု ကြေငြာထားသည်ကို သဘောတူထောက်ခံကြောင်း အဆိုတင်သွင်းရာ အားလုံးတက်ရောက်သောဆေးဆရာ(၅၀)ကျော်တို့ကအဆိုကို တပြိုင်နက်ထည်းထောက်ခံကြပါသည်။

တက်ရောက်ကြသော ဆေးဆရာများက သဘာပတိထံ ခွင့်တောင်း၍ အဖွဲ့ဥက္ကဋ္ဌဆရာကြီးအား(၁) ဤစာမေးပွဲကိစ္စနှင့်ပတ်သက်၍ အစဘယ်လိုဖြစ်ပေါ်လာပါသလဲ(၂)ဤစာမေးပွဲအတွက်ဖြေဆိုရန်ကျမ်းများကိုဘယ်သူသတ်မှတ်ပါသလဲဆိုဒါ ကျွန်တော်တို့သိပါရစေ၊ ဆရာကြီးသိသလောက် အဖြေပေးပါရန် မေတ္တာရပ်ခံပါသည်ဟု တက်ရောက်သောဆရာများက တောင်းပန်ကြသဖြင့် အောက်ပါအတိုင်း အဖြေပေးကဲ့ပါသည်။

**၁/အဖြေ**။ နိုင်ငံတော် တော်လှန်ရေး အစိုးရတက်လာ ပြီးနောက်၊ ၂၆-၃-၆၂-နေ့မွန်းလွဲ (၁) နာရီတချိန်တွင်၊ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မြန်မာဆေးဆရာများ တိုးတက်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနရုံးခန်းတွင်ကျင်းပပါသည်။

## (အစည်းအဝေးသို့တက်ရောက်သောပုဂ္ဂိုလ်ကြီးများမှာ)

၁။ ဝန်ကြီး ဗိုလ်မှူးချုပ်စီသူ(သန်းဖေ)ကျမ္မာရေးဝန်ကြီး
၂။ ဝဏ္ဏကျော်ထင် သီရိပျံချီဦးထွန်းသောင်း အတွင်းဝန်
၃။ ဗိုလ်မှူးကြီးမောင်လွင် တွဲဘက်အတွင်းရေးမှူး
၄။ ဗိုလ်မှူးစီသူ လှဟန်ဆေးညွှန်းမှူး ကာကွယ်ရေးဝန်ကြီးဌာန ယခု ကျမ္မာရေးဝန်ကြီး
၅။ ဆရာကြီးဦးစံတင့် တိုင်ရင်းဆေးဆရာအဖွဲ့ ဥက္ကဋ္ဌဟောင်း
၆။ ဦးဘသော်
၇။ ဦးချစ်ဖေ
၈။ နေလဝိဇ္ဇာ ဆရာခိုင်
၉။ ဦးသောင်းရှိန်
၁၀။ ဦးမြသီး
၁၁။ ဦးသိမ်းမောင်ကြီး

တို့ဖြစ်ကြောင့်....

ထိုအခါ ရှေးဦးစွာအတွင်းဝန်က တော်လှန်ရေးကောင်စီ အစိုးရအနေနှင့် လက်ရှိဆေးဆရာအဖွဲ့ကို ရပ်ဆိုင်းထားပြီး အဖွဲ့သစ်ပြန်လည် ဖွဲ့စည်းမည်ဟု ကြေငြာထားကြောင်း။ ဤကိစ္စနှင့်ပတ်သက်၍ အဖွဲ့ဟောင်းတွင် ပါဝင်သော ဆရာကြီးများက၊မည်သို့သဘောထားသည်ကို တင်ပြဆွေးနွေးရန်ဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။

ဆရာကြီးဦးစံတင့်က စတင်၍ အကြံညာဏ်များပေးပြီးနောက်၊ အသီးအသီးအကြံညာဏ်များပေးကြရာ (၂) နာရီကျော်သွားသဖြင့် ဗိုလ်မှူးကြီးစည်းသူလှဟန်က ဆေးဆရာများပြန်လည်ဆန်းစစ်လျှင် မည်သည့်နည်းနှင့် ဆန်းစစ်လျှင်ကောင်းမည်နည်းဟုမေးရာ။

ဆရာကြီးဦးဘသော်ကမှတ်ပုံတင်ပြီးသား ဆေးဆရာများကိုတနှစ်တကြိမ် သို့မဟုတ်(၆)လတကြိမ် စာမေးပွဲပြုလုပ်ပြီး အောင်မြင်သောသူများကို ဂုဏ်ထူးပေးရလျှင် ဆရာတုဆရာယောင်များပပျောက်သွားလိမ့်မည် စသည်ဖြင့် အကြံဉာဏ်များပေးပြီး ဆရာကြီးဦးချစ်ဖေက နိဂုံးချုပ် အနေနှင့်ပြောရလျှင် လောလောဆယ် မလုပ်ဘဲပြန်လည်စင်းစားသင့်ကြောင်းစသည်ဖြင့် ပြောဆိုပြီး

အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည် ဤကားလိုရင်း ကောက်နှုတ်ချက် ပဌမမေးခွန်းဖြေခြင်းတည်း။

**ဒုတိယဖြေ** ထိုဝန်ကြီးဌာနဌ် စည်းဝေးပြီးနောက် ဩဂုတ်လ {၂၈}ရက်နေ့စွဲဖြင့် ဆေးဆရာများကိစ္စနှင့်ပတ်သက်၍ ဆရာကြီးဦးဝဏ္ဏက အထက်ဖော်ပြပါ အမှုဆောင်ဟောင်း (၇) ဦး ကိုဩဂုတ်လ (၃၁) ရက် စနေနေ့နံက် {၈} နာရီအချိန် (၂၇) လမ်းတိုင်းရင်းဆေးဆရာအဖွဲ့ရုံးသို့ ကြွရောက်ကြပါရန်လေးမြတ်စွာ ဘိတ်ကြားအပ်ပါသည်။

အမိန့်အရ

**မောင်ဘေ**

ထိုဘိတ်စာအရ အထက်ဖေါ်ပြပါ ဆရာကြီး{၇}ဦးတို့သည် ထိုနေ့အချိန် မှီစုံစုံညီညီမှတ်ပုံတင်ရုံးသို့ သွားရောက်ကြရာ ဦးဝဏ္ဏအရေးကြီးသော ကိစ္စတခု ရှိနေ၍ မလာနိုင်ကြောင်း ဦးဘေနှင့် ကိုသန်းလှိုင် တို့က ပြောပြပါသည်။ ဦးဝဏ္ဏရည်ရွယ်ချက်ကို မေးရာဒင်းတို့က သုံးနှစ်ဆေးကျောင်း၌ သင်ခဏ်းစာနှင့်အရှည်အချင်းစစ် စာမေးပွဲအတွက် ဘယ်ကျမ်းများမှ ကောက်နှုတ်ချက်ထုတ်၍ မေးရလျှင်ကောင်းမည်နည်းဟု အကြံညာဏ်လောက်သာ တောင်းရန်ဖြစ်ပါလိမ့်မည်ဟုပြောရာ ထိုကိစ္စနှင့်ပတ်သက်ပြီး အကြောင်းမျိုးစုံဆွေးနွေးကြပြီးနောက် ဆရာကြီးဦးစံတင့်က တိုင်းရင်းဆေးဆရာအဖွဲ့၏ {၉} ကြိမ်မြောက်အစည်းအဝေးက (၃) နှစ်သင်တန်းအတွက် ကျမ်းပေါင်း {၃၆}ကျမ်းတင်ပြထားဒါရှိသည် ဒင်းမှာကျွန်တော်ကိုယ်တိုင် အကြံညာဏ်များပေးကဲ့ခြင်းဖြစ်ပါ၍ ဒင်း {၃၆} ကျမ်းမှ ကောက်နှုတ်၍ အောက်ပါကျမ်း (၁၂) ကျမ်းကို အမည်ထုတ်ဖေါ်၍ပြပါသည်။

**ဒေသနာနယ**


၁/အဘိဓမ္မတ္ထသင်္ဂဟရူပပရိစ္ဆေဒကဏ္ဍ၊ ပါဠိအနက်စာမျက်နှာ ၂၈

၂/ဓာတုဝိနိစ္ဆယရူပကဏ္ဍကျမ်း ၂၅၅

၃/ကာယနုပဿနာကျမ်း ၃၀၄

၄/တောင်သာခြောက်လုံး တောင်သာဆရာမှဲ့ရေး ၁၂၈

ဒေသနာနယကျမ်း(၄) ၇၁၅


ကျမ်းစာမျက်နှာပေါင်း

**ဘေသဇ္ဇနယ**

၁/မာဓဝနိဒါန်း ဆေးကျမ်း ၂၄၈
၂/သာရကောမုဒီကျမ်းအကျယ် (၉) တွဲ ၃၁၁
ဧင်းလက်ာကျမ်းမှာ (၇၁) သာရှိသည်
၃/ဘေသဇ္ဇမဥ္ဇူသာဆေးကျမ်း(၂)တွဲ ၂၀၄
၄/ဒဗ္ဗဂုဏပကာသနီကျမ်း (၉) တွဲ ၃၁၁
၅/နယသုခိ အဓိပ္ပါယ်ကျမ်း ဒေသနာနယပါရောနှော ၁၅၆

ဘေသဇ္ဇနယလာကျမ်းပေါင်း(၅)ကျမ်း၁၂ ၄

**ဘေဒနယ**

၁။ အာဒိကပ္ပဒ္ဒါဒရာသီကျမ်း } နှစ်ကျမ်းတွဲ ၁၃၈
၂။ ဒွါဒသိမ်ကျမ်း

**ဝိဇ္ဇာရေနယ**

၁။ ကဝေသာရကျမ်း ဧင်းမှာစာမျက်နှာ(၁၀၀)ကျော်ခန့်
ပေါင်းကျမ်းပေါင်း(၁၂)ကျမ်းမှာ ကဝေသာရ
နှုပ်လျှင်ကျမ်းပေါင်(၁၁)ကျမ်းစာမျက်နှာပေါင်း ၁၉၈၇

အထက်ဖော်ပြပါကျမ်း (၁၁) ကျမ်းမှာအားလုံး ဆေးကျမ်းများမဟုတ်သော်လည်းဒေသနာကျမ်းများမှဓါတ်ပညာများနှင့်ဆေးကျမ်း-ဗေဒင်ကျမ်းလာတို့မှ ဆေးဆရာများနှင့် သက်ဆိုင်သော လိုရင်းအချက်အလက် များကိုကောက်နှုတ်ချက်ထုတ်၍ ဆုံးဖြတ်နိုင်ရန်ရည်ရွယ်ပြီး မူကျမ်းအနေနှင့်သာတင်ပြခဲ့ပါသည်။

နောက်များမကြာမီ ဦးဝဏ္ဏအထူးအရာရှိနံမည်နှင့်ဧင်း (၁၂) ကျမ်းကိုသတင်းစာများတွင် ဆေးဆရာများအတွက် စာမေးပွဲလုပ်မည်ဟု ကြေငြာထားသည်ဟု ပြောသံကြားရသည် ထိုနောက်မရှေးမနှောင်းနိုင်ငံတော်တော်လှန်ရေးကောင်းစီအစိုးရ အနေနှင့်ကဝေသာရကျမ်းကို ပယ်လိုက်သဖြင့် ကျမ်း၁၂ကျမ်းမှာ(၁၁)ကျမ်းသာကြံရှိတော့၏ ဤ၁၁-ကျမ်းနှင့်ဆေးဆရာများအားဒီဇင်ဘာ(၁၇-၁၈-ရက်နေ့များ၌ စာမေးပွဲပြုလုပ်မည်ဟု ဩဂုတ်လ (၇) ရက်နေ့က အတွင်းဝန် ဦးထွန်းသောင်းနံမည်နှင့်ကြေငြာချက်မိတ်တူကိုလူကြီးမင်းတို့နှင့်တိုင်းခရိုင်ရှိအဖွဲ့ဝင်များကိုတဆင့်မိတ္တူရိုက်၍ ဝေ‌ဍခြင်းဖြစ်ပါကြောင်း။

ယခုဖော်ပြသော စာအုပ်(၁၁)ကျမ်းစာမျက်နှာပေါင်း (၁၉၇၇)ကို ရေတွက်၍ပြခြင်းမှာ၊ ဆုံးဖြတ်စဉ်အခါကမပါပါ၊ ကျွန်တော်၏အနေနှင့် ဗဟုသုတရစေရန် ထုပ်ပြခြင်းသာဖြစ်ပါသည်။

ဆရာကြီးခင်ဗျား ဆရာကြီးယခုရှင်းပြသည့်အတွက် ကျွန်တော်မကြားဘူးသောကျမ်းများနှင့် ကျမ်း၏စာမျက်နှာနံပါတ်များပါကြားသိရပါသဖြင့် အလွန်ပင်ကျေးဇူးကြီးလှပါသည်။

ထိုကျမ်းများ ယခုဝယ်၍ရပါသလား ဝယ်၍ရလျှင်ဘယ်လိုလုပ်ကြပါမည်နည်း ထိုကျမ်းများမှာယခုဝယ်၍ ကုန်အောင်မရပါ၊ ဝယ်ရလျှင်ကျမ်း (၁၁) ကျမ်းကို(၆၀)ခန့် လောက်ကြလိမ့်မည် ဆရာကြီးလက်ဝယ်ကော အကုန်ရှိပါသလား၊ အကုန်ရှိ၍သာစာမျက်နှာ အရေအတွက်ကိုပြနိုင်ပါသည်။

ထိုကျမ်းများကိုကြည့်ပါရစေဟု တောင်းဆိုရာ ထိုကျမ်းများကိုထုတ်ပြရာ ၎င်းကျမ်းများ၌ပါသော စာများကိုဖတ်ကြည့်ရာ ဒေသနာနယ၊ ဘေသဇ္ဇနယ ကျမ်းအချို့မှာ ပါဠိအနက်နှင့် ရေးသားထားခြင်း ဖြစ်၍ကျွန်တော်တို့ ပိဋကပ်စာပေများကို မသင်ဘူးသည့်အတွက် ဌါန်ကရိုဏ်းကြအောင် မဖတ်တတ်သည့်ပြင် အဓိပ္ပါယ်များကိုလည်း နားမလည်ကြပါ။ သို့ဖြစ်ပါ၍ ကျွန်တော်များ ထပ်၍တောင်းပန်ပါသည် ဤကျမ်း (၁၁) ကျမ်းမှ သဘောတူရာပေါင်းစပ်၍၊ကျွန်တော်တို့အချိန်မှီ စာမေးပွဲဝင်နိုင်ရန်၊ ကောက်နုပ်ချက်ထုတ်ပြီး မြန်မာလို ပြန်ဆိုရေးသားပေးပါရန်၊ ၎င်းကိုကျွန်တော်တို့ ပုံနှိပ်ပြီးအဖွဲ့သားများအနေနှင့် စာမေးပွဲဝင်လိုသူများဝေငှ သုံးစွဲပါမည်ဖြစ်၍ တောင်းပန်းရခြင်းဖြစ်ပါသည်ဟု၊ တောင်းဆိုကြသဖြင့်။

ဤလိုစိတ်ပါဝင်စားစွာဖြင့်အားတက်သရောတောင်းဆိုကြသဖြင့်ဆရာကြီးများလည်းအလိုဆန္ဒပြည့် နိုင်ငံတော်တော်လှန်ရေး အစိုးရ၏လိုလားချက်နှင့်မိမိကလည်း တာဝန်ခံထားချက်နှင့်လည်း ကိုက်ညီရလေအောင် ဆေးဆရာလူကြီးမင်းများစာမေးပွဲဝင်နိုင်ရန်အချိန်မှီဖြစ်မြောက်ရေးကို ရှေးရှု၍ယနေ့ညကပင် စတင်၍စီရင်ရေးသားပေးပါမည်ဟုတာဝန်ပေးထားချက်အရဤဒေသနာနယခေ်ပ ဓာတု-ကာယ ဝိနိစ္ဆယကျမ်းနှင့် ဘေသဇ္ဇနယသခေ်ပကျမ်းကိုရေးသား ခြင်းဖြစ်ပါကြောင်း။

ဤကား ဤကျမ်းရေးရခြင်း၏အကြောင်း နိဒါန်း နိဋ္ဌိတံ

| နံပါတ် | မာတိကာ | စာမျက်နှာ။ |
|---|---|---|
| ၁။ | ကျမ်းပြုဆရာ၏ အတ္ထုပ္ပတ္တိ။ | |
| ၂။ | နိဒါန်း။ | |
| ၃။ | မာတိကာ။ | |
| ၄။ | အမှားအမှန်ကဏ္ဍ။ | ......၁-မှ-၄ |
| ၅။ | ပဏာမ။ | ...... ၁ |
| ၆။ | ပဌမကဏ္ဍ၊ ပရမတ္ထတရား လေးပါး၊ ခန္ဓာငါးပါး သစ္စာနှစ်ပါး။ | ...... ၁ |
| ၇။ | ဒုတိယကဏ္ဍ၊ ဒေသနာနယလာ လေးကျမ်း ကောက်နုတ်ချက်အခဏ်း၊ | ...... ၂၁ |
| ၈။ | တတိယကဏ္ဍ၊ ရုပပရိစ္ဆေဒကဏ္ဍ၊ အခဏ်းနှင့် သမုဋ္ဌာန်အကျယ်ကဏ္ဍ။ | ...... ၃၁ |
| ၉။ | စတုတ္ထကဏ္ဍ၊ ပထဝီလေးမျိုးအခဏ်း။ | ...... ၆၁ |
| ၁၀။ | ပဥ္စမကဏ္ဍ။ အာပေါလေးမျိုးအခဏ်း။ | ...... ၉၈ |
| ၁၁။ | ဆဋ္ဌမကဏ္ဍ၊ တေဇောလေးမျိုးအခဏ်း။ | ...... ၁၁၉ |
| ၁၂။ | သတ္တမကဏ္ဍ၊ ဝါယောလေးမျိုးအခဏ်း။ | ...... ၁၃၉ |
| ၁၃။ | အဋ္ဌမကဏ္ဍ။ အာဟာရလေးမျိုးအခဏ်း။ | ...... ၁၆၃ |
| ၁၄။ | နဝမကဏ္ဍ၊ ကာယသုံးပိုင်း အခဏ်း။ | ...... ၁၇၈ |
| ၁၅။ | ဒသမကဏ္ဍ၊ တောင်သာဋီကာကဏ္ဍ။ | ...... ၁၈၅ |
| ၁၆။ | ဧကဒသမကဏ္ဍ၊ ၉၆=ပါးရောဂါအခဏ်း။ | ...... ၂၀၁ |
| ၁၇။ | နိဂုံးချုပ်ကဏ္ဍ၊ (၁-မှ၊ ၇-အထိ) | ...... ၁ |

# အမှားပြင်ဆင်ချက်။

| စာမျက်နှာ | အမှား | အမှန် | ကြောင်းရေ |
|---|---|---|---|
| ၃ | ပဏာမတွင် | | |
| | ရူပပရိစ္ဆ ာဒ ကဏ္ဍ | ရူပပရိစ္ဆေဒကဏ္ဍ | ၃ |
| | ၎င်းတွင်ပစ္စတ္တံ ဖြစ်သော | ပစ္စတ္တံ ဖြစ်သော ဝိနိစ္ဆယံ | ၁၅ |
| | တောင်သာ သင်္ခေပံ | ၎င်းတောင်သာ သင်္ခေပံ | |
| ၅ | ဣဒိပစ္စ ဝိညေပ မဏ္ဍလံ | ဣဒံဝိညေယျ မဏ္ဍလံ။ | ၁၆ |
| ၁၀ | ပါဠိပုဒ်ရေ ၄- မဏာဝေါတိ | မာဏဝေါတိ | |
| ၁၂ | ရုပ်-နာမ် ဓမ္မ (၇)ပါး | ရုပ်နာမ်ဓမ္မ (၆) ပါး | ၆ |
| ၁၃ | မိမိကောင်သော | မိမိဆောင်သော | အောက်ဆုံးကြောင်း |
| ၁၅ | ပါဠိမှာအရိယာ သာစကော | အရိယာသာ ဝကော | |
| ၁၇ | ဆောင်ပုဒ်၌၊ မြင့်မို့ရကာ | မြင်နိုင်ကာ | ၄ |
| ၁၈ | အောက်ဆုံး တွင် ရနိုင်သည် ဟု | ရနိုင်သည်မဆို ပါဟု | |
| ၂၂ | ဝစနတ္တံ၌ပဋ္ဌိနှိ သာကကျွင္ဌ လက္ခဏာ | ပထနှိ သာကကျွ ဋ္ဌေ လက္ခဏာ | |

| စာမျက်နှာ | အမှား | အမှန် | ကြောင်းရေ |
|---|---|---|---|
| ၂၃ | အနက်ဒ္ဓ<br>အဋ္ဌဝီသတိ | <br>အဋ္ဌဝီသတိ ရူပါနံ | |
| ၂၄ | အကုုအညီ<br>ရနိူင်တည့်ပြင် | အကုုအညီရနိူင်<br>သည်ပြင် | |
| ၃၇ | မလေးမလဲဘဲ | မလေးမလံဘဲ | |
| ၅၅ | ဝိတ္တစေတသိ<br>ကာဓမ္မ | ၎င်း ဓမ္မာ | |
| ၆၁ | ပဋ္ဌဝီ<br>အထက်ပုဒ်<br>အောသံဆုံးပုဒ်<br>ပဋ္ဌဝီ | ပထဝီ<br><br>ပထဝီ | |
| ၆၉ | ပတိဋ္ဌာနရသ | ပတိဋ္ဌာနကိစ္စရသ | |
| ၇၂ | ဖဿ၏ အါရုံကို | ဖဿ၏အာရုံကို | |
| ၇၀ | သသမ္ဘာရ ပ ာ် | သသမ္ဘာရပထဝီ | |
| ၇၉ | အဖြစ်ဝင်၍<br>တည်၏ | အမြစ်ဝင်၍<br>တည်၏ | |
| ၈၀ | ရံ၍တည်၏<br>ဟူမှု | ရံ၍တည်၏ | |
| ၈၂ | ဓါတ်ကြီး လေး<br>တို့သည | ဓါတ်ကြီးလေး<br>ပါးတို့သည် | |
| ၈၃ | (၇၀၀၀)ရှိ<br>ကြောင်း | (၇၀၀၀)သော<br>ရသကြော<br>ရှိကြောင်း | |
| ၉၃ | ပထပီဓါတ်ပျက်<br>သော လက္ခဏာ | ပထဝီဓါတ်ပျက်<br>သောလက္ခဏာ | |

| စာမျက်နှာ | အမှား | အမှန် | ကြောင်းရေ |
|---|---|---|---|
| ၁၀၀ | ကိစ္စ | ကိစ္စရသ | ၄ |
| ၁၀၄ | ပိတ္တံအနန့်·ဥတု | စတု | |
| ၁၀၅ | သေမှန် | သေမှ | |
| | ပုဗ္ဗာအခဏ်းပြည် | | |
| | ကလာပ်တစီးနှင့် | ဥတုဇကလာပ်တစီးနှင့် | |
| ၁၀၇ | မျက်စိမှိုင်းအခိုး | မျက်စိ၌ မှိုင်းအခိုး | အောက်ဆုံး |
| ၁၁၆ | မ·ခုပြားရည် | မခုပျားရည် | |
| ၁၁၈ | ဝေဒိတဗ္ဗံ | ဝေဒိတဗ္ဗော | |
| ၁၂၀ | အောက်ဆုံး ဥသမာ | | |
| | ဥသမာ | ဥသမာ | |
| ၁၂၁ | နိဂုဏ်း | နိဂုံး | |
| ၁၂၂ | သဟဇာတ် တရား | | |
| | သုံးပါးတို့ကိုသာ | သဟဇာတ်တရား | |
| | လျှင် ဦးစွာသော | သုံးပါးတို့ကို ညာဏ် | |
| | လက္ခဏာရှိ၏ | အားရှေ့ရှုထင်သော | |
| | အမှတ်(၃) | အခြင်းအရာရှိ၏ | |
| ၁၂၃ | အနက်၌ ဗဟိရ | | |
| | တေဇော | ဗာဟိရတေဇော | |
| ၁၂၄ | အသံတူသေါလည်း | | |
| | အသံကွဲပုံ | ပုင်းအဆံကွဲပုံ | |
| ၁၂၆ | ဒါဟတေဇော အ | | |
| | ခဏ်းကလာပ်၅·စီး | ဝုင်းကလာပ်(၄)စီး | |
| ၁၃၀ | တေဇောခါတ် လွန် | | |
| | သဖြင့် ထိုသန္တပ္ပန | တေဇောဓါတ် | |
| | တေဇော | ဓါတ်တက်လွန်သဖြင့် | |
| | ကောဌာသသည် | ဝုင်း ဓါတ် | |
| ၁၃၃ | ပါဠိ၌-ဒါဟန | ဒါဟနံ | |
| ၁၃၅ | ယူရန်ပါက | ယူရန်ပါစကာ | |
| | အကျဉ်းပြသည် | အကျဉ်းပြသည် | |
| ၁၄၀ | ဓါတ်ကြီးလေးပါး | ဓါတ်ကြီးလေး | |
| | သာ | ပါးသည် | |

| စာမျက်နှာ | အမှား | အမှန် | အကြောင်းရေ |
| --- | --- | --- | --- |
| ၁၅၂ | ကောင်္ဂသေယျ လေအပြား-၂၀ | ၄င်း (၂၄)ပါး | |
| ၁၅၉ | ၃-ဟတြိမှာ | ယာတြိမှာ | |
| ၁၇၈ | ဟေဠိမကာယ သုံးပုံင်းကို | ဟေဠိမကာယကိုယ်ကို | |
| ၁၈၀ | ချက်မှအုထကာ | ချက်မှအထက် | |
| ၁၉၁ | ရွှယ်ကြီးအခါ | ရွှယ်ကြီးအစား | |
| ၁၉၃ | ၂-က-ပတာနှစ်ပါး | ပ-အာနှစ်ပါး | |
| ၁၉၄ | ဇယားအောက် ကြံနေသည် | ဥဏှအဓိကလက္ခဏာ (၈)ပါး | |
| ၁၉၆ | ၂-ပရိသဝနာ ဖြစ်ခဲ့လျှင် | ပရိဿဝနာဖြင့်ခဲ့လျှင် | |
| ၁၉၈ | မရသည်ကိုစင်းစား ကြစေလိုသည် | မရသည်ကို စဉ်းစားကြ စေလိုသည် | |
| ၂၀၇ | (၁၀၃)ဒုကဆုန်လ ပြည့် သောကြာနေ့ | ကဆုံလပြည့်- ဆင်မင်းနေ့ | |
| ၂၀၉ | အနက်မှာ သေယျ ထာကမေ | သေယျထာ ကတမေ | |
| ၂၁၁ | အနတ်မှာ ဈာန်ပြန် ပြော်ဟိတ် | ဈာန်ပြန်ပျော်ဟိတ် | |
| ၂၁၈ | အောက်ဆုံး ဇီဝိတ သောနာ | ဇီဝိတသေနာ | |
| ၂၁၉ | လောကသ ပြက်ပြီ | လောကသည်ပျက်ပြီ | |

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ကျမ်းဦးပဏာမ

တိကိစ္ဆကာဒိ ဝဏ္ဏေဟိ ပသတ္ထဉ္စ သုခဒ္ဒံ ဝဒန္တာနံ
ဇိနံ နတွာ ဓမ္မံ သုဒ္ဓံ ဂဏုတ္တမံ သဒ္ဓါဒိ ဂုဏသမ္ပန္နံ
ပိတရဉ္စ မာတရံ အာစရိယံ မဟာဇထရံ ပရိယတ္တိ
ဝိသာရဒံ တဒေကဇ္ဈံ အဘိသညုဟိတွာ အဘိသံခိပိတွာ
စတုဓာတူနံ ပရမတ္ထာနံ ဝိနိစ္ဆယံ ပဉ္စက္ခန္ဓာနံ ဒွိန္နံသတ္တာနံ
ရူပပရိစ္ဆေဒါနံ ဓာတုလက္ခဏာနံ ဧကေကသ္မိံ စတုန္နံ ဘေဒတော
ကလာပါနဉ္စ စတုသမုဋ္ဌာနံ စတုနဉ္စ အာဟာရံ
တိသုကာယေသု ပဝတ္တံ တောင်သာသခေ်ပံ ဆနဝုတိရောဂံ
ဗဟုသိဿေဟိ ယာစိတော ကရိဿံ။

ကျမ်းဦးပဏာမပါဌ်။

အဟံ၊ နာမသမုတ်အကျွန်ုပ်သည်။ တိကိစ္ဆကာဒိဝဏ္ဏေဟိ၊ ကမ္ဘာပေါ်တွင် ဆေးဆရာ အပေါင်းတို့တက်။ မြတ်သောဆေးဆရာကြီး ဖြစ်ခြင်းကြောင့်။ တိကိစ္ဆက၊ စသည်ဘွဲ့တူး ဂုဏ်ကျေးဇူးတို့ဖြင့်။ ပသတ္ထံ၊ ချီးမွန်းအပ်တော်မူထသော။ ဝဒန္တာနံ၊ ယုံကြည်အားကိုး မြတ်နိုးကော်ရော် ရှိခိုးပူဇော်ကြကုန်သောသူတို့အား။ သုခဒ္ဒံ၊ လူ, နတ်, နိဗ္ဗာန်, သုံးတန်ပွားတိုး ချမ်းသာသောအကျိုးကို ပေးတော်မူ တတ်ထသော။ ဇိနံ၊ ဒေဝပုတ္တကိလေသနှင့်၊ ခန္ဓမစ္စု ပြုမူအဘိသင်္ခါ၊ ငါးဖြာအရှုပ်-မာန်အယုတ်ကို၊ ပယ်ဖြတ်ခုတ်ထွင် သုတ်သင်ရှင်းလင်း အောင်မြင်ခြင်းကြောင့်၊ ဇိန ဟူသော အမည်ထူးကိုရရှိတော်မူသော။ ဗုဒ္ဓဉ္စ၊ သဗ္ဗညုမြတ်စွာဘုရားကိုရင်း။ နတွာနမာမိ၊ ရှိခိုးပါ၏ နတွာ၊ ရှိခိုးပြီး၍။ သုဒ္ဓံ။ ညစ်ကြေးမထင် သန့်ရှင်းစဉ်ကြယ် လှစွာသော ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသောတရားတော်မြတ်ကိုလည်း။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ဥတ္တမံ၊ နှုပ်အပ်ပြီးသော အဝိဇ္ဇာရှိသောကြောင့်၊ မြတ်တော်မူပေထသော။ ဂဏံ၊ မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သော၊ အရိယာဂိုဏ်းမြတ်

ပရမတ္ထသံဃာတော် အရှင်မြတ်များနှင့်တကွ၊ သမုတိ သံဃာတော် အရှင်ကောင်း အရှင်မြတ်အပေါင်းတို့အား။ နတွာ၊ နမာမိ။ ရှိခိုးပါ၏ ပိတရဉ္စ မာတရံ၊ မြင်းမိုရ်မကကျေးဇူးကြီးလှ မိဘနှစ်ပါးကိုရင်း။ ပရိယတ္တိဝိသာရဒ '၊ ပရိယတ်၌ ရဲရင့်တော်မူထသော။ အာစရိယမဟာထေရ်၊ ငယ်စဉ်တောင်ချေး၊ ကလေးဘဝ ငါးနှင့်သားမှ၊ နမောကစ။ ကကြီးကလျှင်၊ အအဆုံး နိဂုံးချုပ်အောင်။ ထိုမှတဆင့် ဆက်ခါဆက်ခါ သင်ပြဆုမ္မ၊ လောကဓမ္မကောင်းကျိုးနှင့်ဖြာကို။ သိရှိလိမ္မာထိုအခါတွင်(၁၃)နှစ်ဝယ် ဝါဝါအသွေး ဝတ်ပေးသာမဏေ စင်ဆက်နေ၍၊(၂၀)ပြည့်သော် ဥပသမ္ပဒ ပဋ္ဌင်းခံ၍၊ ကျမ်းဂန်အရပ်ရပ်၊ နှံ့စပ်သေချာ။ နေဝါတဖုံ။ ညဝါတမျိုး သွန်သင်အပ်ဘိ။ မြတ်သည့်ဆရာ။ ဂဏာစရိယ၊ ဂဏာပါမောက္ခ၊ လဇ္ဇီပေသလား၊ သိက္ခာကာမ။ ပရိယတ္တိ ဝိသာရဒ။ ပရိပတ္တိ အာစာရ။ နှစ်ဖြာပြည့်စုံ သီလဂုဏ်။ သမာဓိဂုဏ်။ ပညာဂုဏ်။ ပြည်စုံလုံလောက်။ သက်ကိုထောက်သော်။ ရာကျော်တနှစ်။ စွန်းသည့်နှစ်ထိအောင်။ တည်နေနိုင်တော်မူသော။ ပ-ဒု-တ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသုံးပါးနှင့်တကွ။ သင်ဆရာ မြင်ဆရာ ကြားဆရာ အပေါင်းတို့ရင်း။ အဟံ၊ မိဘနှစ်ပါးခေါ်ဆိုထားသည့်။ နာမသမုတ်အကျွန်ုပ်သည်။ နတွာနမာမိ။ ကာယဝစီ မနောချီ၍။ သုံးလီပနာမ။ ဂါရဝဖြင့်။ ဆယ်ဖြာလက်စုံ။ ပန်းငုံအသွင် ထိပ်ဝယ်တင်၍။ အထူးပင် ရှိခိုးပါ၏ဘုရား။

ရတနတ္တရေ။ ရတနာသုံး အမြတ်ဆုံးနှင့်။ မိဘဆရာ။ ပေါင်းငါးဖြာတို့အား။ ကတသံ။ ပြုအပ်ပြီးသော။ တေသ အပစာယသ။ ကောင်းစွာ မြတ်နိုး ရိုသေစွာရှိခိုးအပ်သော။ အပစယ ကုသလသ' မြတ်ပုည ကုသလ၏။ အနုဘာဝေန။ တန်ခိုးတေဇော်အာနုဘော်အားဖြင့်။ အန္တရာယေ ကိုယ်တွင်းကိုပ။ နှစ်ဝသောသဏ္ဍာန်မှ။ များလှအန္တရာယ် သုံးသွယ်သောဒေါသ။ ကြောင်းခြင်းရာတို့ကြောင့် ဖြစ်ရအကျိုး(၉၆)မျိုး ရောဂါဆိုးတို့ကို။ အသေသတော။ အသေသေန။ အကြွင်းအကျန်မရှိ။ ပကတိသာလျှင်။ အန္တရာယ်အပေါင်း မကောင်းဟူသမျှတို့ကို။ သောသေတွာ။ ခြောက်ခန်း ကွယ်ပျောက် သက်ရာကျော် ရှည်မြောက်သည့် တိုင်အောင်။ အန္တရာယ်မနှောက်။ ရောဂါမရောက်သည်ဖြစ်၍။ ဟံမိဋ္ဌကံ။ တမက်တဖိုလ် ရက်တိုတိုနှင့် ရစေ ရောက်စေနိုင်သော ဓမ္မခက္ခန္ဓာပေါင်း(၈၄၀၀၀)ကျမ်းအစောင်စောင်ပါဠိအဋ္ဌကထာဋီကာမကျန်အနု

မဓု-ဒီပဏီ။ ရှေ့ဇနာ။ ကျမ်းပေါင်းများစွာတို့မှ။ လိုရာလိုရာထုတ်ယူရေးသားကြသည့်။ ၁။ ဓာတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်း ၂။ ကာယနုပဿနာကျမ်း ၃။ အဘိဓမ္မာ တောင်သာဋီကာကျမ်း။ ၄။ အဘိဓမ္မတ္ထရူပပရိစ္ဆေဒကဏ္ဍတို့တွင်။ ပါဝင်နေသော ပိဋကပ်ကျမ်းလာ စကားရပ်တို့ကို။ ကောက်၍။ တပေါင်းတခုတည်း။ အဘိသဒ္ဒါဟိတ္ဓာ။ စု၍။ အဘိသံခိပ်တွာ။ ချုံး၍စတုဓါတုနံပရမတ္ထာနံ။ လေးပါးကုန်သော ပရမတ္ထာတရားတို့၏။ ဝိနိစ္ဆယံ။ အဆုံးအဖြတ်ကိုရင်း။ ပဉ္စက္ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ဝိနိစ္ဆယံ။ အဆုံးအဖြတ်ကိုရင်း။ ဒွိန္နံသစ္စာနံ။ သစ္စာနှစ်ပါးတို့၏၊ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကိုရင်း၊ ရူပပရိစ္ဆေဒါနံ၊ ရူပက္ခန္ဓာ၏၊ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကိုရင်း၊ ဓာတုလက္ခဏာံ။ ဓာတ်လက္ခဏာတို့၏၊ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကိုရင်း၊ စတုန်ဓာတုနံ၊ လေးပါးသောဓါတ်တို့တွင်၊ ဧကေကသ္မိံ၊ တခုတခုသောဓါတ်၌၊ စတုန္နံဘေဒတော၊ အမည်လေးမျိုး ပြားခြင်းအားဖြင့်။ ဝိနိစ္ဆယံအဆုံးအဖြတ်ကိုရင်း၊ စတုန္နံအာဟာရနံ။ လေးပါးကုန်သော အာဟာရတို့၏။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကိုရင်း။ တိသုကာယေသု ဟေဋ္ဌိမကာယမဇ္ဈိမကာယ၊ ဥပရိမကာယ။ ဟုဆိုအပ်သော သတ္တဝါတို့၏၊ သရီရကိုအင်္ဂါ၌၊ ပဝတ္တံ။ ဖြစ်သော၊ တောင်သာသနေ်ပံ။ တောင်သာဋီကာ အကျဉ်း၏ ဝိနိစ္ဆယံ။ အဆုံးအဖြတ်ကိုရင်း ။ဆနဝုတိရောဂံ ၉၆–မျိုးသောရောဂါတို့၏။ ဝိနိစ္ဆယံ။ အဆုံးအဖြတ်ကိုရင်း၊ ဗဟုသိသေယဟိ၊ များစွာသောင်းသောင်း တပည့်အပေါင်းတို့သည်၊ ယာဇိတော။ အထူး အစည်းအဝေးခေါ်ပြီး။ ဆုံးဖြတ်ချက်ချကာ (ဝါ) ယာဇိတော။ ပိဋကပ်ကျမ်းရှေစာ ပါဠိအဋ္ဌကထာ။ ဋီကာ အနုမဓု ကိုဘင် မဆိုထားဘိ။ သဒ္ဒါ။ သင်္ဂြိုဟ်မျှ မသင်ခဲ့ဘူးသည့်အတွက်။ ဒေသနာ နှင့်–ဘေသဇ္ဇနယလာ။ ပါဠိအနက်မထည့်စွက်ဘဲ။ နည်းနိုင်သလောက် နည်းအောင်။ မြန်မာလိုပြန်ဆိုရေးသားပြီး တပည့်များအား ဝေငှသုံးစွဲနိုင်ရန် ။ တောင်းပန်သည်ဖြစ်၍။ အဟံ။ ငါသည်။ကရိဿံ ကရိဿာမိ။ ဘယ်သူ ဘယ်မျက်နှာကိုမှမထောက်ညှာဘဲ။ ဗုဒ္ဓဟောကြား။ ဓမ္မခန္ဓာပေါင်း {၈၄၀၀၀} ကိုသာ အချေခံ၍။ ဝေဘန်ကာ ပညတ်တန်းကို။ နပညတ်တန်း မဖြစ်ရလေအောင်။ စီရင် ရေးသား၏တွင်ပဋ္ဌမအစ။ ပရမတ္ထတရားလေးပါးဖြင့်။ မဂ်တရားကို သိစေအံ့တော့သတည်း။

**ဤကား ပဋိညာဉ် ကျမ်းဦးပဏ္ဏာမနိဋ္ဌိတံ။**

★

# ဒေသနာနယသင်္ခေပ

# ဓါတုကာယဝိနိစ္ဆယကျမ်း။

## ပရမတ္ထတရားလေးပါးနှင့်ခန္ဓာသစ္စာအခဏ်း။

ဤပဌမ ကဏ္ဍာ၌ ပဏာမတွင်။ ပဋိညာဉ် ခံထားချက် အရ။ ဓါတုဝိနိစ္ဆယ ရူပကဏ္ဍာကျမ်း။ ကာယနုပဿနာကျမ်း။ တောင်သာဋီကာ (၆)လုံး ဓါတ်ကျမ်း။ အဘိဓမ္မတ္ထသင်္ဂဟလာ၊ ရူပပရိစ္ဆေဒ၊ ကဏ္ဍာလာ၊ ခန္ဓာ၊ အာယတန၊ ဓါတု၊ ကာယစသည့်လာ ပိဋကတ်စကားရပ်တို့ကိုစု၍ချုံး၍။ ပရမတ္ထတရားလေးပါး။ ခန္ဓာငါးပါး။ သစ္စာနှစ်ပါးစသည်တို့ရေးသားဖေါ်ပြမည်ဟု ပဋိညာဉ် ခံထားချက်အရ။ ပရမတ္ထတရားလေးပါး။ ခန္ဓာငါးပါး။ သစ္စာနှစ်ပါးကို ဤကဏ္ဍာတွင်အစအဦးထား၍ရေးသားဖေါ်ပြပါမည်။

တတ္ထဝုတ္တာဘိဓမ္မတ္ထာ၊ စတုဓါ ပရမတ္ထတော
စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာန မိတိသဗ္ဗထာ၊
အဘိဓမ္မတ္ထသင်္ဂဟပါဠိ။

တတ္ထတသ္မိံ အဘိဓမ္မတ္ထေ၊ ထိုအဘိ ဓမ္မာ ခုနစ် ကျမ်း၌၊ သဗ္ဗထာ၊ သဗ္ဗေနပကာရေန။ ကုသိုလ်အစရှိသော ခန္ဓာ အစရှိသော ခပ်သိမ်းသောအပြားအားဖြင့်၊ တထာဂတေဟိ၊ မြတ်စွာဘုရား တို့သည်။ ဝုတ္တာ။ ဟောတော်မူအပ် ကုန်သော၊ အဘိဓမ္မတ္ထာ၊ အဘိဓမ္မာခုနစ်ကျမ်း၌ဟောတော်မူအပ်ကုန်သော အနက်တို့သည်။ ပရမတ္ထတော၊ ပရမတ္ထဝသေနေဝ၊ မဖောက် မပြန် မြတ်သောသဘော၏အစွမ်းဖြင့်သာလျှင်။ (ဝါ)တနည်း ကား။ ပရမတ္ထတော။ ပရမတ္ထဝသေနေဝ၊ မြတ်သော သဗ္ဗညုတဉာဏ်၏အာရုံ၏အစွမ်းအားဖြင့်သာလျှင် (ဝါ)တနည်းကား။ ပရမတ္ထတော ပရမတ္ထ ဝသေနေဝ၊ သမ္မုတိ ပညတ်ကို ထား၍ (ဝါ)ကမ္ဘာဦးသူလူပညာရှိတို့ခေါ်ဝေါ်သမုတ်အပ်သောပုဂ္ဂိုလ်

သဗ္ဘဝါ၊ သမုတိပညတ်မှ အသီးထုတ်အပ်သော။ ဆတ်ဆတ်ပရမတ္ထ သဘော၏ အစွမ်းအားဖြင့် သာလျှင်။ စိတ္တံ၊ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာ၎င်း။ (ဝါ) စိတ်တခုယုတ် (၉၀) အကျယ် (၁၂၁) ပါး အပြား ရှိသော ဝိညာဏက္ခန္ဓာ၎င်း။ စေတသိကံ ဝေဒနာဒိက္ခန္ဓတ္တယံ၊ •ဝေဒနာ အစရှိသော ခန္ဓာ သုံးခုတို့၏ အပေါင်း၎င်း။ (ဝါ) ဝေဒနာ-သညာ-သင်္ခါရဟု ဆိုအပ်သော (၅၂)ပါးအပြားရှိသော၊ နာမ်ခန္ဓာ သုံးခုတို့၏ အပေါင်း၎င်း။ ရူပံ ဘူတုပါဒါယ ဘေဒဘိန္နော ရူပက္ခန္ဓော၊ ဘူတရုပ်၊ဥပါဒါရုပ်အားဖြင့်၊ ပြားသော(ဝါ)ဘူတရုပ် (၄)ပါး။ ဥပါဒါရုပ်(၂၄)ပါးအားဖြင့်ပြားသော(၂၈)ပါးအပြားရှိသော ရူပက္ခန္ဓာ၎င်း။ နိဗ္ဗာနံ၊မဂ္ဂဖလာန မာလမ္ဗဏဘူတော အသင်္ခတ ဓမ္မော။ မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတ၊ တရား၎င်း။ ဣတိ၊ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်၊ စတုဓါ စတုဟိ အာကာရေဟိ၊လေးပါးသော အကြောင်းတို့ဖြင့်။ ဌိတာ၊ တည်ကုန်၏။

**မြန်မာပြန်။**

မြတ်စွာ ဘုရားသည်။ (၆) ဝါအလွန်· (၇) ဝါမြောက်။ တာဝတိံသာ နတ်ပြည်၌။ မယ်တော် မိနတ်သားကို ကျေးဇူး ဆပ်သောအဘိဓမ္မာ(၇)ကျမ်း၌။ကုသိုလ်အစရှိသော ခန္ဓာအစ ရှိသောခပ်သိမ်းသောအပြားအားဖြင့်မြတ်စွာဘုရားသည်ဟော တော်မူအပ်ကုန်သော အနက်တို့သည်။ မဖောက် မပြန်သော သဘော၏အစွမ်းအားဖြင့်သာလျှင်၊(တနည်းကား)မြတ်သော သဗ္ဗညုတ အာရုံအစွမ်းအားဖြင့် သာလျှင်။ (တနည်းကား) သမုတိပညတ်ကိုထား၍။ ကမ္ဘာဦးသူ လူပညာရှိတို့ ခေါ်ဝေါ် သမုတ်အပ်သော သမုတိပညတ်ကို ထား၍။ သမုတိ ပညတ်မှ အသီးထုတ်အပ်သော ဆတ်ဆတ်ပရမတ္ထ သဘာဝ၏ အစွမ်း အားဖြင့်သာလျှင်။စိတ်တခု ရုပ်(၉၀)အကျယ်အားဖြင့်(၁၂၁)

အပြား ရှိသော ဝိညာဏက္ခန္ဓာငင်း။ ဝေဒနာ အစရှိသော။ (၅၂)ပါး အပြားရှိသော နာမ် ခန္ဓာ သုံးခု၏ အပေါင်းငင်း။ ဘူတရုပ်၊ဥပါဒါရုပ်အားဖြင့်ပြားသော(၂၈)ပါး အပြားရှိသော (ဝါ)ဘူတရုပ်၊ ဥပါဒါရုပ်ဟု ဆိုအပ်သော (၂၈)ပါး အပြား ရှိသော (ဝါ) နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ်ဟုဆိုအပ်သော (၂၈)ပါး အပြားရှိသော ရူပက္ခန္ဓာငင်း။ မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်သော အသင်္ခတ တရားငင်း။ ဤသို့သော အပြားအားဖြင့် လေးပါး သောအကြောင်းတို့ဖြင့်တည်ကုန်၏ ဟု-

ဤသို့အားဖြင့်။ အဘိဓမ္မာ ခုနစ်ကျမ်းမှ ချုံး၍ (ဝါ) အဆီ ထုတ်၍ဟောတော်မူသည်။

### ပရမတ္ထတရား(၄)ပါးကား။

၁။ စိတ်။ ၂။ စေတသိတ်။ ၃။ ရုပ်။ ၄။ နိဗ္ဗာန်။ ဤလေး ပါးကို ပရမတ္ထတရားဟုခေါ်သည်။

ဤကား။ ကျမ်းဦး ပဏာမ ပဋိညာဉ်အရ ပရမတ္ထ တရား လေးပါး၏အမည်ကိုပြဆိုခြင်းတည်း။

ထိုပရမတ္ထတရားလေးပါးတို့တွင်။ နိဗ္ဗာန်ကိုနုပ်၍ ကြွင်းသော ပရမတ္ထတရားလေးပါးကို ခန္ဓာဖွဲ့သော်-

### ရာသဋ္ဌေန ခန္ဓာဟု စစနတ္ထပြုသော်

ရာသဋ္ဌေန၊ အပေါင်းအစုဟူသော အနက်သဘောကြောင့်။ (ဝါ)ရူပက္ခန္ဓာ၊ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟုဆိုအပ်သောအပေါင်းအစုဟူသော အနက်သဘော ကြောင့်။ခန္ဓာ၊ခန္ဓာမည်၏။

ခန္ဓာဟူသည်။ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဉ်ဟူ၍။ ခန္ဓာငါးပါး။ ခန္ဓာကိုဝေဖန်သော်။ရူပက္ခန္ဓာတပါး။ နာမက္ခန္ဓာ လေးပါးဖြစ်၏။

## ခန္ဓာဝိနိစ္ဆယ

တတ္ထပဉ္စဟိဂဏနပရိစ္ဆေဒေါတေနတတောဟေဋ္ဌာ
နဥဒ္ဓန္တိဒဿေတိ ခန္ဓာတိ ပရိစ္ဆေဒ ဓမ္မနိဒဿနံ၊
ဓမ္မသင်္ဂဏီဝိဘင်းအဖွင့် စာမျက်နှာ ၁၁-ပုဒ်-၁၀။

တတ္ထတသ္မိံပါဌေ၊ ထိုသုတ္တန္တဘာဇနိယပါဠိ၌။ သမာဘိ
နိဝိဋ္ဌော၊ ကောင်းစွာ အကျုံး ဝင်သော၊ ပဉ္စတိသောသဒ္ဒေါ၊
ပဉ္စဟူသောသဒ္ဒါသည်။ ဂဏနပရိစ္ဆေဒေါ၊ ခန္ဓာ၏ ရေတွက်
ပိုင်းခြားကြောင်းသဒ္ဒါတည်း။ တေန၊ထိုပဉ္စသဒ္ဒါဖြင့်။ ကတော၊
ထိုငါးပါးအောက်။ဟေဋ္ဌာ၊ယုတ်သောခန္ဓာတို့သည်။ နဟောန္တိ
မဖြစ်ကုန်။ တတော၊ ထိုငါးပါးထက်၊ ဥဒ္ဓံ လွန်သော ခန္ဓာ
တို့သည်။နဟောန္တိ၊ မဖြစ်ကုန်။ ဣတိ၊ အတ္ထံ၊ ဤသို့သောအနက်
ကို(ဘဂဝါ) မြတ်စွာ ဘုရားသည်။ (ကတ္တားပုဒ်) ဒဿေတိ၊
ပြတော်မူ၏။ ခန္ဓာတိ၊ဣဒံပဒံ၊ခန္ဓာဟူသောပုဒ်သည်။ ပရိစ္ဆေဒ
ဓမ္မနိဒဿနံ၊ ပိုင်းခြား အပ်သော ဓမ္မ ဖြစ်ကြောင်း ဟူသော
ပုဒ်တည်း။ (ဝါ)သမုဒ္ဒရာရေကို ကွမ်းစား အရာအထောင်မက
ပြ၍ရေတွက်အပ်သောပုဒ်တည်း။

**မြန်မာပြန်။**

ထိုသုတ္တန္တဘာဇနိယပါဠိ၌ ကောင်းစွာ အကျုံး ဝင်သော။
ပဉ္စဟူသော သဒ္ဒါသည်။ ခန္ဓာ၏ ရေတွက် ပိုင်းခြားကြောင်း
သဒ္ဒါတည်း။ထိုပဉ္စသဒ္ဒါဖြင့်၊ထိုငါးပါးအောက်ယုတ်သော ခန္ဓာ
တို့သည်မဖြစ်ကုန်၊ထိုငါးပါးထက်လွန်သောခန္ဓာတို့သည် မဖြစ်
ကုန်။ဤသို့သောအနက်ကိုမြတ်စွာဘုရားသည်ပြတော်မူ၏ ခန္ဓာ
ဟူသောပုဒ်သည်။ ပိုင်းခြားအပ်သောဓမ္မဖြစ်ကြောင်း ဟူသော
ပုဒ်တည်း။(တနည်း)သမုဒ္ဒရာရေကို ကွမ်းစား ရာထောင်မက
ပြ၍ ရေတွက်အပ်သော ပုဒ်တည်းဟု၊ ဥပမာ ဆောင်၍ ပြဆို
လေသည်။

(ဤကား ခန္ဓာကိုရေတွက်၍ ပြခြင်းတည်း)

## (ထိုပရမတ္ထတရား လေးပါးကို)

ဉေယျမံတရားငါးပါးဖြင့် ဝေဘန်သော်။

ရူပ ရူပါနိ အဋ္ဌာရသ တေပညာသ စိတ္တစေတသိကာနိတိ
ဧကသတ္တတိဓမ္မာသင်္ခါရာနာမ ဝိညတ္တိဒွယံလဟုတာ
ဒိတ္တယဉ္စာတိပဉ္စဝိကာရရူပံနာမ ဇာတိဇရာမရဏံ
လက္ခဏာနာမ သန္တိပဒံနိဗ္ဗာနံနာမ တံတံ ဝေါဟာရံ
ပညတ္တိနာမ ဣဒံပဉ္စဝိဓဉေယျမဏ္ဍလံနာမန္တိ
ဇိနာလင်္ကာရဋီကာ-စာမျက်နှာ (၁၃၄)

အဋ္ဌာရသ၊ တဆဲ့ရှစ်ပါး ကုန်သော၊ ရူပရူပါနိ၊ ရူပရုပ်ဟု ဆိုအပ်သောနိပ္ဖန္နရုပ်(၁၈)ခုတို့၎င်း။ တေပညာသ၊ ငါးဆယ့် သုံးပါး ကုန်သော စိတ္တစေတသိကာနိတိ။ စိတ်စေတသိက်တို့သည်၎င်း။ ဧကသတ္တတိဓမ္မာ၊ ခုနစ်ဆဲ့ တပါးသော၊ ပရမတ္ထ သဘာဝရုပ်နာမ်တရားတို့သည်။ သင်္ခါရာနာမ၊ သင်္ခါရတို့မည် ကုန်၏။ ဝိညတ္တိဒွယံ၊ ဝိညတ်ရုပ် နှစ်ခု အပေါင်းသည်၎င်း။ လဟုတာဒိတ္တယဉ္စ၊လဟုတာအစရှိသောရုပ်သုံးခုအပေါင်း၎င်း။ ဣတိ၊ဤသို့ပဉ္စငါးပါးကုန်သော တရားတို့သည်။ ဝိကာရာနာမ၊ ဝိကာရရုပ်တို့မည်ကုန်၏။ဇာတိ-ဇရာ မရဏံ၊ ဇာတိ-ဇရာမရဏ စသည့် ရုပ်လေးခုအပေါင်းသည်။ လက္ခဏာ နာမ၊ မှတ်ကြောင်း လက္ခဏာတို့မည်ကုန်၏။ သန္တိပဒံ၊ ကိလေသာတို့၏ငြိမ်းရာမှန် မြတ် နိဗ္ဗာန်သည်၊ နိဗ္ဗာနံနာမ၊နိဗ္ဗာန်မည်၏။ တံတံဝေါဟာရံ၊ ထိုထို ကမ္ဘာဦးသူ လူပညာရှိတို့ ခေါ်ဝေါ် သမုတ် အပ်သော မိန်းမ၊ ယောက်ျား၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါစသည်။ သဝိညာဏက၊ တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ သမုဒ္ဒရာစသည့် အဝိညာဏကစသည့်သဘောသည်။ ပညတ္တိနာမ၊ ပညတ်မည်၏။ ဣဒံပဉ္စဝိဓဉေယျမဏ္ဍလံနာမ။ ဤငါးပါးအပေါင်းရှိသော(ဝါ) သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော ငါးပါးသော တရား အပေါင်းကို ဉေယျမံ တရားမည်၏ ဟူ၍ ဣတိ၊ ဤသို့၊ ဒေသိတော၊ ဟောတော်မူ၏။

**မြန်မာပြန်။**

၁။ ရူပနိပ္ဖန္နရုပ် ၁၈-ခု။ နာမ်တေပညာသ ၅၃-ခု။ ရုပ်နာမ် နှစ်ခုပေါင်း(၇၁)သင်္ခါရတရား။

၂။ ဝိညာတ်ရုပ် ၂-ခု၊ လဟုတာဒိစသောရုပ် ၃-ခု။ ဝိကာရ ရုပ် (၅)ခု။

၃။ ဇာတိဇရာဒိရုပ် ၄-ခု၊ လက္ခဏာရုပ် (၄)ခု။

၄။ သန္တိပဒံ ၁-ခု၊ နိဗ္ဗာန် (၁)ခု။

၅။ တံတံဝေါဟာရံ ၁-ခု၊ ပညတ် (၁)ခု။

၁။ သင်္ခါရ။ ၂။ ဝိကာရ။ ၃။ လက္ခဏာ။ ၄။ နိဗ္ဗာန်။ ၅။ ပညတ် ဤတရား ၅-ခု အပေါင်းကို ညေယျဓံတရားငါးပါးဟုခေါ်သည်။

ထိုညေယျဓံတရားငါးပါးကိုသစ္စာနှစ်ပါးဖြင့် ဝေဘန်သော်။

(ပရမတ္ထသစ္စာဟူသည်)

သစ္စာနိပရမတ္ထဉ္စ သမုတိဉ္စာတိ ဒွေးတဟိံ
ထဒ္ဓဘာဝါနိနာ ညေယျသစ္စံ ပရမတ္ထကံ
သစ္စသင်္ခေပ၊

သစ္စာနိ၊ သစ္စာတို့သည်။ ပရမတ္ထဉ္စ၊ ပရမတ္ထ သစ္စာငှင်း။ သမ္မုတိဉ္စ၊ သမုတိသစ္စာငှင်း။ ဣတိ ဤသို့၊ ဒွေး၊ နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊ တဟိံ၊ ထိုပရမတ္ထသစ္စာ၊ သမုတိ သစ္စာ နှစ်ပါးတို့တွင်၊ ထဒ္ဓဘာဝါဒိနာ၊ ကြမ်းထမ်း ခက်မာသော သဘော လက္ခဏာရှိသဖြင့်၊ ညေယျံ သိအပ်သော၊ တံသစ္စံ၊ ထိုသစ္စာသည်၊ ပရမတ္ထကံ၊ ပရမတ္ထသစ္စာမည်၏ (တနည်းကား) ထဒ္ဓဘာဝါဒိနာ။ ကြမ်းတမ်းခက်မာသောသဘော လက္ခဏာ ရှိသဖြင့်။ ညေယျံ။ သိအပ်သောယံသစ္စံ၊ အကြင်သစ္စာသည်။ အတ္ထိ ရှိ၏။ တံသစ္စံ၊ ထိုသစ္စာသည်။ ပရမတ္ထကံ၊ ပရမတ္ထသစ္စာ မည်၏။ (တနည်းကား)ယံသစ္စံ၊ အကြင်ပထဝီအစရှိသောသစ္စာကို။ ထဒ္ဓ ဘာဝါဒိနာ၊ ကြမ်းတမ်းခက်မာသောသဘောလက္ခဏာရှိသဖြင့်၊ ညေယျ၊ သိအပ်သော၊ တံသစ္စံ၊ ထိုသစ္စာသည်။ ပရမတ္ထကံ၊ ပရမတ္ထသစ္စာမည်၏၊

**မြန်မာပြန်။**

သစ္စာဆိုသည်။ ၁။ ပရမတ္ထသစ္စာ၊ ၂၊ သမ္မုတိသစ္စာဟူ၍ သစ္စာနှစ်ပါးရှိသည်ဖြစ်ကုန်၏။ ထိုပရမတ္ထသစ္စာ၊ သမ္မုတိသစ္စာနှစ်ပါးတို့တွင်။ ကြမ်းတမ်းခက်မာသော သဘောလက္ခဏာ အစရှိသည့်ဖြင့် သိအပ်သော ထိုလက္ခဏာသည်။ ပရမတ္ထ သစ္စာမည်၏၊ တနည်းကား။ ကြမ်းတမ်းသော သဘောလက္ခဏာ ရှိသည်ဖြင့် သိအပ်သော အကြင်သစ္စာသည်ရှိ၏၊ ထိုသစ္စာသည်၊ ပရမတ္ထသစ္စာမည်၏။ တနည်းကား။ အကြင်ပထဝီအစရှိသော သစ္စာကိုကြမ်းတမ်း ခက်မာသော သဘောလက္ခဏာ အစရှိသည်ဖြင့်သိအပ်၏။ ထိုသစ္စာသည် ပရမတ္ထသစ္စာမည်၏၊

ဤသစ္စာနှစ်ပါးတို့တွင် ပရမတ္ထသစ္စာ သဘာဝ ပြခြင်းတည်း။

**{သမုတိသစ္စာဟူသည်}**

သန္ဒိဝေသ ဝိသေသာဒိညေယျံ သမ္မုတိတံ ဒွယံ
ဘာဝသင်္ကေတ သိဒ္ဓိနံ တထတ္တာသစ္စမီရိတံ
သစ္စသင်္ခေပ၊

သန္ဒိဝေသ ဝိသေသာဒိ ညေယျံ။ သစ်။ ဝါး အစ ရှိသော အဆောက်အဦးတို့၏ စုဝေးခြင်း အထူး အစရှိသဖြင့်၊ သိအပ်သော တံသစ္စံ၊ ထိုသစ္စာသည်။ သမ္မုတိသစ္စံ၊ သမ္မုတိသစ္စာမည်၏။ (တနည်း) သန္ဒိဝေသ ဝိသေသာဒိ၊ သစ်ဝါး အစရှိသော အဆောက်အဦးတို့၏ စုဝေခြင်း အထူးဖြင့် ညေယျံ သိအပ်သော တံသစ္စံ ထိုသစ္စာသည် သမ္မုတိသမ္မုတိသစ္စာမည်၏(ဝါ)သန္ဒိဝေသာသဒိ သစ်ဝါးအစရှိသော အဆောက်အဦးတို့၏စုဝေးခြင်း အထူးသဖြင့် ညေယျံ သိအပ်သော ယံသစ္စံ။ အကျင် ဂေဟရထာ သကဋအစရှိသော သစ္စာသည် သန္ဒိဝေသ ဝိသေသာဒိ အိမ်ရထား လှည်း အစရှိသည့်တို့၏ စုဝေးခြင်း အထူးအစရှိသည်ဖြင့် ညေယျံ။ သိအပ်၏ တံသစ္စံ၊ ထိုသစ္စာသည် သမုတိ သမုတိသစ္စာမည်၏။ တံဒွယံ။ ထိုသစ္စာနှစ်ပါးကို ဘာဝသင်္ကေတ သိဒ္ဓိနံ။ ပရမတ္ထ သဘောအားဖြင့် ပြီးခြင်းရှိသော

ကမ္ဘာ့ဦးသူလူပညာရှိတို့၏ အမှတ်သင်္ကေတဖြင့်ပြီးခြင်းရှိသော သမုတိသစ္စာတို့၏ တထတ္တာ မဘောက်မပြန် သူ့သဘောနှင့် သူမှန်သည်၏ အဖြစ်ကြောင့် သစ္စာ၊ သစ္စာဇာတိမှန်၏ဟူ၍ ဘာဂဝတာ။ မြတ်စွာဘုရားသည်ဤသို့ မိန့်ဆိုအပ်ပြီ။

**မြန်မာပြန်။**

သစ်ဝါးအစရှိသော အဆောက်အဦးတို့၏ စုဝေးခြင်း အထူးအစရှိသဖြင့် သိအပ်သော ထိုသစ္စာသည် သမုတိသစ္စာ မည်၏ တနည်း။ သစ်ဝါးအစရှိသော အဆောက်အဦး အစရှိသည်တို့ဖြင့် သိအပ်သောသစ္စာသည်ရှိ၏ ထိုသစ္စာသည် သမ္မုတိ သစ္စာမည်၏ တနည်း အကြင်–ဂေဟ-ရထ–သကဋ–အိမ်–ကျောင်း–လှည်း–ရထား–အစရှိသော သစ္စာကို သစ်ဝါးအစရှိသော အဆောက်အဦး အစရှိသည်တို့ဖြင့် ပြီး၏ဟု၊ သိအပ်သောသစ္စာသည် သမ္မုတိသစ္စာမည်၏ ထိုသစ္စာနှစ်ပါးတို့တွင် ပရမတ္ထသဘောအားဖြင့်ပြီးသော၊ ဝိဇ္ဇာမာနထင်ရှားရှိသော ဝိဇ္ဇာမာန ပညတ်တရား ကမ္ဘာ့ဦးသူ လူပညာရှိတို့၏။ အမှတ်သင်္ကေတ၊ အဝိဇ္ဇာမာန ပညတ်ဖြင့်ပြီးသောထင်ရှားမရှိသော သမ္မုတိတရားတို့၏ မဘောက်မပြန် သူ့သဘောနှင့် သူ မှန်သည်၏အဖြစ်ကြောင့် သစ္စာဟူ၍ မြတ်စွာဘုရားဟောကြားတော်မူသည်၏ အဖြစ်ကို လူသာမန် နတ်သာမန် ဆေးဆရာသာမန်တို့ မသိနိုင်သော ပရမတ္ထသစ္စာ ထင်ရှားရှိသော ဝိဇ္ဇာမာန ပညတ်တရား လူသာမန် နတ်သာမန် ဆေးဆရာသာမန်တို့ သိနိုင်သော အဝိဇ္ဇာမာန ထင်ရှားမရှိသောသမုတိသစ္စာတရား ထိုသစ္စာနှစ်ပါးတို့ကို။ ဤစာအုပ်ကို ကြည့်ရှုတိုင်း သူတော်ကောင်းနှင့် ပေါင်းမိရလေအောင် အကျဉ်းအားဖြင့်ထုတ်နှုပ်၍ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

ဤကား သမ္မုတိသစ္စာ သဘာဝပြခြင်းတည်း။

## ထိုသစ္စာနှစ်ပါးတို့တွင်ပရမတ္ထသစ္စာသဘာဝ

ပရမတ္ထတော သနိဗ္ဗာနပဉ္စက္ခန္ဓော၊ ပါဠိစိတ်၊

ဧတ္ထဧတေသုသစ္စေသု၊ ထိုပရမတ္ထသစ္စာ၊ သမ္မုတိသစ္စာနှစ်ပါး တို့တွင်။ သနိဗ္ဗာန ပဉ္စက္ခန္ဓော၊ နိဗ္ဗာန်နှင့်တကွသော။ ငါးပါး သော ခန္ဓာတို့သည်။ ပရမတ္ထော၊ ပရမတ္ထသစ္စာမည်၏။

ထိုပရမတ္ထ သစ္စာ သမ္မုတိ သစ္စာ နှစ်ပါးတို့တွင်။ နိဗ္ဗာန်နှင့် တကွ။ ငါးပါးသော ခန္ဓာ(ဝါ)ငါးပါးသော သင်္ခါရ ခန္ဓာသည်။ ပရမတ္ထသစ္စာ မည်၏ (ဝါ) နိဗ္ဗာန်နှင့် တကွသော ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ။သညက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟု ဆိုအပ် သော ခန္ဓာငါးပါးသည်၊ ပရမတ္ထသစ္စာ မည်၏ဟူလို။

## ထိုခန္ဓာငါးပါးသည် သတ္တဝါမဟုတ်ပုံ။

ပဉ္စက္ခန္ဓော နသတ္တော နဇီဝေါ နနရော နမာနဝေါ
နဣတ္ထိ နပုရိသော နအတ္တာ နာဟံ နအတ္တနိယံ
နမမ နအညဿ နကဿစိ၊

ဝိဘင်းအဋ္ဌကထာ။

ပဉ္စက္ခန္ဓော၊ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့သည်။ နသတ္တော၊ သတ္တဝါမဟုတ်။ နဇီဝေါ၊ အသက် ဝိညာဉ်မဟုတ်၊ နနရော၊ လူလည်းမဟုတ်၊ နမာနဝေါ၊ သတ္တဝါလည်း မဟုတ်။ နဣတ္ထိ၊ မိန်းမလည်းမဟုတ်၊ နပုရိသော၊ ယောကျ်ားလည်း မဟုတ်။ နအတ္တာ၊ပုဂ္ဂိုလ်မဟုတ်၊နာဟံ၊ ငါမဟုတ်၊ နအတ္တနိယံ၊ ငါ့ဥစ္စာ မဟုတ်၊နမမ-မိမိဥစ္စာလည်းမဟုတ်။ နအညဿ၊ သူတပါးဥစ္စာ လည်းမဟုတ်။ နကဿစိ၊ ဘယ်လူ -ဘယ်နတ် - ဘယ်ဗြဟ္မာ စသည်၊ သတ္တဝါ တစုံတယောက် ပိုင်သော ဥစ္စာ လည်း မဟုတ် ကြပေ။

**မြန်မာပြန်။**

(၁) ခန္ဓာငါးပါး ရုပ်နာမ် တရားသည် ငါ့ထင်စရာသတ္တဝါ မဟုတ်။

(၂) အသက်ဝိညာဉ်မဟုတ်။ လူသတ္တဝါ၊ မိန်းမ၊ ယောက်ျား စသည်တို့သည်၊ ငါမဟုတ်။ ငါ့ဥစ္စာမဟုတ်၊ ငါလည်း မဆိုင်၊ ငါလည်းမပိုင်။ ဘယ်လူ၊ ဘယ်နတ်။ ဘယ်ဗြဟ္မာ။ ဘယ်သတ္တဝါ တစုံတယောက်ပိုင်သော ဥစ္စာလည်းမရှိကြပေ။

၁။ ပုဂ္ဂလောတိအတ္တသတ္တောဇီဝေါ ဟူသော စကားသည်။ ကထာဝတ္ထု အဋ္ဌကထာစကားတည်း။

၂။ ပုရိသ ပုဂ္ဂလောတိ သတ္တော ဟူသော စကားသည်။ ဝိဘင်းအဋ္ဌကထာစကားတည်း။

၃။ နနရောတိ သတ္တော ဟူသော စကားသည်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာစကားတည်း။

၄။ သတ္တောမဏဝေါတိ ဝုတ္တော ဟူသော စကားသည်။ သီလက္ခံ အဋ္ဌကထာစကားတည်း။

၅။ သတ္တ၊ အတ္တ၊ ဇီဝ၊ ပုဂ္ဂလ၊ ဟူသော စကားသည်။ မာဂဓ အဘိဓါန်တို့၌ ပုရိသ သဒ္ဒါစသည်တို့ဖြင့်အနက်သဘော တူကြောင်းကိုပြသည်။

ဤကား။ ခန္ဓာသည် လူသတ္တဝါမဟုတ်၊ လူသတ္တဝါသည် ခန္ဓာမဟုတ်ကြောင်းကို အကျဉ်းကောက်နှုပ်ချက် ပြခြင်းတည်း။

**တနည်းနာမ်ရုပ်သာရှိ၍ပုဂ္ဂိုလ်သတ္တဝါမရှိပုံ။**

နာမရူပ မတ္တတော ဥဒ္ဒံ အညောသတ္တောဝါ
ပုဂ္ဂလောဝါ ဒေဝေါဝါ ဗြဟ္မာဝါ ဇာတ္တံ ပုရိသောဝါ နတ္ထိ၊
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊

နာမရူပမတ္တော၊ ပရမတ္ထသဘာဝ၊ နာမ်ရုပ်နှစ်ပါး မျှတက်၊ ဝါ၊ သိတတ်သောနာမ်နှင့် မသိတတ်သောရုပ် (ဝါ) အာရုံကို ကိုင်းရှိုင်းတတ်သောနာမ်တက် သိတဥဏ်အကြောင်းခံ၍။ ရှေ့ရုပ်အစဉ်နှင့်နောက်ရုပ်အစဉ်မတူအောင် ဖေါက်ပြန် တတ်သော ရုပ်တရားထက်၊ ဥဒ္ဒံ လွန်သော၊ အညော၊ အခြားတပါးသော

သတ္တော၊ သတ္တဝါ သည်ငင်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ် သည်ငင်း။ ဒေဝေါဝါ။ နတ်သည်ငင်း။ ဗြဟ္မာနော၀ါ၊ ဗြဟ္မာသည်ငင်း။ ဣတ္ထိ၀ါ၊ မိန်းယပ်ပုကြောင့်ဖျားတတ်၊နာတတ်သော မိန်းမသည်ငင်း။ပုရိသော၀ါ၊ ဒူလာပူ၊ ဒူလာချမ်းစသည်တို့ကြောင့်၊ ဖျားတတ်၊နာတတ်သော ယောကျ်ားသည်ငင်း။ နတ္ထိ၊ ကော်တိတိ ပရမတ္ထသဘာဝ အားဖြင့်မရှိခြေ။

**မြန်မာပြန်။**

အာရုံ ကိုင်းရှိုင်းတတ်၊ သိတတ်သော နာမ်၊ သိတ ဥဏ် အကြောင်းခံ၍။ ရှေ့ရုပ်အစဉ်နှင့် နောက်ရုပ်အစဉ် မတူအောင် ဖေါက်ပြန်တတ်သော ရုပ်ထက်လွန်သော အခြား တပါးသော ပုဂ္ဂိုလ် သတ္တဝါယောကျ်ား မိန်းမ လူ၊နတ်၊ဗြဟ္မာဟူ၍။ ပရမတ္ထ သဘာဝအားဖြင့်ထင်ရှားမရှိကြောင်းကိုပြဆိုလေသည်။ စင်စစ် အားဖြင့် ဓါတ်ခြောက်ပါးသာတည်းဟု ဆိုလိုသည်။

### ဓါတ်ခြောက်ပါးဟူသည်ကား။

ဆဓါတုယော အယံဘိက္ခု ပုရိသော ဓါတု ဝိဘင်္ဂသုတ်။

ဘိက္ခု၊သံသရာဘေး လာမည့်ရေးကို၊ မျှော်တွေး ထောက်ရှု ရှုစ်ခုပရိက္ခရာ၊ဖန်ဝါဆင်မြန်းဝတ်သက်န်းနှင့် အိုရဟန်း။ အယံ ပုရိသော၊ယောကျ်ားဟူပြောဆေါ်ဝေါ်ထားသည့် ပညတ်စကား သည်။ ပရမတ္ထသဘာဝအားဖြင့်၊ တတယ်ရှေ့ရိုး ကော်မှန်လှပါ ပေ၏။ဆဓါတုယော၊ ဆဓါတုဝေ၊ ဓါတ်ခြောက်ပါးသာတည်း။ (ဝါ) ပ-အာ-တေ-ဝါ-ကာ ဝိညာဏ ဓါတ်ဟု ခေါ်ဆိုထား သော ပရမတ္ထသဘာဝ သန္တိရအနေအားဖြင့် ထင်ရှားရှိသော (၆)ပါးသော ဓါတ်သဘော မရမတ်သဘော သာလျှင်၊ ကောန် တိတိ၊တကယ်ရှိသောတရားပေတည်း။

**မြန်မာပြန်။**

အိုရဟန်း။စင်စစ်အားဖြင့်ယောကျ်ားဟူပြော ခေါ်ဝေါ်ထား သည့် ပညတ်တင်စား အမည်စကားသည်။ ပရမတ္ထ သဘာဝ

အားဖြင့်။ ထင်ရှားမရှိသောတရားတည်း။ (ပရမတ္ထသဘာဝ) အားဖြင့်။လျှပ်စည်းတလက်၊ လက်ပစ်တထွက် အတောအတွင်း နာမ်က ကုဋေတသိန်း။ရုပ်က ကုဋေငါးထောင် (ခဏိက)မရဏ မျိုးဖြင့်။ဖြစ်ပျက်နေသော ပထဝီဓါတ်-အာပေါဓါတ်-တေဇော ဓါတ်။ ဝါယောဓါတ်၊ အာကာသဓါတ်-ဝိညာဏဓါတ် ဟူ၍ ၆-ပါး။ ရုပ်နာမ်စမ္မ(၇)ပါးသောတရားသဘောကို နိသတ္တနိဇ္ဇီဝ သာမညသဘော၊သင်္ခါရသဘော၏အမည်သာတည်း။

သာတကပါဌ်ကား။

အပိစ ဓါတူတိ နိဇ္ဇီဝ မတ္တဿေဝေတံ အဓိဝစနံ (၎င်း)

အပိစ၊စင်စစ်သော်ကား။ (သင်္ခတ သင်္ခါရတရား ဟူသည်) ဓါတူတိဧတံ၊ ဓါတ်ခြောက်ပါး ဟူသော စကားသည် (ဝါ) ဝိပဿနာယောဂီတို့ဆင်ခြင်သုံးသတ် ပွါးများအပ်သော ဓါတ် ခြောက်ပါးအပေါင်းသည်။နိဇ္ဇီဝမတ္တဿဝ၊သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်။ နိသတ္တနိဇ္ဇီဝသာမည သင်္ခါရ သဘော၏ သာလျှင်။အဓိဝစနံ၊အမည်တည်း။ (ဝါ)ဘာတခုမျှ လက်ဆုပ် လက်ကိုင် ငါပိုင်သည်။ ငါဆိုင်သည်ဟု အလုံးအခဲအမှုံအမွှား ဒြပ်သဏ္ဍာန်၊သတ္တ-အတ္တ-ဇီဝကဲ့သို့ပြနိုင်သော တရားမျိုး မဟုတ် သောကြောင့်။နိသတ္တ၊ နိဇ္ဇီဝသဘောမျှသာတည်း။

**မြန်မာပြန်။**

စင်စစ်၊သင်္ခါရတရားဟူသည်ကား။ နောက်က ပြဆိုကဲ့သည့် ညွှယ်ချုံတရား ငါးပါးတို့တွင်။ နိပ္ဖန္နရုပ် အဋ္ဌာရသ၊ နာမ်တေ ပညာသ ပေါင်း(၇၁)ပါးသော တရားကိုပင်၊ အချုပ်သော် ဓါတ်(၆)ပါးဟုခေါ်ဆိုရလေသည်။ ဤသို့သီးသန့်၍ ဟောအပ် သောသင်္ခါရတရားဓါတ်ခြောက်ပါးကို အလောင်းတော်သည်။ ပေါ်မိပင်နှင့်ရွှေပလ္လင်ကိုရရှိပြီးသည်နှင့်တပြိုင်နက်တချက်တည်း။ ကိုယ်တော်တိုင် သိသလို၊ ပစ္စက္ခသိဒ္ဓိ နည်းအားဖြင့် သိစေ။ တတ်စေ၊ မဂ်ဖိုလ်ကိုရစေလိုသော ဆန္ဒဖြင့်၊ သတ္တ-အတ္တ-ဇီဝ

ယောကျ်ား။ မိန်းမ ခေါ်ဆို သမုတ် အပ်သော သတ္တဝါတို့၏ ဝိပလ္လာသဘောအားဖြင့်။ ထင်မှတ်မှားယွင်း နေသော။ သတ္တ အတ္တ ဇီဝသညာကို ပယ်ဖျောက်စေခြင်းငှါ။ သမညသဘာဝ (၇၁)ပါးသော ရုပ်၊နာမ် ဓမ္မသင်္ခါရတရားတို့ကို အကျဉ်းချုပ်၍ (ဆဓါတုယောဘိကျွ၊အယံပုရိသော)ဟု ဟောတော်မူသည်။ ထိုသို့ဟောတော်မူအပ်သောဓါတ်(၆)ပါး ရုပ်၊ နာမ်ဓမ္မ သင်္ခါရ တရားတို့ကို။ ဆေးဆရာ လူသာမန်။ ဓါတ်ဆရာ လူသာမန်။ နက္ခတ်ဆရာလူသာမန်။ နတ်သာမန်။ ဗြဟ္မာ သာမန် တို့သည်။ ပရိယတ္တိအနေအားဖြင့် သင်ယူမည်ဆိုပါက သင်ယူနိုင်မှုလည်း သင်ယူနိုင်ရာ၏ သင်ယူပြန်ဆိုနိုင်ပေလိမ့်မည်။ ပရိပတ္တိ အနေ မျိုးနှင့် သိနိုင် ဒါကတော့ အရိယာ တို့၏ အရာသာဖြစ်သော ကြောင့်။ (မှတ်ချက်) ဆေးဆရာများအနေနှင့် ပရမတ် တရား ဓါတ်တရား ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ဆေးဂုသ ၍ ဖြစ်သည်ဟု နှုတ်မလွန်ရလေအောင် သတိကြီးစွာပြုစေခြင်း ငှါ ဒေသနာနယ ကျမ်းပေါင်းစုံတို့၏ ကောက်နှုပ်ချက်မပြမှီ သတိပေးခြင်းကို အားမထုတ်ပါက အန္တပုထုဇဉ်အနေမျိုး ဖြင့် အလွဲကို မကြံဆမိကြစေရန်။

( နှုပ်ငှ ဆောင်သာဓကပါဠိ )

သင်္ခါရာနံ လက္ခဏာ ဝိမုဋ္ဌော သင်္ခါရာနံ သဘာဝ
လက္ခဏံ သာမညလက္ခဏ္ဍ အာဂတျန္တော သင်္ခါရေ
အန္တတော အန္တနိယတော ဒုဝတော သုခတော
သုဘတော ဝိကပ္ပေတိ။

(သမောဝိသုဒ္ဓိ အဌကထာ)

သင်္ခါရာနံ ရုပ်နာမ်နှစ်ရပ် ပရမတ်အနှစ်ဓါတ်အစစ်တို့၏။ ဝိမုဋ္ဌော အန္တပုထုဇဉ်အနေမျိုးဖြင့်သာ အားရပါးရစိတ်ချလက် ချ တင်းတိမ်၍ တွေဝေ မိန့်မောလျှက်နေသော သူများသည်။ သင်္ခါရာနံ ရုပ်နာမ်နှစ်ရပ် ပရမတ်အနှစ်ဓါတ်အစစ်တို့၏သဘာဝ လက္ခဏံ မိမိသဘောကို မိမိကောင်းသော ရှေ့ရုပ်အစဉ်နှင့်

နောက်ရုပ်အစဉ်မတူအောင် ဘောက်ပြန်ခြင်းသဘော ကြံသိခြင်းသဘောဟူသော မိမိတို့၏အသီးသီးသော သဘောလက္ခဏာကိုရင်း သာမညလက္ခဏာ၌။ ရုပ်နာမ်နှစ်ရပ် ပရမတ်အနှစ်ဓါတ်အစစ်တို့၏ မခိုင်မြဲမှုဟူသောအနိစ္စလက္ခဏာ ဖြစ်ချုပ်ကြိမ်ဖန်အတန်တန်တို့ကြောင့် ကောံဆင့်းရဲရခြင်းတည်းဟူသော ဒုက္ခလက္ခဏာကိုရင်းမခိုင်မြဲသည့်အတွက်ခိုင်မြဲ၏ဆိုတာ ဘာတခုမှဘိတ်မရသောကြောင့် အနတ္တလက္ခဏာကိုရင်းအာဂဏှာနွှော ပရမတ်ကျမ်းတို့၏ သဘောကို မတတ်သည့်အတွက် မမှတ်မယူနိုင်သည်ဖြစ်၍ သင်္ခါရ ရုပ်နာမ် နှစ်ရပ် ပရမတ် အနှစ်ဓါတ်အစစ်၌ အတ္တတော ငါဟူ၍၎င်း အတ္တနိယတော ငါ့ဥစ္စာဟူ၍၎င်း ဒုဝတော၊မြဲ၏ဟူ၍၎င်းသုခတော ချမ်းသာ၏ဟူ၍၎င်း၊ သုဘတော ချစ်မြတ်နိုးလောက်ဘွယ် တင့်တယ်လှပ၏ ဟူ၍၎င်း၊ ဝိကပ္ပေတိ။ သာသနာပသားအန္ဓပုထုဇဉ်အနေမျိုးဖြင့် မဟုတ်သည်ကို အဟုတ်ထင်၍ အလွဲကိုကြံဆ တတ်၏ (ဝါ) ဓါတ်တရား ပရမတ်တရား သင်္ခါရတရားစုတို့၏ ဘောက်ပြန် ပျက်စီးသည့်အတွက် မဘောက်မပြန် မပျက်စီးရ လေအောင် ဆေးကုဓါတ်ပေး၍မရသည်ကိုဆေးကုဓါတ်ပေး၍ရသည်ဟု အလွယ်ကိုကြံဆမိတတ်၏။

**မြန်မာပြန်။**

ရုပ်နာမ်နှစ်ရပ် ပရမတ်ဓါတ်အစစ်တို့၏ သဘာဝ သဘောသာမညသဘောတို့ကို။ အန္ဓပုထုဇဉ်အနေမျိုးဖြင့် စိတ်ချလက်ချ အားရတင်းတိမ်၍နေသော သူများသည် ရုပ်နာမ်နှစ်ရပ် ပရမတ် အနှစ်ဓါတ်အစစ်တို့၏ ဘောက်ပြန်ခြင်းသဘော ခံစားခြင်းသဘောမှတ်သားခြင်းသဘော စိမံခြင်းသဘောကြံသိခြင်းသဘော ဟူသော မိမိတို့၏ အသီးသီးသော သဘောတရားလက္ခဏာကိုရင်း ရုပ်နာမ်နှစ်ရပ် ပရမတ်အနှစ်ဓါတ်အစစ်တို့၏ မခိုင်မြဲမှုဟူသော အနိစ္စလက္ခဏာ ဖြစ်ချုပ်ကြိမ်ဖန် အတန်တန်တို့ကြောင့် ဇကန်ဆင်းရဲရခြင်း တည်းမဟူသော ဒုက္ခလက္ခဏာ

ကိုရင်း မခိုင်မြဲသည့် အတွက် ခိုင်မြဲ၏ ထင်စရာ ငါဆို ဘာတ ခုမှ ဘိတ်ရမသောကြောင့် အနတ္တလက္ခဏာကိုရင်း ပရမတ် ကျမ်းဂန်တို့၏ သဘောကို မတတ်သည့်အတွက် မမှတ်မယူနိုင် သည်ဖြစ်၍ တကယ်ရှိသော အံဟုတ်ရှိသော ရုပ်နာမ်နှစ်ရပ် ပရမတ်အနှစ်ဓါတ်အစစ်၏ သဘာဝလက္ခဏာ သာမညလက္ခ ဏာ ငါမဟုတ်သည်ကို ငါဟူ၍၎င်း ငါ့ဥစ္စာမဟုတ်သည်ကို ငါ့ဥစ္စာဟူ၍၎င်း။ မြဲ၏ဟူ၍၎င်း။ ချမ်းသာ၏ဟူ၍၎င်း။ ချစ်မြတ်နိုး လောက်ဘွယ် တင့်တယ်လှပ၏ဟူ၍၎င်း၊ သာသနာ ပသား အန္ဓပုထုဇဉ် အနေမျိုးဖြင့်မဟုတ်သည်ကိုအဟုတ်ထင်၍ အလွဲ ကြီးဆတတ်၏။ (ဝါ) ဓါတ်တရားတို့ ဘောက်ပြန် နေသည် အတွက်၊ မဘောက်ပြန်ရအောင် မပျက်စီးရအောင်၊ ဆေးကု ဓါတ်ပေး၍မရသည်ကို ဆေးကုဓါတ်ပေး၍ ရသည်ဟု အလွဲကို ကြီးဆတတ်၏။

(မှတ်ချက်)ဤဓါတ်တရားသင်္ခါရတရားတို့၏ဘောက်ပြန်မှုကို မသိက အန္ဓပုထုဇဉ် ထိုဟရားကိုသိက။ ငရဲတိရစ္ဆာန်၊ ပြိတ္တာ ဘုံသို့မရောက်ဟုဖေါ်ပြလိုသော၊

(သာဓကပါဠိကား)

စတုန္နံ ပိစ ဓါတုနံ အညတ္တတ္တံ ပထဝီဓါတုယာ အာပေါ
ဓါတုယာ တေဇောဓါတုယာ ဝါယောဓါတုယာ နတွေဝ
ဓမ္မေအာဝေစ္စပသာဒေန သမန္နာဂတောအရိယာသာဝ
ကော နိရိယံဝါ တိရစ္ဆာနယောနိယံဝါ ပေတ္တိဝိသယံဝါ
ဥပပဇ္ဇိဿတိ၊ တိကအင်္ဂုတ္တရပါဠိတော်။

အာနန္ဒ၊ ချစ်သားအာနန္ဒာ၊ စတုန္နံ၊ လေးပါး ကုန်သော ဓါတုနံ၊ ဓါတ်တို့တွင်၊ အညတ္တတ္တံ၊ တပါးပါးသော ပထဝီ ဓါတုယာ၊ ပထဝီဓါတ်ကိုရင်း၊ အာပေါဓါတုယာ။ အာပေါဓါတ် ကိုရင်း။ တေဇောဓါတုယာ၊ တေဇောဓါတ်ကိုရင်း။ ဝါယော ဓါတုယာ၊ ဝါယောဓါတ်ကိုရင်း။ စေဇာနေယ၊ အကယ်သိငြားအံ့ ဓမ္မေ၊ ထိုဓါတ်တရား။ ကလာင်တရား။ အင်္ဂါလေးပါးနှင့် ပြည့်စုံ

ဓသော၊ပရမတ္ထသစ္စာတရားတို့၏ ဖြစ်၊တည်၊ ချုပ်လာပ် ဤသုံးရပ်တို့ကို၊ အာခဝစ္စပသာဒေန၊ ဆင်ခြင်သုံးသတ် သက်ဝင် ယုံကြည်သော သဒ္ဓါ တရားနှင့် သမ္ပန္နာ ဂတော၊ ပြည့်စုံသော၊ အရိယာသာဝကော။အရိယာသာဝကတို့၏ တပည့်သားသည်။ နိရိယံဝါ။ငရဲသို့ငှင်း။ တိရစ္ဆာနယောနိယံဝါ တိရစ္ဆာန် ဘုံသို့ငှင်း။ပေတ္တိဝိသယံဝါ။ ပြိတ္တာဘုံသို့ငှင်း။ နဂစ္ဆေ ဥပပဇ္ဇိသတိ၊ ဘယ်တော့မှမရောက်ရလေတော့သတည်း။

**မြန်မာပြန်။**

ချစ်သားအာနန္ဒာ။လေးပါးကုန်လော ဓါတ်တို့တွင်၊ တပါးပါးသော ပထဝီဓါတ်၏တောင့်တင်းမှုသဘောကိုငှင်း၊ အာပေါဓါတ်၏ဖွဲ့စည်းမှုသဘောကိုငှင်း၊တေဇောဓါတ်၏ပူမှုအေးမှုကိုငှင်း။ ဖြစ်၊တည်၊ချုပ်၊လာပ် ဤသုံးရပ်ကို၊ ဆင်ခြင်သုံးသတ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်ပြည့်စုံသော အရိယာ သာဝကတို့၏တပည့်သားသည်။ငရဲသို့ငှင်း။တိရစ္ဆာန်ဘုံသို့ငှင်း။ ပြိတ္တာဘုံသို့ငှင်း။ ဘယ်တော့မှ မရောက်ရ လေတော့ သတည်း ဟုဤကဲ့သို့အဂ်ုတ္တိုရ်ပါဠိတော်မြတ် မိန့်အပ်သည်ကို။ ဆေးဆရာ၊ဓါတ်ဆရာ၊သမထဆရာ။ဝိပဿနာဆရာတို့သည်။ နှစ်လုံးချိုက်ချိုက် ပိုက်မိကြသဖြင့်။ ငါ့ရှင်ကတ် ဒေသနာတော် စကားရပ်လာသည့်အတိုင်း၊ ဤပဌမကဏ္ဍ အစပကတူးက။ ရုပ်။နာမ်၊ခန္ဓာနှစ်ပါးတို့တွင်၊ရုပက္ခန္ဓာ၌ကြမ်းတမ်း တောင့်တင်း ခက်မာသောသဘော လက္ခဏာ အစရှိသဖြင့်၊ သိအပ်သော တရားသည်ပရမတ္ထသစ္စာမည်၏။လူသာမှာန်။ နတ်သာမာန်၊ ဗြဟ္မာသာမန်။ ဆေးဆရာ။ဓါတ်ဆရာသာမာန်တို့မသိနိုင်ဟူလို။

သစ် ဝါး။ရှေ့။လှည်း၊အိမ်၊ ကျောင်း အစရှိသော စုဝေးခြင်း အစရှိသည်ဖြင့်။သိအပ်သော(ဝါ) ကမ္ဘာဦးသူ လူပညာရှိတို့၏ အမှတ်သင်္ကေတဖြင့်ပြီးခြင်းရှိသောသမုတိသစ္စာတို့၏မဘောက်ပြန် သူ့သဘောနှင့်သူ မှန်သည်၏ အဖြစ်ကြောင့် သစ္စာဟူ၍ ဆိုထားသောကြောင့်၊ ထိုသစ္စာနှစ်ပါးတို့တွင်။ သမုတိသစ္စာ၊

သဝိညာဏက။ အဝိညာဏကသဏ္ဍာန်တို့၌ မှီတွယ်၍ တည်နေကြသော ထိုသို့တည်နေကြသော ဓါတ်တရား။ကလာပ်တရား၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ရုပ်တရားနှင့် နာမ်ခန္ဓာ တို့၏ သဘာဝမှာ။အတိတ်၌လည်းလာ၍ဖြစ်ရန် စုပြီးပုံပြီးမရှိ၊ အနာဂါတ်သို့ရောက်၊ ချုပ်ပျောက်ပြီးသွားသည့်အခါ၌လည်း။ စုပြီးပုံပြီးသားမရှိ။ သက်သက်ပစ္စုပ္ပန် တရားကလေးသာ ဖြစ်သည်ဟု မိန့်ဆိုလေသည်။

| | | | | | |
|---|---|---|---|---|---|
| ၁၊ | ရုပ်–ဥပါဒ်၌ဇာတိစိတ္တက္ခဏ | (၁)ချက် | ခဏငယ် | ( ၃ )ချက်။ | |
| ၂။ | ရုပ်–ဌီ၌ဇရာစိတ္တက္ခဏ | (၁၅) | ။ ။ | (၄၅) | ။ |
| ၃။ | ရုပ်–ဘင်၌မရဏစိတ္တက္ခဏ | ( ၁ ) | ။ ။ | ( ၃ ) | ။ |

သင်္ဂဟပါဌ်၌ အလိုရှုပ်ငုံဆောင်ပါလေ၊

၁။ ဖြစ်တည်၊ချုပ်လပ်၊ ဤသုံးရုပ် ဥပါဒ် ဌီ ဘင်ယူ
၂၊ ခဏသုံးချက် အပေါင်းနက် စိတ္တက္ခဏယူ
၃။ လက်ပစ်တထွက် ခဏစိတ် ကုဋေ တသိမ်းယူ

(နိဂုံးချုပ်)

ပရမတ္ထတရား၊ဓါတ်တရား၊ ကလာပ်တရား၊ ခန္ဓာတရား၊
ခယဝယတင်ပုံရှုပ်ငုံဆောင်၊

၁။ ဖြစ်တည်ချုပ်လပ် ဤသုံးရုပ် စိတ်ဓါတ် အတည်မှာ၊
၂။ ဆဲ့ခုနှစ်ချက် စိဓါတ်သက် ရုပ်သက်တခုသာ
၃။ လက်ပစ်တထွက် ချုပ်ကုန်ပျက် ကုဋေတသိန်းသာ
၄၊ ဖြစ်၊ပျက်၊နှစ်ဝ မြင့်မိုရ်က အနိစ္စအစစ်သာ
၅။ ဥဒဗ္ဗယ ခေါ်ဆိုကြ ရအပ်သူ့သညာ
၆။ ဒိဋ္ဌိသတ္တ ရန်သူဟာ ကွာခါနိုး၍သာ
၇။ ထင်လာတုံက အနိစ္စ အနတ္တတိုင်သာ
၈။ ကပ်ရှုနိုင်မှ သတ္တာယ မုချကွာမည်သာ
၉။ ဓါတ်ကိုလှလှ ရှုနိုင်မှ အနတ္တအစစ်သာ

၁၀။ အနုတ္တအစစ်   သိတုံလစ် စင်စစ်ဒိဋ္ဌကွာ
၁၁။ ဆေးဆရာများ   သတိထား မှတ်သားငါးခန္ဓာ
၁၂။ ခန္ဓာသိက   ပွါးများရ ရောက်ရနိဗ္ဗုတာ

ဤကဗျာ (၁၂)ပုဒ်ဖြင့်။ တမဂ်တဖိုလ် ရက်တိုတိုနှင့် ရနိုင်ရောက်နိုင်သည်။ဓါတ်သဘော၊ကလာပ်သဘော၊ ခန္ဓာသဘောတို့၏ သဘာဝလက္ခဏာ၊ သမညလက္ခဏာ တို့ကို အဖြုပေါ်အမြဲတင်ပြလိုက်ပါသည်။

အထက်ဖော်ပြပါ ဒေသနာတော် မိန့်ခွန်း ဟသည့် အတိုင်း ဆိုလျှင်–

၁။ အဘိဓမ္မသင်္ဂဟ ရူပပရိစ္ဆေဒကဏ္ဍ။
၂။ ဓါတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်း။
၃။ ကာယနုပဿနာကျမ်း။
၄။ အဘိဓမ္မာတောင်သာခြောက်လုံးကောက် ဋီကာကျမ်း။

ဤကျမ်းများ၌ ရေးသား ထားသော စကားရပ် များမှာ အထက်ဖော်ပြပါပိဋကတ်တော်လာစကားရပ်ထဲသို့ အကုန်လုံး ဝင်နေသည်ကို

၁။ တော်လှန်ရေးကောင်စီအစိုးရ။
၂။ သာသနာရေးနှင့်သက်ဆိုင်သောဌာန။
၃။ ကျန်းမာရေးနှင့်သက်ဆိုင်သောဌာန။
၄။ ဆေးဆရာ၊ဓါတ်ဆရာအသီးသီး။
၅။ တိုင်းသူပြည်သားလူများ။

သိရှိကြစေရန် သတိပေး နှိုးဆော် စကား ဒေသနာတော်နှင့် ဆိုင်သော။ ဆေးဆရာများ ဖြေဆိုရန် ကျမ်း လေးကျမ်းကို မှတည်၍ အလာတူကျမ်းများအပါအဝင် ဓါတ်တရား ကလာပ်တရား၊ပရမတ်တရား အစစ်တို့ဟာဖြင့်၊ ဆေးကုစားရန် ရနိုင်သည်ဟု ၎င်းကျမ်းများကို ရေးသားဖော်ပြသော ကျမ်းဆရာတို့

ကပင် သက်သေခံထားပြီးဖြစ်၍ အကျယ်တဝင့် ထပ်ရှင်းရန် လိုမည် မထင်ပါ။ ဆေးဆရာများ အနေနှင့် ဤဓါတ်တရား။ ကလာပ်တရား။အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဓါတ်တရားတို့ကို မသုံးထိုက်ဘူးလားဟုမေးဘွယ်ရှိပါသည်။ ဤအမေးနှင့် ပါတ် သက်၍ရှေ့ကို ရူပ ပရိစ္ဆေဒကဏ္ဍကို ပြပြီးလျှင်။ ပထဝီ လေးမျိုး အာပေါလေးမျိုး။ တေဇောလေးမျိုး၊။ ဝါယောလေးမျိုး။ ပါဠိ တော်-အဋ္ဌကထာ-ဋီကာ-အနု-မဓု စသည်တို့ ပါဝင်သော ပိဋကတ်စကားရပ်ဆိုအပ်ခဲ့ပြီးသောကျမ်းများကအမည်နာမနှင့် ညွှန်ကြားထားသော တော်လှန်ရေးကောင်စီ အစိုးရက ပြဋ္ဌာန်း ထားသည့်ကျမ်းများစကားရပ် အားလုံးကို ပဏ္ဏာမ ပဋိညာဉ် အရ။ဓါတ်ကြီးလေးပါး လေးမျိုးစီ ပြဆိုသွားပါမည်။

ဤအခဏ်းသည်။ ပရမတ္ထ တရား လေးပါးနှင့် ခန္ဓာငါးပါး သစ္စာနှစ်ပါးပါဝင်၍ပြသော

ဤကား။ ပရမတ္ထတရား လေးပါး သဘာဝ၊ ခန္ဓာ ငါးပါး သဘာဝ သစ္စာနှစ်ပါးကဏ္ဍ ပြခြင်းနိဋ္ဌိတံ၊

ဆေးဆရာသူတော်ကောင်းများ။ တမဂ်တဖိုလ်ရက်တိုတိုနှင့် ရောက်ကြပါစေကုန်သတည်း။

# ဒေသနာနယ လေးကျမ်း ဝေဘန်ပြချက်၊
# ဒုတိယကဏ္ဍ

ပရမတ္ထတရားလေးပါး ခန္ဓာငါးပါး သစ္စာနှစ်ပါး တို့၏
ဖြစ်မှုပြက်မှု သင်္ခါရတရားစုတို့ကို ပြပြီး၍။

ဒေသနာနယလာ ကျမ်း လေးကျမ်းတို့၏
ကောက်နှုပ်ချက် အကျဉ်းဖေါ်ပြမည်၊

**ဒေသနာနယဟူသည်။**

၁။ အဘိဓမ္မတ္ထသင်္ဂဟ ပရိစ္ဆေဒကဏ္ဍ၊ (၂၀)
၂၊ ခေတုပိနိစ္ဆယ ရုပကဏ္ဍကျမ်း၊ (၂၅၅)
၃၊ ကာယနုပဿနာကျမ်း။ (၃၀၄)
၄၊ ဆရာမွဲရေး တောင်သာဋီကာကျမ်း (၁၂၀)

(၁) အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌။

၁၊ ရုပသမုဒ္ဒေသ ၂၊ ရုပဝိဘာဂ ၃။ ရုပသမုဋ္ဌာန် ၄။ ရုပကလာပ ၅၊ ရုပပဝတ္တိက္ကမ ဤသို့အားဖြင့် ငါးကဏ္ဍကို ပြဆိုထားလေသည်။

(မှတ်ချက်) ကျန်သော ကျမ်းသုံးကျမ်းမှ။ ၎င်းအဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ ၂၀–ပါး သော ရုပ်တရားတို့ကို ဝစနတ္ထဝိဂြိုဟ်နှင့် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၊ အဋ္ဌကထာဋီကာ အနု မဓု ဒီပဏီ ဂဏ္ဌိ ပိဋကပ်ကျမ်းလာ စကားတို့ကို ဖွင့်ဆိုထားပြီးနောက် နောက်ဆက်တွဲ အနေနှင့် ဆေးကျမ်း ဗေဒင်ကျမ်း နက္ခတ်ကျမ်းလာ စကားရပ်တို့နှင့် အနည်းငယ်ဆက်စပ်၍ ပြဆိုထားသည်မှတပါး အခြားမရှိခြေ၊ ဆေးကျမ်းများမဟုတ်ကြောင်းကိုလည်း ကျမ်းဆရာများကပင် တာဝန်ခံချက်၊ တမင်တဖိုလ် ရက်တိုတိုနှင့် ရောက်နိုင်သည်ဟု ဖေါ်ပြပါရှိလေသည် သို့သော်ပရမတ္ထပညာကို တတ်သိနားလည်ပါမှ ဆေးပညာကို အကူအညီရသင့်သလောက် ရမည်ဖြစ်သည်ဟု ယူဆကြ

သဖြင့် ထည့်သွင်း၍အကြံပေးထားခြင်းမျှသာဖြစ်ပေသည်။

(သံသရမရှိကြပါစေလင့်)

(ဓါတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်းကိုဝေဘန်၍ပြမည်)

၂။ ဓါတုဝိနိစ္ဆယ ရူပကဏ္ဍ ကျမ်းမှာ စာမျက်နှာ (၂၅၅) ရှိသည်၊ မာတိကာမပါပါ၊

စာမျက်နှာ (၁) မှ (၁၀) အထိ၊ တိကိစ္ဆကောတိ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ၊ ဟုဝစနတ္ထဝိဂ္ဂြိုဟ်ဖွင့်ဆိုပြီးနောက် ဒေသနာတော်လာ ပါဠိအဋ္ဌကထာ ဋီကာ အနု မဓု ဂဏ္ဌိ ဒီပနီ စသည်တို့ကို ကိုးကားလျှက် နိဒါန်းစကား ဖွင့်ပြထားလေသည်။

၎င်းစာမျက်နှာ (၁၀)မှ(၄၄)အထိ။

သာမညသဘာဝလက္ခဏာ ရသ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊တို့၏သာဓကကို ဓမ္မသင်္ဂဏီ အဋ္ဌကထာလာ ပါဠ် သာဓကအလို ထုပ်ပြပြီးနောက်။

ပဋ္ဌန္တိ ပတိဋ္ဌ ဟန္တိ ဧတ္ထ သဟဇာတ ရူပါနီတိ ပထဝီ
အတ္တနော သဘာဝံ ဓါရေတီတိ ဓါတု၊ ပထဝီဧဝ
ဓါတု ပထဝီဓါတု၊ (သာကက္ခဠလက္ခဏာ)
ပတိဋ္ဌာနရသာ သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာ သေသဓါ
တုတ္တယ ပဒဋ္ဌာနာ။ဟု ဋီကာအလိုဖွင့်ဆိုထားလေသည်။

ထိုမှတဆင့်နည်းတူ။ အာပေါဓါတ် တေဇောဓါတ် ဝါယောဓါတ် ဟူမဟာဘုတ်ကြီး လေးပါးကို ပထဝီကဏ္ဍကဲ့သို့ ဝစနတ္ထ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ တို့အကြောင်းဖွင့်ဆိုပြီးနောက်။ကြံရှိသော၊(၂၄)ပါးသောဥပါဒါန်ရုပ်တို့ကိုလည်း ဝစနတ္ထဝိဂ္ဂြိုဟ်ဖွင့်ဆို၍ပြထားလေသည်၊

၎င်းစာမျက်နှာ (၄၄)မှ(၆၅)အထိ။

အဘိဓမ္မတ္ထသင်္ဂဟာရုပ်ပိုင်းနှင့်၊ ပရမတ္ထဒီပနီ ဖွင့်ဆိုသော ရူပက္ခန္ဓာကဏ္ဍ မှိုကိုဖွင့်ပြလေသည်။

၎င်းစာမျက်နှာ (၆၅)မှ(၉၆) အထိ။

ကမ္မသမုဋ္ဌာန်အကြောင်းနှင့် သစ္စသံခိတ်လာ (မဏိန္ဒနာတပေ အင်္ဂ အသင်္ခတ ပ္ပ^ိသမာဂမေ ယထာဟောတိ တထာဝိတ္တံ၊ ဝတ္တာလမ္ဗဏာ ဝိသင်္ဂမေ) စသောအဋ္ဌကထာပါဠိကို ဖွင့်ပြထား လေသည်။

ဌင်း (၉၆)မှ(၉၆) အထိ၊ ကာယသုံးပိုင်း (၉၆)မှ(၁၃၂)ထိ

သိယာခေါပနာနန္တ စတုန္နံ မဟာဘူတာနံ
အညတ္တတ္တံ ပထဝီဓါတုယာ အာပေါဓါတုယာ
တေဇောဓါတုယာ ဝါယောဓါတုယာ နတ္တေဝ
ဗုဒ္ဓေအာဝစ္စ ပသာဒေန် သင်္ဂဟန္တာဂတာသာ၊
အရိယာသာဝကဿ သိယာ အညတတ္တံ၊

ဟု အဋ္ဌာန ပရိကမ္မသုတ် အဋ္ဌကထာပါဠိကို ဖွင့်ပြထားလေ သည်။

ကာယနုပဿနာကျမ်း၌လည်း ဤပါဠိကိုဖွင့်ပြ ထားလေသည်၊

ဌင်းစာမျက်နှာ (၁၃၂)မှ(၁၄၃) အထိ ဌင်းမှ (၁၆၁) အထိ ပိုး ၈ဝ-အကြောင်းနှင့် ၉၆-ပါးသောရောဂါအကြောင်း စဟုဓါတုဝဝတ္တံ ကမ္မဋ္ဌာန်းအကြောင်းပါဠိ သာဓကအစုံနှင့် ဖေါ်ပြထားလေသည်။

(ထိုစတုဓါတုဝဝတ္တာန်ကမ္မဋ္ဌာန်းအခဏ်းဖေါ်ပြီးနောက်)

နတ္တေဝဘိက္ခဝေ အဋ္ဌဝီသတိရူပါနံ
ယေနကေနစိ ပုထုဇ္ဇနာနံ ဇာနာမိပဿာမိတိ၊

ဟု ပုဂ္ဂလပညတ်ကျမ်းလာဟု ဖေါ်ပြထားသည်။

ဘိက္ခဝေ။ ရဟန်းတို့ အဋ္ဌဝီသတိ ရုပ်နာမ် ၂၈-ပါးသော ရုပ်တရားတို့တွင် ယေနကေနစိ တစုံတခုသော ရုပ်ကလာပ်ကို ပုထုဇ္ဇနာနံ၊ ပုထုဇဉ်တို့အား ဇာနာမိ၊ သိ၏ဟူ၍ဌင်း၊ ပဿာမိတိ မြင်၏ဟူ၍ဌင်း။ နတ္တေဝ ဝဒါမိ ငါဘုရားဟောတော်မမူ။

ဤသို့အားဖြင့် ဓါတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်း ရေးသော ဆရာက ဤ ၂၈-ပါးသော ရုပ်တရားတို့တွင် တစုံတခုသော

ပရမတ်တရား။ ကလာပ်တရား၊ အင်္ဂါလေးပါးနှင့် ပြည့်စုံတတ်သောတရားကို ပုထုဇဉ်တို့ မမြင်နိုင်ဟုဆိုထားသဖြင့် ဒီကြားထဲမှာ ဘယ်သူ့ဘယ်ဆရာတို့က မြင်တယ်လို့ဝန်ခံကြ မည်နည်း အကယ်၍မြင်တယ်လို့ဝန်ခံလျှင် အဝိဇ္ဇာပြုတ် ဝိဇ္ဇာသို့ရောက်သော ဆရာလို့ခေါ်ရပေမည်။

ကျမ်းရေးသောဆရာက ဝိဇ္ဇာရောက်လို့ရေးသည်မဟုတ်ပါ ပရိယာယ်အနေနှင့်သာရေးခြင်းဖြစ်ပါသည်။ဟုဝန်ခံရပေမည်

ဤကဲ့သို့ပရမတ်တရား။ ဓါတ်တရား၊ ကလာပ်တရား။တို့ကို(၁၆၂)အထိ။ ဖွင့်ပြပြီးနောက်။

ဂဏန်းစာမျက်နှာ (၁၆၂) မှ (၂၂၈) အထိ။

ဒေသနာနယလာ ပရမတ်သဘော ဓါတ်သဘော ကလာပ်သဘောတို့၏ သဘာဝကိုပြပြီး နှာခေါင်း၌ သွေးထွက် သွေးအံချက်ကိုဖေါ်ပြပြီးနောက် မဟာဘုတ်လေးပါးတို့၏ ဝစနတ္ထဝိဂြိုဟ်ဖွင့်ဆိုပြီး။ ဓါတ်ဥတုတို့ကြောင့် ရောဂါရပုံ တွဲဘက်လျက်အနည်းငယ် အနည်းငယ်ဖေါ်ပြထားသည်မှတပါး အခြားဖေါ်ထားချက်မရှိပါ။

ရှေ့စကားနှင့်နောက်စကားမညီ။နုတွေ့စတိက္ခဝေ စကားနှင့်ဆန့်ကျင်ဘက်ဖြစ်နေသော အချက်အလက်များ ပါဝင်လျက်ရှိနေသည်ကိုတွေ့ရှိရပါသည်။ အသင့်အတင့်နှလုံးသွင်း၍ ယူကြစေလိုသည်။

ဂဏန်းစာမျက်နှာ(၂၂၈)မှ (၂၅၅)အထိ၊

ဒွါဒသိမ်ကျမ်းစာမျက်နှာ(၈၈)မှ (၁၀၀)အထိ ဖေါ်ပြထားသော အာဂန္တုက အာယုဝဍ္ဎဏ အာယုဟာရဏ ဥတုအလိုက်ပြထားသည်။

ဤကျမ်းမှာ၊ဆေးကျမ်းမဟုတ်သော်လည်း၊ ဆေးဆရာများအတွက်။ အများကြီးအကူအညီရနိုင်တည့်ပြင်။ တမင် တဖိုလ်ရက်ဘိုဘိုနှင့် ရောက်နိုင်သော ကျမ်းဖြစ်လေသည်။

ဤကား၊ဓါတုဝိနိစ္ဆယရူပကဏ္ဍကျမ်းအကျဉ်းပြခဏ်းနိဋ္ဌိတံ။

## ကာယနုပဿနာကျမ်း။

၃။ ကာယနုပဿနာ ကျမ်းမှာ မာတိကာ မပါ စာမျက်နှာ (၃၀၄)ရှိသည်။

၎င်းစာမျက်နှာ(၁)မှ(၁၀၆) အထိ၊

အင်္ဂုတ္တရ ဋီကာ အနုမဓု စသော သာသနိက ကျမ်းများလာနှင့် သုဿုတစသော ကမ္ဘာ့တံဆာ သက်ရိုက်ကျမ်း။ အနာတမိကျမ်းစသော ကျမ်းများလာ စကားများကို သုကဏ္ဍာနှင့်သူ့အလိုက်ရေးသား ဖေါ်ပြသွားမည်ဟု ပဋိညာဉ်ခံ ထားချက်အတိုင်း၊ (၂၈)ပါးသော ရုပ်တရား အစုံတို့ကို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တင်ပြခြင်းနှင့် စတုဓါတု ဝဝတ္ထာ ကမ္မဋ္ဌာန်း အကြောင်းအကျယ်ဖွင့်ပြထားလေသည်။ ထိုပြင်ပရမတ္ထ တရားတို့ မဘောက်ပြန်ပုံကိုလည်း စာမျက်နှာ (၁၂၃)အထိ ပြထားလေသည်။ဓါတုဝိနိစ္ဆယရူပကဏ္ဍာကျမ်းစာမျက်နှာ (၁၆၁)လာ စကားရပ်နှင့်နည်းတူပင် ဖြစ်လေသည်။

၎င်းစာမျက်နှာ (၁၂၃)မှ (၁၃၁)အထိ။ကေသာအစ၊တစောအဆုံးရှိသောတစပဥ္စကမ္မဋ္ဌာန်း။

၎င်းစာမျက်နှာ (၁၃၁) မှ (၁၅၉) အထိ။ မံသအစ–ဝက္ကံအဆုံးရှိသော ဝက္ကပဥ္စကမ္မဋ္ဌာန်း၊သုဿုတအနာတမိကျမ်း အလိုပါပြထားသည်။

၎င်းစာမျက်နှာ (၁၅၇)မှ (၁၇၁)အထိ၊ ဟဒယအစပပ္ဖါသအဆုံးရှိသော ပပ္ဖါသပဥ္စကမ္မဋ္ဌာန်း။ ၎င်းဆေးများ ပါဝင်သည်။

၎င်းစာမျက်နှာ (၁၇၁)မှ (၁၈၈)အထိ။အန္တမှ မတ္ထလုင်္ဂ အဆုံးရှိသောမတ္ထလုင်္ဂကမ္မဋ္ဌာန်း။

(မှတ်ချက်) ဣပပီကောဋ္ဌါသ (၂၀)အခဏ်းတွင်။ စာမျက်နှာ (၁၇၆)မှ (၁၈၆)အထိ၊ ဇာင်းမယ် ရှင်ဥတ္တမ အလို ပိုးမျိုး (၈၂)မျိုးတို့ကိုထည့်သွင်းဖေါ်ပြထားလေသည်။

၎င်းစာမျက်နှာ(၁၈၉)မှ(၂၁၉)အထိ။အာပေါကောဋ္ဌါသ။ တေဇောကောဋ္ဌါသ။ ဝါယောကောဋ္ဌါသတို့ကို။ ပထဝီ ကဏ္ဍာ

နည်းတူပြဆိုထားလေသည်။

ဋင်း(၂၁၉)မှ (၄၂)ပါးသော ကောဌါသတို့ အချင်းချင်း စပ်ဟတ် ဆက်သွယ်ကျေးဇူးပြု၍ ဆိုအပ်ခဲ့ပြီးသော စကားရပ်များကို ဒေသနာတော်လာသည့်အတိုင်း။ အသေးစိတ် စာမျက်နှာ(၃၀၄)အထိ။အသေးစိတ်ရှင်းပြပြီး။နိဂုံးချုပ်လိုက်ပါသည်။

ဋင်းကျမ်းသည်။ဋင်းကျမ်းကို အားထုတ်လျှင်၊ ငြိမ်ပွားပြည်ထိ ရောက်နိုင်သည့်ပြင်၊တမဂ်တဖိုလ်ရက်တိုတိုနှင့် ရောက်နိုင်ရန်ကို ပြထားသော်လည်း၊ ဆေးဆရာ၊ ဓါတ်ဆရာများအဘို့ အကူ အညီအများကြီးပေးနိုင်လေသည်။

ဤကားကာယနုပဿနာကျမ်းအကျဉ်းဝေဘန်၍ပြခြင်း။

နိဋ္ဌိတံ၊

တောင်သာဋီကာ(၆)လုံးဆရာမွဲရေး။

၄။ ဋင်းကျမ်းမှာ မာတိကာပါသည်။ စာမျက်နှာ{၁၂၇}ပါ ရှိသည်၊

စာမျက်နှာ ၃-မှ ၃၂-အထိ။ ဥတုနှာ ၃-မျိုး၊ သီတနာ ၃-မျိုး၊(၆)လုံးနှင့် စပ်သော စကားရပ်တို့ကို ဇယားနှင့် တကွ ပြထားလေသည်။

ဋင်းစာမျက်နှာ ၃၃-မှ ၄၃-အထိ။

ဓါတ်လေးပါးတို့၏ဝစနတ္ထ၊လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန် တင်ပြထားသည်။

ဋင်းစာမျက်နှာ၄၉-မှ ၆၃-အထိ။

အဖျားရောဂါဖြစ်ပုံ၊ အဖျားရောဂါကာကွယ်ပုံ၊ အဖျားနှင့် ဝမ်းရောဂါကာကွယ်နည်းစသည်တို့ပြထားလေသည်၊

ဋင်းစာမျက်နှာ ၆၅-မှ။ ၇၆-အထိ။

ဥတု၊ရတုနှင့် ဆေးကျမ်းများလာ စကားရပ်တို့ကို အနည်း ငယ်ဖေါ်ပြထားလေသည်၊

ဋင်းစာမျက်နှာ ၇၇-မှ ၉၄-အထိ။

နိယမတရား ငါးပါးတို့ အကြောင်းဖော်ပြထားလေသည်။

၎င်းစာမျက်နှာ (၉၆)မှ(၁၂၀) အထိ၊

ရူပ ပရိစ္ဆေဒကဏ္ဍ အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ အတိုင်း ရူပသမုဒ္ဒေသ အစ၊ ရူပပဝတ္တိက္ကမသို့အောင်ဖော်ပြထားလေသည် (**မှတ်ချက်**) ဤတောင်သာ ၆–လုံး ဋီကာမှာ သတ်သတ်မဟုတ်ဘဲ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ကို ပါဝင်ရေးသားဖော်ပြထားလေးသည်။

စင်စစ်အားဖြင့် တောင်သာ ၆-လုံးမှာ သုတမျိုး ငါတဖုံ ကျမ်းမျိုးစုံတို့ တည့်သွင်းဖော်ပြ ရေးသားထားကြသဖြင့် မူလ တောင်သာလက်ဟောင်း ကျမ်းမူမရှိတော့ပါ။ သို့သော်တောင်သာကျမ်းမှာ ဆေးကျမ်းမဟုတ်ဓါတ်ကျမ်းဟု ဖော်ပြထားသည်တို့ကိုလည်းတွေ့ရှိရပါသည်။ ထိုဓါတ်ကျမ်းမှာ အဘိဓမ္မာ ပါဠိတော် အဋ္ဌကထာ ဋီကာစကားတို့ကို ယူသုံးထားသဖြင့် ကာကဥ္စ ဝိဇ္ဇမ္ဘိတ ပရိသဝ၊ အပူနှာ (၃) မျိုး သင်္ဂဟိတ ဗြဟ္မာနံ–ပဿရနံ၊ အအေးနှာ (၃) မျိုး ဤလိုခွဲပြပြီး ရေးသားထားခြင်းမှာ။ ဓါတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်း၌ ဖော်ပြထားသော နတ္တေဝ ဘိက္ခဝေ ယေနကေနစိ အဋ္ဌဝီသတိ ရူပါနံ စသည်ဆိုသောစကားနှင့် ဆိုလျှင် ကိုက်မကိုက် စဉ်းစားကြည့်ဘိုလိုပေသည်မကိုက်လျှင် ပညာရှိများက ကိုက်အောင်အဆို ပြင်သုံးကြစေလိုပါသည်။ (အထူးသတိ)

ဤကား တောင်သာ(၆)လုံးဋီကာကျမ်း အကျဉ်းပြဆော်း နိဋ္ဌိတံ၊

အထူးသတိပြုရန် နိဂုံးချုပ်၊

**ဒေသနာနယလာ ကျမ်း လေးကျမ်း သဘောတူရာ ပေါင်းစပ်၍ဖြမည်**

၁။ ရူပပရိစ္ဆေဒကဏ္ဍ၌ ရုပ် (၂၀) ပါးကို ၁။ ရူပသမုဒ္ဒေသ ၂။ ရူပဝိဘာဂ ၃။ ရူပသမုဋ္ဌာန် ၄။ ရူပပဝတ္တိက္ကမ စသည်ကိုဝေဘန်၍ ပြသည်မှတပါး အခြားမရှိပြီ။

၂။ ဓါတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်း၌လည်း စာမျက်နှာ(၁၀)မှ (၁၆၂)အထိ။ ဒေသနာနယလာ(၂၀)ပါးသော ရုပ်တရားတို့

ကိုဝစနတ္တနှင့် လက္ခဏာ ရသ စသည်တို့ကိုမဂ်စခန်းဆိုက်အောင် ဝေဘန်၍ပြပြီးနောက် (၁၆၂)မှ(၂၂၈) အထိ ဒေသနာနယ ဘေသဇ္ဇနယလာ စကားရပ်တို့ကိုသာ ရောပြွန်၍ ပြထားသည့် ပြင်(၂၂၈)မှ(၂၅၅)အထိ။ ဒွါဒသိမ်လာ အာဂန္တု၊ အာယုဝဓုဏ အာယုဟာရဏာပြထားသည်မှ အခြားမရှိ နဂိုရ်ကရပ်ကိုဝေဘန်ဆုံးဖြတ်၍ စကားနှင့်ကိုက်ညီအောင်ပြထားလေသည်။

၃၊ ကာယနုပဿနာကျမ်းမှာလည်း။ ကျမ်း၏ ပဏာမဝန်ခံပြီး စာမျက်နှာ (၃)မှ(၁၂၃)အထိ၊ မဂ်စခန်းကိုတက်လှမ်းနိုင်ရန် ဓါတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်းကဲ့သို့ပင် ဓါတ်လက္ခဏာတို့ကို ဝစနတ္တနှင့် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် စသည်တို့ တင်ပြခြင်းထိုမှတဆင့် (၁၂၃-မှ ဆံပင်အစ တစောအဆုံး ရှိသော ပဋိဝဏ္ဏ တစပဉ္စကမ္မဋ္ဌာန်းကိုပြဆိုပြီးနောက်(၄၂)ကောဋ္ဌာသကို အောင်သူ့စက်နှင့်သူ ဖေါ်ပြထားသည်မှဘပါး အခြားမရှိပြီ၊

၄၊ ဆရာမွဲရေး(၆)လုံးဋီကာမှာလည်း အပူနာသုံးမျိုး အအေးနာသုံးမျိုး မှတည်၍ပြထားသည်ပြင် အနည်ငယ်ဘေသဇ္ဇနယလာစကားရပ်ကို ပြထားခြင်းအားဖြင့် နိဂုံးချုပ်အနေနှင့် ရူပ ပရိစ္ဆေဒ ကဏ္ဍအခဏ်းကုန်အောင်ပြထားသည်မှတပါး အခြားမရှိချေ၊

၎င်းကျမ်းလေးကျမ်း၌ ပြထားသော စကားရပ်တို့မှာ

နတ္တေဝ ဘိက္ခဝေ အဉ္ဇဝိသတိ ရူပါနံ ယေနကေနစိ

ပုထုဇ္ဇနာနံ ဇာနာမိ ပဿာမိတိ ဝဒါမိ၊

၎င်းတို့မှာပင် ပုဂ္ဂလပညတ်လာ စကားရပ်အတိုင်း ထည့်ပြထားသဖြင့်လူသာမန် ဆေးဆရာ ဓါတ်ဆရာသာမန်တို့ သိနိုင်သော တရားမျိုးမဟုတ်ဟု ဖေါ်ပြထားသည် ထိုသို့ဖေါ်ပြထားခြင်းသည်။ သာမန်ပုထုဇဉ်တို့နှင့် မထိုက်တန်ရာဟု ဆိုလိုရင်းအဓိပ္ပါယ်ရသည်။

မေး၊ ဆေးဆရာ ဓါတ်ဆရာ သာမန် လူသာမန် နတ်သာမန်တို့နှင့် မထိုက်တန်ဘူးဟုဆိုသော် အဘယ်အတွက်ကြောင့် ဤ

ဒေသနာ နယလာ ကျမ်းလေးကျမ်းထည်း ထားရပါသနည်းဟု၊ မေးဘွယ်ရှိသောကြောင့်၊

ဖြေ၊ထိုခါတ်တရား၊ ပရမတ်တရား။ ကလာပ် တရားတို့ဟာ၊ လူသာမန်။ဆေးဆရာခါတ်ဆရာမာန်။ နတ်သာမာန်တို့ မသိနိုင်ဘူးဆိုဒါကိုတော့ဘုရားဟောဖြစ်နေသောကြောင့် ငြင်းနိုင်ဘွယ်မရှိပါ။ သို့သော်၊ငင်းကျမ်းတို့မှ ယူသင့် ယူထိုက်သည့်တို့ကို ယူရလျှင်။ ပရိယတ္တိ အနေနှင့် တဖြေးဖြေး သင်ယူ၍ သမ္မာဂရ အဆောက်အဦးဖြစ်လာလျှင်၊ ဆေးပညာဘက်ကိုလည်း အကူအညီရသင့်သလောက်ရမည့်ပြင်၊ ပဋိပတ်စခမ်းကိုလည်း တက်လှမ်း နိုင်သဖြင့်။ တမဂ် တဖိုလ် ရက်တိုတိုနှင့် ရောက်နိုင်ရန် အဆောက်အဦးရစေခြင်းငှါ၊မူလကျမ်းကို စာရင်းပေးသူများက ဤလိုရည်ရွယ်ပြီးပေးဟန်တူပါသည်၊

တောင်သာ(၆)လုံးကိုတော့။ ဤကျမ်းကိုမြန်မာပြန်ဆိုသူက အဖြေပေးရမည်။ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့၏ အတွင်းသို့ အနှောဂခါတ်ဝင်ပြီးဖြစ်၍ပေးရန်မလိုတော့ပါ။

(မှတ်ချက်) သို့သော်။ တော်လှန်ရေးကောင်စီ အစိုးရအနေနှင့်တော့။ ဒီဇာဘ်ာ(၁၇)ရက်၊ (၁၀)ရက်က ကျော်လျှင် အဖြေပေးပါလိမ့်မည်။စောင့်၍နားထောင်တော် မူကြစေလိုပါသည်။

ယခု ပြဆိုအပ်ခဲ့ပြီးသော ကျမ်းလေးကျမ်းကို မှတည် ရှေးဦးစွာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ ရူပ ပရိစ္ဆေဒကဏ္ဍမှ လိုရင်းကောက်နှုပ်ချက်ပြပြီးမှ ကြံသော ကျမ်းသုံးကျမ်းတို့၏ဖွင့်ပြထားသော ခါတ်လက္ခဏာနှင့်ငင်းတို့ဖွင့်ပြထားသော ခါတ်လေးပါးတို့၏အဓိကလွန်သော (၄၂)ပါးသော ကောဋ္ဌာ အစုတို့လည်း ပါဝင်ရလေအောင်။ ငင်းကျမ်းတို့ကိုစု၍ ချုံး၍ ပထဝီလေးမျိုး၊ အာပေါခလေးမျိုး။ တေဇောလေးမျိုး၊ ဝါယောလေးမျိုး တို့ကို မှတည်၍ အကျဉ်းကောက်နှုပ်ချက်ပြပြီးမှ၊ အာဟာရ လေးမျိုး ကာယသုံးပိုင်းစသည်တို့ပါဝင်သော ပဏ္ဏာမဥ္စပဋိညာဉ် ခံထားသည့်အတိုင်း ဖွင့်သွားပါမည်။ အဆိုပါကျမ်းလေးကျမ်း သသုံး

ကိုဝစနတ္ထနှင့် လက္ခဏာ ရသ စသည့်တို့ကိုမဂ်စခန်းဆိုက်အောင် ဝေဘန်၍ပြပြီးနောက် (၁၆၂)မှ(၂၂၈) အထိ ဒေသနာနယ ဘေသဇ္ဇနယလာ စကားရပ်တို့ကိုသာ ရောပြွန်၍ ပြထားသည့်ပြင်(၂၂၈)မှ(၂၅၅)အထိ။ ဥဒ္ဒါဒသိမ်လာ အာဂန္တု၊ အာယုဝမုဏာ အာယုဟာရဏာပြထားသည်မှ အခြားမရှိ နဂိုရ်ကရုပ်ကိုဝေဘန်ဆုံးဖြတ်၍ စကားနှင့်ကိုက်ညီအောင်ပြထားလေသည်။

၃၊ ကာယနုပဿနာကျမ်းမှာလည်း။ ကျမ်း၏ ပဏာမဝန်ခံပြီး စာမျက်နှာ (၃)မှ(၁၂၃)အထိ၊ မဂ်စခန်းကိုတက်လှမ်းနိုင်ရန် ဓါတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်းကဲ့သို့ပင် ဓါတ်လက္ခဏာတို့ကို ဝစနတ္ထနှင့် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် စသည်တို့ တင်ပြခြင်းထိုမှတဆင့် (၁၂၃–မှ ဆံပင်အစ တစောအဆုံး ရှိသော ပဥ္စဝဂ္ဂတစပဉ္စကမ္မဋ္ဌာန်းကိုပြဆိုပြီးနောက် (၄၂)ကောဋ္ဌာသကု အောင်သူ့ဝက်နှင့်သူ ဖေါ်ပြထားသည်မှတပါး အခြားမရှိပြီ၊

၄၊ ဆရာမှဲ့ရေး(၆)လုံးငိုကာမှာလည်း အပူနာသုံးမျိုး အအေးနာသုံးမျိုး မှတည်၍ပြထားသည်ပြင်၊ အနည်ငယ်ဘေသဇ္ဇနယလာစကားရပ်ကို ပြထားခြင်းအားဖြင့် နိဂုံးချုပ်အနေနှင့် ရူပ ပရိစ္ဆေဒ ကဏ္ဍအခဏ်းကုန်အောင်ပြထားသည့်မှတပါး အခြားမရှိခြေ၊

၎င်းကျမ်းလေးကျမ်း၌ ပြထားသော စကားရပ်တို့မှာ

နတွေဝ ဘိက္ခဝေ အဌဝိသတိ ရူပါနံ ယေနကေနစိ
ပုထုဇ္ဇနာနံ ဇာနာမိ ပဿာမိတိ ဝဒါမိ၊

၎င်းတို့မှာပင် ပုဂ္ဂလပညတ်လာ စကားရပ်အတိုင်း ထည့်ပြထားသဖြင့်လူသာမန် ဆေးဆရာ ဓါတ်ဆရာသာမန်တို့ သိနိုင်သော တရားမျိုးမဟုတ်ဟု ဖေါ်ပြထားသည် ထိုသို့ဖေါ်ပြထားခြင်းသည်။ သာမန်ပုထုဇဉ်တို့နှင့် မထိုက်တန်ရာဟု ဆိုလိုရင်းအဓိပ္ပါယ်ရသည်။

မေး၊ ဆေးဆရာ ဓါတ်ဆရာ သာမန် လူသာမန် နတ်သာမန်တို့နှင့် မထိုက်တန်ဘူးဟုဆိုသော် အဘယ်အတွက်ကြောင့် ဤ

ဒေသနာ နယလာ ကျမ်းလေးကျမ်းထည်း ထားရပါသနည်းဟု၊ မေးဘွယ်ရှိသောကြောင့်၊

ဖြေ၊ထိုဓါတ်တရား၊ ပရမတ်တရား။ ကလာပ်တရားတို့ဟာ၊ လူသာမန်။ဆေးဆရာဓါတ်ဆရာမာန်။ နတ်သာမာန်တို့ မသိနိုင်ဘူးဆိုဒါကိုတော့ဘုရားဟောဖြစ်နေသောကြောင့် ငြင်းနိုင်ဘွယ်မရှိပါ။ သို့သော်၊၎င်းကျမ်းတို့မှ ယူသင့် ယူထိုက်သည်တို့ကို ယူရလျှင်။ ပရိယတ္တိ အနေနှင့် တဖြေးဖြေး သင်ယူ၍ သမ္ဘာရ အဆောက်အဦးဖြစ်လာလျှင်၊ ဆေးပညာဘက်ကိုလည်း အကူအညီရသင့်သလောက်ရမည့်ပြင်၊ ပဋိပတ်စခမ်းကိုလည်း တက်လှမ်း နိုင်သဖြင့်။ တမဂ် တဖိုလ် ရက်တိုတိုနှင့် ရောက်နိုင်ရန် အဆောက်အဦးရစေခြင်းငှါ၊မူလကျမ်းကို စာရင်းပေးသူများက ဤလိုရည်ရွယ်ပြီးပေးဟန်တူပါသည်၊

တောင်သာ(၆)လုံးကိုတော့။ ဤကျမ်းကိုမြန်မာပြန်ဆိုသူက အဖြေပေးရမည်။ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့၏ အတွင်းသို့ အန္တောဂဓါတ်ဝင်ပြီးဖြစ်၍ပေးရန်မလိုတော့ပါ။

(မှတ်ချက်) သို့သော်။ တော်လှန်ရေးကောင်စီ အစိုးရအနေနှင့်တော့။ ဒီဇာဘ်ာ(၁၇)ရက်၊ (၁၈)ရက်က ကျော်လျှင် အဖြေပေးပါလိမ့်မည်။စောင့်၍နားထောင်တော် မူကြစေလိုပါသည်။

ယခု ပြဆိုအပ်ခဲ့ပြီးသော ကျမ်းလေးကျမ်းကို မူတည် ရှေးဦးစွာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ ရုပပရိစ္ဆေဒကဏ္ဍမှ လိုရင်းကောက်နှုပ်ချက်ပြပြီးမှ ကြံခဲ့သော ကျမ်းသုံးကျမ်းတို့၏ဖွင့်ပြထားသော ဓါတ်လက္ခဏာနှင့်၎င်းတို့ဖွင့်ပြထားသော ဓါတ်လေးပါးတို့၏အဓိကလွန်သော (၄၂)ပါးသော ကောဋ္ဌာသအစုတို့လည်း ပါဝင်ရလေအောင်။ ၎င်းကျမ်းတို့ကိုစု၍ ချုံး၍ ပထဝီလေးမျိုး၊ အာပေါလေးမျိုး။ တေဇောလေးမျိုး၊ ဝါယောလေးမျိုး တို့ကို မူတည်၍ အကျဉ်းကောက်နှုပ်ချက်ပြပြီးမှ၊ အာဟာရ လေးမျိုး ကာယသုံးပိုင်းစသည်တို့ပါဝင်သော ပဏာမဉ္စပဋိညာဉ် ခံထားသည့်အတိုင်း ဖွင့်သွားပါမည်။ အဆိုပါကျမ်းလေးကျမ်း သုံး

အဆိုတို့ကို အားလုံး ဆေးဆရာအသုံး သမထ ဆရာအသုံး။ ဝိပဿနာဆရာအသုံး၊ ဤသို့စသည့်အသုံးမျိုးနှင့်ကိုက်ညီစွာ သုံးနိုင်အောင်။ သင့်လျော်လောက်သောသာဓကပါဌ်ထည့်၍ ဖွင့်ပြသွားပါမည်၊သာဓကပါဌ်ကို အသုံးမပြုလိုပါက။ ၎င်း၏မြန်မာပြန်ကိုသာကောက်နှုပ်၍အသုံးပြုကြပါလို့ ရှေးဦးစွာ မေတ္တာရပ်ခံအင်ပါသည်။

အားလုံးကိုယ်စိတ်ဖြာချမ်းသာကျမ္မာပြီး လိုအင်ဆန္ဒပြည့်ကြပါစေသော်၊

# အဘိဓမ္မတ္ထသင်္ဂဟ ရူပဝိနိစ္ဆယကဏ္ဍာ၊
# တဝီသကဏ္ဍာ။

## ရုပ်တို့၏သဘောလက္ခဏာ။

သီတုဏှာဒိဝိရောဓိပစ္စယေဟိ ရုပ္ပတီတိ ရူပံ၊ ယံဓမ္မဇာတံ အကြင် တရားသဘောသည် (ဝါ)ကို သီတုဏှာ ဒိဝိရောဓိပစ္စယေဟိ၊ အချမ်းအပူ အစရှိသော ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းတို့ကြောင့်(ဝါ)တို့သည်။ရုပ္ပတိ၊ဘောက်ပြန်တတ်၏ ဣတိ ထိုကြောင့်။ တံဓမ္မဇာတံ။ ထိုတရား သဘောသည်။ ရူပံ ရုပ်မည်၏။

ဤသို့သောဝစနတ္ထနှင့်အညီ၊ ချမ်းခြင်းပူခြင်း၊ ထမင်း ဆာလောင်ခြင်း၊ ဒါဏ်ထိခိုက်ခြင်း။ ထားလက်နက်ဖြင့် သတ်ဖြတ်ခြင်း။ရိုက်နှက်ခြင်း။ ဖျားခြင်း။ နာခြင်းစသော ဆန့်ကျင်ဘက်တို့ကြောင့်၊ အပေါင်းပညတ်။ ကလာပ်ဝတ္ထု ပေါင်းရုပ်စုတို့၏ ပြိုကွဲ။ပဲ့ရွဲ့။ပိန်ခွဲ့။ကြုံလှီး။ ခါချည်၊ ဖျူကြည်။ နီချည်၊ ညိုချည်၊ မည်းချည်စသောအားဖြင့်။ ဘောက်ပြန်ပျက်စီးတတ်သော ရုပ်နသဘော တခုသာ ရုပ်မည်၏ ဟူလို (ဝါ) မဘောက်မပြန် မြတ်သောသဘောကြောင့်ရုပ်မည်၏ဟူလို။

ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထောဟူသော ဝစနတ္ထနှင့်အညီ၊ ပရမော။ ဥတ္တမော မြတ်သော အဝိပရီတော မဖေါက်ပြန်သော အတ္ထော အနက်တည်း။ ဣတိ၊ ထိုကြောင့်။ ပရမတ္ထော။ပရမတ္ထမည်၏။

ရုပ်သည်မြတ်၏။ မြတ်သောကြောင့် မဖေါက်ပြန် တတ်ဟုဆိုက။(ရှေ့နောက်မညီညာအံ့။ညီပါပေ၏)

(၁) ပထဝီဓါတ်၏ သဘောသည်။ ဥပါဒ်၌ကက္ခဠ သဘော ဌီ၌ ကက္ခဠသဘော ဘင်၌ ကက္ခဠသဘောမြဲ၍။ ဤသို့အားဖြင့် လက္ခဏာသဘောအားဖြင့်မဘောက်ပြန်သောကြောင့်၊ ပရမတ္ထ မည်၏ဟုမှတ်။

ရပ်သည်ဆိုအပ်ခဲ့ပြီးသော ရုပ္ပနလက္ခဏာအားဖြင့်၊ တပါးသာ ဝိသေသအားဖြင့်သော်ကား။ (၂)ပါး (၄)ပါး (၁၁)ပါး (၂၄)ပါး (၁၈)ပါး (၁၀)ပါး ဤသို့အားဖြင့် ဇာတ်တူ မတူအားဖြင့်သရုပ်ကိုဖေါ်ပြရာ၏။

အထူးသတိပြု၍မှတ်သားမိအောင်လေ့လာ။

**အဘိဓမ္မတ္ထသင်္ဂဟရူပပရိစ္ဆေဒကဏ္ဍအလို**

**အကျဉ်းဇယား။**

၁။ ဘူတရုပ် ၄ ပါး။ ၂။ ဥပါဒါရုပ် ၂၄ ပါး။ ဘူတရုပ် ဥပါဒါရုပ် ၂ရုပ်ပေါင်း ရုပ်(၂၈)ပါး၊

ဘူတရုပ်မှာ တပါးသည် သုံးပါးကို သုံးပါးသည် တပါးကို နှစ်ပါးသည် နှစ်ပါးကိုမှီ၍ ဖြစ်ကြကုန်၏၊ ဧကံမဟာဘူတံပဋိစ္စ တယောမဟာ။

၁။ ဘူတာ၊ တယော မဟာဘူတေ ပဋိစ္စဧကံ မဟာဘူတံ။ ဒွေမဟာဘူတေ ပဋိစ္စ ဒွေမဟာဘူတာ (ပဋ္ဌာန်းပါဠိတော်)

၂။ ဥပါဒါရုပ်တို့ သည်ကား၊ မဟာဘုတ်တို့ကိုသာမှီ၍ ဖြစ်ကုန်၏။ ဥပါဒါရုပ်သူတို့အချင်းချင်းမှီ၍ မဖြစ်နိုင်ကုန်။ စဏ္ဍာရိမဟာဘူတာနိ ဂဟေတွာ အမုဥ္စိတွာတာနိ နိဿာယ ပဝတ္တတီတိအတ္ထော (အဋ္ဌသာလိနီ)

၁။ နိပ္ဖန္နရုပ် ၁၈-ပါး။ ၂။ အနိပ္ဖန္နရုပ် ၁၀-ပါး။
နိပ္ဖန္နရုပ် အနိပ္ဖန္နရုပ် ၂-ရုပ်ပေါင်း ရုပ်၂၈-ပါး။

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဘူ ၄ | ပ ၅ | ဂေါ ၇ | ဘာ ၂ | ဟ ၁ | ဇီ ၁ | အာ | | ပရိ ၁ | ဝိည ၂ | ဝိကာ ၅ | လက် ၄ |
| ဘူ ၄ | | တူရာပေါင်း၍ ဥပါဒါ ရုပ် ၂၄-ပါး။ ၂-ရုပ်ပေါင်း ရုပ် ၂၈-ပါး။ | | | | | | | | | |
| ပ အာ တေ ဝါ | စ သော ဃာ ဇိ ကာ | ရူ သ ဂ ရ ပ တေ ဝါ | ဣ ပု * * * | ဟဒ | ဇီဝိ | အာ | •ဝိညတ်ရုပ်-အဝိညတ်ရုပ် ၂-ရုပ်ပေါင်း ၂၈-ပါး | ပရိ | ကာ ဝစီ •* * | လ မု ကမ္မ ကာ ဝစီ | ဥ သံ ဇ အ |
| ၄ | ၅ | ၇ | ၂ | ၁ | ၁ | ၁ | | ၁ | ၂ | ၅ | ၄ |

| | |
|---|---|
| ဘူတရုပ်သုံးခုတို့၏အပေါင်းဖော်ဩဇာ ရုပ်၁-ခု။ဘာဝရုပ်ပေါင်း၁-ခုယူ၍ နိပ္ဖန္နရုပ် ၁၈-ပါး။ | ဝိညတ်ရုပ်တူရာပေါင်း၍ အနိပ္ဖန္နရုပ်၁၀-ပါး။ |

| | | | | |
|---|---|---|---|---|
| ၁၊ ပထဝီ | ၇။ ဃာန | ၁၄ ဖောဋ္ဌဗ္ဗာရုံ | ၁။ ပရိစ္ဆေဒရုပ် | ၇။ ကာယဝိညတ် |
| ၂။ အာပေါ | ၈။ ဇိဝှါ | ၁၅ ဣတ္ထိဘာဝ | ၂။ ကာယဝိညတ် | ၈။ ဝစီဝိညတ် |
| ၃။ တေဇော | ၉။ ကာယ | ၁၆။ ပုမ္ဘာဝ | ၃။ ဝစီဝိညတ် | ၉။ ဥပစယ |
| ၄။ ဝါယော | ၁၀။ ရူပါရုံ | ၁၇။ ဟဒယဝတ္ထု | ၄။ ရူပဿလဟုတာ | ၁၀။ သန္တတိ |
| ၅ စက္ခုပသာဒ | ၁၁။ သဒ္ဒါရုံ | ၁၈။ ဇီဝိတ | ၅။ မုဒုတာ | ၁၁။ ဇရတာ |
| ၆။ သောတ | ၁၂။ ဂန္ဓာရုံ | ၁၉-အာဟာရ | ၆။ ကမ္မညတာ | ၁၂။ အနိစ္စတာ |
| | ၁၃။ ရသာရုံ | | | |

| | |
|---|---|
| ဘာဝရုပ်ကိုပေါင်းနိပ္ဖန္နရုပ် ၁၈-ပါးအစဉ်၊ | ဝိညတ်ရုပ်တူပေါင်းအနိပ္ဖန္နရုပ် ၁၀-ပါးအစဉ်။ |

**No. 5**

နိပ္ဖန္နရုပ် (၁၈) အနိပ္ဖန္နရုပ် (၁၀)တို့ အကျဉ်းသရုပ်။

၁။ ထိုရုပ်နှစ်ပါးတို့တွင် (၁၈)ပါးတို့မှာ။ အကြောင်းတို့ကို အကြောင်းတို့ကြောင့် ကောင်(၃)ပါးနှင့် ပြည့်စုံစွာ ဖြစ်ပေါ်ပြီးစီးသော ရုပ်တို့ဖြစ်၍ (နိပ္ဖန္န) ရုပ်ဟုခေါ်သည်။သဘော တရားကိုယ်နှင့်ပြည့်စုံသောရုပ်တို့ဖြစ်၍။ သဘာဝရုပ်ဟူ၍လည်း ခေါ်သည်။ဖြစ်ခြင်း။ ရင့်စေးခြင်း။ ပျက်စီးခြင်း။ သင်္ခတ လက္ခဏာ (၃)ပါးရှိခြင်းကြောင့် (သလက္ခဏ)ရုပ်ဟူ၍လည်း ခေါ်သည်။ သီတုဏှာဒိ ဝိရောဓိပစ္စယေဟိ ဟူသောအကြောင်း တို့ကြောင့်၊ ရှေ့ရုပ်အစဉ်နှင့် နောက်ရုပ်အစဉ်မတူအောင် ဖောက်ပြန်ခြင်း သဘောရှိခြင်းကြောင့်(ရူပရုပ်)ဟူ၍လည်းခေါ်သည်။(လက္ခဏာရေး)(၃)ပါး(ဝါ)အနိစ္စ-ဒုက္ခ-အနတ္တဟု တင်ရှု့ သုံးသပ်အပ်ခြင်းကြောင့်။(သမ္မသနရုပ်)ဟုခေါ်သည်။

၂။ နိပ္ဖန္နရုပ်မှကြွင်းသော(၁၀)ပါးသော ရုပ်တို့ကို အထက်ဖေါ်ပြပါနိပ္ဖန္နရုပ် (၁၈)ပါး တို့ကဲ့သို့ ခဏ (၃)ပါး ပြည့်စုံစွာ ရုပ်တို့မဟုတ်ခြင်းကြောင့် (ဝါ)သလက္ခဏရုပ်။ ရူပရုပ်၊သမ္မသန ရုပ်တို့ကဲ့သို့ သင်္ခါရတရားအနေနှင့်တင်၍သုံးသပ်ဆင်ခြင်ရသော တရားမဟုတ်သောကြောင့်(အနိပ္ဖန္နရုပ်)ဟုခေါ်သည်။ (သဘာဝရုပ်)ဟူ၍၎င်း။(အလက္ခဏရုပ်)ဟူ၍၎င်း၊ (အရူပရုပ်)ဟူ၍၎င်း (အသမ္မသနရုပ်)ဟူ၍၎င်း။ခေါ်ဆိုလေသည်။ နှုပ်ငုံဆောင်၊

ဤကား။နိပ္ဖန္နရုပ် အနိပ္ဖန္နရုပ်တို့၏အကျဉ်းသရုပ်ပြခြင်းတည်း၊

နိပ္ဖန္နသဘာဝ (၁၈)ပါး။

၁။ ခက်မာခြင်း။သဘောကလေးကို ပထဝီဓါတ်။

၂၊ စိုစွတ်ခြင်း။ဖွဲ့ခြင်းအရည်အစေးကလေးကိုအာပေါဓါတ်

၃၊ ပူ၊ ဧ ထက်မျက်သော အရှိန် သဘော ကလေးကို တေဇောဓါတ်။

၄၊ ထောက်ကန်၊ လှုပ်ရှားသန်စွမ်းသော အဟုန် သဘော ကလေးကိ ဝါယောဓါတ်။

(မှတ်ချက်) အဖတ်သဘော ပြောမှု မာမှု၊ အရည်သဘော ယိုစီးဖွဲ့မှု သဘောတို့ကား။ အထည့်ဝတ္တုသဘောတည်း။ အရှိန် သဘောအဟုန်သဘောတို့ကား။ ကြိယာသတ္တိမျှသဘောတည်း။ စင်စစ်အားဖြင့်လက်ဆုပ်လက်ကိုင်ပြုစရာဘာတခုမှမရှိ။သဘာဝ လက္ခဏာအားဖြင့်။မိမိသဘောကိုသာ မိမိဆောင်ခြင်း၊ သင်္ခတ လက္ခဏာအားဖြင့်ဖြစ်ခြင်း။ ပျက်ခြင်း လက္ခဏာတို့ကို ဆင်ခြင် သုံးသပ်ရန်သာ ဟောတော်မူခဲ့လေသည်၊

ဤကား။မဟာဘုတ်လေးပါးတည်း။

၅။ အထည်ဝတ္ထု သဘောမဟုတ်။ မျက်နက်ဝန်း အလယ် တည့်တည့်ပဲနောက်စေ့ခန့်မျှ အကြည်ကွက် အတွင်း၌။ သသမ္ဘာရအသားဆိုင် အသားခဲ မျက်လွှာ(၇)ထပ်တိုင် အောင် ပျံ့နှံ့လျှက်။ ဗဟိဒ္ဓပညတ် ရူပါရုံထင်နိုင်စွဲကပ် လောက်အောင်မဟာဘုတ်တို့၏ကြည်စေခြင်း သဘော ကလေးကို စက္ခုပသာဒရုပ်။

၆။ သသမ္ဘာရ၊ နားပေါက် အတွင်း၊ လက်တဆစ်လောက် နက်သော နီနီအမွေးနု ပေါက်သော နေရာ၌ သဒ္ဒါရုံ ထင်နိုင်စွဲကပ်နိုင်လောက်အောင် မဟာဘုတ်တို့ ကြည် ခြင်းသဘောကလေးကို။သောတပသာဒရုပ်။

၇။ သသမ္ဘာရ၊နှာခေါင်းပေါက်နှစ်ခုဆိုသောနေရာ၌ဂန္ဓာရုံ တင်နိုင်။စွဲကပ်နိုင်လောက်အောင်မဟာဘုတ်တို့၏ကြည် ခြင်းသဘောကလေးကို ဃာနပသာဒရုပ်၊

၈။ သသမ္ဘာရ လျှာကို ၃-ပိုင်း ပိုင်း၍ အရင်း အဖျား အ လယ်ပိုင်းလျှာအပေါ်ပြင်၌ဗဟိဒ္ဓမှ မျိုသွင်းလိုက်သော ဇဋိကါ ရအာဟာရ၌ပါသော ပညတ်ရသာရုံ ရှေးဦးစွာ အာရုံပြုပြီး ထိုပညတ်ရသာရုံကိုမှီတွဲ၍ ပါလာသော ပရမတ်အနှစ် ရသာရုံ အစစ် တင်နိုင်စွဲကပ်နိုင် လောက်အောင် မဟာဘုတ်တို့၏ ကြည်စေခြင်းသဘောကလေးကို ဇိဝှါပသာဒရုပ်

၉။ ပါဝကတေဇော ကောဋ္ဌာသ တည်ရာအရပ်ကို ချန်

လှုပ်၍ အရေနှင့်တကွအရေအတွင်းသံသရော သွေးရှိရာ တကိုယ်လုံး၌၊ ဖေါင်ဖွာရုံ ထင်နိုင်စွဲကပ်နိုင် လောက်အောင် မဟာဘုတ်တို့၏ ကြည်ခြင်း သဘောကလေးကို၊ ကာယပသာဒရုပ်၊

ဤကားပသာဒရုပ်(၅)ပါးတည်း။

၁၀။ ပညတ်တင်စား အမည်အားဖြင့် အဖြူ အနီ စသော အဆင်းစသည်တို့၌ မှီတွယ်နေသော သဘောတရားကလေးကို ရူပါရုံ၊

၁၁။ သဝိညာဏက အဝိညာဏက တို့၏သဏ္ဌာန်မှ ဖြစ်ပေါ်လာသော အသံကို။ သဒ္ဒါရုံ၊

၁၂။ အဝိညာဏက စပါယ် မြတ်လေး စသည် ပညတ်အနံ့ အဝိညာဏက ကတိုးစသော အနံ့ တို့ကိုမှီတွဲ၍ ပါလာသော သဘောတရားကလေးကို။ ဂန္ဓာရုံ၊

၁၃။ သဝိညာဏက ဝတ္ထုအတွင်း၌ အချို အချဉ် အစပ်အငန် အဖန် အခါးစသည် ပညတ်ရသာ ၆–ပါးအတွင်း၌ မှီတွဲ၍ပါလာသော အရသာကလေးကို။ ရသာရုံ။

(ဤကား ဓါတ်သုံးပါးနှုပ်=ဂေါစရရုပ် လေးပါးတည်း)

၁၄။ ပထဝီ တေဇော ဝါယော ဤဓါတ်ကြီး သုံးပါးကို ဖေါဋ္ဌဗ္ဗာရုံခေါ်သည်။ယောကျ်ား အသွင်သဏ္ဌာန်နှင့်မတူသော မိန်းမ၏အသွင်သဏ္ဌာန် ဖြစ်ပေါ်ရန် အကြောင်းထူးကလေးကို။ ဣတ္ထိဘာဝရုပ်။

၁၅၊ မိန်းမအသွင်သဏ္ဌာန်နှင့် မတူသော ယောကျ်ား၏ အသွင်သဏ္ဌာန် ဖြစ်ပေါ်ရန် အကြောင်းကလေးကို။ ပုမ္ဘာဝရုပ်၊

(ဤကား ဘာဝရုပ် နှစ်ခုတည်း)

၁၆၊ သသမ္ဘာရ နှစ်လုံးဘူး ပုံးညှက်စေ့ခန့် ပမာဏရှိသော လိုင်ဂူအတွင်း သသမ္ဘာရ သံနိဿိတ နှလုံး သွေးသည်ရှိ၏ ထိုနှလုံးသွေး၌ တည်နေသောမနောဓါတ် မနောဝိညာဏဓါတ် တို့၏မှီရာ ဟဒယဝတ္ထုရုပ်ကလေးကိုပင် ဟဒယရုပ်။

၁၇။ ဗာဟိရဝတ္ထုတခုခု၌ ပါလာသော ပထဝီဓါတ် အာဘော

ဓါတ် ၎င်းနှစ်ပါးတို့၏ အနှစ်အဆီ ကလေးကို (ဩဇာ) ဟူ၍ ၎င်းကိုပင်၊ အဟာရဇရုပ်။
၁၀၊ ကမ္မဇရုပ်တို့၏ အသက်ရှည်ရန် အစောင့်အရှောက် အကြောင်းထူး သဘောကလေးကို၊ ဇီဝိတရုပ်၊
ဤသို့အားဖြင့်ဘူတရုပ် ပသာဒရုပ် ဂေါစရရုပ် ဘာဝရုပ် ဟဒယအဟာရဇီဝိတပေါင်း သော်နိပ္ဖန္နရုပ်(၁၈) ပါး ဖြစ်သတည်း

( အနိပ္ဖန္နရုပ် ၁၀-ပါးသရုပ် )

၁။ နိပ္ဖန္နရုပ်တို့၏ အတွင်း၌ တည်နေ၊ ရုပ်ကလာပ်မှုံ့ ရုပ်တခုနှင့် တခု မထည့်ရလေအောင်၊ တခုနှင့် တခု အကြားဟူသော အာကာသဓါတ်ကို။ (ပရိစ္ဆေဒရုပ်)
၂။ ကိုယ်အင်္ဂါ လှုပ်ရှားရာ၌၊ လှုပ်ရှားသော မဟာဘုတ်တို့၏ အပေါ်၌၊မိမိအလို သူတပါးအလိုကို-သိစေတတ်သော သိဘ့်ိုရာ အကြောင်း ဖြစ်သော၊ လှုပ်ရှားမှု ကိုယ်အမူ အရာကလေးကို (ကာယဝိညတ်ရုပ်)
၃။ နှုပ်မြွက် ပြောဆိုရာ၌၊ မိမိအလို သူတပါးအလိုကို သိစေ တတ်သော သိဘ့်ိုရာ အကြောင်း ဖြစ်သော၊ ပြောသံ ဆိုသံ ဆဲသံ စသည်စကားသံ၏ အမူရာ ကလေးကို (ဝစီဝိညတ်ရုပ်)
၄။ စိတ်-ဥတု- အာဟာရဇ- ရုပ်သုံးပါးတို့၏ မလေးမလံဘဲ သွက်သွက်လက်လက် ပေါ့ပါးခြင်း၊အမူအရာ အထူးကလေးကို ၎င် လဟုတရုပ်
၅။ မကြမ်းမတမ်းဘဲ -နုနယ်-နူးညံ့ခြင် အမူအရာကလေး ကိုပင် ။မုဒုတာရုပ်
၆။ ထိုသို့ ပေါ့ပါး နူးညံ့သဖြင့် လှုပ်ရှားသွားလာခြင်းစသော အမှုခပ်သိမ်း၌ ကောင်းမှု ခန့်မှု အမူအရာ အထူးကလေးကို ပင် ကမ္မညတာရုပ်
၇၊ ပဋိသန္ဓေ ခဏမှစ၍ အာယတန မစုံမှီအတွင်း၌ စတုဇ ရုပ်တို့၏ဖြစ်ပေါ်ခြင်း ( ဇာတိ ) ကို ဥပစယရုပ်။
၈။ အာယတန စုံသည်မှစ၍ စုတိစိတ် ကြသည့်တို တိုင်

အောင် တဘာဝ - တသက်လုံး အတွင်း၌ စတုဇရုပ်ပေါ်ခြင်း (ဇာတိ) ကို သန္တတိရုပ်
၉။ ဖြစ်ပေါ်ပြီးသော ရုပ်တို့၏ ရင့်ဆွေးခြင်း သဘောကို (ဇရတာရုပ်)
၁၀။ ရင့်ဆွေးပြီးသော ရုပ်တို့၏ ချုပ်ပျောက်ခြင်း သဘောကို (အနိစ္စတာရုပ်)

**ဤကားအနိပ္ဖန္နရုပ် (၁၀)ပါ ကိုသရုပ်ပြခြင်းတည်း**

**( ဤအခန်းသည် ရူပသမုဒ္ဒေသ မြန်မာပြန်ပြီးပြီး )**

( ရူပသမုဒ္ဒေသ နှုပ်ငုံဆောင် )

ဘူတပ္ပသာဒဝိသယာ ဘာဝေါဟဒယမိစ္စပိ၊
ဇီဝိတာဟာရရူပေဟိ အဋ္ဌာရသဝိဓံတထာ၊
ပရိစ္ဆေဒေါစ ဝိညတ္တိ ဝိကာရောစ လက္ခဏန္တိ၊
အနိပ္ဖန္နာ ဒသစ္စေတိ အဋ္ဌဝီသတိ ဝိဓံဘဝေ။ ။

( အဘိဓမ္မတ္ထသင်္ဂဟ )

ဘူတပ္ပသာဒဝိသယာ၊ ဘူတ ရုပ်၄-ခု ပသာဒရုပ် ၅-ခု ဝိသယရုပ် ၇-ခု တို့ငှင်း ဘာဝေါပိ၊ ဘာဝရုပ် ၂-ခု တို့ငှင်း ဟဒယံပိ၊ ဟဒယရုပ်ငှင်း ဣတိ ဤသို့ ဇီဝိတာအဟာရ ရူပေဟိ ဇီဝိတရုပ် အဟာရရုပ်တို့နှင့် သဟ တကွ၊ အဋ္ဌာရသဝိဓံ။ ၁၈-ပါးအပြားရှိသော နိပ္ဖန္နဥ္စ၊ နိပ္ဖန္နရုပ်ငှင်း တထာ ထိုအတူ၊ ပရိစ္ဆေဒေါစ၊ ပရိစ္ဆေဒရုပ်ငှင်၊ ဝိညတ္တိဝိကာရောစ။ ဝိကာရရုပ် ၅-ခု၊ ငှင်း လက္ခဏဥ္စ။ လက္ခဏရုပ် ၄=ခုငှင်း ဣတိ ဤသို့ ဒသ ၁၀ ပါးကုန်သော အနိပ္ဖန္နာစ။ အနိပ္ဖန္နရုပ်ငှင်း ဣတိဣမိနာပဘေဒေန ဤသို့သောအပြားအားဖြင့်။ အဋ္ဌဝီသတိဝိဓံ ၂၈-ပါးအပြားရှိသည် ဘဝေ ။ ဖြစ်၏၊

မှတ်ချက်။ ။ဤရူပ ပရိစ္ဆေဒက ဏ္ဍ၌။ရူပသမုဒ္ဒေသ။ ရူပဝိဘာဂ ရူပသမုဋ္ဌာန်၊ ရူပကလာပ၊ ရူပပဝတ္တိက္ကမ၊ ဟူ၍ငါးကဏ္ဍရှိရာတို့တွင် ဤအခဏ်းသည် ရူပသမုဒ္ဒေသ မူလပဌမ အရေးကြီးဆုံး

သော လိုရင်းအချက်ကိုသာ ထုတ်ပြလိုက်သည့် ၎င်းကို ကြေကြေညက်ညက် နှပ်တက်ဆောင်ပြီးလျှင် ကြီးသော လေးကဏ္ဍကို လိုအပ်သည်ဟု ထင်မြင်သည့်ကို မှုလီသွင်ယူခစေလိုသည်၊

ဤကားလိုရင်း ရူပသမုဒ္ဒေသအခေါ်း နိဋ္ဌိတံ။

# ရူပဝိဘာဂ ကောဝိနေည်း

ယခု ရူပသမုဒ္ဒေသကို ပြဆိုပြီးသည့် အခြားမဲ့၌(၂၈)ပါးသော ဘူတရုပ် ဥပါဒါရုပ်(သို့မဟုတ်) နိပ္ဖန္နရုပ် အနိပ္ဖန္နရုပ်တို့ကို ကောနည်း ဒုကနည်းကို ဝေဘန်၍ပြသောအားဖြင့် ၎င်းရုပ်တို့၏ဖြစ်ခြင်း ဟူသော သမုဋ္ဌာန်အားဖြင့်၎င်းရုပ်တို့၏အပေါင်းအစည်း ဟူသော ကလာပ်အားဖြင့်၎င်း ရုပ်တို့၏ဖြစ်စဉ်အား ဖြင့်၎င်း ဤလေးပါးသော အခြင်းအရာတို့ဖြင့် ဆက်၍ဝေဘန်ပြမည်။

၁၊ ဆိုအပ်ခဲ့ပြီးသော ဘူတရုပ် ဥပါဒါရုပ်(၂၈)ခု၊ သို့မဟုတ် နိပ္ဖန္နရုပ် အနိပ္ဖန္နရုပ်(၂၈)ခုသောရုပ် အဗျာကတ တရားတို့သည် သမ္ပယုတ် ဟိတ်မရှိကြင်းရကား။ (အဟေတုက) မည်ကုန်၏။

၂။ ကံ-စိတ်=ဥတု-အဟာရ တည်းဟူသော အကြောင်းနှင့်တကွ ဖြစ်ရကား (သပ္ပစ္စယ) လည်းမည်ကုန်၏။

၃။ ကာမာသဝ-ဘာဝါသဝ-ဒိဋ္ဌာသဝ-အဝိဇ္ဇာသဝတည်းဟူသော အာသဝေါ တရားလေးပါးတို့၏ အာရုံဖြစ်ရကား။ (သာသဝ) လည်းမည်ကုန်၏၊

၄။ ကံ-စိတ်=ဥတု-အဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပေါင်း၍ ပြုပြင်အပ်သည် ဖြစ်ရကား၊ (သင်္ခတ)လည်းမည်ကုန်၏။

၅။ ဥပဒါနက္ခန္ဓာ။ ဟုဆိုအပ်သော လောက၌ အတွင်းဝင်ရကား (လောကီယ) လည်းမည်ကုန်၏။

၆။ အာရုံပြုသောအားဖြင့်။ ကာမတဏှာ၊ ဘာဝတဏှာ၏ ကျင်လည်ရာဖြစ်ရကား (ကာမစရ)လည်းမည်ကုန်၏။
၇။ နာမ်တရားကဲ့သို့ အာရုံကိုမယူတတ်ရကား (အနာရမ္မဏ)ရုပ်လည်းမည်ကုန်၏။
၈။ တဒင်္ဂပဟာန်။ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်။ ဟူသော သုံးပါးသော ပဟာန်တို့ဖြင့် မပယ်အပ်သည်ဖြစ်ရကား (အပ္ပဟာတဗ္ဗ) လည်းမည်ကုန်၏၊

ဤကား ဧကဝိဓနည်း ပြီး၏၊

## ( ဒုကနည်း )

ထိုဧကဝိဓနည်းမှတပါး ဒုကနည်းကိုပြဦးအံ့။ ထို (၂၈) ပါးသောရုပ်တို့တွင်။
၁။ စက်၊ သော၊ ဃာ၊ ဇိ၊ ကာ၊ ဤ(၅)ခုသော ပသာဒရုပ်တို့သည် အဇ္ဈတ္တဘောကို စွဲ၍ဖြစ်ရကား (အဇ္ဈတ္တိကရုပ်) မည်ကုန်၏။
၂။ ထိုအဇ္ဈတ္တိကရုပ် (၅) ခု မှတပါးသော ကြွင်းသော (၂၃)ခုသော ရုပ်တို့သည် (ဗာဟိရ) ရုပ်တို့မည်ကုန်၏။
၁။ စက်။ သော။ ဃာ။ ဇိ။ ကာ။ ဟဒယဝတ္ထု၊ ဤ(၆)ခုသော ရုပ်တို့သည် စိတ် စေတသိက်တို့၏ မှီရာဖြစ်ရကား ဝတ္ထုရုပ် မည်ကုန်၏။
၂။ ဤဝတ္ထုရုပ်(၆)ခုမှ တပါးသော ကြွင်းသော (၂၂)ခုသောရုပ်တို့သည်။ (အဝတ္ထုရုပ်) မည်ကုန်၏။
၁၊ စက်။ သော၊ ဃာ။ ဇိ၊ ကာ။ ဝိညတ်(၂)ပါး ဤ(၇)ပါးသော ရုပ်တို့သည် စိတ်စေတသိက်တို့၏ရင်း ကာယကံ ဝစီကံ တို့၏ရင်း ဖြစ်ရာ မှီရာ အကြောင်းဘဝ ဖြစ်သောကြောင့် (ဒွါရရုပ်) မည်ကုန်၏။
၂။ ဤဒွါရရုပ်(၇)ပါးမှတပါးသော ကြွင်းသော (၂၁)ခုသောရုပ်တို့သည် (အဒွါရရုပ်) မည်ကုန်၏၊

၁၊ စက်။ သော။ ဃာ။ ဇိ။ ကာ။ ဘာ။ ဇီဝိတ ဤ (၇) ခု သောရုပ်တို့သည် မိမိနှင့်စပ်၍ဖြစ်ကုန်သော တရားတို့ကို အစိုးရသည်၏ အဖြစ်ကြောင့် (ဣန္ဒြိယရုပ်) မည်ကုန်၏၊

၂။ ဤဣန္ဒြိယရုပ်(၇)ခုမှ တပါးသော ကြွင်းသော (၂၀) ခု သောရုပ်တို့သည် (အနိန္ဒြိယရုပ်) မည်ကုန်၏

၁။ စက်။ သော၊ ဃာ။ ဇိ၊ ကာ။ ရူ၊ သတ်၊ ဃာန်၊ ရ။ ပ၊ တော၊ ဝါ၊ ဟူသော ဖေါဋ္ဌဗ္ဗရုပ် ဤ(၁၂)ပါးသော ရုပ်တို့သည် ရုန်းရင်းသော သဘောရှိသောကြောင့် (ဩဠာရိက) ရုပ်မည်ကုန်၏၊

သိလွယ်သော သဘောဉာဏ်ဖြင့် သိမ်းဆည်း လွယ်သော သဘောရှိသည်ဖြစ်၍ နီးသကဲ့သို့ ဖြစ်သောကြောင့်(သန္တိကေရုပ်) မည်ကုန်၏။

ထိပါးသောသဘောရှိသောကြောင့် (သပ္ပဋိဃရုပ်) မည်ကုန်၏။

၂။ ဤဩဠာရိကရုပ် သန္တိကေရုပ် သပ္ပဋိဃရုပ် (၁၂) ခုမှ တပါးသော ကြွင်းသောရုပ်တို့သည် သိမ်မွေ့သော သဘောရှိသောကြောင့် (သုခုမရုပ်) မည်ကုန်၏၊

သိခဲသောဉာဏ်ဖြင့် သိမ်းဆည်းနိုင်ခဲ့သော သဘောရှိသည်ဖြစ်၍ ဝေးသကဲ့သို့ ဖြစ်သောကြောင့်(ဒူရေရုပ်)လည်းမည်ကုန်၏။

မထိပါးကောင်းသော သဘောရှိသောကြောင့်{သပ္ပဋိဃ} ရုပ်လည်း မည်ကုန်၏။

၁။ ကမ္မဇရုပ် ၂၀–သည် အားရုံပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ယူသောကြောင့် ( ဥပါဒိန္နရုပ် ) မည်၏။

၂။ ဤကမ္မဇရုပ် ၂၀–မှ တပါးသော ကြွင်းသော စိတ္တဇရုပ်။ ဥတုဇရုပ်။ အာဟာရဇရုပ်၊ ဇရတာ၊ ဘင်သည် ( အနုပါဒိန္န) ရုပ်မည်၏။

No. 6

* ကမ္မဇရုပ်။ စိတ္တဇရုပ်။ စသည်တို့၏ သရုပ်ကို အထက်မှာ ဆိုလတ္တံ့၊

၁။ ရူပါရုံသည် မြင်အပ်သော သဘောနှင့်တကွ ဖြစ်သောကြောင့် { သနိဒဿန } ရုပ်မည်၏။

၂။ ဤရူပါရုံမှတပါးသော ၂၇-ခုသောရုပ်သည်{ အနိဒဿန} ရုပ်မည်၏။

၁။ စက်၊ သော။ ဃာ။ ဇိ၊ကာ၊ ဤငါးခုသော ပသာဒရုပ်သည် အာရုံကို ယူတပ်သောကြောင့် (ဂေါစရဂ္ဂါဟိက) ရုပ်မည်၏။

မှတ်ချက်၊ ဤငါးခုသော ရုပ်တို့တွင် စက္ခု၊ သောတ၊ ပသာဒ တို့သည် မိမိအားဖြင့်၎င်း မှီရာအားဖြင့်၎င်း မရောက်သော အာရုံကို ယူတတ်ကုန်၏ ဃာန၊ ဇိဝှာ၊ ပသာဒ တို့သည်၊ မှီရာအားဖြင့် မရောက်သော အာရုံကိုယူတတ်ကုန်၏။

ကာယပသာဒသည် မိမိအားရောက်သော အာရုံကို ယူတတ်ကုန်၏။

၂။ ဤပသာဒရုပ် ၅-ခုမှတပါးသောကြွင်းသော ၂၃-ခုသော ရုပ်တို့သည် အာရုံကိုမယူတတ်သောကြောင့်( အဂေါ်ရဂ္ဂါဟိက) ရုပ်မည်ကုန်၏။

၁၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။ ဤ ၈ခုသော ရုပ်တို့သည်၊အသီးသီးမခွဲဝေသောကြောင့် (အဝိနိဗ္ဘောဂ) ရုပ်မည်ကုန်၏။

၂။ ဤ ၈ - ပါးမှ ကြွင်းသော ၂၀- သော ရုပ်တို့သည် (ဝိနိဗ္ဘောဂ) ရုပ် မည်ကုန်၏

ဤကား ဒုဝိကနည်းပြခြင်းတည်း၊

ဤသို့ ပြဆိုခြင်းမှာ ရူပဝိဘာဂ ကေဝိနေည်း ဒုကနည်း
ကေန္တ အားဖြင့် ရုပ်ဝိဘာဂ ဝေဘန်၍ပြခြင်း နိဋ္ဌိတံ၊

ထိုရုပ်ကိုဖြစ်စေတတ်သော အကြောင်းသည်၊ ကံ စိတ် -ဥ ဟာ—ကြောင်းလေးဖြာ တို့သာရှိ၏ ထိုလေးပါတို့တွင် ကံဟူသည်ကား ၁။ ကာမာဝစရ ကုသိုလ်စေတနာ ၈ –ခု ၂။ အကုသိုလ်စေတနာ ၁၂–ခု ၃။ ရူပကုသိုလ်စေတနာ ၅ ခု ပေါင်း – ၂၅ ခု ဤ{၂၅}ခုသော စေတနာသည် ကံမည်၏။ ၂။ ပဉ္စဝေါကာရဘုံ၌ ဖြစ်နိုက် အရူပဝိပါက်စိတ် ၄ ခု ဒွေပဉ္စဝိညာဏ် ၁၀ ခု ရဟန္တာတို့ စုတိစိတ်ကျဉ်အပ်သော ၇၅–ခု ပေါင်း–၈၉ –ခု ဤ(၈၉)ခုသော နာမ်တရားတို့သည် စိတ်မည်၏ ၃။ အချမ်းအပူဟုဆိုအပ်သော တေဇောသည်၊ ဥတုမည်၏။ ၁။

၄။ ဝတ္ထု၌ပါသောဩဇာဟု ဆိုအပ်သော အာဟာရသည် ၁- အာဟာရဇရုပ်မည်၏။

**ကံကြောင့်ဖြစ်သောရုပ်(၉`စီးဟူသည်ကား**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | အဋ္ဌက | ၈ | စက္ခု၊ ပသာဒ | ၁ | ဇီဝိတ | ၁ | စက္ခုဒသက | ၁၀ |
| ၂။ | ။ | ၈ | သောတ | ၁ | ၎င်း | ၁ | သောတ | ၁၀ |
| ၃။ | ။ | ၈ | ဃာန | ၁ | ၎င်း | ၁ | ဃာန | ၁၀ |
| ၄။ | ။ | ၈ | ဇိဝှာ | ၁ | ၎င်း | ၁ | ဇိဝှာ | ၁၀ |
| ၅။ | ။ | ၈ | ကာယ | ၁ | ၎င်း | ၁ | ကာယ | ၁၀ |
| ၆။ | ။ | ၈ | ဣတ္ထိဘာဝ | ၁ | ၎င်း | ၁ | ဣတ္ထိဘာဝ | ၁၀ |
| ၇။ | ။ | ၈ | ပုမ္ဘာဝ | ၁ | ၎င်း | ၁ | ပုမ္ဘာဝ | ၁၀ |
| ၈။ | ။ | ၈ | ဝတ္ထုရုပ် | ၁ | ၎င်း | ၁ | ဝတ္ထု | ၁၀ |
| ၉။ | ။ | ၈ | | ၁ | ၎င်း | ၁ | ဇီဝိတ | ၉ |

ဤသို့အားဖြင့် ကမ္မဇကံ ၉=စီး။ အဋ္ဌကလာပ်ရုပ် ၈–ခု၊ အာကာသ ၁- အနေကံရုပ် ၉-စီး။ ပေါင်း (၁၈) စီး။

ကမ္မဇရုပ် (၂၀) ဟူသည်။

ဥပစယ—သန္တတိ-အာကာသ ၃=စီး

ပေါင်း–၂၁–ဖြစ်၏။

သဘောတူ ဘာဝရုပ် ၁–နှုပ်

၂၀– ဖြစ်၏။

စိတ်ကြောင့်ဖြစ်သောရုပ်(၁၇)ခု သည်။

၁။ ကာယဝိညတ်။

| | | | |
|---|---|---|---|
| ၂။ | ဝစီဝိညတ်။ | ၁၀။ | တေဇော။ |
| ၃။ | ဝဏ္ဏ။ | ၁၁။ | ဝါယော။ |
| ၄။ | သဒ္ဒ။ | ၁၂။ | အာကာသ။ |
| ၅။ | ဂန္ဓ။ | ၁၃။ | ဥပစယ။ |
| ၆။ | ရသ၊ | ၁၄။ | သန္တတိ။ |
| ၇။ | ဩဇာ၊ | ၁၅။ | လဟုတာ၊ |
| ၈။ | ပထဝီ။ | ၁၆။ | မုဒုတာ။ |
| ၉။ | အပေါ။ | ၁၇။ | ကမ္မညတာ။ |

ဤသို့အားဖြင့် စိတ်ကြောင့်ဖြစ်ရုပ် ၁၇-ပါးဖြစ်သတည်း။

ဥတုကြောင့်ဖြစ်သောရုပ် ၁၅=ခုသည်။

| | | | |
|---|---|---|---|
| ၁။ | ဝဏ္ဏ။ | ၉၊ | ဝါယော။ |
| ၂၊ | သဒ္ဒ။ | ၁၀။ | အာကာသ။ |
| ၃။ | ဂန္ဓ။ | ၁၁။ | ဥပစယ။ |
| ၄၊ | ရသ၊ | ၁၂။ | သန္တတိ။ |
| ၅။ | ဩဇာ။ | ၁၃၊ | လဟုတာ။ |
| ၆။ | ပထဝီ။ | ၁၄။ | မုဒုတာ။ |
| ၇။ | ပုန္နာဝ။ | ၁၅။ | ကမ္မညတာ၊ |

၈။ ဟာဒယဉ္စဇ္ဈ။

ဤသို့အားဖြင့် ဥတုကြောင့် ဖြစ်သော
ရုပ်(၁၅)ပါး ဖြစ်သတည်း၊

(အဟာရကြောင့် ဖြစ်သော ရုပ် ၁၄=ခုသည်)

| | | | |
|---|---|---|---|
| ၁။ | ဝဏ္ဏ။ | ၈။ | ဝါယော။ |
| ၂။ | ဂန္ဓ၊ | ၉။ | အာကာသ။ |

| | |
|---|---|
| ၃။ ရသ။ | ၁၀။ ဥပစယ။ |
| ၄။ ဩဇာ။ | ၁၁။ သန္တတိ၊ |
| ၅၊ ပထဝီ။ | ၁၂။ လဟုတာ။ |
| ၆။ အာပေါ။ | ၁၃။ မုဒုတာ၊ |
| ၇၊ တေဇော။ | ၁၄၊ ကမ္မညတာ။ |

ဤကား အဟာရကြောင့်ဖြစ်သောရုပ်(၁၄)ပါးဖြစ်သတည်း။

မှတ်ချက်၊ ဤစတုသမုဋ္ဌာနိကရုပ်တို့တွင် ဟဒယရုပ် (၁) ဇီဝိတိန္ဒြိယရုပ်(၈)ခု။ ဤ ၉-ခုသောရုပ်တို့သည် ကေန် ကံကြောင့် သာလျှင်ဖြစ်ကုန်၏၊

ကံမှကြွင်းသော သုံးပါးသော သမုဋ္ဌာန်အကြောင်းတို့ ကြောင့် မဖြစ်ကုန်။

သဒ္ဒါရုံရုပ်သည် စိတ်။ ဥတု ကြောင့်သာလျှင် ဖြစ်၏။ ကြွင်း သောရုပ်သည်။ ကံ-အဟာရ တို့ကြောင့် မဖြစ်၊

လဟုတာ။ မုဒုတာ။ ကမ္မညတာ၊ ဤသုံးခုသော ရုပ်တို့ သည်၊ ဥတု။ စိတ်။ အာဟာရတို့ကြောင့်ဖြစ်ကုန်၏။ ကံကြောင့် မဖြစ်ကုန်။

အဝိနိဗ္ဘောဂရုပ် ၈-ခု အာကာသဓါတ် ဤ ၉-ခု သော ရုပ်တို့သည်။ အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်ကုန်၏။

လက္ခဏာရုပ်(၄)ခုတို့သည်။ တစုံတခုသော အကြောင်း အကြောင့် မဖြစ်ကုန်၊

မှချအားဖြင့် တစုံတခုသော အကြောင်းကြောင့် မဖြစ် သော်လည်း ထိုလက္ခဏာရုပ်လေးခုတို့သည်။ထိုထိုကံအစရှိသော အကြောင်းတို့ကြောင့် ဖြစ်သော ရုပ်တို့၏ ဖြစ်ခြင်းသဘော ရင့် ခြင်းသဘော ပျက်ခြင်းသဘောဖြစ်၍ကံအစရှိသော အကြောင်း တို့၏ ဖြစ်စေခြင်း သတ္တိသည်။ အကျိုးဖြစ်သော ရုပ်တို့၏ ဥပါဒ် ဆဲ။ ဥပါဒ်ခဏာ၌။ ထင်ရှားရကား လက္ခဏာရုပ် (၄)ခု တို့တွင် နောက်က ကမ္မဇရုပ်(၂၀)တို့တွင်ထည့်သွင်းဖေါ်ပြခဲ့သော။ဥပစ ယ။ သန္တတိ။ ဟူသော ဤရုပ်(၂)ခုကို တင်စားသောအားဖြင့်

ကံ၊ စိတ်- ဥ။ ဟာ။ အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်၏ ဟူ၍လည်း အဋ္ဌကထာ ဆရာကြီးတို့ဖွင့်ဆိုအပ်၏။

ဤကား(၂၈)ပါးအော.ရုပ်တရားတို့ကို သမုဋ္ဌာန်တို့ ပြပြင်သောအားဖြင့် ဝေဘန်ခြင်းကို သိအပ်၏။

( ဤကားရူပသမုဋ္ဌာနအခဏ်း နိဋ္ဌိတံ )

# ရူပကာလာပကဏ္ဍ၊

* ရူပကလာပဒ္ဓ၊ ကမ္မဇကလာ ပ်တို့ကို ဝေဘန်သော် တူသောဖြစ်ခြင်း။ တူသောချုပ်ခြင်း။ တူသောမှီရာရှိသည့်ဖြစ်၍ တကွနက်ဖြစ်ကုန်သော ရုပ်တို့၏။အပေါင်းအစည်းဟူ၍ဆိုအပ် သော ကလာပ်တို့သည်။(၂၁)ပါးတို့တည်း၊

(၂၁) ပါးဟူသည်ကား။

၁။ ကမ္မဇကလာပ် (၉) စည်း
၂၊ စိတ္တဇကလာပ်၊ (၆) စည်း
၃။ ဥတုဇကလာပ်။ (၄) စည်း
၄။ အာဟာရဇကလာပ်(၂) စည်း

ဤသို့အားဖြင့် ပေါင်းသော် (၂၁) ဖြစ်၏၊

ထို (၂၁) ပါးတို့တွင် ကမ္မဇကလာပ်(၉)စည်းဟူသည်ကား။

၁။ စက္ခုဒသက ကလာပ် ၁။ စည်း။
၂။ သောတဒသက လကာပ် ၁၊ စည်း။
၃။ ဃာနဒသက ကလာပ် ၁။ စည်း။
၄။ ဇိဝှာဒသက ကလာပ် ၁၊ စည်း။
၅။ ကာယဒသက ကလာပ် ၁၊ စည်း
၆။ ဣတ္ထိဘာဝဒသကကလာပ် ၁၊ စည်း
၇၊ ပုမ္ဘာဝဒသက ကလာပ် ၁၊ စည်း
၈၊ ဝတ္ထုဒသက ကလာပ် ၁။ စည်း
၉၊ ဇီဝိတနဝကကလာပ် ၁။ စည်း

ဤ ၉-စည်းတို့တွင်။ စက္ခုဒသက ကလာပ်ဟူသည်ကား။ အဝိနိဗ္ဘောဂရုပ်(၈)ခု၊ ဇီဝိတရုပ်(၁)ခု။ စက္ခုဒသက ကလာပ် (၁)ခု။ ဤ(၁၀)ခုသော ရုပ်တို့သည်။ စက္ခုပသာဒ နှင့်တူသော ဖြစ်ခြင်း။ တူသောမှီရာရှိသည်ဖြစ်၍ တကွဖြစ်သောရုပ်အပေါင်း ဖြစ်ရကား။ (၁) စက္ခုဒသက ကလာပ်မည်၏၊

၂။ စက္ခုဒသက ကလာပ်ကိုပါယ်၊ သောတ ပသာဒကိုသွင်း
၃။ စက္ခုဒသက ကလာပ် ၎င်း ဃာန ပသာဒကိုသွင်း
၄။ စက္ခုဒသက ကလာပ် ၎င်း ဇိဝှာပသာဒကိုသွင်း
၅။ စက္ခုဒသက ကလာပ် ၎င်း ကာယပသာဒကိုသွင်း
၆။ စက္ခုဒသက ကလာပ် ၎င်း ဣတ္ထိဘာဝဒသကကိုသွင်း
၇။ စက္ခုဒသက ကလာပ် ၎င်းပုမ္ဘာဝဒသကကလာပ်ကိုငင်း
၈။ စက္ခုဒသက ကလာပ် ၎င်း ဝတ္ထုဒသကကလာပ်ကိုသွင်း
၉၊ စက္ခုဒသက ကလာပ် ၎င်း ဇီဝိတနဝကကလာပ် ကိုသွင်း

ဤ (၉) ခုသောရုပ်တို့သည် ကံဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းရှိသော ကမ္မသမုဋ္ဌာန ကလာပ် မည်ကုန်၏

ဤကား ကမ္မဇ ရုပ်ကလာပ်စည်းပုံပြခြင်းနိဋ္ဌိတံ၊

# စိတ္တဇကလာပ်(၆)စည်းဟူသည်ကား

၁။ သုဒ္ဓဋ္ဌကကလာပ် ၂။ ကာယဝိညတ္တိ နဝက ကလာပ်။ ၃။ ဝစီဝိညတ္တိ ဒသက ကလာပ်။ ၄။ လဟုတာဒိ ဧကာဒသက ကလာပ်။ ၅။ ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်။ ၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်

ဤသို့အားဖြင့် ခြောက်စည်းဖြစ်သတည်း။

ထိုခြောက်စည်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်ဟူသော်ကား၊

၁၊ အဝိနိဗ္ဘောဂရုပ်(၈)ခုတည်း ဤ(၈)ခုသောရုပ်တို့သည် တူသောဖြစ်ခြင်း တူသောချုပ်ခြင်း တူသောမှီ-ရာသည်ဖြစ်၍။

သက်သက်သော အစိနိဒ္ဒေ့ာဂရုပ်ဖြစ်ရကား။ သုဒ္ဓဋ္ဌက ကလာပ်
မည်၏ (၈)
၂။ အစိနိဒ္ဒေ့ာဂ (၈)ခု ကာယပ်ိဳညတ်(၁) ပိဳညတ္တိနဝက
ကလာပ် (၉)
၃။ အစိနိဒ္ဒေ့ာဂရုပ်(၈)ခု ဝဇီဝိညတ် သ ထည့်။ ဝိညတ္တိဒ
သက ကလာပ် (၁၀)
၄။ အစိနိဒ္ဒေ့ာဂရုပ် (၈) ခု လဟုတဒိ သုံးခု။ လဟုတာဒိ
ဒသက ကလာပ် (၁၁)
၅။ အစိနိဒ္ဒေ့ာဂရုပ်(၈) ခု။ကာယဝိညတ် လဟုတာဒိသုံးခု
လဟုတာဒိ ဒွါဒသက ကလာပ် (၁၂)
၆။ အစိနိဒ္ဒေ့ာဂရုပ်(၈)ခု ဝစီဝိညတ် သဒ္ဒ လဟုတာဒိသုံးခု
ဝစီဝိညတ္တိ သဒ္ဒလဟုတာ ဒိတေရသက ကလာပ် (၁၃)
ဤခြောက်ခုသော ရုပ်ကလာပ်သည် စိတ်ကြောင့်ဖြစ်သော
စိတ္တသမုဋ္ဌာနရုပ်ကလာပ်မည်၏။
ဤကား စိတ္တဇရုပ် ကကာပ်စည်းပုံပြခြင်းနိဋ္ဌိတံ။

## ဥတုဇကလာပ်လေးစည်းဟူသော်ကား

၁။ သုဒ္ဓဋ္ဌက ကလာပ်။ ၂။ သဒ္ဒနဝက ကလာပ်။
၃။ လဟုတာဒေကာ ဒသက ကလာပ်။ ၄။ သဒ္ဒလဟုကာဒိ
ဒွါဒသက ကလာပ်၊
ဤသို့အားဖြင့် လေးပါးတည်း။
၁။ ထိုလေးပါးတို့တွင် သုဒ္ဒဋ္ဌက ကလာပ်ဟူသော်ကား၊
အစိနိဒ္ဒေ့ာဂ (၈) ခု
၂။ အစိနိဒ္ဒေ့ာဂရုပ်(၈)ခု သဒ္ဒရုပ် သဒ္ဒနဝက ကလာပ်(၉)
၃။ အစိနိဒ္ဒေ့ာဂရုပ် (၈)ခု လဟုတာဒိသုံးခု၊ လဟုတာဒေ
ကာ ဒသ ကကလာပ် (၁၁) ခု
၄။ အစိနိဒ္ဒေ့ာဂရုပ်(၈)ခု သဒ္ဒ လဟုတာဒိ သုံးခု၊သဒ္ဒလဟု
တာဒိ ဒွါဒသက ကလာပ်။ (၁၂) ခု

ဤလေးခုသော ကလာပ်တို့သည် ဥတုဟူသော ဖြစ်ကြောင်း
ရှိသောကြောင့် ဥတုသမုဋ္ဌာန ကလာပ်မည်၏
ဤကားဥတုဇ ရုပ်ကလာပ်စည်းပုံ ပြခြင်းနိဋ္ဌိတံ
(အာဟာရဇကလာပ် နှစ်စည်းဟူသော်ကား)

၁။ အဝိနိဗ္ဘောဂရုပ် အဋ္ဌကကလာပ် (၈)စည်း
၂။ အဝိနိဗ္ဘောဂရုပ်(၈)ခုလဟုတာဓိသုံးခု ။ လဟုတဓိကော
ဒသကကလာပ် ( ၁၁ ) ဤသို့အားဖြင့် နှစ်ပါးဖြစ်သတည်း
ဤနှစ်စည်းသောရုပ်ကလာပ်တို့သည် အာဟာရဟူသောဖြစ်
ကြောင်းရှိသောကြောင့် အာဟာရသမုဋ္ဌာန ကလာပ်မည်၏
ဤကား အာဟာရဇကလာပ် စည်းပုံပြခြင်း နိဋ္ဌိတံ
ဤသို့လျှင် ကမ္မဇကလာပ်(၉)စည်း စိတ္တဇကလာပ်(၆)
စည်း ဥတုဇကလာပ်(၄)စည်း အာဟာရဇကလာပ်(၂)
စည်းအားဖြင့်၊ ၂၁ ပါးသောရုပ်ကလာပ်တို့ကို သိမှတ်အပ်၏

ဤကားရူပကလာပအခဏ်းနိဋ္ဌိတံ

မှတ်ချက်။ ဤကဏ္ဍာ၌ရူပပဝတ္တိက္ကမ အခဏ်းကို ရေးသားဖေါ်
ပြရန် ရှိသေးသော်လည်း ထိုရူပပဝတ္တိက္ကမ အခဏ်း မရေးဘဲနှင့်
ချန်လှပ်ခဲ့ခြင်းမှာ ဤအနုံ့ရကပ်တွင် တခါဘူးမှ မကြိုစဘူး ထူး
ကဲသောဒေသနာ နယလာနှင့် ဘေသဇ္ဇနယလာ သူ့ကဏ္ဍာနှင့်
သူဖေါ်ပြပြီး၍လိုအပ်သောကျမ်းများရေးသားပြီးနောက်တခန်း
တနား ပဋိသန္ဓေ ဝိနိစ္ဆယ အကျယ်ကျမ်းကို ရေးသားဖေါ်ပြ
ရန် စိစဉ်ပြီးသားရှိသည် အတွက် ဤကဏ္ဍာတွင် မရေးသားမူ၍
ရူပကလာပနှင့်ပင် အဆုံးသတ်လိုက်ပါသည်

**ဤကားရူပ ပရိစ္ဆေဒ မြန်မာပြန်အခဏ်းနိဋ္ဌိတံ**

No. 7

# စတုသမုဋ္ဌာန်အကျယ်(၁၂)ပါး

## အကြောင်း

### တသာအယံမာတိကာ

တသာ။ ထိုသမုဋ္ဌာန်အပြားအကျယ် (၁၂)ပါး၏။ အယံ၊ ဤဆိုလတ္တံ့သည်ကား မာတိကာ၊ မာဖိကာ စကားတည်း၊

အဋ္ဌသာလိနီ အဋ္ဌကထာ (၃၃၆) ကြောင်း ၉။

### (ကမ္မဇသမုဋ္ဌာန်)

၁။ ကမ္မဇ ံ၊ ကံကြောင့် ဖြစ်သောရုပ်။

၂။ ကမ္မပစ္စယံ၊ ကံအကြောင်းခံသောရုပ်။

၃။ ကမ္မပစ္စယ ဥတုသမုဋ္ဌာနံ၊ ကံ လျှင်အကြောင်းရှိသော ဥတုကြောင့်ဖြစ်သောရုပ်။

### စိတ္တသမုဋ္ဌာနံ

၁။ စိတ္တသမုဋ္ဌာန်။ စိတ္တကြောင့်ဖြစ်သောရုပ်။

၂။ စိတ္တပစ္စယံ၊ စိတ်လျှင်အကြောင်းရှိသောရုပ်။

၃။ စိတ္တပစ္စယ ဥတုသမုဋ္ဌာနံ၊ စိတ်လျှင် အကြောင်းရှိသော ဥတုကြောင့်ဖြစ်သောရုပ်။

### ဥတုသမုဋ္ဌာနံ

၁။ ဥတုသမုဋ္ဌာနံ၊ ဥတုကြောင့်ဖြစ်သောရုပ်။

၂။ ဥတုပစ္စယံ၊ ဥတုအကြောင်းခံသောရုပ်။

၃။ ဥတုပစ္စယ ဥတုသမုဋ္ဌာနံ။ ဥတုလျှင် အကြောင်းရှိသော ဥတုကြောင့် ဖြစ်သောရုပ်။

### အဟာရသမုဋ္ဌာနံ

၁။ အဟာရသမုဋ္ဌာနံ။ အဟာရကြောင့်ဖြစ်သောရုပ်။

၂။ အဟာရပစ္စယံ။ အဟာရလျှင် အကြောင်းရှိသောရုပ်။

၄။ အဟာရပစ္စယ ဥတုသမုဋ္ဌာနံ။ အဟာရလျှင် အကြောင်းရှိသော ဥတုကြောင့်ဖြစ်သောရုပ်။

ဇာတိအယံ၊ ဤသို့ခွဲဝေဖေါ်ပြခြင်းသည်ကား။ မာတိကာဖေါ်ပြလတ္တံ့သော ခေါင်းစဉ်မာတိကာတည်း။

အပိစသမုဋ္ဌာနန္တိ ဧတ္တအယမဿောပိ အဇ္ဈော။

ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ၌ လာသည်နှင့်အညီ။ ဤသို့ဆိုအပ်ခဲ့ပြီးသော။ ကံ၊စိတ်။ဥတု။အဟာရ။ဟုဆိုအပ်သော လေးပါးသော သမုဋ္ဌာန်တို့၌ (၁၂) ပါးသော မာတိကာအရ အောက်၌ သာဓကထုတ်ဆောင်၍ ဆိုဦးအံ့။

**ကမ္မဇသမုဋ္ဌာန်ရုပ်သာဓကပါဠိကား**

တတ္ထ စက္ခုပသာဒါဒိ အဋ္ဌဝိဓံ ရူပံသန္တိ ဟဒယဝတ္ထုနာ

ကမ္မဇာ ရူပံနာမ။

တတ္ထ။ ထိုလေးပါးသော သမုဋ္ဌာန်တို့တွင်။ ဟဒယဝတ္ထုနာ။ ဟဒယဝတ္ထုရုပ်နှင့်။ သန္တိံ။တကွ။ စက္ခုပသာဒါဒိ။ စက္ခုစသော ပသာဒရုပ်ငါးခု။ ဘာဝရုပ်။ ဇီဝိတရုပ်။ ဟုဆိုအပ်သော။ အဋ္ဌဝိဓံ ရှစ်ပါးအပြားရှိသော။ရူပံ။ကံကြောင့်ဖြစ်သော ရုပ်၉ ခုအပေါင်းသည်၊ ကမ္မဇရူပံနာမ၊ ကံကြောင့်ဖြစ်သောရုပ်မည်၏။

**ကမ္မသမုဋ္ဌာန်ရုပ်ဇယား**

၁။ စက္ခုပသာဒရုပ်၊ ၅။ ကာယပသာဒရုပ်၊
၂။ သောတပသာဒရုပ်၊ ၆။ ဣတ္ထိဘာဝရုပ်၊
၃။ ဃာနပသာဒရုပ်။ ၇။ ပုမ္ဘာဝရုပ်။
၄။ ဇိဝှာပသာဒရုပ်။ ၈။ ဟဒယဝတ္ထုရုပ်။
၉။ ဇီဝိတရုပ်။

ဤသို့အားဖြင့် ဧကံ။ အနေကံဟု။ နိပ္ဖန္နရုပ် (၁၈) ခုရှိရာတို့တွင်။ ဤ ၉-သည် ကံကြောင့်ဖြစ်သော ဧကံရုပ်မည်၏။ ပရမတ္ထသစ္စာတည်း။

ဤကားကံကြောင့်ဖြစ်သောရုပ်တည်း။

( ကမ္မပစ္စယသမုဋ္ဌာန် ရုပ်သာဓကပါဠိကား )

ကေသာမဿုဟတ္ထိဒန္တာအဿဝါလ ဇာမရီ ဝါလာတိ

ဝေခါဒိ ကမ္မပစ္စယံနာမ။

ကောသာမသု(လ)ဝေမါဒီ။ ဝေမာဒိဟူသည်ကား။ ဆံပင် မုတ်ဆိတ်။ ဆင်စွယ်၊ မြင်းမီး၊ စာမရီသားမြီး။ စသည်ရုပ်သည် ကမ္မပစ္စယံ၊ ကံအကြောင်းခံသော ကမ္မပစ္စယရုပ်မည်၏(ဝါ) ဘံလျှင် အကြောင်းရင်းရှိသော ကောဋ္ဌာသရုပ်မည်၏

**ကမ္မပစ္စယရုပ်ဇယားကား**

၁။ ဆံပင်။ ၃။ ဆင်စွယ်။

၂။ မုတ်ဆိတ်။ ၄။ မြင်းမီး။

၅။ စာမရီသားမြီး။

ဤသို့အားဖြင့် ကမ္မပစ္စယ ကောဋ္ဌာသရုပ်(၅)ခုဟုဆိုအပ်သော အသားတွင်း၌ရှိသော ကောဋ္ဌာသရုပ်သည်။ စတုဇရုပ်၊ အသားအပြင်ဘက်၌ရှိသော ကောဋ္ဌာသသည်၊ ဥတုဇရုပ်။ သသမ္ဘာရ သမုတိသစ္စာတည်း။

ဤကား ကမ္မပစ္စယကြောင့်ဖြစ်သောရုပ်တည်း။

( ကမ္မပစ္စယ ဥတုသမုဋ္ဌာန်ရုပ် သာကေပါဠိကား )

စက္ကရတနံ ဒေဝတာနံ ဥယျာနဗိမာနာ ဒိနိတိ ဝေမာဒိ

ကမ္မပစ္စယာ ဥတုသမုဋ္ဌာနံနာမ၊

စက္ကရတနံ၊ စကြာရတနာဂင်း။ ဒေဝါနံ၊ နတ်တို့၏ ဥယျာနံဗိမာနာဒိသု၊ ဥယျာဉ် ဘိမာန် ရေကံ စသည်တို့ဂင်း။ ဣတိဝေမာဒိသုရုပ်။ ဤသို့အစရှိသော ရုပ်သည်။ ကမ္မပစ္စယဥတုသမုဋ္ဌာနံကံဟူသော အထောက်အပံ့ရှိသော။ ဥတုကြောင့်ဖြစ်သောရုပ် မည်၏။ **ကမ္မပစ္စယဥတု သမုဋ္ဌာန်ဇယားကား**

၁။ စကြာရတနာ။ ၃။ နတ်တို့၏ ဥယျာဉ်။

၂။ နတ်တို့၏ ဗိမာန်။ ၄။ နတ်တို့၏ရေကံ။

ဤသို့အစရှိသော ရုပ်သို့သည်၊ ကမ္မပစ္စယ ဥတုသမုဋ္ဌာန်ကြောင့် ဖြစ်သောရုပ်တို့ မည်ကြောင်းကို ပြဆိုလေသည်။

(တနည်းကံကြောင့်ဖြစ်သောရုပ်)

ဘတ္တုဟဒယ ဣန္ဒြိယ ရုပါနိကမ္မဇာနေဝ

(အဘိဓမ္မတ္ထသင်္ဂဟပါဠိ)

တတ္တ၊ ထိုနှစ်ဆဲ့ရှစ်ပါးသောရုပ်အပေါင်းတို့တွင်၊ ဟဒယဇာနိန္ဒြိယရုပါနိ၊ ဟဒယရုပ် ဇာနိန္ဒြိယရုပ်တို့သည်။ ကမ္မဇာနေဝ၊ ကံကြောင့်သာလျှင်ဖြစ်ကုန်၏။

အဓိပ္ပါယ်ကား။ ဟဒယရုပ် ဇာနိန္ဒြိယရုပ်တို့သည် ကံကြောင့်ဖြစ်သည်ဟုဆိုသည်။

( ဇာနိန္ဒြိယရုပ်ဟူသည်ကား )

ပသာဒဘာဝ ဇီဝိတ သင်္ခါတံ အဋ္ဌဝိဓံ ဇာနိန္ဒြိယ ရုပံနာမ ဇာတရံ အနိန္ဒြိယရူပံ၊ (ဂုင်း)

ပသာဒဘာဝ ဇီဝိတသင်္ခါတံ၊ ပသာဒရုပ် ငါးခု။ ဘာဝရုပ်နှစ်ခု။ ဇီဝိတရုပ် ဟုဆိုအပ်သော။ အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိသည်လည်းဖြစ်သော။ ရုပံရုပ်သည်။ ဇာနိန္ဒြိယ ရုပံနာမ။ ဇာနိန္ဒြိယရုပ်မည်၏။ ဣတရံ၊ ဤမှတပါးသောရုပ်သည်။ (၀၁)ရုပ်နှစ်ဆယ်သည်။ အနိန္ဒြိယရူပံနာမ။ အနိန္ဒြိယရုပ်မည်၏၊

အဓိပ္ပါယ်ကား။ ဇာနိန္ဒြိယရုပ်ဟူသည်၊ ပသာဒရုပ်ငါးခု။ ဘာဝရုပ်နှစ်ခု၊ ဇီဝိတရုပ် တခု။ ပေါင်းရှစ်ခုသည်၊ ဇာနိန္ဒြိယရုပ်မည်၏။

ကမ္မဇရုပ်ဟူသည်၊ ဇာနိန္ဒြိယရုပ်ရှစ်ခု။ နှင့် ဟဒယဝတ္ထုရုပ် တခု။ပေါင်းသော် ကမ္မဇရုပ် ၉-ခု၊ဖြစ်သည်ကို သတိပြုစေလိုသည်။ ( ဤကားကမ္မဇရုပ်အထူးရှင်းပြချက်တည်း )

**စိတ္တသမုဋ္ဌာန် ရုပ်သာဓကပါဠိကား**

စိတ္တတောသမုဋ္ဌိတံသုဒ္ဓဋ္ဌကံ စိတ္တသမုဋ္ဌာနံနာမ (အဋ္ဌသာလိနီ)

စိတ္တတော၊ စိတ်ကြောင့်။ သမုဋ္ဌိတံ၊ ဖြစ်သော။ သုဒ္ဓဋ္ဌကံ သုဒ္ဓဋ္ဌကလာပ်သည်။ စိတ္တသမုဋ္ဌာနံနာမ၊ စိတ်ကြောင့်ဖြစ်သော ရုပ်မည်၏။ **(စိတ်ကြောင့်ဖြစ်သောရုပ်ဇယားကား)**

| | |
|---|---|
| ၁။ ပထဝီဓါတ် | ၅။ ဝဏ္ဏဓါတ်။ |
| ၂။ အာပေါဓါတ်။ | ၆။ ဂန္ဓဓါတ်။ |
| ၃။ တေဇောဓါတ်။ | ၇။ ရသဓါတ်။ |
| ၄။ ဝါယောဓါတ်။ | ၈။ ဩဇာဓါတ်၊ |

ဤသို့အာ ဖြင့်–သုဒ္ဓဋ္ဌက၊ ကလာပ်ရှစ်ပါးသည်။စိတ်ကြောင့်ဖြစ်သော ရုပ်ဖြစ်ရကား။ ထိုစိတ်ကြောင့်ဖြစ်သောရုပ်ကို။ ပဌမဘဝင်ကိုအစပြု၍၊ ဥပါဒ်ဆဲဖြစ်၍သာလျှင်၊ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရုပ်ကိုပင်။စိတ္တဇသမုဋ္ဌာန် ရုပ်ဟုဆိုသည်။

( ဤကားစိတ်ကြောင့်ဖြစ်သောရုပ်တည်း။ )

**စိတ္တပစ္စယသမုဋ္ဌာန်ရုပ်သာဓကပါဠိကား**

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ
ရူပဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော
ဟောန္တီတိ စိတ္တပစ္စယနာမ။ (ဌင်း)

ပစ္ဆာဇာတာ။ နောက်နောက်၌ဖြစ်ကုန်သော၊ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်-စေတသိက်ဖြစ်ကုန်သော တရားတို့သည်။ ပုရေဇာတဿ။ ရှေးရှေး၌ဖြစ်ကုန်သော။ရူပဿ ကာယဿ။ ဤစတုဇကာယအား၊ ပစ္ဆာဇာတ ပစ္စယေန၊ နောက်မှဖြစ်သော အကြောင်းခံ ပစ္ဆာဇာတသတ္တိဖြင့်။ ပစ္စယော။ ကျေးဇူးပြုသည် ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဣဒံ၊ ဤရုပ်အပေါင်းသည်။ စိတ္တပစ္စယံနာမ၊ စိတ္တပစ္စယရုပ်မည်၏။

**စိတ္တပစ္စယရုပ်ဇယားကား**

စိတ္တပစ္စယရုပ်ဆိုသည်မှာ။ အထက်ကကဲ့သို့ ဇယားနှင့်သရုပ်ပေါ်အောင် ပြနိုင်သောအပြားမရှိပေ၊ ထိုရုပ်သည်၊ စိတ်-စေတသိက်တို့က။ ပစ္ဆာဇာတ သတ္တိဖြင့်။ ကျေးဇူး ပြုခြင်းကိုခံရသော စတုဇရုပ်ကို။ စိတ္တပစ္စယရုပ်ဟုဆိုသည်။ ပရမတ္ထသစ္စာတည်း။ ။

အထူးမှတ်သားရန်။ နောက်ဖြစ်သော။ နာမ်းတရားကရှေ့ဖြစ်သော ရုပ်တရားကို ကျေးဇူးပြုသည်ဟုမှတ်အပ်၏။

( ဆောင်ပုဒ်ကား )

မွေးစနုနယ် လင်းတင‌ယ်အား နောက်ဝယ်ကြန့်ကြန့်
ငါးစားအံ့ဟု ငံ့လင့် နေ့ညဉ့် အာဟာရ၍
တောင့်တစေတနာ ကိုယ်မှာကြီးမှု။ကျေးဇူးပြုလို့

စတုဇကာယ စသည့်အပြား ရုပ်တရားကား၊
ထင်ရှားပြရိပ် နောက်စိတ်စုက ကျေးဇူးပြုသကဲ့သို့
ဤစိတ္တပစ္စယရုပ်ကို မှတ်အပ်၏။

ဤအပိုင်းသည် မှတ်သားရန် လွယ်စေပြင်း၄ါ အကြောင်း အားလျော်စွာထည့်သွင်း၍ပြလိုက်သည်၊ မှတ်သားဘွယ်တည်း (ဤကား စိတ္တပစ္စယရုပ်ဖြစ်ခြင်းကို ပြခြင်းတည်း။)

**စိတ္တပစ္စယဥတုသမုဋ္ဌာန် ရုပ်သာဓကပါဠိကား**

အာကာသေ အန္တလိက္ခေ ဟတ္ထိမ္ပိ ဒဿေတိ အဿမ္ပိဒဿေတိ
ရထမ္ပိဒဿေတိ ဝိဝိဓမ္ပိ သေနာဗျူဟံ ဒဿေတီတိ
ဣဒံစိတ္တ ပစ္စယ ဥတုသမုဋ္ဌာနံနာမ။ (၄င်း)

အာကာသေ မရေးခြစ်အပ်သော၊ ဝါ။ ရေးခြစ်မထင်သော အန္တလိက္ခေ၊ အဇတာပြင်ကျယ် ကောင်းကင်လယ်၌၊ ဟတ္ထိမ္ပိ ဆင်ရုပ်ကိုလည်း။ ဒဿေတိ၊ပြ၏၊ အဿမ္ပိ။ မြင်းရုပ်ကိုလည်း။ ဒဿေတိ။ ပြ၏။ ရထမ္ပိ၊ ရထားရုပ်ကိုလည်း ဒဿေတိ။ ပြ၏။ ဝိဝိဓမ္ပိ၊ အထူးထူးအပြားပြားကိုလည်းဖြစ်သော။ သေနာဗျူဟံ အမျိုးမျိုးသော စစ်ထိုးစစ်ဆင်ခြင်းကိုလည်း၊ ဒဿေတိ။ ပြ၏၊ ဣတိ ဣဒံ၊ ဤဆင်ရုပ် မြင်းရုပ် ရထားရုပ်စသော ဒအထူးထူးအပြားပြားဖန်ဆင်း၍ပြသောရုပ်တို့သည်။စိတ္တပစ္စယဥတုသမုဋ္ဌာနံနာမ၊ စိတ်အကြောင်းခံဖြစ်သော၊ ဥတုကြောင့် ဖြစ်သောရုပ် မည်၏။ ဤစကားရပ်သည် ဓမ္မသင်္ဂဏီအဖွင့် ရူပကဏ္ဍ၌ ပြဆိုသောအခဏ်းတည်း(စိတ္တပစ္စယဥတုသမုဋ္ဌာန်ဇယားကား)

စိတ္တပစ္စယ ဥတုသမုဋ္ဌာန်ရုပ်ဆိုသည်မှာ။ ဝိဇ္ဇာထိုရ်ပုဂ္ဂိုလ် ဈာနလာဘီပုဂ္ဂိုလ် တို့သည်၊ အထက်ကောင်းကင်ပြင်၌၊ဆင်ရုပ် မြင်းရုပ်။ ရထားရုပ်။ စသည်၄င်းပြ၏၊ အထူးထူး အပြားပြား လည်းဖြစ်သော အမျိုးမျိုးသော စစ်ဆင် စစ်ထိုးခြင်း စသည့်ရုပ် တုပုံစံကိုပြ၏၊ ထိုသို့ပြခြင်းသည်။ စိတ်လျှင် အကြောင်းခံသော ဥတုကြောင့်ဖြစ်သောရုပ်မည်၏။ ဤကား ဓမ္မသင်္ဂဏီ အဖွင့်စကားရပ်တည်း၊ (ဤကား စိတ္တပစ္စယဥတုသမုဋ္ဌာန်ပြခြင်းတည်း)

**ဥတုဇ သမုဋ္ဌာန် ရုပ်သာဓက ပါဠိကား**

ဥတုတော သမုဋ္ဌိတံ သုဒ္ဓဋ္ဌကံ ဥတုသမုဋ္ဌာနံ နာမ

( ၎င်း )

ဥတုတော။ ဥတုကြောင့် သမုဋ္ဌိတံ။ ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်သည်။ ဥတုသမုဋ္ဌာနံနာမ။ ဥတုသမုဋ္ဌာန်မည်၏။

( ဥတုသမုဋ္ဌာန်ရုပ်ဇယားကား )

| | |
|---|---|
| ၁။ ပထဝီဓါတ်။ | ၅။ ဝဏ္ဏဓါတ်။ |
| ၂။ အာပေါဓါတ်၊ | ၆။ ဂန္ဓဓါတ်။ |
| ၃။ တေဇောဓါတ်။ | ၇။ ရသာဓါတ်။ |
| ၄။ ဝါယောဓါတ်။ | ၈။ ဩဇာဓါတ်။ |

ဤရှစ်ပါးသည် အဇ္ဈတ္တ ဥတုသမုဋ္ဌာန် သုဒ္ဓဋ္ဌက ကလာပ်ရုပ်။

**ဗာဟိရဥတုသမုဋ္ဌာန်ရုပ်ကား**

| | |
|---|---|
| ၁။ တိမ်ပြာ၊ | ၃။ တိမ်ဝါ၊ |
| ၂။ တိမ်နက်။ | ၄။ တိမ်မိလ္လာ။ |

၅။ တိမ်လျှာချပ်။

ဗာဟိရဥတုသမုဋ္ဌာန်ရုပ်တည်း။

(ဤကားဥတုသမုဋ္ဌာန်ရုပ်တည်း)

(ဥတုပစ္စယသမုဋ္ဌာန် ရုပ်သာဓက ပါဠိကား)

တသ္မိံပိ ဥတုအညံ သုဒ္ဓဋ္ဌကံ သမုဋ္ဌာပေတိ ဣဒံ ဥတုပစ္စယနာမ

( ၎င်း )

တသ္မိံပိ။ ထိုဥတုသမုဋ္ဌာန်၌လည်း။ ဥတု။ ဥတုသည်။ အညံ။ တပါး တခြားသော။ သုဒ္ဓဋ္ဌကံ။ သုဒ္ဓဋ္ဌက ကလာပ်ရှစ်ခုကို။ သမုဋ္ဌာပေတိ။ဖြစ်စေ၏။ ဣဒံ။ ဤဒုတိယ အခြားတပါး သော သုဒ္ဓဋ္ဌက ကလာပ်သည်လည်း။ ဥတုပစ္စယ သမုဋ္ဌာနာမ။ ဥတုသ မုဋ္ဌာန်ရုပ်မည်၏။

ဥတုပစ္စယရုပ်ဆိုသည်မှာ။ ဥတုသမုဋ္ဌာန်၌။ ထင်ရှားရှိသော အဋ္ဌကလာပ်ရုပ် ရှစ်ခုသည်။ အခြားတပါးသော။ ရုပ်ကလာပ်ကို ဖြစ်စေပြန်၏။ ဤရုပ်သည် ဥတုပစ္စယရုပ်မည်၏၊

ဗာဟိရ၌လည်း၊ မိုဃ်းရေအယဉ်သည် ဥတုလျှင် အထောက်အပံ့ရှိသောကြောင့် ဥတုပစ္စယ သမုဋ္ဌာန်ရုပ်မည်၏။

( ဤကား ဥတုပစ္စယသမုဋ္ဌာန်ရုပ်တည်း။ )

(ဥတုပစ္စယ ဥတုသမုဋ္ဌာန် ရုပ်သာဓကပါဠိကား)

ဇီဝံတိသော ယေဝသန္တတိ ယောဃဋ္ဋေတုံ သက္ကောတိ
နတတောပရံ။ (၎င်း)

ဇီဝံ။ ဤသို့ တိသော။ သုံးပါးကုန်သော။ သန္တတိယော။ ရုပ်အစဉ်တို့ကို ဥတု။ ဥတုဇရုပ်သည်။ ဃဋ္ဋေတုံ။ ပေါင်းစပ်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏၊ တတော သုံးကြိမ်ပေါင်းစပ်ခြင်းထက် ပရံ အလွန် ဃဋ္ဋေတုံ ပေါင်းစပ်ခြင်းငှါ။ န သက္ကောတိ။ မစွမ်းနိုင်။

( ဥတုပစ္စယ ဥတုသမုဋ္ဌာန်ဇယားကား )

၁။ ဥတုသမုဋ္ဌာန်ရုပ်သည်။ ဥတုဇအဋ္ဌကလာပ်ရုပ်ကိုဖြစ်စေခြင်း၊ ၂။ ဥတုပစ္စယ သမုဋ္ဌာန်ရုပ်သည်။ အခြားတပါးသော ရုပ်တို့ကို ပွားစေပြန်ခြင်း။ ၃။ ဥတုပစ္စယ ဥတုသမုဋ္ဌာန်ရုပ်သည်။ အခြားတပါးသောဥတုသည် ဖြစ်စေပြန်သည့်ပြင် တပါးသော တတိယမြောက် ဥတုလျှင် အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်သည့် ဥတုပစ္စယ ဥတုကြောင့်ဖြစ်သောရုပ်ကို ဖြစ်စေနိုင်ပြန်၏။ ထိုသို့ သုံးပိုင်းသုံးထပ်ထိအောင် ဥတုပစ္စယ ဥတုသမုဋ္ဌာန်ရုပ်ကို ဖြစ်စေနိုင်၏။ ထိုထက်အလွန် ပေါင်းစပ်ခြင်းငှါ မတပ် ကောင်းဟုမှတ်လေ။ ဤကား ဥတုပစ္စယ ဥတုသမုဋ္ဌာန်ရုပ်ကို ပြခြင်းတည်း

( ဗာဟိရသဏ္ဌာန်၌ ရအပ်သောဥတုပစ္စယ )
ဥတုသမုဋ္ဌာန်ရုပ်သာဓကပါဠိကား

ဒေဝေပန ဝုဋ္ဌေဗီဇာနိဝိရုဟန္တိ ပထဝီဂန္ဓံ မုဉ္စတိ
ပဗ္ဗတာနိ နီလာဓါယန္တိ့ သမုဒ္ဒေါ ဝဍ္ဎတိ တေံဥတုပစ္စယ
ဥတုသမုဋ္ဌာနံနာမ၊ (၎င်း)

ဒေဝေသု။ မိုဃ်းတို့သည် ဝုဋ္ဌေပန။ ရွာသွန်းသော်ကား။ ဗီဇာနံ။မျိုးစေ့တို့သည်။ဝိရုဟန္တိ။ ပေါက်ရောက်ကုန်၏။ ပထဝီဂန္ဓံ။ မြေနံ့သည် မုစ္ဆတိလွှန်၏။ ပဗ္ဗတာနိ၊ တောင်ငယ် တောင်လပ် တောင်ထွတ် တောင်မြင့်တို့သည်။ နီလာ။ ပြာညို ရောင်သန်းလျှက်။ ခါယန္တိ၊ ထင်လာကုန်၏။ သမုဒ္ဒေါ။သမုဒ္ဒရာသည် ဝဍ္ဎတိ ပွားကြွယ်ပြည့်၏။ တေ။ဤမိုဃ်းရွာ မျိုးစေ့ပေါက် မြေနံ့ထွက် - သမုဒ္ဒရာ ပွားကြွယ် ပြန့်သောရုပ်သည်။ ဥတုပစ္စယ ဥတုသမုဋ္ဌာနံ နာမ ဥတုလျှင်အထောက်အပံ့ရှိသော ဥတုပစ္စယ ဥတုသမုဋ္ဌာန် ရုပ်မည်၏။

**( ဗာဟိရသန္တာန်၌ ရသင့်သောဇာယားကား )**

၁။ မိုဃ်းရွာခြင်း
၂။ မျိုးစေ့ပေါက်ခြင်း
၃။ မြေနံ့ထွက်ခြင်း
၄။သမုဒ္ဒရာပွားကြွယ်ပြန့်ခြင်း

(ဤကားဗာဟိရ၌ရသင့်သော ဥတုပစ္စယ ဥတုသမုဋ္ဌာန်)
ရုပ်ကိုပြခြင်းတည်း

**( အာဟာရသမုဋ္ဌာန် ရုပ်ဖြစ်ပုံ )**

**(အဟာရတော သမုဋ္ဌိတ္တံ သုဒ္ဓဋ္ဌကံအာဟာရ သမုဋ္ဌာနံနာမ)**

(ရှင်း)

အာဟာရတော။ အာဟာရကြောင့် ဖြစ်သော၊ သမုဋ္ဌိတော ဖြစ်သော၊ သုဒ္ဓဋ္ဌကံ။သုဒ္ဓဋ္ဌကလာပ်သည်။အာဟာရသမုဋ္ဌာနံနာမ အာဟာရကြောင့်ဖြစ် သောရုပ်မည်၏။

**ရုပ်ဇာယားကား**

၁။ ပထဝီဓါတ်
၂။ အာပေါဓါတ်
၃။ တေဇောဓါတ်
၄။ ဝါယောဓါတ်
၅။ ဝဏ္ဏဓါတ်
၆။ ဂန္ဓဓါတ်
၇။ ရသဓါတ်
၈။ ဩဇာဓါတ်

( ဤကား အာဟာရဇ သုဒ္ဓဋ္ဌက ကလာပ်တည်း )

**( အာဟာရပစ္စကသမုဋ္ဌာန်သာစကေပါင်းကား )**

အာဟာရ အနုပါလိတံ ကမ္မဇရူပံ အာဟာရပစ္စယံနာမ (၎င်း)

အာဟာရအနုပါလိတံ၊ အာဟာရသည် စောင့်ရှောက်အပ်သော ကမ္မဇရူပံ၊ ကမ္မဇရုပ်သည် အာဟာရပစ္စယံနာမ။ အာဟာရပစ္စယရုပ်မည်၏။

အာဟာရလျှင် အထောက်အပံ့ရှိသော အာဟာရသည် စောင့်ရှောက်အပ်သော ကမ္မဇရုပ်သည်၊ အာဟာရပစ္စယရုပ် မည်၏။ ဤအာဟာရပစ္စယရုပ်သည်၊ မွတ်သိပ်ဆာလောင်ခြင်းကိုလည်း ညှိမ်းစေနိုင်သည်။

( ဤကား အာဟာရပစ္စယသမုဋ္ဌာန်ရုပ်တည်း )

အာဟာရပစ္စယ ဥတုသမုဋ္ဌာန်ရုပ်သာစကေပါင်ကား

ဝိသဘာဂါဟာရံ သေဝိတွာ အာတပေ ဝသန္တဿ

တိလတကာဒု ကုဋ္ဌာဒိနိ ဥပ္ပဇ္ဇန္တိ။ (၎င်း)

ဝိသဘာဂါဟာရံ။မသင့်မတင့်သော စားဘွယ် သောက်ဘွယ်ဟူသမျှတို့ကို သေဝိတွာ။ မှီဝဲ၍ အာတပေ၊ နေပူ၌ ဝသန္တဿ။ နေထိုင်လျက်ရှိသောသူအား။ တိလတကာဒု ကုဋ္ဌာဒိနိ။ မှဲ့မွဲ-မှဲ့ချောက် နူနာ=ဝဲနာ-ယားနာ-စသည်တို့သည် ဥပ္ပဇ္ဇန္တိ ဖြစ်ကုန်၏ ဣဒံ။ ဤရုပ်သည်ကား။ အာဟာရပစ္စယ သမုဋ္ဌာနံနာမ အာဟာရလျှင် အထောက်အပံ့ရှိသောဥတုသမုဋ္ဌာန်ရုပ်မည်၏

အဓိပ္ပါယ်ကား။ မသင့်မတင့်သော စားဘွယ် သောက်ဘွယ်တို့ကို စားသောက် နေထိုင်သော သူအား၎င်း။ နေပူ။ မီးပူ။ ခံသောသူအား၎င်း။ မှဲ့မွဲ–မှဲ့ချောက်-ဝဲနာ-ယားနာ နူနာ စသည့်ရောဂါတို့သည် ဖြစ်တပ်ကုန်၏။

ဤသို့ဖြစ်ခြင်းသည် အာဟာရပစ္စယ ဥတုသမုဋ္ဌာန်ရုပ်မည်၏။

ဤကား အာဟာရပစ္စယ ဥတုသမုဋ္ဌာန်ရုပ်တည်း

ဆေးဆရာများ အထူးစိတ်ဝင်စါးဘွယ် မှတ်သါးဘွယ် ကောင်းသော သမုဋ္ဌာနိကရုပ် ၄-ချတ် အကြယ် ၁၂-ချက်ခွဲပြခြင်းတည်း

(ဤကား အဘိဓမ္မတ္ထသင်္ဂဟာရူပ ပရိစ္ဆေဒကဏ္ဍနိဋ္ဌိတံ)

# ဓာတုပထဝီစတုက္ကကထာ၊

(ပထဝီလေးမျိုးလေးစားရှိပုံ)

သာခကေပါဠိ

တတ္ထလက္ခဏ ပဌဝီ သသမ္ဘာရ ပထဝီ

အာရမ္မဏ ပထဝီ သမုတိပထဝီ

စတုဗ္ဗိ ပထဝီ

(မူလပရိယာယသုတ်အဋ္ဌကထာ)

တတ္ထ။ ထိုစကားရပ်၌။ ပထဝီ၊ ပထဝီသည်။ လက္ခဏပထဝီ။ လက္ခဏပထဝီဝင်း။ သသမ္ဘာရ ပထဝီ၊ သသမ္ဘာရပထဝီဝင်း အာရမ္မဏ ပထဝီ၊ အာရမ္မဏပထဝီဝင်း။ သမုတိပထဝီ။ သမုတိပထဝီဝင်။ ဣတိ ဤသို့။ စတုဗ္ဗိတာ၊ လေးပါး အပြားရှိသည် ဟောတိ ဖြစ်၏။

(မြန်မာပြန်)

၁။ လက္ခဏပထဝီ ၃။ အာရမ္မဏပထဝီ

၂။ သသမ္ဘာရပထဝီ ၄။ သမုတိပထဝီ

ဤသို့အားဖြင့် ပထဝီဟူသည် အမည် လေးမျိုးပြားလေသည်။

(မေး) စတုသမုဋ္ဌာနိကရုပ် လေးပါးသော မဟာဘုတ်တို့တွင် ပထဝီဟူသည်။

၁။ အဘယ်ကြောင့် ပထဝီမည်သနည်း

၂။ အဘယ်ကြောင့် ပထဝီဓါတ်မည်သနည်း။

၃၊ အဘယ်ကြောင့် လက္ခဏပထဝီမည်သနည်း။

(ဤကားအမေးပုစ္ဆာသုံးချက်။)

(ဖြေ) ထိုအမေးသုံးချက်တို့တွင် ပဌမ (၁) အမေးကိုဖြေအံ့။

ပထနတော ပတိဋ္ဌ ဟနတော ပဌဝီ။

ပထဓါတ်အဝပစ္စည်း

တတ္ထ။ဤပထဝီရုပ်။ အဗျာကတတရား၌။သဟာဇာတရုပ်ါ နှိ မိမိနှင့် သဟဇာတ်ဖြစ်ပေါ် ဖြစ်ဘက်ဖြစ်ကုန်သော။ရုပ်အဗျာ

ကတာ တရား။တို့သည်။ ပထမ္ဘိ ပတိဌှာန္တိ။ တည်တတ် ကုန်၏။ ဣတိ။ထိုကြောင့်။ သာဓမ္မတာတိ။ ထိုအဗျာကတာ ရုပ်တရားသဘောသည်။ ပထဝီ၊ ပထဝီမည်၏ဟူလို။

( တနည်း အဖြေ )

သဟဇာတရုပါနံ ပတိဌှာန ဘာဝေနပက္ခာယတိ ဥပဋ္ဌာယတီတိပထဝီ(အဌသာလိနီအထကထာ)သဟဇာတရုပါနံ၊တကွဖြစ်ကုန်သော မိမိမှကြွင်းသော အဗျာကတရုပ်တရားတို့၏ ပတိဌှာနဘာဝေန တည်ရာ၏၊ အဖြစ်ဖြင့် ပက္ခာယတိ ဥပဋ္ဌာယတိထင်တတ်၏။ဣတိ ၊ထိုကြောင့် သာဓမ္မတာတိ ထိုရုပ်အဗျာကတ တရား။သဘောသည်။ ပထဝီ ပထဝီ မည်၏။

( မြန်မာပြန် )

သဟဇာတဖြစ်ကုန်သော မိမိမှကြွင်းသော အဗျာကတဟုခေါ်ဆိုအပ်သော အာ–တော-ဝါ-မကွာစုဓဆောင် ဓါတ်သုံးအပေါင်းတို့၏ တည်ရာ၏ အဖြစ်ဖြင့်ထင်တတ်၏ ထိုကြောင့် ထိုတရားသဘောသည် ပထဝီမည်၏။ အဖြေရသည်။

( ဤကာပဌမအမေးကို အဖြေပေးခြင်းတည်း )

(ဖြေ) ဒုတိယ ( ၂ ) အမေးကိုဖြေ၊ အဣ္ဍနော သဘာဝံဓာရေတီတိဓာတု (အနုဋီကာ)

အဣ္ဍနော။ မိမိ၏ သဘာဝံ သဘောကို ဓာရေတိ ဆောင်တတ်၏။ ဣတိတသ္မာ။ ထိုသို့ မိမိသဘောကို မိမိဆောင်တတ်သော သဘောသတ္တိကြောင့်။ သောသဘာဝေါ။ ထိုတရားသဘောသည် ဓာတုဓာတ်မည်၏။ အမိပ္ပါယ်လွယ်၏။

(ဤကား ဒုတိယ အမေကိုအဖြေပေးခြင်းတည်း။

( ဖြေ )တတိယ( ၃ )အမေးကို-ဖြေ အဣ္ဍနော လက္ခဏံ ဓာရေတီတိဓာတု (မဓုဋီကာ)

ယာဓမ္မတာတိ အကြင်တရား သဘောသည်။ အဣ္ဍနော။ မိမိ၏

လက္ခဏံ။ လက္ခဏာကို။ ဓာရေတိ။ဆောင်တတ်၏ ဣတိတသ္မာ။ ထိုကြောင့်။သာမညာတိ။ထိုတရားသဘောသည်။ ဓာတု။ဓာတ်မည်၏။

( မြန်မာပြန် )

အကြင်တရားသဘောသည် မိမိ၏ လက္ခဏာကို ဆောင်တတ် ၏ထိုကြောင့် ထိုတရားသဘောသည် ဓာတ်မည်၏ဟူလို

(ဤကားတတိယအမေးကိုအဖြေပေးခြင်းတည်း)

(တနည်း) ပထဝီဓော ဓာတု သလက္ခဏဓာရဏာဒိတော
နိဿတ္တ နိဇ္ဇီဝဒ္ဓေန သရီရ သေလာဝယ ဓာတု
သဒိသတ္တာ ဓာတု စာတိ ပထဝီဓာတု။

(အဘိဓမ္မတ္ထဝိဘာဝနိဋီကာ)

ပထဝီဓော။ ပထဝီဓါတ်သည်သာလျှင်။ သလက္ခဏဓာရဏာ ဒိတော။မိမိလက္ခဏာကိုဆောင်ခြင်း စသောအနက်ကြောင့်၎င်း နိဿတ္တနိဇ္ဇီဝဒ္ဓေန။ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ် သော အနက်သဘောကြောင့်၎င်း။ သရီရသေလာဝယ ဓာတု သဒိသတ္တာစ။ ကိုယ်အစိတ် ကျောက်အစိတ်ဓါတ်နှင့် တူသည် ၏အဖြစ်ကြောင့်၎င်း။ ဓါတု။ ဓါတ်မည်၏။ ဣတိတသ္မာ။ ထို ကြောင့် ပထဝီဓါတု။ ပထဝီဓါတ်မည်၏၊

(မြန်မာပြန်)

၁။ ပထဝီဓါတ်၏။ သဘောတရားသည် မိမိလက္ခဏာကိုသာ မိမိဆောင်ခြင်းစသော အနက်သဘောကြောင့် သတ္တလည်းမ ဟုတ် ဇီဝလည်းမဟုတ်ကြောင်းကို ပြဆိုလေသည်။

၂။ သရီရ။ ဟူသည် ကိုယ်အစိတ်နှင့်တူသည်။ ဟုဆိုထားရာ ဝယ် ကိုယ်စိတ်ဟူသည်။ သတ္တဝါတို့၏။ အဋ္ဌိတ္တသဏ္ဍာန်၌။ ကေ သာအစ။မန္တလုင် အဆုံး။ပိတ္တံအစ။မုတ္တံအဆုံးရှိသော သသမ္ဘာ ရကောဋ္ဌာသ အစုတို့ကိုဆိုလိုသည်။

၃။ ကျောက်အစိတ်ဟူသည်။ ဗာဟီရသဏ္ဍာန်၌။ ရွှေ-ငွေ ကြေးနီ=သံ ခဲဖြူ-ခဲနက်-ဇာတိလောဟ။ မြေမှ အလိုလိုဖြစ်

သော ကြေး။ ကျွတ်။ ကြေးဝါ။ ကြေးပုတ် ဤသို့အစရှိသော လောဟ အမျိုးတို့ကို။ ဓါတုဝိဘင်္ဂအဖွင့်၌။ များစွာဖွင့်ဆိုထားလေသည်။ အချို့ကလည်း ငင်းဓါတ်စုများကိုလုပ်ရပ် အနေဖြင့်လည်း ရွှေ။ ငွေ။ ဖြစ်ဘို့ရန်ကိုသော်ငင်း ထွက်ရပ်လမ်းကိုငင်း ရည်မှန်း၍ ပြုလုပ်ကြ၏ အချို့ ဆေးဆရာများကလည်း ထို ကျောက်အစိတ်စသော ဓါတ်များကို ဆေးဘက်ထဲတွင် ထိသင့်သည်တို့ကိုထည့်၍ သူ့အဘက်နှင့်သူစပ်ပြီး သူနှင့်ဆိုင်သော ရောဂါကို ကုစားကြလေသည်။

(တနည်း) ယခုကာလ လုပ်ရပ် ဆရာများကလည်း။ ငင်းဓါတ်စုများကို ဓါတ်လုံးထိုးပြီး ဓါတ်လုံးကရသောပြာ သို့မဟုတ် ပကတိအတိုင်း။ ရက္ခမှုများနှင့် သို့မဟုတ်။ ဓါတ်ခြင်း ဓါတ်လျှော့၍။ ပြာရိုက်ပြီး ရောဂါပျောက်ဆေး အာယုဝဍ္ဎန ဆေးဟူ၍လည်း။ သုံးကြလေသည်။

(ဤကား မှတ်သားဘွယ်ထည့်၍ ပြဆိုခြင်းတည်း)

တနည်း လက္ခဏာပထဝီ

( သာကေပါဠိကား )

တာသုကတမာအာဝုသော အဇ္ဈတ္တိကာ ပထဝီဓာတု
ယံအဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရိဂတန္တိ အာဒိသု
ဝုတ္တာလက္ခဏာ ပထဝီ။

တာသု။ ထိုလေးပါးသောပဌဝီတို့တွင်။ ကတမာအာဝုသော (လ) ခရိဂတန္တိ အာဒိသု။ ကတမာ အာဝုသော ခရိဂတန္တိ (လ) ကရိဂတံ။ ဤသို့အစရှိသော ပါဠိတော်၌။ ဝုတ္တာ။ ဟောတော်မူအပ်သော ပထဝီသည်။ လက္ခဏာပထဝီ။ လက္ခဏာပထဝီ မည်၏။

( မြန်မာပြန် )

လက္ခဏာပထဝီ ဟူသည်။ သဘောပထဝီကိုဆိုသည်။ သဘောပထဝီဆိုဒါ တကွဖြစ်ဖေါ် ဖြစ်ဘက် ဖြစ်ကုန်သော။ အာတေ။ ဝါဟုဆိုအပ်သော သဟဇာတ်ရုပ်သုံးခု အပေါင်းတို့၏

ရ-ဖြစ်သောကြောင့်လည်း လက္ခဏာငထပီမည်၏ဟူလို။
ဤကား လက္ခဏာ ပထဝီ သဘာဝကို ရှင်းပြခြင်းတည်း။
(တနည်း) လက္ခဏာပထဝီ သသမ္ဘာရပထဝီ
နှစ်ပါးကို ထပ်၍ရှင်းပြဦးအံ့။
ကက္ခဠတ္တံ ထဒ္ဓံ ခရိဂတန္တိ.ဖရုသံ တတ္ထပဌမံ လက္ခဏာဝစနံ
ဒုတိယံ အာကာရဝစနံ ကက္ခဠ လက္ခဏာဟိ ပထဝီဓါတု
သာဖရုသကာရာဟောတိ တသ္မာခရိဂတန္တိ ဝုတ္တာ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)
ကက္ခဠတ္တန္တိ။ကက္ခဠဟူသည်။ ထဒ္ဓံ။တောင့်တင်းခက်မာသော
သဘော။ ခရိဂတန္တိ။ ခရိဂတဟူသည်။ ဖရုသံ၊ အတွေ့ကြမ်း
သောသဘော။ တတ္ထ။ ထိုနှစ်ပုဒ်တို့တွင်။ ပဌမံ။ ပဌမပုဒ်သည်။
လက္ခဏာဝစနံ။ အရိယာသူ တော်ကောင်းတို့သာသိ။ စွမ်းနိုင်
သောပုဒ်တည်း။ ဒုတိယံ။ ဒုတိယပုဒ်သည်။ အာကာရဝစနံ။ လူ
သာမာန် ဆေးဆရာသာမာန်။ နတ်သာမာန် ဗြဟ္မာသာမာန်၊တို့
သိနိုင်သောပုဒ်တည်း (ဝါ)သာသနာပသားများပင်သိနိုင်သော
ပုဒ်တည်း။
ဟိသစ္စံ၊ ထိုစကားသည် မှန်လှပါပေ၏။ ပထဝီဓါတု။
ပထဝီ ဓါတ်အစစ်သည်။ ကက္ခဠတ္တလက္ခဏာ၊ အာသာရဏ၊
အဝေနိကမမြဖြစ်သော။တောင့်တင်း ခိုင်မာသောသဘော လက္ခ
ဏာမျှသာရှိ၏၊ ဖရုသကာရာ။တောင့်ထင်းခိုင်မာသောသဘော
တက်လွန်ကဲသောအတွေ့။ ကြမ်းတမ်းသော သဘောရှိသည်။
ဟောတိ။ ဖြစ်၏။ တသ္မာ။ ထိုကြောင့်။ တံ။ ထိုအတွေ့ကြမ်း
သောသဘောကို၊ ခရိဂတန္တိ။ ခရိဂတဟူ၍။ ဝုတ္တံ။အဋ္ဌကထာ
ဆရာမြတ် မိန့်ဆိုအပ်၏။
( မြန်မာပြန် )
ကက္ခဠသဘောဟူသည်။ တောင့်တင်း ခိုင်မာသော
သဘောဟူလို။
ခရိဂတ။ဟူသည်ကား။ အတွေ့ကြမ်းသော သဘောဟူလို။

၁။ ပဌမပုဒ်သည်။ အရိယာသူတော်ကောင်းတို့သာ သိအပ်သောလက္ခဏာကို ဟောကြောင်းဖြစ်သော ပုဒ်တည်း။
၂။ ဒုတိယပုဒ်သည်၊ လူသာမာန်၊ ဆေးဆရာသာမာန်၊ နတ်သာမာန်၊ ဗြဟ္မာသာမာန်။တို့သာ သိနိုင်သောအခြင်းအရာကို ဟောသောပုဒ်တည်း။

ထိုနှစ်ပုဒ်တို့တွင်။

၁။ ပထဝီဓါတ် အစစ်သည်။ အသာရေဏ အဝေနိက။ ဓမ္မဖြစ်သော။ တောင့်တင်းခိုင်မာသော။ သဘောမျှကလေးသာရှိ၏။ သဘောပထဝီ ဟုဆိုလိုသည်။
၂။ ပထဝီဓါတ် အခြင်းအရာသဘောသည်။ လွန်ကဲသောအတွေ့ ကြမ်းတမ်းသော သဘောရှိ၏။ ထိုကြောင့် အတွေ့ကြမ်းသောသဘောကို၊ ခရိဂတဟူ၍ အဌကထာ ဆရာမြတ်သည်၊ ဒုတိယပုဒ်ကိုခွဲဆိုပြလေသည်။

ဤသို့အားဖြင့်။ ဟောတော်မူအပ်သော။ ကက္ခဠဋ္ဌံ ထဒ္ဓံ ကား။ သူတော်ကောင်းတို့သိအပ်သောတရား။ခရိဂတန္တိ ဖရုသံ လူသာမာန်၊ ဆေးဆရာသာမာန်၊ နတ်သာမာန်၊ ဗြဟ္မာသာမာန်။ တို့သိနိုင်သော သဘောတရားဟူ၍ နှစ်ခုဖေါ်ပြထားသည်ကို ဆေးဆရာများအနေနှင့်။ အထူးဖေါ်ပြရန်လိုမည်မထင်ပါ၊ သူ့အသုံးနှင့်သူ အသုံးတပ်အောင် သုံးတော်မူကြပါ။ (သတိ) ပေးဖေါ်ပြခြင်းသာဖြစ်ပါကြောင်း။

ဤကားလက္ခဏာပထဝီ၏ သဘော အကာရ ပထဝီ၏
သဘောကိုခွဲခြား၍ပြခြင်းနိဋ္ဌိတံ။

**လက္ခဏာပထဝီသည်အင်္ဂါလေးပါးရှိပုံ**

ကက္ခဠတ္တ လက္ခဏာပထဝီ ဓာတုပတိဋ္ဌာနရသာ
သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန သေသဓာတုတ္တယ ပဒဋ္ဌာနာ
(အဋ္ဌသာလိနီ သမောဓ မဟာဋီကာ) စသည်တို့လာ။

တတ္ထ။ ထိုဓာတ်လေးပါးအပေါင်းတို့တွင်။ ပထဝီဓါတု၊ ပထဝီဓါတ်သည်။ ကက္ခဠတ္တလက္ခဏာ၊ တောင့်တင်းခိုင်မာခြင်း

တည်းဟူသော သဘောလက္ခဏာရှိ၏၊ ပတိဋ္ဌာနရသာ။ မိမိနှင့် အတူတကွဖြစ်သော ဓါတ်သုံးပါးတို့၏၊ တည်ရာကိစ္စ ရသရှိ၏ သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာ။ မိမိနှင့်တကွဖြစ်သော ရုပ်အဗျာကတ တရားတို့၏။ ထက်အောက်ဝဲယာ ရှေ့နောက်ရပ်တည်နိုင်ရန် ခံ့လင့်သကဲ့သို့။ ဥာဏ်အားရှေးရှု ထင်ခြင်းလျှင်၊ အခြင်း အရာ၏။ သေသဓါတုတ္တယ ပဒဋ္ဌာနာ။ မိမိမှကြွင်းသော ဓါတ် သုံးပါးလျှင် နည်းစွာသော အကြောင်းရှိ၏။

{ မြန်မာပြန် }

ပထဝီဓာတ်၏သဘောကား။

၁။ တောင့်တောင့်တင်းတင်း ခက်ခက်မာမာသဘောလက္ခဏာ ရှိ၏၊

၂။ မိမိနှင့်တကွဖြစ်သော။ ဓာတ်သုံးပါးတို့၏ တည်ရာ၊ကိစ္စ ရသရှိ၏။

၃။ မိမိနှင့်အတူတကွ ဖြစ်သော ဓာတ်သုံးပါးတို့၏ ထက် အောက်–ဝဲယာ ရှေ့နောက်ရပ်တည်နိုင်ရန် ခံ့လင့်သကဲ့သို့ ဥာဏ်အားရှေးရှုထင်ခြင်းလျှင် အခြင်းအရာရှိ၏။

၄၊ မိမိမှကြွင်းသော ဓာတ်သုံးပါးလျှင် နည်းစွာသောအ ကြောင်းရှိ၏။

ဤသို့ဖေါ်ရခြင်းမှာ။ အမေးသုံးချက်။ အဖြေသုံးချက် နှင့်လည်းညီ။ ကျမ်းလည်းခန့်ခန့်ငြားငြားဖြစ်၊ လောကုတ္တရာ ကျမ်းအစောင်စောင်တို့မှ။ ထုတ်နှုပ်ရေးသား ထားကြသော ဓာတုဝိနိစ္ဆယရူပကဏ္ဍ=ရုပ်အဗျာကတ တရားကို စာမျက်နှာ (၁) မှ (၁၃၂) အထိပြထားသော စကားရပ်နှင့်၊ တောင်သာ ဋီကာကျမ်း အစောင်စောင်တို့မှ ထည့်သွင်း ဖေါ်ပြထားသော ဒေသနာလာစကားရပ်များနှင့်ငင်း။ ကာယနုပဿနာကျမ်းလာ စာမျက်နှာ (၁) မှ(၆၈)အထိ–အမိပ္ပါယ်ဖြင့် ဖေါ်ပြထားသော ရူပပရိစ္ဆေဒကဏ္ဍပါ စကားရပ်တို့ကိုငင်း ဖေါ်ပြပါ ရူပက္ခန္ဓာ ကဏ္ဍလာစကားများ၏ ဝစနတ္ထ။

ဤသို့ ဝစနတ္ထ။ ဝိဂ္ဂဟ်လက္ခဏာ ရသ–ပစ္စုပဋ္ဌာန်–ပဒဋ္ဌာန် စသည်တို့နှင့် ပြည့်စုံအောင် ပထဝီဓာတ်၏။ လက္ခဏာစကား ရပ်တို့ကို ခန့်ခန့်ငြားငြားဖေါ်ပြခြင်းဖြစ်ပါသည်။

ကျန်သောဓာတ်သုံးပါးတို့ကိုလည်း သဘာဝကြလောက်ရုံ ထည့်သွင်းဖေါ်ပြခြင်းဖြစ်ပါသည်။

(အထူးမှတ်သားဘွယ်)

ပထဝီဓာတ်အစစ်ဖြစ်ပုံကို ဥပမာဆောင်၍ပြမည်။

နဂိုရ်ပကတိ ဗာဟိရ သသမ္ဘာရ ပထဝီ။ မြေကြီးသည်။ သစ်ပင်တောတောင် မြို့ရွာ–သမုဒ္ဒရာ ရေပြင်စသည်တို့၏ ဟည် ရာ၏အဖြစ်ဖြင့် တင်ဘိသကဲ့သို့။

ပရမတ်သဘော ဓါတ်သဘော။ သဒ္ဒါရသဘောဟုဆိုအပ် သော လက္ခဏာပထဝီ။ သဘောသည်လည်း။ မိမိ၏သဟဇာတ် ဖြစ်သော အဗျာကတ ရုပ်ပရမတ်တရားအပေါင်းတို့၏။ တည် ရာ မှီရာ အာမခံ အထည် နဂိုရ်သဏ္ဍာန်ဖြင့် တင်အပ်သော အနက်သဘောကြောင့် (ဝိဇ္ဇာမာနပညတ်)ပထဝီဓါတ်မည်၏။ သဘောပထဝီလည်းမည်၏ ဟူလို။

(ဗျာတိရေကနည်း အန္ဓယနည်းအားဖြင့်။ ဝေဘန်သော် ထိုနှစ်ပါးတို့တွင်။ အန္ဓယ နည်းဖြင့် ထင်ရှားစေဦးအံ့။

တည်ရာမှီရာဖြစ်၍ ထင်သောအနက်ကြောင့် (ပထဝီ)

(မေး) အဘယ်ကြောင့် ပထဝီမည်သနည်း၊

(ဖြေ) သမ္ပဋိစ္ဆနပစ္စုပဋ္ဌာန် ရှိသောကြောင့်ဟူလို။

(မေး) အဘယ်ကြောင့် သမ္ပဋိစ္ဆနပစ္စုပဋ္ဌာန် ရှိသနည်းဟူမူ။

(ဖြေ) ပတိဋ္ဌာန၊ ကိစ္စ–ရသရှိသောကြောင့်ဟူလို။

(မေး) အဘယ်ကြောင့် ပတိဋ္ဌာန၊ ကိစ္စ–ရသ–ရှိသနည်းဟူမူ။

(ဖြေ) ပထဝီဓါတ်၏။ ကက္ခဠတ္တ လက္ခဏာ သဘောရှိသော ကြောင့်ဟူလို။

(ဤကား အန္ဓယနည်းပြခြင်းတည်း)

ဗျာတိရေကနည်းဟူသည်။

( မေး ) ပထဝီဓါတ် ကက္ခဠတ္တ လက္ခဏာ အဘယ်ကြောင့် သိနိုင်ပါသနည်း။

( ဖြေ ) အကယ်၍ကား ပထဝီ ဓါတ်အား ( ကက္ခဠတ္တ လက္ခဏာ) မရှိသည်ဖြစ်အံ့။ ပတိဋ္ဌာန ကိစ္စ–ရသ မပြီးသော ကြောင့်ရင်း။ ပတိဋ္ဌာန ကိစ္စရသကို မပြီးစေနိုင်က သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန်ဉာဏ်အားဖြင့် မထင်နိုင်သောကြောင့်ရင်း။ ဤသို့အားဖြင့် ကက္ခဠတ္တလက္ခဏာရှိသည်၏ အဖြစ်ကိုသိအပ်၏။

( ဤကား ဗျာတိရေက ဥာပကအလိုတည်း။ )

အန္ဝယနည်းကို ဆိုဦးအံ့။

အကြင်အကြောင်းကြောင့် ပထဝီဓါတ်အား ကက္ခဠတ္တလက္ခဏာရှိ၏။ (ထိုကြောင့်) ပတိဋ္ဌာနရသ ပြီးစေနိုင်၏ဟုမှတ်။

ပတိဋ္ဌာန ကိစ္စရသပြီးစေနိုင်သောကြောင့်သာလျှင် သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန်အားဖြင့် ရှေးရှုထင်နိုင်၏ဟုမှတ်။

ထိုသို့ဉာဏ်အားဖြင့် ရှေးရှုထင်နိုင် သောကြောင့်သာလျှင် သမ္ဘာန်လေးပါးနှင့် ပြည့်စုံသော ပထဝီဓါတ်အား။ ကက္ခဠတ္တ လက္ခဏာရှိသည်၏ အဖြစ်ကို သိရ၏ဟုမှတ်။ သဘောပထဝီ ဟူလို။

ဤကား အန္ဝယ ကာရိယ ဥာပကဟိတ်အလိုတည်း။

၁။ ထိုစကား ဥပမာ ထင်ရှား စေဦးအံ့။ လောကဥ္စ ဗလ ငါးတန် စုံပြည့်လျှ၍ ခိုင်ခိုင် မာမာ တောင့်တောင့် တင်းတင်း မရှိသောသူသည် ဆွေမျိုးဉာတိ မိတ်ဆွေသင်္ဂဟအပေါင်းတို့၏ တည်ရာ ရှိရာ အားကိုး အားထားရာကို မဖြစ်နိုင် မပြီးနိုင်။

၂။ လောကဥ္စဗလငါးတန် ပြည့်စုံလျှ၍ ခိုင်ခိုင်မာမာ တောင့် တောင့်တင်းတင်းနှင့် ပြည့်စုံသောသူသာ ဆွေမျိုး ဉာတိ မိတ် ဆွေသင်္ဂဟ အပေါင်းအသင်းတို့၏ တည်ရာ မှီရာ အားကိုးအား ထားရာ ဖြစ်စေ ပြီးစေနိုင်သကဲ့သို့။

၁။ ထိုနည်းအတူ။ ပရမတ်သဘော ဓါတ်သဘော သဒ္ဒါရသ သဘောတရားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပထဝီဓါတ်မှာလည်း ခက်ခက်မာမာ အမာခံသဘောဟုဆိုအပ်သော ကက္ခဠတ္တလက္ခဏာ သဘောတရားသည်မရှိသော် သဟဇာတ် ဖြစ်သော ရုပ်တရားတို့၏။ ပတိဋ္ဌာန ကိစ္စရသ မပြီးစေနိုင်။

၂။ ပရမတ်သဘော ဓါတ်သဘော သဒ္ဒါရ သဘောဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပထဝီဓါတ်မှာလည်း ခက်ခက်မာမာ အမာခံ သဘောဟု ဆိုအပ်သော ကက္ခဠတ္တ လက္ခဏာ ရှိသော ပထဝီ ဓါတ်၏ သဘောတရားသာလျှင် ပတိဋ္ဌာန ကိစ္စရသ ပြီးစေနိုင်၏ဟုမှတ်။

ထိုအဟာရဓါတ် ရုပ်တရားတို့၏ တည်ရာ၏ အဖြစ်တည်းဟူ သော၊ ပတိဋ္ဌာန ကိစ္စရသကိုပြီးစေသဖြင့်၊ ထိုပြီးစေအပ်သော ကိစ္စရသကိုထောက်ဆ၍၊ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် ပြည့်စုံသော ပရမတ်အနှစ်၊ ဝိဇ္ဇာမာန၊ ပညတ်ပထဝီဓါတ်အစစ်၏၊ ကက္ခဠတ္တ လက္ခဏာရှိသည်၏အဖြစ်သည် ကာရိယဉာပက ဟူ၏၊ အကျိုးကိုကြံဆ၍ အကြောင်းကိုသိရသည်ဟုဆိုသည်။

ရှင်းသည့်ထက်ရှင်းအောင် ထပ်ရှင်းဦးအံ့။

အဘယ်ကဲ့သို့ ကက္ခဠတ္တလက္ခဏာရှိသည် အကျိုးကို ကြံဆ၍၊ သိရပါမည်နည်းဟူမူ။

ဗာဟိရ သဏ္ဌာန် သသမ္ဘာရ အဆောက်အဦး ဖြစ်သော မီးတောက်၊ မီးလျှံ၊ တောမီး တောင်မီး တို့၏၊ စွဲငြိတောက် လောင်နေသောအခါ အလွန်ပင် အလှမ်းဝေးသည်ဟု ဆိုငြား သော်လည်း အခိုးတည်းဟူသော အကျိုးကို မြင်သိသဖြင့်၊ အ ကြောင်းတည်းဟူသောမီးသည်၊ ထိုမီးခိုး ထွက်ရာဋ္ဌာနဌ မီးရှိ ကြောင်းသိရသကဲ့သို့တည်း။

ဤပထဝီကဏ္ဍာတွင် ပြဆိုပြီးခဲ့သော၊ ပထဝီဓါတ်၏၊ လက္ခဏာ ရသ၊ ပစ္စုပဋ္ဌာန် ဂဒဋ္ဌာန်တို့ကို ဗျာတိရေကနည်း၊ အနွယနည်း စသည်တို့နှင့် ရှင်းပြခဲ့သည်မှာ အတော်ကလေးပင် များသွားပါ

ပြီ၊ ရှေ့ကို ပဋ္ဌာန် အကျယ်ဝေဘန်ရန်နှင့်၊ ဋီကာစကားရပ်များ ကို ပြမည်ဆိုပါကလည်း၊ စင်စစ်အားဖြင့် ပြဆိုအပ်ခဲ့ပြီးသော စကားရပ်ထဲသို့သာ အားလုံးအကျုံးဝင်လာရမည် ဖြစ်ပါသော ကြောင့်၊ဤမျှလောက်နှင့်ပင် လက္ခဏာ ပထဝီဓါတ်၏စကားရပ်ကို

( နိဂုဏ်းချုပ်သဘာဝလက္ခဏာ )

သာမညလက္ခဏာကို ဆက်ပြမည်။

သဘာဝေါဝါ ကက္ခဠ ဖုသနာဒိတော အသာဓါရဏော။

သာမညံ သာဓာရဏော-အနိစ္စာဒိသဘာဝေါ။

( မူလဋီကာ )

ကက္ခဠဖုသနာဒိတော။ စတုသမုဋ္ဌာနိကရုပ် ပရမတ် အနှစ် လက္ခဏာပထဝီ၊ သမ္ဘါရပထဝီဓါတ်အစစ်၏၊ ကြမ်းတမ်းတောင့် တင်းခက်မာမှုသဘော၊ ဖဿ၏အာရုံကို၊ သုခ-ဒုက္ခတွေ့ထိခြင်း စသော၊အသာဓာရဏော၊တပါးသောရုပ်တပါးသောနာမ်တို့နှင့် မဆက်ဆံသော သဘောတရားသည်၊ သဘာဝေါဝါ၊ မိမိသ ဘောတရားကို မိမိဆောင်သည် မည်၏။ အတ္တနော သဘာဝံ ဓာရေတီတိလက္ခဏံ-ဟုပြု-တနည်း၊ အတ္တနော်သဘာဝံ ဓါရေ တီတိ ဓါတုဟုပြု။

သာဓါရဏော၊( ၇၁ ) ပါးသော ရုပ်-နာမ်-ဓမ္မသင်္ခါရတရား အလုံးစုံတို့နှင့်( ၀၁ )ရုပရုပ်အဋ္ဌာရသ( ၁၈ )ပါး နာမ်တေပညာသ (၅၃)ပါး၊ ကေသတ္တတိ၊ ဓမ္မာသင်္ခါရာဟူသော ဇီနာလင်္ကာရ ဆရာမိန့်အပ်သည်နှင့်အညီ၊ အလုံးစုံသော(၇၁)ပါးသော ရုပ်- နာမ်၊ ဓမ္မသင်္ခါရတရား ဆက်ဆံသော။ အနိစ္စာဒိ သဘာဝေါ၊ မခိုင်မြဲမှုဟူသော အနိစ္စသဘော၊ ဆင်းရဲမှုဟူသော ဒုက္ခသဘော ငါမဟုတ်ဟူသော အနတ္တသဘော၊ မတင့်တယ်မှုဟူသော အသု ဘသဘောသည်၊ ( အာဒိသဒ္ဒါကို ) အကုန်လုံးဖေါ်၍အနက်ပြန် ဆိုလိုက်သည်။ သာမည ၊ ရုပ်-နာမ်-နှစ်ရပ် ပရမတ်တရား ဓါတ် တရား ကလာပ်တရားတို့ တူမျှသော သဘောမည်၏။

(မြန်မာပြန်)

ဓါတ်တရား၊ ကလာပ်တရား၊ ပရမတ်တရားတို့၏ ဆိုအပ်ခဲ့ပြီးသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော၊ စတုသမုဋ္ဌာနိကရုပ် သဘာဝ ပထဝီဓါတ်၏ သဘောတရားမှာ၊ ကြမ်းတမ်းတောင့်တင်းနိုင်မာသောသဘောရှိခြင်း။ ဖသ၏အာရုံကို သုခ-ဒုက္ခ သဘောတွေ့ထိခြင်း စသော၊ တပါးသောရုပ် တပါးသော နာမ်တို့နှင့် မဆက်ဆံသော၊ မိမိသဘောကို ဝါ-မိမိလက္ခဏာကို မိမိဆောင်သော၊ အဝေဏိကဓမ္မဖြစ်သော၊ ပရမတ်အနှစ် တောင့်တင်းနိုင်မာမှုသဘောကလေးကိုပင်၊ ပထဝီဓါတ်အစစ်မည်၏၊ (ဝိသေသ) သဘောမည်၏ဟူလို။

မှတ်ချက်။ ။ ရှေ့လာမည့်၊ စတုသမုဋ္ဌာနိကရုပ်၊ အင်္ဂါလေးပါးနှင့်ပြည့်စုံသော၊ အာပေါ၊ တေဇော၊ ဝါယော ဓါတ်တို့မှာလည်း အသာရေဏသဘောအားဖြင့်၊ တပါးသောရုပ်။ တပါးသောနာမ်တို့နှင့် မဆက်ဆံမှု၍ မိမိသဘောကို မိမိဆောင်သည်ဟု။ မှတ်ယူကြပါစေရန်။ ဓမ္မသင်္ဂဏီအဖွင့် မူလဋီကာ ကျမ်းလါစကားကိုချုံ၍ သဘာဝလက္ခဏာကို မြန်မာပြန်ဖေါ်ပြမည်။

သာမညလက္ခဏာ မြန်မာပြန်။

ရုပ်ရုပ်(၁၈)ခု။ နာမ်တရား(၅၃)ပါး။ ပေါင်း(၇၁)ပါးသော ရုပ်ဓမ္မ နာမ်ဓမ္မတို့သည်။ အကုန်လုံးနှင့်ဆက်ဆံသဖြင့် မခိုင်မြဲမှုဟူသော အနိစ္စသဘော ဆင်းရဲမှု ဟူသော ဒုက္ခသဘော။ ငါမဟုတ်သော အနတ္တသဘော မတင့်တယ်မှုဟူသော အသုဘသဘော အလုံးစုံသော ( ၇၁ ) ပါးသော တရားတို့သည်။ သင်္ခါရတရားတို့မည်ကုန်၏ဟု။ ဓမ္မသင်္ဂဏီအဖွင့်မူလဋီကာဆရာကမိန့်ဆိုလေသည်။

ဤနည်းတူ။ သုတ္တံပိဋကဝိသုဒ္ဓိမဂ်အဋ္ဌကထာအဖွင့်။ မဟာဋီကာ စသော ကျမ်းများ တို့၌လည်း ဤနည်းတူ ဖွင့်ဆိုထားလေသည်။

( နိဂုံးစကား။ )

နဟိသာမည ပရိစ္စာဂေန ဝိသေသတော။
ဝိသေသေန နိရပေက္ခော ဝါ သာမညံ နဝတ္တတိ။
မဟာဋီကာ (၄၃၃) ၇။

သာမညပရိစ္စာဂေန။ သာမညသဘောကို ဝါ(၇၁)ပါးသော ရုပ်-နာမ် ဓမ္မသန်္တါရသဘောကို စွန့်သောအားဖြင့် ဝိသေသတော ဝါ။ ဝိသေသ သဘောကိုလည်း( ဝါ ) မိမိလက္ခဏာကို ( ဝါ ) မိမိဓါတ်ကို မိမိဆောင်သော ဝိသေသ သဘောသည်လည်း။ နဝတ္တတိ။မသင့် ဝိသေသ နိရပေက္ခော ဝါ။ မိမိလက္ခဏာကို-ဝါ=မိမိ ဓါတ်တို့၏။ ဝိသေသ သဘောကို ငဲ့ခြင်းကင်းသော။ သာမညံ။ သာမညသဘောသည်လည်း။ နဝတ္တတိ။ မသင့်။

( မြန်မာပြန်။ )

သာမည သဘောဟု ဆိုအပ်သော ရုပ်–နာမ်။ ဓမ္မသန်္တါရ တရားသည်။ သဘောကို စွန့်သော အားဖြင့်။ မိမိလက္ခဏာမိမိ ဓါတ်ကို မိမိဆောင်သော ဝိသေသ သဘောသည်လည်းမသင့်။ မိမိလက္ခဏာ မိမိဓါတ်ကို မိမိဆောင်သော ဝိသေသ သဘောကို ငဲ့ခြင်းကင်းသော သာမညသဘောသည်လည်း မသင့်။ ။ ဤသို့ အားဖြင့် သာမည ဝိသေသ သဘောကို မဟာဋီကာ ဆရာ မိန့်မှာသည်ကို။

| | | | |
|---|---|---|---|
| ၁။ | ဝိပဿနာဆရာ။ | ၃။ | ဆေးဆရာ။ |
| ၂။ | သမထ ဆရာ။ | ၄။ | ဓါတ်ဆရာ။ |

ဤကား။ မှတ်သားဘွယ်အထူးတည်း။

**ပရမတ်ပထဝီ ဓါတ်ပထဝီ-လက္ခဏာပထဝီ။**

(ကို)

၁။ ဝိပဿနာ ဆရာက။ ။ ဘယ်လိုသုံးမည်။
၂။ သမထ ဆရာက။ ။ ဘယ်လိုသုံးမည်။
၃။ ဆေးဆရာ များက။ ။ ဘယ်လိုသုံးမည်။
၄၊ ဓါတ်ဆရာများက။ ။ ဘယ်လိုသုံးမည်ဆိုဒါ-စဉ်း

စား၍ သုံးနိုင်ရန် ပရိယတ် အနေမျိုးဖြင့် အဖြေပေါ် အမဲတင်ပြလိုက်သည်။ အဖြေဟာ အမဲမဟုတ်။ အမဲဟာ အဖြေဟုတ်ဘူးဆိုဒါ။

ကျမ်းပြုဆရာ၏ မှတ်သားမိသော သာဓက ပါဒ်ကလေးတခု အောက်တွင်ဖော်ပြမည်။

**ဓါတ်ပထဝီ နိဂုံးချုပ် သာဓကပါဒ်။**

ပထဝီဓါတုံ ဓါရေဟုလာ အနိစ္စတော။
ဉာနတော ပဿတော သတ္တာယဒိဋ္ဌိံ။
ပဇဟတိ အဝိဇ္ဇာပဇဟတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ။

သံယုတ်ပါဠိတော်။

၁။ ပထဝီဓါတ်။ ။ အင်္ဂါလေးပါးနှင့်ပြည့်စုံသော လက္ခဏာ မှန်ကန်စေရမည်။

၂။ အနိစ္စတော။ ။ မမြဲခြင်းလက္ခဏာမှန်ရမည်။

၃။ ဉာနတော။ ။ ထိုပထဝီ ဓါတ်တလုံးကို ကိုယ်တွေ့ဖြင့် တွေ့ထားရမည်။

၄။ ပဿတော။ ။ ပညာဉာဏ်ဖြင့် ( ဝါ ) ပညာမျက်စိဖြင့် မြင်သိ၍ထားရမည်။

( ဤလက္ခဏာ (၄)ပါးကို အမှတ်အသားပြု။ )

၁။ သတ္တာယဒိဋ္ဌိ ပဇဟတိ။ ။ သတ္တာယဒိဋ္ဌိပြုတ်ကြလေပြီ။
၂။ အဝိဇ္ဇာ ပဇဟတိ။ ။ အဝိဇ္ဇာ အကြွမ်းစားသေပြီ။
၃။ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။ ဝိဇ္ဇာရောက် မဂ်စခမ်းပေါက်ပြီ။

ဤသို့အားဖြင့်။ ပ–အာ–တေ–ဝါ-မက္ခာစုဆောင်။ ဓါတ်ကြီးလေးပါးအပေါင်းတို့တွင်။ ဓါတ်လေးပါးလုံးကို မဆိုထားဘိ။ တပါးပါးသောဓါတ်တို့၏ဖြစ်မှု ပျက်မှုကော်ကိုယ်တွေ့ ဉာဏ်တွေ့သိသောသူမှာ။ သတ္တာယဒိဋ္ဌိ ပြုတ်သဖြင့် လူ့ပြည်တွင် အနှစ်တရာ အသက် ရှည်စွာ ထည်နေရသော သူတို့ထက် မွန်မြတ်ကြောင်း။

ယောစဝဿသတံဇီဝေအပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံသေယျော ပဿတော ဥဒယဗ္ဗယံ။
(ဓမ္မပဒပါဠိတော်။ )

ယောစ။ ဆေးဆရာ။ ဓါတ်ဆရာကိုပင် မဆိုထားဘိ။ ရဟန်း ရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဥဒယဗ္ဗယံ၊ ရုပ်-နာမ် နှစ်ရပ် ပရမတ်အနှစ် ဓါတ်အစစ်တို့၏။ ဖြစ်ပုံ-ပျက်ပုံအလုံးစုံကို အပဿံ အပဿန္တော။ အိမ်မက်တွင်းမှ မမြင်ရဘူးဘဲ ဝဿ သတံ၊ အနှစ်တရာကာလပါတ်လုံး ဇီဝေ၊ အသက်မသေ တည် နေငြားအံ့။ တဿ။ ထိုသူ၏ ဇီဝိတံ။ အသက်မသေရှည်နေရ ခြင်းထက် ဥဒယဗ္ဗယံ ရုပ်-နာမ်-ဓမ္မ သင်္ခါရ တရားစုတို့၏။ ဖြစ်မှု=ပျက်မှုကို။ ပဿတော၊ တကြိမ်တခါ မြင်လိုက်ရသောသူ သည်။ ဧကာဟံ တရက် တနာရီ တမိနစ်မှ ဇီဝိတံ အသတ် မသေ တည်နေရ ခြင်းသည်။ သေယျော။ လူ့ရပ် နတ်ပြည် မပြတ်တစေ မြတ်လှတော့ခြေ၏။ (ဝါ) လူ့ရပ်နတ်ပြည်မှာရှိ တဲ့။ လူသာမာန် ဆေးဆရာသာမာန် ဓါတ်ဆရာသာမာန် နတ်သာမာန်တို့ထက် မပြတ်တစေ မြတ်လှတော့ခြေ၏တကား။
(ရသမျှ-အနက်ထည့်စွက်၍ ပေးလိုက်သည်)
( မြန်မာပြန် )

ဆေးဆရာ ဓါတ်ဆရာကိုပင် မဆိုထားဘိ။ ရဟန်းရှင်လူမည်သူ မဆို အကြင်ပုဂ္ဂိုလ်သည်။ ရုပ်နာမ်နှစ်ရပ် ပရမတ်အနှစ် ဓါတ် အစစ်တို့၏ ဖြစ်ပုံပျက်ပုံကို အိမ်မက်တွင်မှ မမြင်ရဘူးဘဲ။ အနှစ် တရာကာလပါတ်လုံး အသက်မသေတည်နေရခြင်းထက်။ ရုပ်- နာမ် ဓမ္မသင်္ခါရတရားစုတို့၏။ ဖြစ်မှု ပျက်မှု သဘောကို တကြိမ် တခါမှမြင်လိုက်ရသောသူသည်။ တရက် တနာရီ တမိနစ်နာ မှ။ အသက်မသေတည်နေရခြင်းသည်။ လူ့ရပ်နတ်ပြည် မပြတ် တစေ မြတ်လှတော့ခြေ၏ (ဝါ) လူ့ရပ်နတ်ပြည်မှာရှိတဲ့၊ လူ သာမာန်၊ ဆေးဆရာသာမာန်၊ ဓါတ်ဆရာသာမာန်၊ နတ်ပြည် မှာရှိတဲ့ နတ်သာမာန်တို့တက် မပြတ်တစေ မြတ်လှတော့ခြေ၏

တကားဟု။ ဓမ္မပဒပဠိတော်စကားလာကို ထောက်ရှုသောအားဖြင့်၊ ဆေးဆရာသာမာန်၊ ဓါတ်ဆရာသာမာန်လူစားမျိုး မဖြစ်ရလေအောင်၊ သခ်ါရုနယ်တွင်းမှာရှိနေခြင်းထက် ပရမတ်တရားကလာပ်တရား ဓါတ်တရား တို့၏ ဖြစ်မှု ပျက်မှု တခုခုကို သိအောင် ကျိုးစားမှ(ဝါ)သောက်စို့မှသာ၊ လူသာမာန် ဆေးဆရာ သာမာန်တို့ အားကိုးတခုလက်ကိုင်ပြုသော၊ဆေးနီ-ဆေးဝါဆေးပြား-ဆေးနက် ရေလဲ့ဘက်၍ အချက်ချက်အဖုံဖုံ ဆေးမျိုးစုံတို့ကို သောက်ရသည်တက်မြတ်သော ဓမ္မဆေးတော်ကြီးကိုသောက်စို့ရပါမှ စက္ခုရောဂါစသော(၉၆)မျိုး ရောဂါဆိုးတို့ကိုပျောက်ကင်း ချမ်းသာရုံမက အိုနာသေရေး ဒုက္ခဘေး တို့၏ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်သည်ဟု ဆိုထားသောကြောင့်၊ ဆေးဆရာ-ဓါတ်ဆရာများ ဓါတ်တလုံးကိုပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်အောင် ကျိုးစား၍ မိမိလည်း ဓမ္မဆေးတော်ကိုသောက်၊ မိမိ၏ကုစားအပ်သော သူနာအား ဓမ္မဆေးတော်ကြီးကို တိုက်ရသည်ရှိသော် ကိုယ်၌ဖြစ်သော (၉၆) မျိုးသောရောဂါ ဒွါရခြောက်ပါးမှ ဖြစ်ပေါ်လာသော စိတ်ရောဂါပျောက်ကင်းနိုင်သည်ဆိုဒါကို သိရှိကြပါသဖြင့် မမေ့မလျော့ သတိတရားနှင့် ဓမ္မဆေးတော်ကြီးကို သောက်စို့ ကြပါကုန်လော။

နှုပ်ငုံဆောင် ဂါထာ။

ယေကေစိဩသထ လောကောဝိဇ္ဇန္တိ ဝိဝိဓါဗဟူ။

ဓမ္မောသဓ သမံနတ္ထိ ဧတံပိဝေထဘိက္ခဝေါ။

ဓမ္မောသမ်ပိ ဝိတွာန အဇရာ အမရဏာသိယံ။

ဘာဝယိတွာ ပဿိတွာ နိဗ္ဗုတာ ဥပဓိက္ခယေ။

( မိလိန္ဒပဉ္စာပါဠိတော်-၂၉၀ )

လောကေ၊ မနုဿလူရပ် လောကဓာတ်၌ ဗဟူ။များစွာကုန်သော ဝိဝိဓ။အထူးထူး အပြားပြားရှိကုန်သော ယေကေစိ၊ ခပ်သိမ်းဥဿု အလုံးစုံကုန်သော ဩသဓါ။ လူ့လောကဌ်ရှိကြတဲ့ ဆေးဆရာ။ ဓါတ်ဆရာတို့အသုံးပြုနေကြသော ဆေးနီ-ဆေးဝါ

ဆေးပြာ–ဆေးနက် ရေလဲဖက်၍ပေးကြသော အချက်ချက် အဖုံဖုံ ဆေးမျိုးစုံတို့သည် ဝိဇ္ဇာနှင့်။ ထင်ရှားတိတိ သမုတိသစ္စာမျိုးအား ဖြင့်ဧကံရှိသည်ဖြစ်ကုန်၏၊ ဓမ္မောသဓသမံ၊ ဒေသနာညွှန်းပြမိန့်ခွန်း ဟသည့် ဟောပြထုတ်ဖော် တရားတည်းဟူသော ဆေးတော်ကြီးကို ဘိက္ခုဝေ၊ အိုနာသေရေး ဒုက္ခဘေးတို့၏ ကင်းဝေးရာမှန်၊ တရားနှင့်တူသော ဓမ္မောသဓ ဆေးတော်ကြီးကို ပိဝိတွာန၊ စိတ်ကြည်ရွှင်မြောက် သောက်စို့ရပါကုန်သောကြောင့် အဇရာ၊ ခါးကိုင်းနံ့အူ ဆံဖြူသွားကျိုး အမျိုးမျိုးသော အိုရခြင်း–နာရခြင်း မရှိကုန်သည်ဖြစ်၍ငင်း။ အမရဏာ၊ ခဏိက-နှင့်-သမုတိ မရဏာမျိုးဖြင့် မသေ မကြေနိုင် ကုန်သည် ဖြစ်၍ငင်း။ သိယုံ၊ ဖြစ်ကုန်၏၊ ဘာဝယိတွာစ၊ လေးဆယ်သော ကမ္မဋ္ဌာန်းတရားကို ပွားစေ၍ငင်း။ ပသိတွာစ။ ပ–အာ–တေ-ဝါ–မက္ခာ စုဆောင်း ဓါတ်လေးပါး အပေါင်းတို့တွင် တပါးပါးသော ဓါတ်၏ဖြစ်မှု၊ ပျက်မှု၊သင်္ခါရတရားတို့၏ အနိစ္စခြင်းရာရှုခြင်း၍ငင်း။ ဥပဒိက္ခယော၊ ဥပတိတို့၏ ကုန်ဆုံးခြင်းကြောင့်၊ နိဗ္ဗုတာ၊ ပဋိသန္ဓေတည်နေရခြင်း။ အိုရခြင်း၊ နာရခြင်း၊ ခဏိက မရဏ၊ သမုတိ မရဏ၊ သမုစ္ဆေဒ မရဏာမျိုးဖြင့် သေရခြင်း ဘေးဒုက္ခမျိုးစုံတို့မှ ကင်းလွတ်၍ ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ဧကံထုတ်ချောက် ရောက်ရလေကုန်တော့သတည်း။

(ဤသို့မိန့်ဆိုသည်ကို ဆေးဆရာ ဓါတ်ဆရာတို့ သတိပြုပါ။)

ဤသည်လျှင် ဓါတုပထဝီ စတုဿကဏ္ဍာ နိဋ္ဌိတံ။

★

# ပထဝီကောဋ္ဌာသ စတုတ္ထကဏ္ဍ။

**(ဆေးဆရာများ၊ ယောဂီများ အသုံးပြုရမည့်။ ကာယဂ်သမ္ဘာရ)**

သမ္မုတိသစ္စာခေါ်-သသမ္ဘာရပထဝီ၊
ကောဋ္ဌာသ အကြောင်း။

(မှတ်ချက်။) ဤအခန်းတွင်၊ ဒေသနာနယလာ၊ ကာယနုပဿနာကျမ်းနှင့်တကွ၊ ဒေသနာနယလာ၊ ဓါတုဝိနိစ္ဆယ ကဏ္ဍကျမ်းလာစသောစကားရပ်၊ ကျမ်းအစောင်စောင်တို့မှလာသော အဆိုအမိန့်စကားရပ်တို့ကို၊ ပေါင်းစပ်ကောက်နုပ်ပြီး၊ တမူတဝါဒတည်း ဖြစ်မြောက် ရေးကို ရှေးရှု၍၊ ပထဝီလေးမျိုးတို့တွင်၊ သသမ္ဘာရ ပထဝီ၊ကောဋ္ဌာသ။(၂၀) တို့ကို၊ သမုဋ္ဌာန်နှင့်တကွ၊ ရသင့်ရထိုက်သော ကလာပ်စုံတို့ကိုဖေါ်ပြ၍၊ ရေးသားပါမည်။

( ဤကား။ အမှာစကားတည်း။ )

ဆေးဆရာများ၊ ယောဂီများ၊ အသုံးပြုရမည့်၊ ကာယဂ် သသမ္ဘာရ သမုတိ သစ္စာခေါ်သော၊ အဇ္ဈတ္တိက၊ ဗာဟိရ၊ သမ္ဘာရ ကောဋ္ဌာသ ပထဝီအကြောင်း။

( သာဓကပါဠိ။ )

ပထဝီ ခဏေယျဝါ၊ ခဏာပေယျဝါတိ၊ အာဒီသု။
ဝုတ္တော၊ သသမ္ဘာရ ပထဝီ ယေစကောဋ္ဌာသ။
ကေသာ ဒယော၊ ဝီသတိကောဋ္ဌာသ၊ အာယောစ ဗာဟိရာ။
သာဟိဝဏ္ဏာဒီဟိ၊ သသမ္ဘာရေဟိသဒ္ဓိံ၊ ပထဝီတိ၊
သသမ္ဘာရ ပထဝီ။

ပထဝီခဏေယျဝါ၊ ခဏာပေယျဝါတိ အာဒီသု။ ပထဝီ ခဏေယျဝါ၊ ခဏာပေယျဝါ၊ ဤသို့ ဓါတုဝိဘင်္ဂ အစရှိသော ပါဠိတော်၌၊ ဝုတ္တာ၊ ဟောတော်မူအပ်သော၊ ပထဝီသည်၊ သသမ္ဘာရ ပထဝီ၊ သသမ္ဘာရပထဝီမည်၏။ ကေသာဒယော။ ဆံအစရှိကုန်သော။ ယေစဝီသတိ။ ကေသာဒ။ မတ္ထလုင်္ဂ အဆုံးရှိသော။ (၂၀)သော။သသမ္ဘာရ ပထဝီကောဋ္ဌာသတို့သည်၎င်း။ဗာဟိရာ။

အပသဏ္ဌာန်၌ဖြစ်ကုန်သော။ အာယောစ။ သံကြေးအစရှိသည့်တို့ဖြင့်။ ဝဏ္ဏာဒီဟိ။ အဆင်းအစရှိကုန်သော။ သသမ္ဘာရေဟိ။ အိမ်=ကျောင်း။အစရှိသော အဆောက်အဦးတို့နှင့်။ သဒ္ဓိံတက္ကု။ ပထဝီ။ ပထဝီမည်၏။ ဣတိ။ ဤသို့။ ဝုတ္တာ။ ဟောတော်မူအပ်ကုန်သော။ ပထဝီ ပထဝီသည်။ သသမ္ဘာရ ပထဝီ။ သသမ္ဘာရ ပဝီထ မည်၏။

၁။ ခဏောယျဝေါ။ခဏောပေယျဝေါ။ (လံ)အဇ္ဈတ္တိက။သသမ္ဘာရ ပထဝီ။ ကေသာအစ။ မတ္ထလုင်္ဂ အဆုံးရှိသော (၂၀) သော ပထဝီကိုဟောသည်။

၂။ အာယောစ(လ)ဗာဟိရ။သသမ္ဘာရ။ သံကြေးစသော သသမ္ဘာရ။ ပထဝီကိုဟောသည်။

၃။ ဝဏ္ဏာဒီဟိ။ သမ္ဘာရေဟိ (လ) အိမ်–ကျောင်း။ စသော အဆောက်အဦးစသော။ ဆောက်လုပ်ထားသောသစ်သား။ အစရှိသည်တို့ကိုဟောသည်။

ဤသို့ အဇ္ဈတ္တိက သသမ္ဘာရပထဝီ။ဗာဟိရ သသမ္ဘာရပထဝီ နှစ်ပါးရှိရာတို့တွင်၊ အဇ္ဈတ္တိက သသမ္ဘာရပထဝီ(၂၀)တို့တွင်၊

ဤကား။ သဘာဝကြံအောင် သသမ္ဘာရပထဝီ၏။
မာတိကာကိုပြခြင်းတည်း။

( ပထဝီကောဋ္ဌာသ၏ သဘာဝကား။ )

၁။ ကေသာ-ဆံပင်၊ ဂန္ဓ။ ဘာဝ။ စိတ်။ ဥ။ ဟာ။ ကလာပ်(၅)စီးနှင့် ပြည့်စုံသော။ စတုသမုဋ္ဌာနိက။ သသမ္ဘာရ ကောဋ္ဌာသ။ နှစ်ကုဋေငါးသန်းအတိုင်း အရှည်ရှိသော။ ဆံပင်တို့သည်။ ဇာက်မှ အထက် ဖြစ်သော ဝဲယာ နားပန်းစွန်း။ ရှေ့နောက်နဖူး လည်ဂုတ်စွန်းတို့ဖြင့်။ ပိုင်းခြားအပ်သော ဦးခေါင်းရေ၌။ စပါးမွေးဖျားခန့်မျှ အဖြစ်ဝင်၍တည်၏။

၁။ စတုသမုဋ္ဌာနိကရုပ်၊ မဟာ ဘုတ်ဟု ဆိုအပ်သော၊ လက္ခဏပထဝီဓါတ်သည်။ နှစ်ကုဋေငါးသန်းအတိုင်း အရှည်ရှိသော၊ ဆံပင်ပေါ်၌တည်၏။ မြေမှု၊ မာမှု၊ ကြမ်းတမ်းခက်မာ

တောင့်တင်းသော သဘောတရားကလေးမျှသာတည်း။သဘော ပထဝီဟူလို။

သဘောပထဝီဓါတ်သည်၊ ဆံပင်မဟုတ်၊ ဆံပင်သည်။
သဘောပထဝီဓါတ်မဟုတ်။

၂။ စတုသမုဋ္ဌာနိကရုပ်၊မဟာဘုတ်ဟုဆိုအပ်သော။လက္ခဏာ အာပေါဓါတ်သည်၊ ဆံပင်ပေါဋ္ဌတည်၏။ ယိုစီးဖွဲ့မှု သဘောတ ရားကလေးမျှသာတည်း။ သဘော အာပေါဟူလို။

သဘော အာဘောဓါတ်သည်၊ ဆံပင်မဟုတ်၊ ဆံပင်သည်၊
သဘောအာပေါဓါတ်မဟုတ်။

၃။ စတု သမု ဋ္ဌာနိကရုပ်၊ မဟာ ဘုတ်ဟု ဆိုအပ်သော လက္ခဏာတေဇောဓါတ်သည်။ဆံပင်ပေါဋ္ဌရုံ၍တည်၏ဟူမှု။အေး မှုသဘောတရားကလေးမျှသာတည်း၊ သဘောတေဇောဟူလို။

သဘောတေဇောသည်။ ဆံပင်မဟုတ်။ဆံပင်သည်။
သဘောတေဇောမဟုတ်။

၄။ စတု သမုဋ္ဌာနိ ကရုပ်။ မဟာ ဘုတ်ဟု ဆိုအပ်သော လက္ခဏာဝါယောဓါတ်သည်။ ဆံပင်ပေါဋ္ဌရုံ၍တည်၏။ ထောက် ကန်လှုပ်ရှားမှု သဘောမျှသာတည်း။ သဘောဝါယောဟူလို။

သဘောဝါယောဓါတ်သည်။ ဆံပင်မဟုတ်။ ဆံပင်သည်။
သဘောဝါယောဓါတ်မဟုတ်။

ဤကား။ ဓါတ်ဆရာ။ ဆေးဆရာ။ သမထဆရာ။ ဝိပဿနာ ဆရာတို့သည်။လက္ခဏာပထဝီနှင့်။သဏ္ဌာဝါတို့၏ အစ္စတ္တသဏ္ဍာန် ဖြစ်သော။သသမ္ဘာရပထဝီကောဋ္ဌာသကို။ခွဲခြား။ကွဲပြားအောင် အပြန်ပြန် အလှန်လှန်သိအောင် ကျိုးစားပါလေ။ ကြီသော အာ ပေါကောဋ္ဌာသ။ တေဇော ကောဋ္ဌာသ။ ဝါယော ကောဋ္ဌာသ တို့ကိုလည်း။ နည်းတူသိအောင် ကျိုးစားပါက။ မိမိတို့လိုလား အပ်သောပန်းတိုင်ကို ကေန်ရောက်ရမည်။

( ဤကား ဆံပင်အခဏ်းတည်း။ )

( လောမာ အမွေး။ )

ကာယ။ ဘာဝ။ စိတ်။ ဥ။ ဟာ။ ကလာပ် (၅) စီးနှင့် ပြည့်စုံသော။ စတုသမုဋ္ဌာနိက။ သသမ္ဘာရကောဋ္ဌာသ။ ကိုးသိန်း-ကိုးသောင်း အတိုင်းအရှည်ရှိသော အမွေးတို့သည်။ ချက်မှအောက် အထက်ရပ် နှစ်ပါးတို့၌။ ခြေဘဝါး-လက်ဘဝါးထိပင် တည်ရာ အရပ်ကိုချန်လှပ်၍၊ သရီရခေါ်သော ကိုယ်အလုံးအရေ၌၊ ကညစ်ခြေခန့်မျှ။ အမြစ်ဝင်၍တည်၏။

စတုသမုဋ္ဌာနိကရုပ်။ မဟာဘုတ် ဟုဆိုအပ်သော။ဓါတ်ကြီးလေးပါးတို့သည်။ သမုတိ သစ္စာဟုခေါ်ဆိုသော။ ကိုးသိန်း။ ကိုးသောင်းအတိုင်း အရှည်ရှိသော။ အမွေးတော်၌ရံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည်။ အမွေးမဟုတ်။

အမွေးသည် ဓါတ်ကြီးလေးပါးမဟုတ်။

နခါ ခြေသည်း-လက်သည်း။

ကာယ။ ဘာဝ။ စိတ်။ ဥ။ ဟာ။ ကလာပ်( ၅ )စီးနှင့် ပြည့်စုံသော။ စတုသမုဋ္ဌာနိက သသမ္ဘာရကောဋ္ဌာသ၊ ငါးကြင်းကြေးပွက်သဖွယ်၊ (၂၀)သော ခြေသည်း-လက်သည်းတို့သည်၊ ခြေချောင်း–လက်ချောင်းများအဆုံး၌တည်၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟုဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်၊ ထိုခြေသည်း-လက်သည်း (၂၀)တို့၌ရံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည်၊ ခြေသည်း-လက်သည်းမဟုတ်။

ခြေသည်း-လက်သည်းသည်၊ ဓါတ်ကြီးလေးပါး မဟုတ်။

( ဒန္တာ သွား။ )

ကာယ။ ဘာဝ။ စိတ်၊ ဥ၊ ဟာ၊ ကလာပ်(၅)စီးနှင့် ပြည့်စုံသော။ စတုသမုဋ္ဌာနိက သသမ္ဘာရကောဋ္ဌာသ၊ ( ၃၂ )ချောင်းသောသွားတို့သည်၊ မေးရိုးနှစ်ခု၌ ရံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟုဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်၊ ထို(၃၂)ချောင်းသောသွားဌတည်၏။

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည်။ (၃၂)ချောင်းသော သွားမဟုတ်။ (၃၂)ချောင်းသောသွားတို့သည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

( တစော အရေ )

ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်(၅)စီးနှင့်ပြည့်စုံသော၊စတုသမုဋ္ဌာနိက၊ သသမ္ဘာရ ကောဋ္ဌာသအရေသည်၊ စမ္မအရေ၊ ဆဝိအရေအားဖြင့် နှစ်ပါးရှိ၏။ ဆိုနှစ်ပါးတို့တွင်။ စမ္မ–အရေသည်၊အတွင်းဌအခေါက်ကဲ့သို့ထူ၍၊သရီရ ကိုယ်အလုံးကို ရစ်ပါတ်၍တည်၏။

ဆဝိအရေသည်။ အရေထူ၏ အထက်ဌ အလွှန်ပါးသော မှန်ကဲ့သို့ ကြည်လင်သည်ဖြစ်၍ နုနု၍တည်၏။ ထိုအရေကိုခွါ၍။ လုံးလိုက်သည်ရှိသော်။ ဇီးစေ့ခန့်ပမာဏရှိ၏ဟူလို။

စတုသမုဋ္ဌာနိကရုပ်။ မဟာဘုတ်ဟု ဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်။ ထိုအရေထူ။ အရေအပါး နှစ်ပါးတို့အပေါ်ဌ ရုံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးတို့သည်။ အရေထူ။ အရေပါးမဟုတ်။ အရေထူ။ အရေပါးသည်။ ဓါတ်ကြီးလေးပါးမဟုတ်ကုန်။

( မံသံ အသား။ )

ကာယ။ ဘာဝ။ စက်။ သော။ ဃာ။ ဇိ။ ဥ'သဒ္ဒ။ စိတ်သဒ္ဒ။ စိတ်။ ဥ။ ဟာ။ ကလာပ်(၁၁)စီးနှင့်ပြည့်စုံသော၊ စတုသမုဋ္ဌာနိက။ သသမ္ဘာရ။ ကောဋ္ဌာသ(၉၀၀)သော အသားတစ်သည်။ အရေထူ။ အရေပါး နှစ်ခုတို့၏အတွင်းဌတည်၏။

စတုသမုဋ္ဌာနိကရုပ်။ မဟာဘုတ်ဟုဆိုအပ်သော ဓါတ်ကြီးလေးတို့သည်။ထို(၉၀၀)သော အသားတုံးကို ရုံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးတို့သည်။ ( ၉၀၀ ) သော အသားတစ်မ ဟုတ်(၉၀၀)သောအသားတစ်သည်။ဓါတ်ကြီးလေးပါးမဟုတ်။

( နှာရု အကြော။ )

ကာယ။ ဘာဝ စိတ်။ ဥ။ ဟာ။ ကလာပ်( ၅ )စီးနှင့်ပြည့်စုံသော။ စတုသမုဋ္ဌာနိက သသမ္ဘာရကောဋ္ဌာသအကြောသည်။ (၉၀၀)သော အသားတုံးတို့နှင့်။ ( ၇၀၀ )သော အရိုးတို့ကို တခြားစီ မနေရအောင်။ အရိုးတခုနှင့်တခု ကိုလည်း။ တစေစီ နေရအောင် ဆိုင်းဆွဲလျှတ်။ အသားအရိုးတို့၏ အကြားအကြား၌၊ အရေအတွက် အားဖြင့်၊ ကြောသေး ကြောမတို့ (၉၀၀) ရှိသည်အပြင်၊ အရသာကိုဆောင်ရသော ( ၇၀၀၀ ) ရှိကြောင်းကိုလည်း၊ သုတ်ပါထေယျ အင်္ဂုသုတ်တွင် ဟောထားတော်မူသည်။ အသေးစိတ် အားဖြင့် ရေတွက်၍ မပြပေ။ စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟုဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်။(၉၀၀)သော ကြောသေးကြောမ (၇၀၀၀)သော အကြောတို့ ရံ၍တည်၏။

သဘော လက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည် အကြောမဟုတ်။ အကြောသည် ဓါတ်ကြီးလေးပါးမဟုတ်။

( အဋ္ဌိ အရိုး။ )

ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ် ( ၅ ) စီးနှင့်ပြည့်စုံသော၊ စတုသမုဋ္ဌာနိက၊ သသမ္ဘာရ၊ ကောဋ္ဌာသအရိုးသည်။ အရေပါး-အရေထူ-အသား-အကြော၊ ကောဋ္ဌာသတို့၏ အတွင်း၌တည်၏။ အရိုး၏ အရေအတွက် အားဖြင့်၊ ( ၇၀၀ )ရှိကြောင်း၊ အဋ္ဌကထာကြီးများတွင် ပြဆိုလေသည်။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟု ဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်၊ ထို(၇၀၀)သော အရိုးတို့ကိုရံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးတို့သည်၊ အရိုးတို့မဟုတ်ကြကုန်။
အရိုးတို့သည်၊ ဓါတ်ကြီးလေးပါး မဟုတ်ကြကုန်။
( **အဋ္ဌိမိဉ္ဇ-ချင်ဆီ**။ )

ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်( ၅ )စီးနှင့် ပြည့်စုံသော၊ စတုသမုဋ္ဌာနိက၊ သသမ္ဘာရ ကောဋ္ဌာသ ချင်ဆီသည်။ ဆိုအပ်ခဲ့ပြီးသော၊ ( ၃၀၀ )သော အရိုးတို့တွင် ရှည်သောအရိုးကြီးတို့၏ အတွင်း၌တည်၏။ အဆင်းကား၊ ဖြူသောအဆင်းရှိ၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟု ဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်၊ ဖြူသော အဆင်းရှိသော အရိုးကြီးတို့၏ အတွင်း၌နေသော၊ ချင်ဆီကိုရံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။
ဓါတ်ကြီးလေးပါးသည်၊ ချင်ဆီမဟုတ်။
ချင်ဆီသည်၊ ဓါတ်ကြီးလေးပါး မဟုတ်။

( **ဝက္က-အညှို့**။ )

ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်( ၅ )စီးနှင့် ပြည့်စုံသော၊ စတုသမုဋ္ဌာနိက၊ ကောဋ္ဌာသအညှို့သည်။ ချက်အထက်ရပ်၊ နှလုံးသားကိုခြံရံလျက် တည့်ာတည်း၌၊ သရက်သီးနှစ်လုံး ပွတ်သီးသကဲ့သို့၊ အသားနှစ်ခုပွတ်၍တည်၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟု ဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်။ ထိုနှစ်လုံးသောအညှို့ကို ရံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။
ဓါတ်ကြီးလေးပါးသည်၊ အညှို့မဟုတ်။
အညှို့သည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

( **ဟဒယ-နှလုံးသား**။ )

ကာယ၊ ဘာဝ၊ ဝတ္ထု၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်( ၅ )စီးနှင့် ပြည့်စုံသော၊ စတုသမုဋ္ဌာနိက၊ သသမ္ဘာရ၊ နှလုံး ကောဋ္ဌာသသည်။ မဒုမာ ကြာငုံအတွင်း၊ အဘတ်ကျောဘက် အဆင်းနှင့်

တူသော နီသောအဆင်းရှိ၏။ အပေါ်ဘက်ကို ခွါ၍ စောက်ထိုး ထားသော ပဒုမ်ာကြာငုံ သဏ္ဍာန်နှင့် တူ၏။ အဘက်ပြေပြစ်၏။ အတွင်း၏၊ သပွတ်ခါးသီးအူကဲ့သို့ ရှုတ်ထွေး၏။

ပညာရှိသောသူတို့၏နှလုံးသားကား၊ အဖျားတိတိ စဉ်းငယ် ပွင့်ရောင်၊ ပညာမဲ့သောသူတို့၏ နှလုံးသားကား၊ ငုံသည်ဖြစ်၍ အဖျားချွန်ရောင်ရှိ၏။ ထိုနှလုံးသား၏ အတွင်း၌၊ ပုန်းညက်စေ့ လောက်မျှ အခေါင်းရှိ၏။ ထိုအခေါင်းတွင်း၌၊ တလက်ဆွမ်း၏ တဝက်ခန့်မျှလောက် သံနီသီတသွေးသည် ပြည့်၍တည်၏။

ထိုသွေးကိုမှီ၍၊ ပရမတ်အစစ် ရုပ်ဓါတ်အစစ်ဖြစ်သော၊ ကမ္မဇ ကော်၊ ဟဒယဝတ္ထုရုပ်သည်တည်၏။ ထိုဟဒယဝတ္ထုရုပ်ကိုမှီ၍၊ မနောဓါတ်၊ မနောဝိညာဏဓါတ်တို့သည်လည်း မှီ၍တည်၏။

၁။ ရာဂစရိုက်ပြောသူအား၊ နီသောအဆင်းရှိ၏။

၂။ ဒေါသစရိုက်ပြောသောသူအား၊ မည်းနက်သော သ သပြေသီးမှည့် အဆင်းရောင်ရှိ၏။

၃။ မောဟစရိုက် ပြောသောသူအား၊ သားဆေးရေ အ ဆင်းရှိ၏။

၄။ ဝိတက် စရိုက်ပြောသော သူအား၊ ပဲပြုတ်ရေ အ ဆင်းရှိ၏။

၅။ သဒ္ဓါစရိုက် ပြောသောသူအား၊ မဟာလှေခါးပွင့် အ ဆင်းရှိ၏။

၆။ ပညာစရိုက်ပြောသောသူအား။ ပတ္တမြားကျောက် အ ဆင်းကဲ့သို့၊ သွေးသည် အလွန်ကြည်လင်သန့်ရှင်း၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟုဆိုအပ်သော ဓါတ်ကြီး လေးပါးတို့သည်။ ထိုနှလုံးသားအတွင်း၌ တည်နေသော၊ သံနီ သီတသွေးကိုရ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည်၊ သံနီသဓိတသွေးမဟုတ်။

သံနီသဓိတသွေးသည်၊ ဓါတ်ကြီးလေးပါး မဟုတ်။

( ယကန်-အသည်း။ )

ကာယ၊ ဘာဝ။ စိတ်၊ ဥ၊ ဟာ၊ ကလာပ်( ၅ )စီးနှင့် ပြည့်စုံသော။ စတုသမုဋ္ဌာနိက၊ သသမ္ဘာရ ကောဋ္ဌာသသည်။ အလယ်တွင်ကွဲသော ယောက်သွားခုံးသဏ္ဍာန်နှင့်တူ၏။ မိုက်သောသူတို့၏အသည်းကား။ အကွဲမရှိ၊ တခုတည်းကြီး၏။ လိမ္မာသောသူတို့၏ အသည်းကား၊ နှစ်ခု-သုံးခုကွဲ၏။ ငယ်၏။ အသားနှင့် သားမြတ် နှစ်ခုတို့၏အကြား၊ လက်ျာနံပါးကိုမှီ၍တည်၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟု ဆိုအပ်သော၊ ဓါတ်ကြီးလေးပါးတို့သည်၊ ထိုအသည်းကိုရုံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

( တိလောမက-အမြှေး။ )

ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ဟာ၊ ကလာပ်( ၅ )စီးနှင့် ပြည့်စုံသော၊ စတုသမုဋ္ဌာနိက။ သသမ္ဘာရ ကောဋ္ဌာသ အမြှေးသည်။ ဖုံးလွှမ်းအပ်သောအမြှေး၊ မဖုံးလွှမ်းအပ်သောအမြှေးဟူ၍၊ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ ဖုံးလွှမ်းအပ်သောအမြှေးသည်။ ချက်၏အထက်ရပ်နှလုံးသားနှင့်၊ အညို့တို့ကို၊ ဖုံးလွှမ်း၍တည်၏။ မဖုံးလွှမ်းအပ်သော အမြှေးသည်၊ ချက်မှအောက်ဘက်၊ သရီရကိုယ်အလုံး၌ရှိသော (၉၀၀) သော သားတစ်တို့ကို မြှေးယှက်၍တည်၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟု ဆိုအပ်သော၊ ဓါတ်ကြီးလေးပါးတို့သည်၊ ထိုဖုံးလွှမ်းအပ်သော အမြှေး။ မဖုံးလွှမ်းအပ်သောအမြှေးဟုဆိုအပ်သော အမြှေးကိုရုံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည်။ အမြှေးမဟုတ်။

အမြှေးသည်။ ဓါတ်ကြီးလေးပါးမဟုတ်။

( ပိဟက-အဖျဉ်း။ )

ကာယ။ ဘာဝ။ စိတ်။ ဥ။ ဟာ။ ကလာပ် ( ၅ )စီးနှင့်ပြည့်စုံသော။ စတုသမုဋ္ဌာနိက။ သသမ္ဘာရ။ ကောဋ္ဌာသအဖျဉ်းသည်။

နှလုံးသား၏ လက်ျာနံပါး၌။ အစာသစ်အိမ် အထက်၌ မိုလျက်။ လက်ခုနှစ်သစ်ခန့်မျှ နွားလျှာသဏ္ဌာန်ဖြစ်၍ တည်၏။။ အဆင်းကား။ ညိုသောအဆင်းရှိသော။. ဝမ်းလျှာဟု ဆိုအပ်သော အဖျဉ်းသည်။ ထိုးခုတ်ပုတ်ခပ်မိ၍။ အဖျဉ်းသည် ပြင်ဘက်သို့ရောက်သည်ရှိသော်။ လူသေ၏။ ယခုအခါ အဖျဉ်းကို။ သရက်ရွက် ခေါ်ကြောင်းကို။ မင်းကြီးဦးလှိုင်ဆိုသည်။

စတုသမုဋ္ဌာနိကရုပ်။ မဟာဘုတ်ဟုခေါ်သော ဓါတ်ကြီးလေးပါးတို့သည်။ အဖျဉ်းကိုနံ၍တည်၏။

သဘောလက္ခဏာ မျှသာတည်း။

ဓါတ်ကြီးလေးပါးသည်။ အဖျဉ်းမဟုတ်။ အဖျဉ်းသည် ဓါတ်ကြီးလေးပါးမဟုတ်။

( **ပပ္ဖာသံ-အဆုပ်။** )

ကာယ။ ဘာဝ။ စိတ်။ ဥ။ ဟာ။ ကလာပ် ( ၅ ) စီးနှင့်ပြည့်စုံသော။ စတုသမုဋ္ဌာနိက။ သသမ္ဘာရ ကောဋ္ဌာသအဆုပ်သည်။ အသားတုံးငယ်(၃၂)တုံး စု၍နေသော အသားတုံးကြီးတည်း။ အဆင်းကား။ အုပ်နီခဲကျိုးပုံထားသော အပုံအစုနှင့်တူ၏။ သားမြတ်နှစ်ခုတို့၏အကြား။ နှလုံးသားနှင့် အသည်းကိုဖုံးအုပ်လျက် တွဲလျားဆွဲ၍တည်၏။ ၎င်းအဆုပ်သို့ စားသောက် အပ်သော အစာကို ငါးဘို့ခွဲရာ၌။ ရသာဓါတ်မှ တဆင့်ဖြစ်သော သွေးတို့သည်။ ထွက်ပြန့်၍ မရောက်သည်ရှိသော်။ သတ္တဝါတို့သည်။ မောပန်းခြင်းသို့ရောက်သည့်ပြင်။ ၎င်းအဆုပ်အတွင်းမှာရှိသော ပိုးတို့ကလည်း။ အဆုပ်ကိုကိုက်ခဲစားသောက်ကြသဖြင့်။ အဆုပ်သည် ချောက်ခန်းခြင်းသို့ရောက်၍။ ယခုအခါ လူတို့ခေါ်ဝေါ်နေကြသော။ အလွန်ကြောက်မက်ဘွယ်ကောင်းသော။ အဆုပ်ရောဂါဖြစ်သည်ဟု ဆိုသည်။ ထိုအခါ ဒေါသ သုံးပါးတို့တွင်၊ တပါးသော်၎င်း၊ နှစ်ပါးသော်၎င်း။ သုံးပါးသော်၎င်း။ ရေးစုနှိပ်စက်သဖြင့်၊ အသက်ကို သေစေတတ်သည်ဟူလို။

( မှတ်ချက် ) ကျွန်ုပ်ရေးသားသော၊ သေသဏ္ဌာ သခေ်ပနယ ရောဂါနိဒါန်းနှင့်။ ကုထုံးကျမ်း၊ ပဥ္စမအဖျားရောဂါ ကဏ္ဍနောက်ပိုင်းတွင်။ အဆုပ်နာ ဖြစ်စေတတ်သော လက္ခဏာများကို ဖေါ်ပြထားသည့်ပြင်၊ သိုးဆောင်းကျမ်းလာ ကျမ်းဂန်ကြီးများမှာ၊ အနည်းငယ်ကောက်နှုပ်ချက်ယုတ်၍ ပြထားခြင်း။ အဆုပ်ကို ပိုးများစား၍၊ အဆုပ်ကျွန်ခန်းနေပုံနှင့်၊ အဆုပ်ကိုစားသောက်နေသော ပိုးတို့၏ပုံစံကိုဖေါ်ပြထားပါသည်။ ၎င်းရောဂါပျောက်အောင်၊ ကုစားသော ဆေးစွမ်းကောင်း များကို တနေရာတွင် ဖေါ်ပြပါမည်။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ခေါ်သော၊ ဓါတ်ကြီးလေးပါးတို့သည်၊ အသားတုံးငယ်(၃၂)တုံးတို့စုနေသော၊ အဆုပ်ကိုရုံ၍တည်၏။ ။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည်၊ အဆုပ်မဟုတ်။ အဆုပ်သည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

( **အန္တံ အူမ၊** )

ကာယ ဘာဝ၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ် ( ၅ )စီးနှင့်ပြည့်စုံသော၊ စတုသမုဋ္ဌာနိက၊ သသမ္ဘာရ၊ ကောဋ္ဌာသ၊ အူမကောဋ္ဌာသသည်။ သွေးပြည့်ကျင်း၌ အရေကိုဆုပ်၍ ထည့်ထားအပ်သော၊ မြွေပွေးကဲ့သို့၊ လည်မျိုအောက် လည်ချောင်းမှ၊ ဝစ္စမဂ်တိုင်အောင်၊ သတ္တဝါတို့၏ အဇ္ဈတ္တ ကိုယ်တွင်း၌တည်နေသော၊ ယောက်ျား(၃၂)တောင်၊ မိန်းမ( ၂၈ )တောင် ခွေလျှက်ရှိ၏။ အတွန့်အတွန့်ကလေးများ(၂၁)ခုရှိ၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟု ခေါ်သော၊ ဓါတ်ကြီးလေးပါးတို့သည်၊ ထိုယောက်ျား ( ၃၂ )တောင်၊ မိန်းမ(၂၈)တောင်၊ အတွန့်အတွန့် (၂၁) တွန့်ရှိသော အတွန့် ကလေးတို့အပေါ်၌ရုံ၍နေ၏။ ။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးတို့သည်၊ အူမမဟုတ်။ အူမသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

( အန္တဂုဏံ အူသိမ်။ )

ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်( ၅ )စီးနှင့် ပြည့်စုံသော၊ စတုသမုဋ္ဌာနိက၊ သသမ္ဘာရ ကောဋ္ဌာသ၊ အူသိမ်သည်၊ ချေသုတ်ကြိုးကိုဖွဲ့သော ကြိုးကဲ့သို့၊ နှစ်ဆက်တပါတ် ခွေလျက်ရှိသော၊ အူမကြီးကိုဖွဲ့လျက်၊ မှော်မြစ်နှင့်တူသော အူသိမ်သည်။ အူမကြီးအတွင်း အစားသစ်ကို ပါစက ဝမ်းမီးချက်၍ ရသော ရသာမည်သော ဓါတ်ဆီကိုစုတ်ယူတတ်သော အခေါင်းရှိသော အကြောမျိုးပင်တည်း၊

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟု ခေါ်ဆိုအပ်သော၊ ဓါတ်ကြီးလေးပါးတို့သည်။ ထိုအူသိမ်ကိုရံ၍တည်၏

သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးတို့သည်၊ အူသိမ်မဟုတ်။ အူသိမ်သည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

( ဥဒရိယံ-အစာသစ်။ )

ဥတုဇ၊ကလာပ်(၁)စီးနှင့် ပြည့်စုံသော၊ ဥတုဇေဇ၊ သမုဋ္ဌာနိက၊ သသမ္ဘာရ ကောဋ္ဌာသ အစာသစ်သည်၊ အစွန်းနှစ်ဘက်ကိုင်၍ ညှစ်အပ်သော စိုသောပုဆိုးအလယ်၌ အဖုကဲ့သို့၊ (၃၂) မျိုးသော၊ တက္ကောဒက အမည်ရှိသော၊ ပိုးမျိုးတို့၏ တည်နေရာ အစာသစ်အိမ်၌ တည်သော အစာသစ်သည်၊ ခွေးစားကျင်း၌၊ ခွေးအံဖတ်ကဲ့သို့ မျိုအပ်သောအစာသည်။ လည်ချောင်းမှဆင်းသော အူမအပေါက်မှ၊မဏ္ဍိမကာယခေါ် သရီရ ကိုယ်အလယ်ပိုင်း အစာသစ်အိမ်၌တည်၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟု ဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်၊ ထိုခွေးအံဖတ်နှင့်တူသော အစာသစ်အိမ် အတွင်းရှိ၊ အစာသစ်ကိုရံ၍တည်၏။

သဘောလက္ခဏာမျှသာတည်း

ဓါတ်ကြီးလေးပါးသည်၊ အစာသစ်မဟုတ်။ အစာသစ်သည်။ ဓါတ်ကြီးလေးပါးမဟုတ်။

( ကရိသံ အစာဟောင်း။ )

ဥဟုဇ၊ ကလာပ်(၁)စီးနှင့် ပြည့်စုံသော၊ ဥတုဇကေဇ သမုဋ္ဌာန်ကူ၊ အစာဟောင်းသည်၊ ချက်မှ အောက်၊ ကျောက်ကုန်းရိုး မြစ်ရင်းတို့အကြား၊ အူမ၏အတွင်း၊ အစောက်အားဖြင့်၊ လက်ရှစ်သစ်ခန့်ရှိသော ဝါးကျည်တောက်ကဲ့သို့၊ အူမ၏ အတွင်း အဆုံး၌တည်၏။

စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်ဟုဆိုအပ်သော ဓါတ်ကြီးလေးပါးတို့သည်။ ထိုအူမအဆုံး၌တည်နေသော။အစာဟောင်းကိုရုံ၍တည်၏။ ။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီး လေးပါးသည်၊ အစာဟောင်း မဟုတ်။ အစာဟောင်းသည်။ ဓါတ်ကြီးလေးပါးမဟုတ်၊

( မတ္ထလုင်္ဂ-ဦးနှောက်။ )

ကာယ။ ဘာဝ၊ စိတ်။ ဥ။ ဟာ။ ကလာပ် (၅)စီးနှင့် ပြည့်စုံသော။ စတုသမုဋ္ဌာနိက ဦးနှောက်သည်။ မုန့်ညက်ဆိုင်ခဲ လေးခုကဲ့သို့။ဥပရိကာယခေါ်။အထက်ပိုင်းဦးခေါင်းခွံ အတွင်း၌တည်၏။ စင်စစ်အားဖြင့် ချင်ဆီပင်တည်း။

စတုသမုဋ္ဌာနိကရုပ်။ မဟာဘုတ်ဟုခေါ်ဆိုအပ်သော။ ဓါတ်ကြီးလေးပါးတို့သည်။ ဦးခွံတွင်း၌တည်နေသော။ ဦးနှောက်ကို ရုံ၍တည်၏။

ဓါတ်ကြီးလေးပါးသည်။ ဦးနှောက်မဟုတ်။ ဦးနှောက်သည်။ ဓါတ်ကြီးလေးပါးမဟုတ်။

## သသမ္ဘာရ ပထဝီကောဋ္ဌာသ သမုဋ္ဌာန် ကလာပ်စီး

# ဇ ယား အကျဉ်း။

| နံပါတ် | အမည် | သမုဋ္ဌာန် | ဒသက | | နဝက | စိ | ဥ | ဟာ | ဦးရေ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကေသာ | စတုဇ | ကာ | ဘာ | | စိ | ဥ | ဟာ | ၅ |
| ၂ | လောမာ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၃ | နခါ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၄ | ဒန္တာ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၅ | တစော | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၆ | မံသံ | 〃 | 〃 | 〃 | | | | | |
| | | | စက် | သော | | | | | |
| | | | ဃာ | ဓါ | စိသဒ္ဒ | စိ | 〃 | 〃 | ၁၁ |
| ၇ | နှာရု | 〃 | 〃 | 〃 | ဥသဒ္ဒ | 〃 | 〃 | 〃 | ၅ |
| ၈ | အဋ္ဌိ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၉ | အဋ္ဌိမိဉ္ဇံ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၁၀ | ဝက္ကံ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၁၁ | ဟဒယံ | 〃 | ကာ | ဘာ | ဝဏ္ဏ | 〃 | 〃 | 〃 | ၆ |
| ၁၂ | ယကနံ | 〃 | 〃 | ဘာ | | 〃 | 〃 | 〃 | ၅ |
| ၁၃ | ကိလောမကံ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၁၄ | ပိဟကံ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၁၅ | ပပ္ဖါသံ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၁၆ | အန္တံ | 〃 | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၁၇ | အန္တဂုဏံ | စတုဇ | 〃 | 〃 | | 〃 | 〃 | 〃 | ၅ |
| ၁၈ | ဥဒရိယံ | ဥ | | | | | 〃 | | ၁ |
| ၁၉ | ကရီသံ | ဥ | | | | | 〃 | | ၁ |
| ၂၀ | မတ္ထလုင်္ဂံ | စတုဇ | ကာ | ဘာ | | စိ | 〃 | ဟာ | ၅ |
| | | | ၄၁ | | ၂ | ၁၇ | ၂၀ | ၁၈ | ၉၉ |

( မှတ်သားရန်။ ) သမုဋ္ဌာန်တို့ ပြုပြင်အပ်သော၊ ပရမတ်တရား၊ ဓါတ်တရား၊ ကလာပ်တရား၊ အင်္ဂါလေးပါးနှင့်ပြည့်စုံသော၊ တောင့်တင်းခိုင်မာသော ပထဝီဓါတ်အစစ် အဓိကလွန်ကဲခြင်းကြောင့်၊ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌၊ သမုဋ္ဌာန်တို့ ပြုပြင်အပ်သော၊ သမုတိသစ္စာဟု ခေါ်ဆိုအပ်သော၊ သသမ္ဘာရ ပထဝီကောဋ္ဌာသ( ၂၀ )တို့တွင်၊ ( ၁ ) ဉဒရိယံ၊ ( ၂ )ကရီသံ၊ ဤအစာသစ် အစာဟောင်း နှစ်ပါးမှ၊ ဉတုဇောဇ ဖြစ်၍၊ သုဒ္ဓကလာပ် တစီးစီသာ ရကြကုန်၏။

ကြွင်းသော ကောဋ္ဌာသ ( ၁၈ )ပါးတို့မှ၊ ကာယ၊ ဘာဝ၊ စိ၊ ဉ။ ဟာ၊ ကလာပ် ( ၅ )စီးရသည့်ပြင်၊ အသား၌၊ စက်၊ သော၊ ဃာ၊ ဇိ၊ စိသဒ္ဒ၊ ဉသဒ္ဒ၊ ကလာပ် (၆)စီး ပိုရသဖြင့်၊ ပေါင်း ကလာပ် ( ၁၁ ) စီး ဖြစ်၏။ နှစ်လုံးမှာ၊ ဟဒယဝတ္ထု ဒသက ကလာပ်( ၁ )စီးပို၍၊ ယခင်( ၅ )စီးနှင့်ပေါင်းသော်၊ ကလာပ် (၆)စီးရ၏ဟု၊ အထူးမှတ်သားရန် ဖေါ်ပြပါသည်။

သသမ္ဘာရ ပထဝီကောဋ္ဌာသ(၂၀)ကို။

အကျဉ်းနှုပ်ငုံဆောင်။

ကေသာဒိမတ္ထလုင်္ဂန္တာ ပထဝံသာတိ ဝီသတိမီရိတာ။

သစ္စသံခိပ် အဋ္ဌကထာ ပါဌ်အစိတ်။

ကေသာဒိ မတ္ထလုင်္ဂန္တာ၊ ကေသာအစ မတ္ထလုင်္ဂ အဆုံးရှိသော။ (ဝါ)ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ဝက္ကံ၊ဟဒယံ၊ ယကနံ၊ကိလောမကံ၊ပိဟကံ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ဉဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ အဆုံးရှိသော ဝီသတိ (၂၀)ကုန်သော၊ ဗုဒ္ဓတိဗုဒ္ဓမဒေအံသော၊ ဤအစုတို့ကို၊ ပထဝံသာတိ၊ အဋ္ဌကထာဆရာတို့က သသမ္ဘာရ၊ ပထဝီကောဋ္ဌာသအစုတို့ဟူ၍၊ ဤရိတာ ဟောအပ်၏။

**( တနည်း ပထဝီကောဋ္ဌာသ ဆောင်ပုဒ်။ )**

မြေဓါတ် ပထဝီ၊ အညီနှစ်ဆယ်၊ ဘေဝန်သွယ်ကာ၊ အသား အရေ၊ လက်ခြေအသည်း၊ သွားလည်းဆံပါ၊ အစာသစ်ဟောင်း။

တကြောင်း အမှေး၊ အဆုပ် အဖျဉ်း ရိုးတွင်း၊ ချင်ဆီ၊ တလီအရိုး တမျိုးကြောမ၊ ကြောသေးရဏ်၊ အူမအူသိမ်၊ ယူချိန်အသီး၊ အညို့လည်းကောင်း၊ ဦးနှောက်နှလုံး၊ တွက်ကြိုးပထဝီ၊ အညီနှစ်ဆယ်၊ ယူဘွယ်မယွင်း၊ လိုရင်းဖွေရှာ၊ ဝေဒနာမှာ၊ အစာသစ်ဟောင်း၊ အကြောင်းနှစ်ပါး၊ အရင်းထားရှင့်၊ မှတ်သားလက္ခဏာ။ အသားအရေ၊ အားတတွေတို့၊ ပွားစေတရေး။ ဆွေးနွေးခလေ့။ အတွေ့ခံစား။ တခြားထိုမှ။ ကက္ခဠမှန်။ ကြမ်းတမ်းတဝ။ ထဒ္ဓဟာနဲ။ အခဲအဖုံ။ လုံးစုမာကျိတ်။ သမ္ဗန္ဓိတ်နှင့်။ ခံလင့်မရွှင်း။ ဆောင်ခြင်းလက္ခဏာ။ ရှိပါမယုတ်။ အပုတ်အဟာရ။ ထိုနှစ်ဝလည်း။ သွင်းကြပထဝီ။ အညီတကွ။ ယူရန် ပြသည်။ ငှုခ။ မြွနယ်သော်။

သာဓကလွှတ်၍ပြလိုက်သည်။ မှတ်သားဘွယ်တည်း။

( ဆေးကျမ်းလာ ပထဝီလက္ခဏာ(၈)ပါး။ )

(၁) ကျမ်းတမ်းခြင်း။ (၂) တောင့်မာခြင်း။ (၃) ဝမ်းကျခြင်း။ (၄) ဝမ်းပျက်ခြင်း။ (၅)ကြုံလှီခြင်း။ (၆) ဖေါရောင်ခြင်း (၇) ပင်ပန်းခြင်း။ (၈)တွေဝေခြင်း။ ဤ(၈)ပါးတည်း။

သာဓကလွှတ်၍ပြလိုက်သည်၊ မှတ်သားဘွယ်တည်း။

( ဆေးကျမ်းလာ ပထဝီဓါတ်ပျက်သော လက္ခဏာဆောင်ပုဒ်။ )

ပထဝီဓါတ်။ ပျက်စီးလင်မူ။ သေတတ်သူကား။ ရုပ်အပြားကို။ မှတ်သာဘွယ်ရာ။ နိဒါန်းဖြာအံ့။ အင်္ဂါခေါင်းတွင်။ လက်ျာတင်လျက်။ ဝဲဘက်မျက်စိ။ မှိတ်လေဘိ၍။ ရှုကြည့်လက်ျာ။ ကြည့်စေပါက။ နှာဖျားကိုပင် သူမမြင်သည်။ ဤတွင်ယောက်ျား၊ ရှာဖွေထားလော့။ တပါးတဝ။ မိန်းမျောမှ။ ပြန်ဘက်ဟူက။ သိရှိကြလိမ့်။ ထိုမှတဖြာ၊ မှတ်သားရာသား။ အင်္ဂါသရုပ်။ ဖေါ်ထုတ်အမြွက်။ နားရွက်နောက်လန်။ ညွတ်ကျိုးပြန်၍။ မမှန်သားရေ၊ ညှိုးနွမ်း လေမူ။ ထိုသူအား။ အယူ စကား။ မှတ်သား မသိ။ လျောင်းစက်ဘိလည်း။ လျော့ဘိပါဒေ။။ တွေ့ရှိလေက။ ဧကေကပင်။ သေအရှင်တို့။ ဤတွင် ဆုံးဖြတ်။ သေဘို့မှတ်က၊ ဓါတ်

ချုပ်ရက်လျှင်။ ငါးရက်မြင်သည်။ စောလျှင်နံက် ညစ္စဦးတည်း။

**ဤကားသေလက္ခဏာသာ၀ကေလွှတ်၍ပြလိုက်သည်၊ မှတ်သားဘွယ်တည်း**

ဤသည်လျှင်။ ဒေသနာနယ။ ဘေသဇ္ဇနယလာ။ သသမ္ဘာရ ပထ၀ီကောဋ္ဌာသ(၂၀) လက္ခဏာ(၈)ပါး။ ကောက်နှုပ်ချက်ပြ လိုက်သည်။ ဆေးဆရာ။ ဓါတ်ဆရာတို့။ အလိုဆန္ဒရှိသည်ကို။ အသုံးပြုနိုင်ကြပါစေသော်။

ဤကား။ သသမ္ဘာရ အဇ္ဈတ္တ ပထ၀ီကောဋ္ဌာသ(၂၀)နှင့်။ ဆေးကျမ်းလာ ပထ၀ီလက္ခဏာ(၈)ပါး ပြဆိုသော။သသမ္ဘာရ ပထ၀ီ ၀ိနိစ္ဆယပြခြင်းအခန်း နိဋ္ဌိတံ။

**( ဗာဟိရ ပထ၀ီကောဋ္ဌာသ ဟူသည်။ )**

( အယလောဟ လေးမျိုး။ )

၁။ သံဓါတ်။ ၂။ ထယ်သံ။ ၃။ ကြေးဖြူစသည်တို့နှင့် ရောသောကြေး။ ၄။ သံချေး။ ဟူ၍ လေးမျိုး။

( (ထိုလေးမျိုးတို့တွင် သံဓါတ်(၇)မျိုး။ )

၁။ သံတွေ။ ၂။ ငွေ။ ၃။ ရွှေ။ ၄။ သလွဲစင်-သလွဲဖြူ ၅။ သလွဲမြည်။ ၆။ ကြေးနီ။ ၇။ သံမဏိ-သံရှင်လည်းဟူလို။ ထို ၇-မျိုးတို့ ဇာတိလောဟဟူ၍ခေါ်ဆိုသည်။

၀ိဇာတိလောဟ ခေါ်သော ထယ်သံကား အပြားမရှိ။

( ကြေးသုံးမျိုး။ )

၁။ ကြေးပုတ်။ ၂။ ကြေးဖြူ ၃။ ကြေး၀ါ။ ကြေးဖြူစသည်တို့နှင့်။ ပေါင်းစပ်ရောနှော၍ ပြုလုပ်ထားသော။ ကိတ္တိမဓလောဟကြေးတို့ပေတည်း။

( ပိသာစ လောဟ။ သံချေး(၈)မျိုး။ )

၁။ သံကျောက်- ၂။ သံကျွတ်။ ၃။ သံပွက်-သံမြုတ်။ ၄။ သွတ်သံ။ ( သံပြန် ) ၅။ သံမွတ်။ ၆။ သံလိုက်။ ၇။ သံခဲ။ ၈။ သံချေး။

ဤ(၈)မျိုးတို့ပေတည်း။

ဆိုအပ်ခဲ့ပြီးသော သံမျိုးတို့တွင်။ သံခါတ် (၅)မျိုးကို။ ဓါတုဝိဘင်းပါဠိတော်၌။ အသီးအခြားပြသည်။

ပါဠိတော်၌ အသီးအခြားပြသော။ သံခါတ်(၅)မျိုးကား။

၁။ သံ။ ၂။ ငွေ။ ၃။ ရွှေ။ ၄။ သလွဲဖြူ။ (ခဲမဖြူ) ၅။ သလွှဲမည်း။(ခဲမည်း)

ဤသို့ပါဠိတော်၌ အသီးအခြားဟောအပ်သော။ အထက်ပါ သံခါတ်(၅)မျိုးမှတပါး။ အဌကထာ၌ လာသော။ သံခါတ်အဝင်အပါဖြစ်သည့်။

၁။ ကြေးနီ။ ၂။ သံမဏိ - နှင့် တကွ။ ၃။ ကြေးပုတ်။ ၄။ ကြေးဖြူ။ ၅။ ကြေးဝါ။ ၆။ ဘော်။ ၇။ ဘင်။ ၈။ ကျွတ်။ ၉။ သွတ်။ ဤသို့ဖော်ပြပါအစရှိသော။ သံ-ကြေးအလုံးစုံဟူသမျှတို့ကို။ လောဟ ဟူ၍သိကြပါကုန်။ အကျဉ်း သိသာရုံဖော်ပြခြင်းတည်း။

ဤကား ဗာဟိရ သသမ္ဘာရ ပထဝီကောဋ္ဌာသ ပြဆိုခြင်းနိဋ္ဌိတံ။

**( အာရမ္မဏ ပထဝီ သမုတိ၏ပထဝီကဏ္ဍ။ )**

( ထိုပထဝီလေးမျိုးတို့တွင်၊ အာရမ္မဏ ပထဝီ။ )

ပထဝီ ကသိဏာမေ၊ ကောသဥ္စာနာတိတိ အာဒိသု။
အာဂတာပန အာရမ္မဏ ပထဝီနိမိတ္တ ပထဝီတိပိ ဝုစ္စတိ၊

ပထဝီ ကသိဏာမေ ကောသဥ္စာ နာတိတိ အာဒိသု။ ပထဝီကသိဏာမေ၊ ကောသဥ္စာနာတိ၊ ဤသို့အစရှိသည်တို့၌။ အာဂတာပန၊ လာသော ပထဝီသည်ကား။ အာရမ္မဏ ပထဝီ၊ အာရမ္မဏ ပထဝီမည်၏။ နိမိတ္တ ပထဝီတိပိ၊ နိမိတ် ပထဝီ ဟူ၍ လည်း၊ ဝုစ္စတိ ဆိုအပ်၏။

( မြန်မာပြန်။ )

၁။ ပထဝီကသိဏာမေ၊ ကောသဥ္စာနာတိ၊ ဤသို့အစရှိသည်တို့၌၊ လာသောပထဝီကား၊အာရမ္မဏပထဝီ၊နိမိတ် ပထဝီလည်းဟူလို။

## ( နိမိတ်ပထဝီ။ )

၁။ ပရိကမ္မနိမိတ်။ ၂။ ဥဂ္ဂဟနိမိတ်။
၃။ ပဋိဘာဂနိမိတ်။

ဤသို့နိမိတ်သုံးပါးကို ကသိုဏ်းပရိကံပြု၍၊ ကသိုဏ်း (၁၀) ပါးကို အားထုတ်ကြကုန်၏။

ချဲ့၍ပြဦးအံ့။ ကသိဏသဒ္ဒါသည်၊ အလုံးစုံသော သကလ အနက်ကိုဟော၏။ တစိတ်မျှသော အနက်ကို မဟောဟု၊ အဘိဓါန်ဋီကာမဂ္ဂလာန်သုတ် အဖွင့်၌ပြဆိုလေသည်။

ပထဝီယေဝ ကသိဏံ၊ ပထဝီ ကသိဏံဟု ဖွင့်ပြပြန်သဖြင့်။ သသမ္ဘာရ ဗာဟိရမြေကြီးသည်၊ ဝါ-သစ်ပင်၊ တောတောင်၊ ရေ၊ အဆောက်အဦး အစရှိသည်တို့ ခန့်ခန့်ငြားငြား တည်၍ နေနိုင်သော သသမ္ဘာရမြေကြီး၏ အဝန်းသည်ပင်လျှင်၊ တစိတ် တဒေသ မယူမူ၍၊ အပိုင်းအခြား မရှိသော မြေကြီး အရပ်သို့၊ ပဃဝီ ပထဝီ ဟူသော၊ဘာဝနာ မနသိကာရဖြင့်၊ နှံ့စေသည်၏ အဖြစ်၊တစိတ်တဒေသကိုအာရုံမပြုမူ၍၊ ပထဝီမဏ္ဍလ၌ အလုံးစုံ သောအရပ်ကို အစေ့အစပ် အာရုံပြုသောကြောင့်၊ ကသိုဏ်း မည်သတည်း။

ထိုကသိုဏ်း(၁၀)ပါးတို့တွင်၊ ပထဝီကသိုဏ်းကို စီးဖြန်းလို သော အဓိကာရ ယောဂီပုဂ္ဂိုလ်သည်၊ နေအရုဏ်အဆင်းနှင့်တူ သော မြေကြီးကို၊ (ဝါ) သသမ္ဘာရ ပထဝီမြေကြီးကို၊ ကြီးစွအ ဆုံး ကောက်နယ်တလင်းဝန်းခန့်၊ငယ်စွအဆုံး ခွက်ငယ် စကော မျှ။ အခြင်း တထွာ လက်လေး သစ်ခန့် ရှိသော ကသိုဏ်းကို၊ ပြု၍ စီးဖြန်း၏ ဝိပဿနာဆရာ၊ သမထဆရာ၊ ဆေးဆရာ၊ ဓါတ်ဆရာတို့၊ သူ့အသုံးနှင့် သူသုံးလျှင်၊ တမဂ်တဖိုလ် ရက်တို တိုနှင့် ရရှိရေး၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ ရောက်ရှိရေးနှင့်၊ ဆေး ဆရာ။ ဓါတ်ဆရာများ၊ သူနာရောဂါ[illegible]သ၍ ပျောက်ကင်းချမ်း သာရေး မခဲရင်းပြီ။

ဤကား၊ အာရမ္မဏပထဝီအခဏ်းကောက်နှုပ်ချက်ပြခြင်း ပြီး၏

ဤကား သမထယောဂီတို့ အသုံးပြုသော သသမ္ဘာရ ဗာဟိရ နိမိတ်ပထဝီကို ပြခြင်းတည်း။

ထိုပထဝီလေးမျိုးတို့တွင် သမုတိပထဝီ။

ပထဝီကသိဏဇ္ဈာနလာဘီ၊ ဒေဝပေယျာဒေ့နိဗ္ဗတ္တော၊ အာဂမနဝသေန၊ ပထဝီ ဝေ့ဝနံ့ာမံ လာဘတိ၊ သမုတိ ပထဝီတိ၊ ဝေဒိတဗ္ဗာ။

ပထဝီကသိဏဇ္ဈာနလာဘီ၊ ပထဝီကသိုဏ်းကို စီးဖြန်းအားထုတ်သော၊ ယောဂီပုဂ္ဂိုလ်အား ( ၁၁၃၂ ) ဒေဝ လောကေ၊ နတ်ပြည်၌၊ နိဗ္ဗတ္တော၊ ဖြစ်သည်ရှိသော်၊ အာဂမန ဝသေန၊လာသည်၏ အစွမ်းအားဖြင့်၊ ပထဝီဝေ့ဝနာမံ၊ ပထဝီဟူသော အမည် ပညတ်ကိုသာ ချင်၊ လာဘတိ၊ ရ၏၊ အယံ၊ဤသို့ ခေါ်ဝေါ်သမုတ်အပ်သော ပထဝီသည်၊ သမုတိ ၊ သမုတိ ပထဝီမည်၏။ ဣတိဤသို့၊ ဝေဒိတဗ္ဗာ သိအပ်၏

( မြန်မာပြန် )

ဤပထဝီလေးမျိုးတို့တွင်၊ နိမိတ် ပထဝီ ကသိုဏ်းကို စီးဖြန်းအားထုတ်၍ရျာန်ရသောယောဂီပုဂ္ဂိုလ်သည်၊ စုတေ၍ သေလွန်သောအခါ၊ နတ်ပြည်၌ဖြစ်သည်ရှိသော်၊ လူ့ပြည်မှ၊ ပထဝီကသိုဏ်းကို အားထုတ်၍ လာသည်၏။ အစွမ်းအားဖြင့်၊ပထဝီဟူသော အမည်ကိုသာလျှင်ရ၏။ ဤပထဝီသည်၊ သမုတိပထဝီမည်၏။

ဤကား သမုတိပထဝီကိုပြခြင်းတည်း။

၁။ လက္ခဏာပထဝီ။ ၃။ အာရမ္မဏပထဝီ။
၂။ သသမ္ဘာရပထဝီ။ ၄။ သမုတိပထဝီ။

ဤသို့အားဖြင့်၊ ပထဝီ လေးမျိုး ပြသကြောင်းကို သာကေစုံလင်စွာနှင့်ပြခဲ့သည်။

( ဤကား ပထဝီ လေးမျိုးပြခြင်း နိဋ္ဌိတံ )

**No. 13**

# ဓါတုအာပေါ ပဌမကဏ္ဍ။

အာပေါ လေးမျိုး လေးစား ရှိပုံ။

( သာဓကပါဠိ )

တတ္ထလက္ခဏာအာပေါ၊ သသမ္ဘာရအာပေါ၊
အာရမ္မဏာအာပေါ။ သမုတိအာပေါ၊ စတုဗ္ဗိဓေါ အာပေါ။

( မူလပရိယာယသုတ် အဌကထာ။ )

တတ္ထ၊ ထိုစကားရပ်၌၊ အာပေါ၊ အာပေါသည်။ လက္ခဏာအာပေါ၊ လက္ခဏာအာပေါရင်း။ သသမ္ဘာရအာပေါ၊ သသမ္ဘာရအာပေါရင်း။ အာရမ္မဏာအာပေါ၊ အာရမ္မဏာအာပေါရင်း၊ သမုတိအာပေါ၊ သမုတိအာပေါရင်း။ ဣတိ၊ ဤသို့၊ အာပေါ၊ အာပေါသည်၊ စတုဗ္ဗိဓေါ၊ လေးပါးအပြားရှိ၏။

( မြန်မာပြန် )

၁။ လက္ခဏာအာပေါ။ ၃။ အာရမ္မဏာအာပေါ။
၂။ သသမ္ဘာရအာပေါ။ ၄။ သမုတိအာပေါ။

ဤသို့အားဖြင့်၊ အာပေါဟူသည်၊ လေးမျိုးပြားလေသည်။

(မေး) စတုသမုဋ္ဌာနိကရုပ်၊ လေးပါးသောမဟာဘုတ်တို့တွင်၊ အာပေါဟူသည်။

၁။ အဘယ်ကြောင့်၊ အာပေါမည်သနည်း။
၂။ အဘယ်ကြောင့်၊ အာပေါဓါတ်မည်သနည်း။
၃။ အဘယ်ကြောင့်၊ လက္ခဏာအာပေါမည်သနည်း

(ဤကား အမေးပုစ္ဆာသုံးချက်။)

(ဖြေ) ထိုအမေးသုံးချက်တို့တွင်၊ပဌမ(၁)အမေးကိုဖြေအံ့။
အပ္ပေါတိအပ္ပါယတိ အာပါယတီတိအာပေါဟု ၀ိဂ္ဂဟပြု။
ယောသဘာဝေါ၊ အကြင်တရားသဘောသည်။ အပ္ပေါတိ၊ သက်လျှောယိုစီးတတ်၏။ တနည်း၊ ယောသဘာဝေါ၊ အကြင်တရားသဘောသည်၊ သဟဇာတဓမ္မေ၊ ကြွင်းသောဘုတ်သုံးပါးအပေါင်းကို၊ အပ္ပါယတိ၊ သွေ့ခြောက်စေတတ်၏။ ဣတိ၊ ထိုကြောင့်၊ အာပေါ အာပေါမည်၏။(တနည်း၊)ယောသဘာ

ဝေါ၊ အကြွင်တရားသဘောသည်။ ပထဝီဓါတုံ ။ ပထဝီဓါတ်ကို အာပါယတိ။ ဗြူဟေတိ ဝဍ္ဎေတိ။ ပွားစေတတ်၏။ ဣတိ။ ထိုကြောင့်။ အာပေါ အာပေါမည်၏။

( မြန်မာပြန် )

အာပေါဟူသည်၊ သက်သျှောယိုစီးစေတတ်၏။ အာပေါဟူသည်။ မိမိမှကြွင်းသော ဘုတ်သုံးပါးအပေါင်းကို။ ခြောက်သွေ့စေတတ်၏။ အာပေါဟူသည်။ ပထဝီဓါတ်ကို ပွားစေတတ်၏။ ထိုကြောင့်။ အာပေါမည်၏ဟု။ အဖြေပေးရသည်။

(ဤကား ပဌမအမေးကို အဖြေပေးခြင်းတည်း။)

(ဖြေ) ဒုတိယ (၂) အမေး ဖြေ။ အတ္တနော သဘာဝံ။ ဓါရေတီတိ ဓါတု (အနုဋီကာ) အတ္တနော။ မိမိ၏ သဘာဝံ။ သဘောကို ဓါရေတိ၊ ဆောင်တတ်၏။ ဣတိ။ ထိုကြောင့်။ သောသဘာဝေါ ထိုတရားသဘောသည်။ ဓါတု။ ဓါတ်မည်၏။ အဓိပ္ပါယ်လွယ်၏။

( ဤကားဒုတိယအမေးကိုအဖြေပေးခြင်းတည်း။ )

(ဖြေ) တတိယ (၃) အမေးဖြေ။ အတ္တနော လက္ခဏံ။ ဓါရေတီတိ ဓါတု ( မဏိဋီကာ ) ယာဓမ္မဇာတိ။ အကြွင်တရားသဘောသည်။ အတ္တနော။ မိမိ၏။ လက္ခဏံ။ လက္ခဏာကို။ ဓါရေတိ ဆောင်တတ်၏။ ဣတိ။ ထိုကြောင့်။ သာဓမ္မဇာတိ။ ထိုတရားသဘောသည်။ ဓါတု။ ဓါတ်မည်၏။

( မြန်မာပြန် )

အကြွင်တရားသဘောသည်။ မိမိ၏ လက္ခဏာကို ဆောင်တတ်၏။ ထိုကြောင့်။ ထိုတရားသဘောသည်။ ဓါတ်မည်၏ဟူလို။

ကြွင်းသမျှ( ပထဝီဓါတု ဧသေဝနယော )

ဤကား တတိယအမေးကို အဖြေပေးခြင်းတည်း။

( **လက္ခဏာအာပေါ။ ဓါတုအာပေါသည်။ အင်္ဂါလေးပါးရှိပုံ** )

သာပဂ္ဃရဏ လက္ခဏာ၊ အဗန္ဓနလက္ခဏာ (ဝါ) ဗြူဟနရသာ သင်္ဂဟ ပစ္စုပဋ္ဌာနာ သေသဓါတုတ္တယ ပဒဋ္ဌာနာ။

( အဋ္ဌသာလိနီ အဋ္ဌကထာ။ )

တစ္စ။ ထိုဓါတ်လေးပါးအပေါင်းတို့တွင်၊ အာပေါဓါတ်၊ ထိုအာပေါဓါတ်သည်၊ ပဂ္ဃရဏလက္ခဏာ၊ ယိုစီးခြင်းလက္ခဏာရှိ၏။ တနည်း၊ အာဗန္ဓန လက္ခဏာ၊ ဖွဲ့စီးခြင်း တည်းဟူသော၊ လက္ခဏာရှိ၏။ ဗြူဟနရသာ၊ ပွားစေခြင်းတည်းဟူသော ကိစ္စရှိ၏။ သင်္ဂဟပစ္စုပဋ္ဌာနာ၊ သဟဇာတ်တရားတို့ကို ချီးမြှောက်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။သေသ ဓါတုတ္တယ ပဒဋ္ဌာနာ မိမိမှကြွင်းသော၊ဓါတ်သုံးပါး လျှင်နီးစွာသော အကြောင်းရှိ၏။

တနည်း။ အာပေါဓါတ်အစစ်၏ သဘောသည်၊ ယိုစီးသော အားဖြင့်၎င်း။ ဖွဲ့စီးသောအားဖြင့်၎င်း၊ သဟဇာတ် တရားတို့ကို ပေါင်းစုသော အားဖြင့်၎င်း၊ သဟဇာတ် တရားတို့ကို ပွားများ ပြည့်ဖြိုး စေတတ်သော ကြောင့်၎င်း။ ဤသို့စသည့်အင်္ဂါနှင့်ပြည့်စုံသောကြောင့်သာလျှင်၊ အာပေါဓါတ်အစစ်ဟူလို။

ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားရပ်သည် မှန်၏၊၊ အဘယ်ကြောင့်ဟူမူ၊ အာပေါဓါတ်အစစ်သည်။ သင်္ဂဟိတ ပစ္စုပဋ္ဌာန်ရှိသောကြောင့်ဟူလို။

အဘယ်ကြောင့် သင်္ဂဟိတ ပစ္စုပဋ္ဌာန်ရှိသနည်းဟူမူ၊ ဗြူဟနရသရှိသောကြောင့်ဟူလို၊

အဘယ်ကြောင့် ဗြူဟနရသ ရှိသနည်းဟူမူ၊ အာဗန္ဓနပဂ္ဃရဏ လက္ခဏာရှိသောကြောင့် ဟူလို။

ဤသို့လျှင် ပရံပရဟိတ်အနေအားဖြင့်၊ ထိုပထဝီဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်ဟုဆိုအပ်သော ဓါတ်သုံးပါးတို့ကဲ့သို့ ဖေါ်ဒွေဗ္ဗတရား မရှိငြားသော်လည်း၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသောကြောင့်၊ ပရမတ်အနှစ် အာပေါဓါတ်အစစ်မည်၏ဟူလို။

( စောဒနာငြားအံ့။ )

ထိုအာပေါဓါတ်၏စီယိုးခြင်းသဘော၊ အရည်ဖြဲဝ သဘောစသည်တို့၏ အဖြစ်ကို၊ အဘယ်အကြောင်းကြောင့် ပဂ္ဃရဏသကိုဘောမြင်သဖြင့်သိနိုင်ပါအံ့နည်းဟူငြားအံ့။

(ဖြေ) အကယ်၍ အာပေါဓါတ် အစစ်သည်၊ အရည်ဖြစ်သောဟ ပဿရဏလက္ခဏာမရှိသည်ဖြစ်အံ့။ သဟဇာတ်တရားတို့ကို ဖွဲ့စီးခြင်းကိစ္စ မပြီးစေနိုင် သောကြောင့်ငှင်း။ ထိုဖွဲ့စီးခြင်းကိစ္စမပြီးစေကဲ့သော်၊ သဟဇာတ်တရားတို့ကို၊ ပွားများတိုးတက်ပြည့်ဖြိုး စေခြင်း၊ ဗြူဟနရသ မပြီးစေနိုင် သောကြောင့် ငှင်း။ ဗြူဟနရသ မပြီးစေနိုင်လျှင်၊ သဟဇာတ် တရားတို့ကို ဖွဲ့စီးသောအားဖြင့်ငှင်း။ တကွပေါင်းရုံး၍ယူအပ်သော အခြင်းအရာအားဖြင့်ငှင်း။ ဥာဏ်အား ရှေ့ရှု ထင်နိုင် သောကြောင့်ငှင်း။ ဤသို့သော အကြောင်းတို့ကြောင့်၊ အာပေါဓါတ် အစစ်၊ ပဿရဏသဘောလက္ခဏာရှိသည့်၏ အဖြစ်ကိုသိနိုင်ရာ၏။

ဤသည်လျှင် အာပေါဓါတ်၏၊ ပရိယာယ် အနေအားဖြင့်ဖော်ပြခြင်းတည်း။

၁။ ယိုစီးခြင်း လက္ခဏာရှိ၏။

၂။ ဖွဲ့စီးခြင်း လက္ခဏာရှိ၏။

၃။ သဟဇာတ်တရားတို့ကို ပွားစေခြင်းကိစ္စ ရသရှိ၏။

၄။ သဟဇာတ် တရားတို့ကို ပေါင်းစုခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။

၅။ မိမိမှ ကြွင်းသော ဓါတ်သုံးပါးလျှင် နီးစွာ သော အကြောင်းရှိ၏။

ဤကား အမေးသုံးချက်၊ အဖြေသုံးချက်ကိုပြလိုက်သည်၊ ပထဝီ နည်းတူ ယူပါလေ။

(မေး) အဘယ်သို့လျှင် ရှေးရှုထင်သနည်းဟူမူ။

(မဟာဋီကာ-၄၂၉-) ၃။

(ဖြေ) ဗာဟိရဥ္စ ဖြစ်သော၊ အာပေါဓါတ် အဓိကလွန်သော၊ သသမ္ဘာရရေသည်။ ရေချိုကသယ်မှုနဲ့ အပေါင်းတို့ကို၊ ဖွဲ့စီးသောအားဖြင့်၊ တကွပေါင်းရုံး၍ယူအပ်သော အခြင်းအရာအားဖြင့်ထင်သကဲ့သို့၊ သဟဇာတ်တရားတို့ကို၊ ဖွဲ့စီးသောအားဖြင့်၊ တကွပေါင်းရုံး၍ယူအပ်သည့်၏အဖြစ်ဖြင့်၊ ဥာဏ်အားရှေး

ရှုထင်သော အခြင်းအရာရှိ၏ဟူလို။

တနည်း (မြေ) မဟာဋီကာ(၄၃၃)-၂၅။

အာပေါဓါတ်အစစ်သည်၊ ယိုစီးသောသဘောရှိသည်၏ အဖြစ်ကြောင့်၊ အရည်သဘော၊ ဒြဝတာသဘောဟု ဆိုအပ်သော လက္ခဏာရှိ၏။ ထိုကြောင့်သာလျှင်၊ သဟဇာတ် တရားတို့ကို၊ ဖွံ့စီးခြင်းကိစ္စပြီးစေနိုင်သည်၊ ထိုသို့ ပြီးစေနိုင်သောကြောင့်သာလျှင်၊ ဗြူဟဏရသကို ပြီးစေနိုင်၏။ ဗြူဟနရသကို ပြီးစေနိုင်သောကြောင့်သာလျှင်၊ သင်္ဂဟိတ ပစ္စုပဋ္ဌာန်အားဖြင့်၊ ဉာဏ်အားရှေးရှုထင်နိုင်သည်၊ ထိုသို့ ဉာဏ်အား ရှေးရှုထင်နိုင်သောကြောင့်သာလျှင်။ ပရမတ်အနှစ် အာပေါဓါတ် အစစ်အား။ ပဋ္ဌရဏသဘော ယိုစီးခြင်းလက္ခဏာရှိ၏ဟုမှတ်။

တနည်း၊ အဘိဓမ္မာဝတာရဋီကာ(၁၄၀)-၃။

အာပေါဓါတ်အစစ်သည်၊ ယိုစီးသောအခြင်းအရာအားဖြင့်၄င်း။ ဖွံ့စီးသောအခြင်းအရာ အားဖြင့်၄င်း။ သဟဇာတ်တရားတို့၏ ပေါင်းစုသောအားဖြင့်၄င်း။ အာပေါဓါတ်မှ ကြွင်းသည့်၊ ဘုတ်သုံးပါး တရားတို့ကို၊ ပျံ့နှံ့၍ ရောက်စေသောကြောင့်သာ အာပေါဓါတ်အစစ်မည်၏ဟူလို။

စင်စစ်အားဖြင့်၊ ထိုအာပေါဓါတ်အစစ်သည်။ မိမိချည်း မဖွံ့စီးနိုင်ဟုမှတ်။ မိမိမှ ကြွင်းသော သဟဇာတ် တရား သုံးပါး။ ပထဝီဓါတ်၊ အင်္ဂါလေးပါးနှင့် ပြည့်စုံရမည်။ တေဇောဓါတ်၊ အင်္ဂါလေးပါးနှင့်ပြည့်စုံရမည်။ ဝါယောဓါတ်၊ အင်္ဂါလေးပါးနှင့် ပြည့်စုံရမည်။ ထိုအင်္ဂါလေးပါးစီနှင့် ပြည့်စုံသော ဓါတ်သုံးပါးတို့ အစောင့်အရှောက်ကိုရမှသာလျှင်။ ပဋ္ဌရဏ။ အာဗန္ဓန။ ဗြူဟန။ သင်္ဂဟိတ ပစ္စုပဋ္ဌာန်တို့ဖြင့် ထင်ထင်ရှားရှားကြီး။ သိမြင်မှတ်သားစေရမည်၊ ယူသဂတာ။ အာဗန္ဓဏ လက္ခဏာ။ အာပေါဓါတ်အစစ်ဖြစ်နိုင်၏ဟုမှတ်။

ဤကား။ အာပေါဓါတ်၏ ပဒဋ္ဌာန် အကျယ် ရှင်းပြချက်

ဓာတုအာပေါ ပဋ္ဌမအခဏ်း နိဋ္ဌိတံ။

( ဆေးဆရာများ-ယောဂီများ-အသုံးပြုရမည်။ )

ကာယဂတ် သသမ္ဘာရ သခုတ်သ စွာခေါ်သော။ အဇ္ဈတ္တ ကာ။

ဗာဟိရ၊ သသမ္ဘာရအာပေါ ကောဋ္ဌာသအကြောင်း။

သာဓကပါဠိ။

အာပေါကသိဏံ ဥဂ္ဂဏှန္တော အာသွိ့နိမိတ္တံ ဂဏှာတီတိ အာဒိသု ဝုတ္တော သသမ္ဘာရအာပေါ၊ ယေပိတ္တံ သေမှန္တိ အာဒိနာ နယေန ဒွါဒသဓာဘေဒါ။ အဇ္ဈတ္တိကာ အာပေါ ဓါတုယံ ဗာဟိရံ အာပေါ အာပေါဂတံ သိနေဟော သိနေဟဂတံ။ ဗန္ဓနတ္တံ ရူပဿ၊ ဗဟိဒ္ဓါ အနုပါဒိန္နံ ယထိဒံ၊ မူလရသော ခန္ဓရသော၊ တစရသော၊ ပတ္တရသော၊ ပုပ္ဖရသော၊ ဖလရသော၊ ခီရံ ဒဓိ၊ သပ္ပိနဝနီတံ တေလံ မဓုဖါဏိတံ ဘူမာနိဝါ၊ ဥဒကာနိဝါ၊ အန္တလိက္ခာနိဝါတိ။ ဧဝံဝုတ္တာစ ဗာဟိရာ၊ အာပေါဓါတူတိ ဝုတ္တော။

အာပေါကသိဏံ၊ ဥဂ္ဂဏှန္တော အာသွိ့နိမိတ္တံ ဂဏှာတိ အာဒိသု၊ ( လ ) နိမိတ္တံ ဂဏှာတိ၊ ဤသို့၊ ဓါတုဝိဘင်း အစရှိသော ပါဠိတော်၌၊ ဝုတ္တော၊ ဟောတော်မူအပ်သော အာပေါသည်။ သသမ္ဘာရ အာပေါ၊ သသမ္ဘာရ အာပေါမည်၏။ ယေပိတ္တံ သေမှန္တိ အာဒိနာ၊ ယေပိတ္တံ သေမှ၊ ဤသို့အစရှိသောနည်းဖြင့်၊ ဝုတ္တာ၊ ဟောတော်မူအပ်သော၊ ဒွါဒသဘေဒါ။ တဆယ့်နှစ်ပါး အပြားရှိသော၊ အဇ္ဈတ္တိကာ အာပေါ၊ ဓါတုအဇ္ဈတ္တိက သသမ္ဘာရ ကောဋ္ဌာသ အာပေါ သည်ရှင်း။ ယံဗာဟိရံ မူလရသော ခန္ဓရသော (လ)

အန္တလိက္ခာနိဝါတိ ယံဗာဟိရံ။ (လ)အန္တလိက္ခာနိဝါဟူ၍ ဧဝံ၊ ဤသို့သောနည်းအားဖြင့်၊ ဝုတ္တာ၊ ဟောတော်မူအပ်သော အာပေါဓါတ်သည်လည်း။ သသမ္ဘာရ အာပေါ၊ ဗာဟိရ သသမ္ဘာရအာပေါမည်၏။

( မြန်မာပြန် )

သသမ္ဘာရအာဝေါဟူသည်၊ အဇ္ဈတ္တိက သသမ္ဘာရကောဋ္ဌာသအာပေါ။ ဗာဟိရ သသမ္ဘာရကောဋ္ဌာသ အာပေါဟူ၍၊ နှစ်ပါးအပြားရှိရာတို့တွင်၊ ပိတ္တံ အစ၊ မုတ္တံ အဆုံးရှိသော အာပေါကောဋ္ဌာသ(၁၂)ပါးသည်။ အဇ္ဈတ္တိကအာပေါ၊ မူလ ရသော အစ။ အန္တလိက္ခောနိဝါ အဆုံးရှိသော အာပေါကောဋ္ဌာသသည် ဗာဟိရအာပေါ ကောဋ္ဌာသမည်၏။

ဤကား အဇ္ဈတ္တိက သသမ္ဘာရအာပေါ၊ ဗာဟိရသသမ္ဘာရ အာပေါ၊ နှစ်ပါးရှိရာတို့တွင် အဇ္ဈတ္တိက သသမ္ဘာရ အာပေါ၊ (၁၂)ပါးတို့ကိုပြမည်။

**( အာပေါကောဋ္ဌာသ(၁၂)ပါး၏ သဘာဝကား။ )**

( ပိတ္တံ-သည်းခြေ။ ) ကာယ၊ ဘာဝ၊ စိတ်၊ ဥ။ ဟာ၊ ကလာပ်(၅)စီးနှင့် ပြည့်စုံသော။ ဥတုသမုဋ္ဌာနိက သည်းခြေဟူသည်။ ဗဒ္ဓသည်း ခြေ၊ အဗဒ္ဓ၊ သည်းခြေဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ ဗဒ္ဓ-သည်းခြေသည်၊ နှစ်လုံး အဆုပ်တို့၏အကြား၊ အသည်းကိုမှီ၍၊ သပွတ်ခါးသီး အခွန်အိမ်နှင့် တူသော သည်းခြေအိမ်၌တည်၏။ ဤသည်းခြေပျက်လျှင် ရူးသွတ်ခြင်းသို့ ရောက်၏။

အဗဒ္ဓသည်းခြေသည်၊ ဆံ၊ အမွေး၊ သွား၊ ခြေသည်း၊ လက်သည်းတို့၌ဂုင်း၊ ခြောက်သွေ့သော အရေအသား တို့ကိုဂုင်း ချန်လှပ်၍၊ ဆီပေါက်ကို ရေ၌ချသကဲ့သို့၊ ကိုယ်အလုံး၌ပျံ့၍ တည်၏။ ဤအဗဒ္ဓသည်းခြေပျက်လျှင်၊ မျက်လုံး၊ ကိုယ်သား၊ ကိုရေယဝါ၏၊ချာချာလည်၏၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းသော်ဂုင်း၊ တကိုယ်လုံးသော်ဂုင်း တုံလှုပ်၏။ယားယံ ပေါက်ပြဲ၊ဝဲကြီး၊ ဝဲစို၊ ပွေး၊ညှင်းက၊ စသည့် ရောဂါစုစွဲကပ်၏။ စတုသမုဋ္ဌာနိက မဟာဘုတ်ဟုဆိုအပ်သော၊ ဓါတ်ကြီးလေးပါးတို့သည်၊ သည်းခြေအပေါ် ရံ၍တည်၏။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည်၊ သည်းခြေမဟုတ်၊ သည်းခြေသည် ဓါတ်ကြီးလေးပါးမဟုတ်။ သည်းခြေသည် အာပေါဓါတ် လွန်ကဲ၍။ အများကြီးပါဝင်သည်ဟူလို။ ( ကြံနည်းတူယူလေ။ )

( သေမှန်–သလိပ် ) ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်(၅)စီးနှင့် ပြည့်စုံသော၊ စတုသမုဋ္ဌာနိက သလိပ်သည်၊ ထိုသလိပ်သည်၊ အလျားတမိုက်၊အစောက် ရှစ်သစ်ခန့် ရှိသော စလယ်ကွန်းစားခန့်ရှိသည်ဖြစ်၍။ အစာသစ်အိမ်၏ အထက်ဦး ခရကို မှော်အဖြစ် ဖုံး၍ တည်သကဲ့သို့ တည်၏။ ထိုသလိပ်ကို ဒေသနာနယ၊ ဘေသဇ္ဇနယတို့၌(ဒေါသ)ဟု ခေါ်ဆိုလေသည် ထိုဒေါသသည်၊ ဘောက်ပြန်၍ လွန်သော်။ ယုတ်သော်။ ခန်း ချောက်သောရောဂါတို့ရရာ၏။

**(ထူးခြားချက်) ဆေးကျမ်းတို့ သလိပ်ကို အမည်( ၅ )မျိုး ပြားခေါ်လေသည်။ ဘေသဇ္ဇာ မဉ္ဇူသာ အခန်းတွင် ကြည့်ပါ။**

စတုသမုဋ္ဌာနိကခေါ်သော ဓါတ်ကြီးလေးပါးတို့သည်။ သလိပ်အပေါ်ရုံ၍တည်၏။ လက္ခဏာမျှသာသည်း။

ဓါတ်ကြီး လေးပါးသည်၊ သလိပ် မဟုတ်။ သလိပ်သည်။ ဓါတ်ကြီးလေးပါးမဟုတ်။ (အထက်နည်းအတိုင်း။)

( ပုဗ္ဗော–ပြည်။ ) ကလာပ်တစီးနှင့် ပြည့်စုံသော။ စတုဇ သမုဋ္ဌာနိက ပြည်သည်။ ထိုပြည်၏ တည်ရာမည်သည်၊ အမြဲမရှိ ထိခိုက်ရှနာရာ အမာပေါက်ရာတို့၌ ပေါင်းစုမိသော သွေးသည်၊ ကျက်သောအခါပြည်ဖြစ်၏။

တနည်း ထိုပြည်သည် ဘုန်းကန် ပါးရှား ကုန်သော အချို့ သောသူတို့၏ ရင်ခေါင်းအတွင်း လက်ဝဲဘက်အစာသစ်အိမ်အ ထက်ကျောဘက်၌။ သည်းခြေအိမ်ကဲ့သို့ အိမ်နှင့်တည်၏ဟူလို။ သို့မှသာနောက်က ပြဆိုကဲ့သော အာသယလေးပါသည်။ ပါဠိ ကဝမ်းမီး အစာ သစ်ကို ချက်ရာတွင်။ ပါဝင်သည် ဆိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာစကားနှင့်လည်းကိုက်ညီပေသည်။ ပတိလုံ ပြန်သော်။ ဘုန်းရှင်–ကန်ရှင်တို့မှာတော့ ပြည်အိမ်ရှိ ဘူလို။

စတုသမုဋ္ဌာနိကဟုခေါ်သော၊ ဓါတ်ကြီးလေးပါးတို့သည်။ ပြည့်အပေါ်၌ရှိ၍တည်၏။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည် ပြည့်မဟုတ်။ ပြည့်သည် ဓါတ်ကြီးလေးပါးမဟုတ်။ ( အထက်နည်း။ )

( လောဟိတံ-သွေး။ ) ကာယ။ ဘာဝ။ စိတ်။ ဥ။ ဟာ။ ကလာပ ( ၅ ) စီးနှင့်ပြည့်စုံသော စတုသမုဋ္ဌာနိက သွေးသည်။ သန္နိစိတသွေး။ သံသရဏသွေးဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ သန္နိစိတသွေးသည်။ အလျားအနံ တမိုက်။ အစောက်နှစ်သစ်ရှိသော။စလယ်ကွန်းစားခန့်ရှိသည်ဖြစ်၍။ နှစ်လုံးအညို့တို့၏အထက်၌တည်၏။ နှလုံးအညို့အဆုတ်တို့ အပေါ်ကို တစက်တစက် ကြစေလျက်။ နှလုံးအညို့။ အဆုပ် တို့ကို စိုစွတ်စေ၏။ အသည်း၏အောက်အဘို့သို့ကျသော သွေးပေါက်တို့ဖြင့် ပြည့်စေ၍။နှစ်လုံးအညို့။အဆုပ်တို့၏အထက်၌တည်၏။ ထိုသန္နိစိတ သွေးသည့်။ နှလုံးအညို့။ အဆုင်တို့မစိုစွတ် မဆွတ်ဖြန်းသည်ရှိသော်။ သတ္တဝါတို့သည် ရေသိတ်၏ မောပန်း၏။

စတုသမုဋ္ဌာနိကခေါ်သော ဓါတ်ကြီးလေးပါးတို့သည်။ ထိုသန္နိစိတသွေး၌ရှိ၍တည်၏၊ သဘောလက္ခဏာမျှသာတည်း

ဓါတ်ကြီးလေးပါးသည်။ သန္နိစိတသွေးမဟုတ်။ သန္နိစိတသွေးသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

(သံသရဏ-သွေးသည်) သွေးကြောကြီးငယ် ကွန်ရက်ကိုအစဉ်လျောက်သဖြင့်၊ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်းတို့ကိုဂုဏ်း။ မာခြောက်သောအသားအရေတို့ကို။ ချန်လှပ်၍ ကိုယ်အလုံးကို နှံ၍တည်၏။

(သေဒေါ-ချွေး။) စိတ်၊ ဥ၊ ဒွိဇ ကလာပ်( ၂ )စီးနှင့်ပြည့်စုံသော၊ ဒွိသမုဋ္ဌာနိက ချွေးသည်။ မီးပူ၊ နေပူ၊ စသော အပူတို့ကြောင့်၊ ကိုယ်ပူသောအခါ မွေးတွင်းပေါက်စသည်တို့မှ၊ ချွေးထွက်ယိုစီးလာ၏။ တနည်း၊ ရေခွေးပူတို့သောက်သော

အခါတို့၌သည်း၊ ထိုမွေးညှင်းပေါက်စသည်တို့မှ ချွေးထွက်ယို စီးလာ၏။ ထိုချွေးဘည်ရာသည်။ အသည်းအခြားမရှိ။

(မှတ်ချက်။) ထိုချွေးတည်ရာမရှိသောကြောင့်၊ စတုသမုဋ္ဌာနိက ဓါတ်ကြီးလေးပါးတို့ မရှိဟု မယူဆလင့်။ ဗဟိဒ္ဓအပူ ကြောင့်၎င်း။ အဇ္ဈတ္တအပူကြောင့်၎င်း၊ ချွေးထွက်၏။

ထိုထွက်လာသော ချွေးမှာပင်၊ စတုသမုဋ္ဌာနိက ခေါ်သော ဓါတ်ကြီးလေးပါးတို့သည်၊ ရွေးကမရှိနှင့်သော်လည်း ပြုံးကနဲ ချွေးထွက်လာ၏။ ထွက်ပေါ် လာပြီးနောက် ပြုံးကနဲ ပျောက် သွားကြကုန်၏။

သဘောလက္ခဏာမျှသတည်း။

ဓါတ်ကြီးလေးပါးသည် ချွေးမဟုတ်။ ချွေးသည် ဓါတ်ကြီး လေးပါးမဟုတ်။ (၎င်း)

( မေဒေါ-အဆီခဲ။ ) ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ ဟာ။ ကလာပ်(၅)စီးနှင့်ပြည့်စုံသော စတုသမုဋ္ဌာနိက အဆီခဲသည်။ ဝသောသူတို့ကိုယ်၏ အရေထူနှင့်၊ အသားအကြား၌၊ နန္ဒင်းဆိုး သောအဝတ်ကြမ်းသဏ္ဌာန်ရှိ၍၊ တကိုယ်လုံးနှံ့၍တည်၏။

ပိန်သောသတ္တဝါတို့၏ကိုယ်၌၊ မြင်းခေါင်းသား၊ ပေါင်သား ကြောမြောင်သား၊ ဝမ်းပြင်သား တို့ကိုမှီ၍၊ နှစ်ထပ်၊ သုံးထပ် ခေါက်ထား အပ်သော နန္ဒင်း ဆိုးသော၊ ချော်ပု ဆိုး ကျမ်း သဏ္ဌာန်ဖြင့်တည်၏။

စတုသမုဋ္ဌာနိကခေါ်သော ဓါတ်ကြီးလေးပါးတို့သည်၊ထိုအ ဆီခဲ၌ရုံ၍တည်နေ၏၊သဘောလက္ခဏာမျှသာတည်း

ဓါတ်ကြီး လေးပါးသည် အဆီခဲ မဟုတ်။ အဆီခဲသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

(အသု-မျက်ရည်၊) စိတ်၊ ဥ။ ကလာပ်( ၂ )စီးသာရှိ သော၊ ဒွိသမုဋ္ဌာနိကမျက်ရည်သည်။ အကြင်အခါ၌ ပြင်းစွာ ရယ်ကုန်၏။ ထိုအခါ၌ပြင်းစွာငိုကြွေးကုန်၏။ ဒဝစပ်။အပူ။အစာ အာဟာရတို့ကိုစားသောက်ကုန်၏။ မျက်စိမှိုင်း အခိုး အငွေ့။

အမှုံ့စသည်တွေ့ကြုံတို့သည်ဝင်ကုန်၏။ ပူစပ်သောမျက်စဉ်းစသည် တို့ခတ်ကုန်၏။ ဖေါက်ပြန်သောဥတုနှင့်လည်း တွေ့ကြုံ၏။ ထိခိုက်ကုန်၏။ အနာရောဂါနှိပ်စက်ကုန်၏။ ထိုအခါမျက်လုံးတွင်း၌ပြည့်၍ ယိုးစီထွက်ကြ၏။ မျက်ရည်သည်၊ မျက်တွင်း၌တည်၏။

စတုသမုဋ္ဌာနိကခေါ်သော၊ ဓါတ်ကြီးလေးပါးသည်၊ မျက်ရည်၌ရှိ၍တည်၏။ သဘာဝလက္ခဏာ မျှသာတည်း။

ဓါတ်ကြီးလေပါးသည်၊ မျက်ရည်မဟုတ်။ မျက်ရည်သည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

( ဝသာ=ဆီကြည်။ ) ကာယ။ ဘာဝ။ စိတ်။ ဥ။ ဟာ။ ကလာပ်(၅)စီးနှင့်ပြည့်စုံသော။ စတုသမုဋ္ဌာနိက ဆီကြည်သည် များသောအားဖြင့်။ လက်ဖဝါး။ လက်ဖမိုး။ ခြေဘဝါး။ ခြေဖမိုး။ နဖူး။ နှာခေါင်းဖျား။ လက်ကတီကြားတို့၌ တည်ကုန်၏။ ဤအရပ်တို့၌ အကြင်အခါ မီးပူ၏။ ဥတုဖေါက်ပြန်၏။ ဒေါသတို့ ဖေါက်ပြန်၏။ အကြင်အခါ၊ လက်ဖဝါး၊ ခြေဖဝါးတို့၌ပူကုန်၏။ ထိုအခါ၊ ထိုအရပ်တို့၌ ရေကြည်အထက်၌ ဆီပေါက် ရွေ့ရှားသွားလာသကဲ့သို့၊ ဤမှ၊ ထိုမှ၊ ရွေ့ရှားသွားလာ၍ ထိုအရပ်၌ တည်၏။

စတုသမုဋ္ဌာနိကခေါ်သော ဓါတ်ကြီးလေးပါးတို့သည်၊ ထို ဆီကြည်၌ရှိ၍တည်၏။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည် ဆီကြည် မဟုတ်၊ ဆီကြည်သည် ဓါတ်ကြီးလေးပါးမဟုတ်။

( ခေဠော-တံတွေး။ ) စိတ်၊ ဥ၊ ကလာပ်( ၂ )စီသာရှိသော၊ ဒွိသမုဋ္ဌာနိက တံတွေးသည်။ အကြင်အခါ၌ သတ္တဝါတို့သည်။ ချဉ်၊ ဆား၊ စသည်တို့ကို မြင်မှုလည်း မြင်ကုန်၏။ အောင်းမေ့မှုလည်း အောင်းမေ့ ကုန်၏။ အပူ၊ အစပ်၊ အခါး အချဉ်၊ အငံ၊ ဟုဆိုအပ်သော ပညတ်ရသ ခြောက်ပါးတို့တွင် တခုခုသောတွေ့ကို လျှာ၌ တင်ထားကုန်၏။ အကြင်အခါ၌၊ သတ္တဝါတို့၏ နှစ်လုံးသည် နှောက်ကျုံးကုန်၏။ ထိုဟာစုံတခုကို

မှုလည်း၊ စက်ဆုပ်ရွံရှာခြင်းကိုဖြစ်ကုန်၏။ ထိုအခါတံတွေးဖြစ်၍ ပါးစောင်နှစ်ဘက်တို့မှ သက်ဆင်းလာလပ်၍ လျှာ၌တည်ကုန်၏။

စတုသမုဋ္ဌာနိကခေါ်သော ဓါတ်ကြီး လေးပါးတို့သည်၊ ထိုတံတွေး၌ရုံ၍တည်၏။ သဘောလက္ခဏာမျှသာတည်။

ဓါတ်ကြီး လေးပါးသည် တံတွေး မဟုတ်၊ တံတွေးသည် ဓါတ်ကြီးလေးပါးမဟုတ်။

(သိင်္ဃာဏိကာ–နှပ်) စိတ်၊ ဥ၊ ကလာပ် ( ၂ ) စီးသာရသော၊ ဒွိသမုဋ္ဌာနိက နှပ်သည်၊ အကြင် အခါ သတ္တဝါတို့သည် ငိုကြွေးကုန်၏။ ပူစပ်သောအာဟာရစသည့်တို့ကိုမူလည်း စားကုန်၏။ မလျော်ကပ်ပါတ်သော ဥတုနှင့်သော်လည်း၊ တွေ့ကုန်သော်လည်း တွေ့ကုန်၏။ ထိုအခါ ဦးခေါင်း အတွင်း၌။ ပုတ်သောသလိပ်အဖြစ်သို့ ရောက်သောဦးနှောက်သည်၊ယိုစီး၍ အာစောက်ရင်း၌ရှိသော အပေါက်မှသက်ပြီးလျှင်၊ နှာခေါင်း၌ ပြည့်၍ တည်မူလည်းတည်၏၊ ယိုစီးမူလည်း ယိုစီး၍ကြ၏။

စတုသမုဋ္ဌာနိကခေါ်သော၊ ဓါတ်ကြီး လေးပါးတို့သည် ထိုနှပ်ပေါ်၌ရုံ၍တည်၏။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည် နှပ်မဟုတ်။နှပ်သည် ဓါတ်ကြီးလေးပါးမဟုတ်။

( လသိကာ-အစေး။ ) ကာယ၊ ဘာဝ၊ စိတ်၊ ဥ၊ ဟာ ကလာပ်(၅)စီးနှင့် ပြည့်စုံသော။ စတုသမုဋ္ဌာနိက အစေးသည်၊ တရာ့ရှစ်ခုသော အရိုးဆက်တို့ အတွင်း၌ တည်၏။ အကြင်သူအား ထိုအစေးသည်နည်း၏။ ထိုသူထသောအခါ၊ ထိုင်သောအခါ၊ သွားလာကွေးဆန့်သောအခါတို့၌၊ လက်ဖြင့်တီးသကဲ့သို့ ကျွတ်ကျွတ်မည်ကုန်၏။ ငါးဟုိင်တယူဇနာ၊ နှစ်ယူဇနာစသည်တို့သွားသော်၊ သွားမှု၊ ထိုအဆစ်အဆက်တို့၌၊ သွားလာဝင်ထွက်နေသော ဝါယောဓါတ်သည်၊ ယုတ်ညှ့် သွားသဖြင့် အဆစ်အမျစ်တို့သည် ကိုက်ခဲနာကျင်ကုန်၏။ ကိုယ်သည်လည်း

အလွန်ဆင်းရဲကုန်၏။ အကြင်သူအား ထိုအစေးသည် များ၏။ ထိုသူအား ကျွတ်ကျွတ်မမည်ကုန်၊ ရှည်သောခရီးသို့သွားသော်လည်း၊ ဝါယောဓါတ်ယုတ်လျော့ခြင်း မရှိခြင်းကြောင့်၊ အဆစ်အမျစ်တို့သည် နာကြင်ခြင်း မရှိကုန်။ ကိုယ်တို့ သည်လည်း မဆင်းရဲကုန်။

စတုသမုဋ္ဌာနိကခေါ်သော ဓါတ်ကြီးလေးပါးတို့သည်၊ အစေး၌ရုံ၍တည်၏။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီးလေးပါးသည် အစေးမဟုတ် အစေးသည် ဓါတ်ကြီးလေးပါးမဟုတ်။

( မုတ္တံ=ကျင်ငယ် ) ဥ၊ ကလာပ်တစီးသာရသော၊ ဥတုဇောဇ ကျင်ငယ်သည်၊ ချက်အောက် ဝမ်းခေါင်း အတွင်း အပေါက်ငယ်သောအိုးကို ရွံ့ပုတ်အိုင်၌မှောက်၍ထားသည်နှင့်တူသော၊ ဆီအိမ်စီပေါင်း၌ ဝင်ပေါက်မရှိ စိမ့်ဝင်၍တည်၏။ ထွက်ပေါက်ရှိ၏။ အကြင်စီပေါင်း၌၊ ကျင်ငယ်ဝင်၍ ပြည့်သည်ရှိသော် ကျင်ငယ်စွန့်အပ်ဟု အားထုတ်၏။

ဥတုသမုဋ္ဌာနိကခေါ်သော ဓါတ်ကြီးလေးပါးတို့သည်။ ကျင်ငယ်၌ရုံ၍တည်၏။ သဘောလက္ခဏာမျှသာတည်း။

ဓါတ်ကြီး လေးပါးသည် ကျင်ငယ် မဟုတ် ကျင်ငယ်သည် ဓါတ်ကြီးလေးပါးမဟုတ်၊

ဤကား သသမ္ဘာရအာပေါကောဋ္ဌာသ မြန်မာပြန်ကောက်နှုပ်ချက် နိဋ္ဌိတံ။

☆

# သမုဋ္ဌာန်-ကလာပ်စီးအကျဉ်းဇယား၊

| နံပါတ် | အမည် | သမုဋ္ဌာန် | ဒသက၊ ကလာပ် | | နဝက | စိတ် | ဥ | ဟာ | စီးရေ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ပိတ္တံ | စတုဇ | ကာ | ဘာ. | | စိက် | ဥ | ဟာ | ၅ |
| ၂ | သေမှံ | စတုဇ | ။ | ။ | | ။ | ။ | ။ | ၅ |
| ၃ | ပုဗ္ဗော | ဥတုစေဇ | | | | | ။ | | ၁ |
| ၄ | လောဟိတံ | စတုဇ | ။ | ။ | | ။ | ။ | ဟာ | ၅ |
| ၅ | သေဒေါ | စိတ်၊ဥ၊ဒွိဇ | | | | ။ | ၊ | | ၂ |
| ၆ | မေဒေါ | စတုဇ | ။ | ။ | | ။ | ။ | ဟာ | ၅ |
| ၇ | အဿု | စိတ်၊ဥ၊ဒွိဇ | | | | ။ | ။ | | ၂ |
| ၈ | ဝသာ | စတုဇ | ။ | ။ | | ။ | ။ | ဟာ | ၅ |
| ၉ | ခေဠော | စိတ်၊ဥ၊ဒွိဇ | | | | ။ | ။ | | ၂ |
| ၁၀ | သိင်္ဃာဏိကာ | စိတ်၊ဥ၊ဒွိဇ | | | | ။ | ၊ | | ၂ |
| ၁၁ | လသိကာ | စတုဇ | ။ | ။ | | ။ | ။ | ဟာ | ၅ |
| ၁၂ | မုတ္တံ | ဥတုစေဇ | | | | | ။ | | ၁ |
| | | | ၆ | ၆ | | ၁၀ | ၁၂ | ၆ | ၄၀ |

(မှတ်သားရန်)သမုဋ္ဌာန်တို့ပြုပြင်အပ်သော၊ ပရမတ်အနှစ် အင်္ဂါလေးပါးနှင့်ပြည့်သော၊ ဖွဲ့စီးတတ်သော အာပေါဓါတ် အစစ် အမိက လွန်ကဲ ခြင်းကြောင့်၊ သတ္တဝါ တို့၏ အဇ္ဈတ္တ သန္တာန်၌၊ သမုတိသစ္စာဟုခေါ်ဆိုအပ်သော၊ သသမ္ဘာရအာ ပေါ် ကောဋ္ဌာသ(၁၂)ပါးတို့တွင်၊ ၁။ ပြည်။ ၂။ ကျင်ငယ်၊ ထို နှစ်ပါးမှာ၊ဥတုစေဇဖြစ်၍။သုဒ္ဓကလာပ်တစီးစီသာရကြကုန်၏။ အမှတ်စဉ်၊ ၃-နှင့်၊ ၁၂-မှာကြည့်ပါ။

၁။ မျက်ရည်။ ၂။ ချွေး။ ၃။ နှပ်။ ၄။ တံတွေး။ ဤလေး ပါးမှာ၊ ဒွိဇဖြစ်၍။ စိတ်။ ဥ၊ သုဒ္ဓကလာပ်(၂)စီးစီရကြကုန်၏။ ( အမှတ်စဉ်၊ ၅-နှင့်။ ၇-၉-၁၀။ ၌ကြည့်ပါ။ )

ကြွင်းသောကောဋ္ဌာသ ( ၆ ) ပါးတို့မှာ၊ စတုဇဖြစ်၍၊ ကာယ၊ ဘာဝ၊ ဒသကကလာပ်(၂)စီးနှင့်၊ စိတ်၊ ဥ၊ ဟာ၊ သုဒ္ဓကလာပ် (၃)စီးရသဖြင့်၊ တပါးတပါးလျှင် ကလာပ်(၅)စီးနှင့်၊ စတုသမုဋ္ဌာနိက၊ သသမ္ဘာရကောဋ္ဌာသတို့ဖြစ်ကြကုန်၏။

( အထူးမှတ်သားထားပါလေ။ )

ကောဋ္ဌာသ( ၁၂ )ပါး နှုပ်ငုံဆောင်။

ပိတ္တာဒိ မုတ္တကန္တာ တေဇလံသာ ဒွါဒသီရိတာ။

( သစ္စသံခိတ် အဋ္ဌကထာ )

ပိတ္တာဒိ မုတ္တ ကန္တာ၊ ပိတ္တံ အစ၊ မုတ္တံ။ အဆုံးရှိသော( ဝါ ) ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ။ ခေလော၊ သိဃာဏိကာ၊လသိကာ၊ မုတ္တံဟု ဆိုအပ်သော ဒွါဒသ၊ တယ်နှစ်ပါးကုန်သော၊ ဟော။ ထိုအစုတို့ကို၊ ဇလံသာ။ ပရမတ်တရား၊ ဓါတ်တရား၊ ကလာပ်တရား၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော၊ အာပေါဓါတ်လွန်သော အစုတို့ဟူ၍၊ ဤရိတာ၊ ဆိုအပ်ကုန်၏။

( တနည်းအာပေါကောဋ္ဌာသဆောင်ပုဒ် )

အာပေါဓါတ်အား၊ ဘဆတ်နှစ်ပါးကို ပိုင်းခြားထုတ်လပ်၊ သရုပ်မှတ်စိမ့်၊ ချွေး၊ နှပ်၊ မျက်ရည်၊ ဆီကြည်၊ အစေး၊ သွေး၊သလိပ်၊ပြည်။ အဆီ၊ကျင်ငယ်၊ တသွယ်တံတွေး၊ ဖြစ်ရေးသည်းခြေ။ ယူလေတဖြာ၊ ဝေဒနာမှာ၊ ပိတ္တ၊ သေမှ၊ဝါတဟု သုံးခုအခြင်း၊ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဖြစ်ခြင်းလက္ခဏာ၊ သဘာဝမှန်၊ တတ်စွမ်းအာဟာရ၊ ရူပအဆင်း၊ ပွားခြင်းဖြူဟန်၊ သင်္ဂဟိတ ပေါင်းခြင်း၊ ပြေ့ပြောင်းခြင်းမည်၊ တည်ကြည်တစ၊ ပဉ္စရဏာ ယိုစီး၊ ဖွဲ့စီးဟန်၊ ဖြစ်ဟန်လက္ခဏာ၊ ဆောင်ခြင်း သာတည်း၊ မှတ်အပ်ဘိလည်း ပုတိမုခမြွေနယ်သော်။

( ဆေးဆရာများ အထူးသတိပြုရန်မှာ။ )

အဇ္ဈတ္တ အာပေါကောဋ္ဌာသ( ၁၂ )ပါးတို့တွင်၊ ချွေး၊ နှပ်။

မျက်ရည်၊ တံတွေး ထိုခုလေးပါးတို့သည်၊ စိတ်ဥတုကြောင့်ဖြစ်ကြောင်း။

( ဝေဒနာရောဂါမှုကား )

သွေး၊ သည်းခြေ။ သလိပ်။ ဤသုံးပါးသည် မူလအရင်းခံဖြစ်ကြောင်း သတိအထူးပြုစေလိုသည်။ ထိုကြောင့်၊ သည်းခြေနှင့် သလိပ်ဒေါသကို အာပေါခြင်းရာ (၁၂)ပါး၌လည်း ပါဝင်နေသည်ကို သတိပြုရာ၏။

( သာကေလွှတ်၍ပြလိုက်သည် မှတ်သားဘွယ်တည်း။ )

ဆေးကျမ်းလာ၊ သည်းခြေလက္ခဏာအပြား (၂၈) ပါးကိုပြခြင်း။

၁။ ကြေးနီအဆင်းနှင့်တူသောအသားအရေ၏ လက္ခဏာလည်းကောင်း။

၂။ မောင်းမောင်းနီသော၊ အသား အရေရှိသောလက္ခဏာလည်းကောင်း။

၃။ သက်သက်နီသော၊ အသား အရေ ရှိသောလက္ခဏာလည်းကောင်း။

၄။ ချိတ်ကဲ့သို့နီသော အသား အရေ ရှိသော လက္ခဏာလည်းကောင်း။

၅။ ညိုသော အသား အရေ ရှိသော လက္ခဏာလည်းကောင်း။

၆။ သပြေသီးမှည့် အဆင်းကဲ့သို့ အသား အရေ ရှိသော် လက္ခဏာလည်းကောင်း။

၇။ မည်းနက်သော အသားအရေရှိသော လက္ခဏာလည်းကောင်း။

၈။ ဝါသော အသား အရေ ရှိသော လက္ခဏာ လည်းကောင်း။

၉။ ရွှေသော အသား အရေ ရှိသော လက္ခဏာ လည်းကောင်း။

No. 15

၁၀။ နန္ဒင်းသားနှင့်တူသေါ အသါးအရေရှိသော၊လက္ခဏာ လည်းကောင်း။

၁၁၊ ဖြော့တော့သော အသား အရေ ရှိသော လက္ခဏာ လည်းကောင်း။

၁၂။ အပြောက်အပြောက် အသားအရေရှိသော လက္ခဏာ လည်းကောင်း။

၁၃။ ညိုပြေခြင်း အသား အရေ ရှိသော လက္ခဏာလည်း ကောင်း။

၁၄။ အခိုးပြေးသကဲ့သို့ ပြန်၍ပြေးဘတ်သေါ၊ အသားအရေ ရှိသောလက္ခဏာလည်းကောင်း။ မြွေဆိပ် တက်သကဲ့ သို့ ညိုညိုတက်၍ အခိုးကဲ့သို့ထင်တတ်၏ ဟူလို။

၁၅။ အမှတ်အရာရခြင်း လက္ခဏာလည်းကောင်း။ အနာဖြစ် သည်ကို ဌာနကဆိုသတည်း။

**ဝဲခြောက်။ ကျောက်။ ဝက်သက်။ အနာပေါက်စသော အနာမျိုးတို့သည်လည်း ဌာနကပင်တည်း။**

၁၆။ လျှာခါးခြင်းလက္ခဏာလည်းကောင်း၊

၁၇။ အမြုတ်ရှိခြင်း လက္ခဏာလည်းကောင်း။

တံတွေး။ ကျင်ငယ်၊.စသည်အမြုတ်ထင်၏။ထိုမှတပါး၊မထင် သောလက္ခဏာကား သိမ်မွေ့၏။ ပြည်ထည့်သောအနာလည်း ပုပ္ပကမည်၏ ဟူလို။

၁၈။ အသားအတွင်း၌ အလုံးအကြိတ် တည်သော လက္ခ ဏာလည်းကောင်း။

၁၉။ အခွေအခွေသွားသကဲ့သို့ထင်သော ဘုဇကမည်သော သည်းခြေလက္ခဏာလည်းကောင်း။

၂၀။ မျှော့တွယ် သကဲ့သို့ ထင်သော ဇောဏ္ဏာအနာလည်း ကောင်း။

၂၁။ သွေးဆိုးကျင်၍ သွားခြင်း လက္ခဏာရှိသော မသုလ မည်သော အနာလည်းကောင်း။

၂၂။ တကိုယ်လုံး သွေးဆိုးပျံ့နှံ့၍တည်သော ချာကရအနာလည်းကောင်း။

၂၃။ ဆတ်တောက်ခြင်း လက္ခဏာလည်းကောင်း။ စိတ်တို့သည် အမျက်ထမ်သည့်ကိုယူလေ။

၂၄။ စိတ်ပေါ့ခြင်းလက္ခဏာလည်းကောင်း။

၂၅။ ရူးသွပ်ခြင်းလက္ခဏာလည်းကောင်း။

၂၆။ နှလုံးညှတ် ထိတ်လန့်သော လက္ခဏာလည်းကောင်း။

၂၇။ ထွက်ခြင်းလက္ခဏာလည်းကောင်း၊နူနာ၊ သမင်ယက်၊ ငန်းကွက်ထွက် စသည့်တည်း။

၂၈။ ကွဲအက်ခြင်း၊ လက္ခဏာလည်းကောင်း။နူကွက်စသည်များမှ ကွဲအက်၍အရည်ယိုခြင်းဖြစ်သည်။

ဤသို့အားဖြင့်၊ သည်းခြေလက္ခဏာ(၂၈)ပါး။ တေဇောနှင့်မကင်းသည်ဖြစ်၍ ၎င်းလက္ခဏာ(၁၂)ပါး။ ပေါင်းသော် သည်းခြေလက္ခဏာ အပြား(၄၀)ဖြစ်သတည်း။

သာခကေလွှတ်၍ပြလိုက်သည် မှတ်သားဘွယ်တည်း။

(ဤကား ဆေးကျမ်းလာ သည်းခြေ လက္ခဏာပြခြင်း၊ နိဋ္ဌိတံ။)

**( ဆေးကျမ်းလာ သလိပ်အပြားလက္ခဏာ(၈)ပါးကိုပြခြင်း။ )**

၁။ မျက်စိကြည်လင်ခြင်း။
၂။ လျှာကျိုခြင်း။
၃။ လျှာချိုခြင်း။
၄။ လျှာဆိမ့်ခြင်း။
၅။ နှလုံးနာခြင်း။
၆။ ချောင်း တဟွဲဟွဲရှိခြင်း။
၇။ ရင်လေးခြင်း။
၈။ ခြေလက်မဆန့်ချင်ခြင်း။

ဤသို့အားဖြင့် သလိပ်လက္ခဏာ (၈)ပါး။ တေဇောနှင့်မကင်းသည်ဖြစ်၍၊ တေဇောလက္ခဏာ(၁၂)ပါး။ ပေါင်းသော် သလိပ်လက္ခဏာ(၂၀)ဖြစ်သတည်း။

သာခကေလွှတ်၍ပြလိုက်သည် မှတ်သားဘွယ်တည်း။

ဤကား ဆေးကျမ်းလာ သလိပ်လက္ခဏာပြခြင်း၊ နိဋ္ဌိတံ။

**( ဆေးကျမ်းလာ အာပေါဓါတ်ပျက်သောလက္ခဏာဆောင်ပုဒ်။ )**

ဓါတ်ပျက်အာပေါ။ သူ့သဘောကား။ တွေးတောဆင်ခြင်

ဥာဏ်သက်ဝင်၍။ ဆင်းလျှင်ငါးပါး။ ပျက်စီးငြားလည်း ရေသားပျက်ခါ။ ဇီဝှါပသာဒ။ ချို့ယွင်းလှ၍။ မုခနှုပ်ခမ်း။ ကြမ်းတမ်းတဝ။ ရှိဆက်သရည်။ မပြီးစကား။ သက်စောင့်ထားသည့် ခြေဖျားအထက်။ သွေးတိုးချက်ကား။ ပျောက်ပျက်နည်းပါး။ သွေးအားမရှိ။ အားနဲ့ချိ၍။ တွေ့ဘိသောခါ။ ထိုသူသည်။ လွန်စွာငါးရက်။ သေဘို့တွက်က။ နံက်တဗဟိုရ်။ တချက်ကိုလျှင်။ စန်းပိုဖိုက။ ညည့်နှယံ သေကြောင်းဖန်သည် အမှန်သိဘို့အထူးတည်း။

သာခေကလွှတ်၍ပြလိုက်သည် မှတ်သားဘွယ်တည်း။

ဤကား သသမ္ဘာရ အဇ္ဈတ္တအာပေါ ကောဋ္ဌာသ(၁၂)ပါးနှင့်၊ ဆေးကျမ်းလာ အာပေါလက္ခဏာ(၄၀)ပြဆိုသော၊ အာပေါကောဋ္ဌာသ ဝိနိစ္ဆယ ပြခြင်း နိဋ္ဌိတံ။

**(ဓါတုဝိဘင်း ပါဠိတော်လာ ဗာဟိရသသမ္ဘာရ အာပေါမြန်မာပြန်)**

| | | |
|---|---|---|
| ၁။ | မူလရသော | အမြစ်ရည်။ |
| ၂။ | ခန္ဓရသော | အပင်ရည်။ |
| ၃။ | တစရသော | အခေါက်ရည်။ |
| ၄။ | ပတ္တရသော | အရွက်အရည်။ |
| ၅။ | ပုပ္ဖရသော | အပွင့်ရည်။ |
| ၆။ | ဖလရသော | အသီးရည်။ |
| ၇။ | ခီရံ | နို့ရည်။ |
| ၈။ | ဒဓိ | နို့ခမ်း။ |
| ၉။ | သပ္ပိ | ထောပါတ်။ |
| ၁၀။ | နဝနီတံ | ဆီဦး။ |
| ၁၁။ | တေလံ | ဆီ-ဆီဟူသည် အမျိုးမျိုးကိုယူ။ |
| ၁၂။ | မဓု | ပြားရည်။ |
| ၁၃။ | ဖာဏိတံ | တင့်လဲရည်။ |
| ၁၄။ | ဘူမာနိ-ဥဒကံနိဝါ | မြေ၌ဖြစ်သောရေ။ |

၁၅။ အန္တလိက္ခာ ဥဒကာနိဝါ ကောင်းကင်၌ ဖြစ်သောရေ။

ဤသို့အစရှိသောရေတို့နှင့်တကွ ကမ္ဘာပြုမိုဃ်းရေ၊ သမုဒ္ဒရာ ရေ၊ မြစ်ရေ၊ အင်းရေ၊ အိုင်ရေ၊ ချောင်းရေ၊ မြောင်းရေ၊ ကံရေ၊ တွင်းရေ၊ စသည်တို့နှင့်၊ စပ်သော အရာဝတ္ထု ဟူသမျှတို့သည်။ ဗာဟိရသသမ္ဘာရ အာပေါမည်၏ ဟူလို။

စတုသမုဋ္ဌာနိက ခေါ်သော၊ ဓါတ်ကြီး လေးပါး တို့သည်၊ ဗာဟိရ သသမ္ဘာရအာပေါ၌ရှိ၍တည်၏။

ဗာဟိရ ကောဋ္ဌာသ ဓါတ်ကြီးလေးပါးသည် ဗာဟိရသသမ္ဘာရ အာပေါကောဋ္ဌာသမဟုတ်၊ သသမ္ဘာရ အာပေါသည် ဓါတ်ကြီး လေးပါးမဟုတ်။

တပေါင်းတည်း၊ စု၍၊ ချုံ၍၊ အကျဉ်း ရေးသား ဖေါ်ပြခြင်းတည်း။

ဤကား ဗာဟိရ သသမ္ဘာရ အာပေါကောဋ္ဌာသ
ပြဆိုခြင်း နိဋ္ဌိတံ။

**( အာရမ္မဏ အာပေါဟူသည်။ )**

အာပေါကသိဏမေကော သဉ္ဇာနာတိတိအာဒိသု၊ အာဂတာ မန အာရမ္မဏအာပေါ၊ နိမိတ္တအာပေါတိပိ ဝုစ္စတိ။

( ရှင်း )

အာပေါကသိဏမေကော သဉ္ဇာနာတိတိ အာဒိသု( လ ) အာပေါကသိဏမေကော သဉ္ဇာနာတိ၊ ဤသို့အစရှိသော၊ ပါဠိ တော်တို့၌၊ အာဂတာပန၊ လာသော အာဘော သည်ကား။ အာရမ္မဏအာပေါ၊ အာရမ္မဏအာပေါမည်၏။ နိမိတ္တအာပေါ တိပိ။ နိမိတ်အာပေါဟူ၍လည်း၊ ဝုစ္စတိ၊ ဆိုအပ်၏။

အာရမ္မဏပထဝီအခဏ်းနည်းတူပင်တည်း။

ဤကား အာရမ္မဏအာပေါ နိမိတ်အာပေါအခဏ်း၊ နိဋ္ဌိတံ။

## ( သမုတိအာပေါဟူသည်။ )

အာပေါ ကသိဏာဇ္ဈာနလာဘီ ဒေဝ လော ကေ နိဗ္ဗတ္တော၊ အာဂမနဝသေနအာပေါ တွေဝနာမံ လဘတိဘာယံ။ သမုတိ အာပေါ ဝေဒိတဗ္ဗော။

အာပေါကသိဏဇ္ဈာနလာဘီ၊ အာပေါကသိုဏ်းစီးဖြန်း၍ ဈာန်ရသောပုဂ္ဂိုလ်သည်၊ ဒေဝလောကေ၊ နတ်ပြည်၌၊ နိဗ္ဗတ္တော ဖြစ်သည်ရှိသော်၊ အာဂမနဝသေန၊ လာသည်၏အစွမ်းအား ဖြင့်၊ အာပေါတွေဝ၊ အာပေါဓါတ်ဟူသော အမည် ပညတ်ကို သာလျှင်၊ လဘတိ၊ ရ၏။ အယံ၊ ဤအာပေါသည်၊ သမ္မုတိ အာပေါမည်၏။ ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပထဝီအခဏ်း နည်းတူပင်တည်း။

ဤကား၊ သမုတိအာပေါကို ရှင်းပြခြင်း နိဋ္ဌိတံ။

၁။ လက္ခဏာအာပေါ။ ၃။ အာရမ္မဏာပေါ။

၂။ သသမ္ဘာရအာပေါ။ ၄။ သမုတိအာပေါ။

ဤသို့၊ အာပေါလေးမျိုးကို၊ ဝိပဿနာဆရာ၊ သမထဆရာ၊ ဆေးဆရာ၊ ဓါတ်ဆရာတို့၊ သူ့အသုံးနှင့် သူသုံးလျှင်၊ တမင်္ဂ တဖိုလ် ရက်တိုတို ရရေးနှင့်၊ နတ်ပြည်၊ ဗြဟ္မာပြည် ရောက် ရေး၊ ဆေးဆရာ၊ ဓါတ်ဆရာများ၊ သူနာရောဂါကုသ၍၊ ပျောက် ရေး၊ မခဲရင်းပြီ။

ဤကား အာပေါလေးမျိုးပြခြင်း နိဋ္ဌိတံ။

# စတုတ္ထဗော ဆဋ္ဌမကဏ္ဍ။

တဗ္ဗောဟူသည် လေးမျိုးလေးစားခွဲခြားထားပုံ

( **တဗ္ဗောလေးပါးဟူသည့်ကား။** )

တဗ္ဗလက္ခဏာ သသမ္ဘာရ အာရမ္မဏာသမုတိဝသေန

စတုဗ္ဗိဓေါတဗ္ဗော။

( **မူလပရိယာယသုတ် အဋ္ဌကထာ။** )

တဗ္ဗ၊ထိုစကားရပ်၌ တဗ္ဗော၊တဗ္ဗောဟူသည်၊ လက္ခဏာ သသမ္ဘာရ အာရမ္မဏာ သမုတိဝသေန။ လက္ခဏာတဗ္ဗော၊ သသမ္ဘာရတဗ္ဗော၊ အာရမ္မဏာ တဗ္ဗော။သမုတိတဗ္ဗော၊ တို့၏ အစွမ်း အားဖြင့်၊စတုဗ္ဗိဓေါ၊ လေးပါးအပြားရှိ၏။

၁၊ လက္ခဏာတဗ္ဗော။ ၃။ အာရမ္မဏာ တဗ္ဗော။

၂။ သသမ္ဘာရတဗ္ဗော။ ၄။ သမုတိတဗ္ဗော။

ဤသို့အားဖြင့် တဗ္ဗောဟူသည်၊ အမည်လေးမျိုးပြားလေသည်။

(မေး) စတုသမုဋ္ဌာနိကရုပ်၊ လေးပါးသောမဟာဘုတ်တို့တွင်၊ တဗ္ဗောဟူသည်။

၁။ အဘယ်ကြောင့်၊ တဗ္ဗောမည်သနည်း။

၂။ အဘယ်ကြောင့်၊ တဗ္ဗောဓါတ်မည်သနည်း၊

၃။ အဘယ်ကြောင့်။ လက္ခဏာတဗ္ဗောမည်သနည်း။

ဤကား အမေးပုစ္ဆာ(၃)ချက်။

(ဖြေ) ထိုအမေးပုစ္ဆာ(၃)ချက်တို့တွင်၊ပဌမအမေးကို (ဖြေ)

တဗ္ဗတိ ပရိပါစေတိ နိသေတိဝါ တိက္ခဘာဝေန၊

သေသဘူတတ္တယံ ဥသ္မာပေတိတဗ္ဗော။

( ဟာဝစနဋ္ဌပြ )

ယောသဘာဝေါ၊ အကြင်တရားသဘောသည်၊ တဗ္ဗတိ ပရိပါစေတိ၊ ရင့်စေကျက်စေတတ်၏။ တိက္ခဘာဝေန၊ ထက် သည်၏အဖြစ်ဖြင့် သေသဘူတတ္တယံ၊မိမိမှကြွင်းသော ဘုတ်သုံး

ပါးအပေါင်းကို၊ နိသေတိဥသ္မာပေတိ၊ ပူနွေးနွေးဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ တေဇော၊ တေဇောမည်၏။

( မြန်မာပြန် )

အကြွင်းသဘောတရားသည်၊ ရင့်စေကျက်စေလတ်၏၊ ထက်သည်၏အစွမ်းအားဖြင့်၊ မိမိမှကြွင်းသော ဘုတ်သုံးပါးတို့၏အပေါင်းကို၊ ပူနွေးနွေးဖြစ်စေတတ်၏၊ ထိုကြောင့်တေဇောမည်၏။

ဤကား၊ ပဌမအမေးကို အဖြေပေးခြင်းတည်း။

( **ဒုတိယအမေးပုစ္ဆာ။** )

(ဖြေ) မိမိသဘောကို မိမိဆောင်သောကြောင့် ဓါတ်မည်၏ဟု အဖြေပေးရမည်။

အတ္တနောသဘာဝံ ဓါရေတီတိဓါတု။

( **အနုဋီကာ။** )

အတ္တနော၊ မိမိ၏၊သဘာဝံ၊ သဘောကို၊ ဓါရေတိ၊ ဆောင်တတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့် သောသဘာဝေါ၊ ထိုတရားသဘောသည်၊ ဓါတု၊ ပရမတ်အနှစ် တေဇောဓါတ်မည်၏။

( ဤကား ဒုတိယအမေးပုစ္ဆာ အဖြေပေးခြင်းတည်း။ )

တတိယအမေးပုစ္ဆာ။

(ဖြေ) မိမိလက္ခဏာကို မိမိဆောင်သောကြောင့် ဓါတ်မည်၏ဟု အဖြေပေးရပေမည်။

အတ္တနောလက္ခဏံ ဓါရေတီတိဓါတု။

( မဓုဋီကာ )

ယာဓမ္မဇာတိ၊ အကြွင်းတရားသဘောသည်၊ အတ္တနော မိမိ၏၊ လက္ခဏံ၊ လက္ခဏာကို၊ ဓါရေတိ၊ ဆောင်တတ်၏။ ဣတိ ထိုကြောင့်၊ သာဓမ္မဇာတိ၊ ထိုတရားသဘောသည်၊ ဓါတု၊ တေဇောဓါတ်မည်၏။

( တနည်းလက္ခဏာတေဇော၏ သဘောသာဓကပေါင်း။ )

တေသု တဗ္ဗုကတမာ၊ အဇ္ဈတ္တိကာ၊ တေဇော ဓါတု၊ ယံအဇ္ဈတ္တံ၊ ပစ္စတ္တံ တေဇော၊ တေဇောဂတံ၊ ဥသမာ၊ ဥသမာ

ဥသမာဂတံ၊ ဥသုမံ၊ဥသုမာဂတံ၊အဇ္ဈတ္တံ၊ဥပါဒိန္နန္တိ၊ အာဒိသု ဝုတ္တော၊ လက္ခဏာတေဇော။

တေသု။ ထိုလေးပါးသော၊ တေဇောတို့တွင်၊ တတ္ထကတမာ အဇ္ဈတ္တိကာတေဇော၊ ဓါတု (လ) အဇ္ဈတ္တံ၊ ဥပါဒိန္နန္တိ အာဒိ သု။ တတ္ထကတမာ၊ အဇ္ဈတ္တိကာတေဇောဓါတု၊ (လ)အဇ္ဈတ္တံ။ ဥပါဒိန္နံ၊ ဤသို့ အစရှိသော ပါဠိတော်တို့၌၊ ဝုတ္တော၊ ဟော တော်မူအပ်သော။ ဥပဒိန္နရုပ်၊ မဟာဘုတ်၌ ပါသော၊ပူမှုသ ဘောကလေးသည်၊လက္ခဏာတေဇေါ၊ လက္ခဏာတေဇောမည်၏

( မြန်မာပြန် )

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌၊ သသမ္ဘာရဓါတ်တို့ကိုမှီ၍ ကြီးထွားရသော၊ ဥပါဒိန္နကရုပ်ဟုဆိုအပ်သေါ၊ လေးပါးသော မဟာဘုတ်တို့တွင်၊ ပူမှုသဘောကလေးကိုပင်၊ ပရမတ်အနှစ် ဓါတ်အစစ်ဟု ခေါ်ဆိုအပ်သော၊ လက္ခဏာတေဇောမည်၏ဟု ဆိုသည်၊

( မှတ်ချက် ) ထိုလက္ခဏာတေဇောဓါတ်မှာ၊ မိမိမှကြွင်း သော ဘုတ်သုံးခုတို့၏အပေါင်းကိုသါ ပူနွေးရင့်ကျက်စေသည်။ အခြားသော၊ သသမ္ဘာရကောဋ္ဌာသရုပ်တို့ကို၊ မပူမနွေး၊ မရင့် ကျက်စေတတ်ဟုမှတ်။

ရှေ့နိဂုဏ်းမသတ်ဒ္ဓိ စောဒဝင်၍ပြဆိုမည်။
သေဝနယော ပထဝီဓါတုယော။
ဤကား တတိယအမေးပုစ္ဆာ အဖြေပေးခြင်းတည်း။

(တေဇောဓါတ်၏ အင်္ဂါလေးပါး။)

တေဇောဓါတု ဥဏှတ္တလက္ခဏာ၊ ပရိပါစနရသာ၊
မဒ္ဒဝါနုပ္ပါဒါန ပစ္စုပဋ္ဌာနာသေသ ဓါတုတ္တယပဒဋ္ဌာနာ။

( အဋ္ဌသာလိနီ။ )

( လက္ခဏာဒိပကာသဏ္ဌိကာ )

တတ္ထ၊ ထိုဘုတရုပ်ဟုခေါ်ဆိုအပ်သော၊ ဓါတ်ကြီးလေးပါး အပေါင်းတို့တွင်။ တေဇောဓါတု၊ တေဇောဓါတ်သည်၊ ဥဏှတ္တ

လက္ခဏာ၊ ပူသော သဘောရှိ၏။ ပရိပါစနရသာ၊ မိမိနှင့် အတူတကွဖြစ်သော သဟဇာတ် တရား သုံးပါး တို့တို ရင့်စေ၊ ကျက်စေသော ကိစ္စရသရှိ၏။ မဒ္ဒဝါနုပ္ပါ ဒါနပစ္စုပဋ္ဌာနာ။မိမိနှင့် တကွဖြစ်သော၊ သဟဇာတ်တရားတို့၏။ နူးညွှံ့သော အဖြစ်ကို လျော်စွာပေးသော အခြင်းအရာအားဖြင့်၊ ဉာဏ်အားရှေးရှုထင် သော အခြင်းအရာရှိ၏။ သေသ ဓါတုတ္တယ ပဒဋ္ဌာနာ၊ မိမိမှ ကြွင်းသော၊ဓါတ်သုံးပါးအပေါင်းကို နည်းစွာသောအကြောင်း ရှိ၏။

( မြန်မာပြန် )

၁။ ပရမတ်အနှစ် တေဇောဓါတ်၏၊ လက္ခဏာသဘောမှာ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့၏၊ ဉာဏ်ဝမှာ သာလျှင်၊ သိစွမ်း နိုင်သော၊ ပူနွေး စေတတ်သော သဘော လက္ခဏာရှိ၏။

၂။ မိမိနှင့်အတူတကွ ဖြစ်ပေါ်ပျက်ဖက်ဖြစ်သော သဟ ဇါတ်တရား သုံးပါးတို့ကိုသာ ရင့်ကျက်စေခြင်း တည်းဟူသော၊ ကိစ္စရသရှိ၏။

၃။ မိမိနှင့်အတူတကွ ဖြစ်ပေါ် ပျက်ဖက် ဖြစ်သော သဟ ဇာတ်တရား သုံးပါးတို့ကိုသာလျှင်၊ နီးစွာသောလက္ခဏာရှိ၏။

၄။ မိမိမှ ကြွင်းသောတကွ ဖြစ်ပေါ် ပျက်ဖက် ဖြစ်သော သဟဇာတ်တရားသုံးပါးတို့ နီးစွာသောအကြောင်းရှိ၏။

(မှတ်ချက်) အင်္ဂါလေးပါးနှင့်ပြည့်စုံသော။ ဓါတ်သဘော ကလာပ်သဘော။ လက္ခဏာသဘောနှင့်ပြည့်စုံသော တေဇော ဓါတ်သဘောမှာ။မိမိနှင့်သဟဇါတ်ဖြစ်သေါ်တရားသုံးပါးတို့ကို ပူနွေးစေခြင်း။ ဥက္ကဋ္ဌ လက္ခဏာ ရင့်ကျက် စေခြင်းကိစ္စ။ ရသ၊ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။ မိမိမှကြွင်းသော ဓါတ်သုံးပါးတို့၏ နီးစွာသော အကြောင်း ရှိသည့် မှတပါး တ ါးသောရုပ်၊ တပါးသောနမ်တို့ကို။

၁။ နည်းစွာသော ပဒဋ္ဌာန် အကြောင်းမရှိ။

၂။ ဉာဏ်အား ရှေးရှုမထင်နိုင်။ ၃။ ကိစ္စရသ မဖြစ်စေနိုင်။ ၄။ ပူနွေးသော ဥဏှတ္တလက္ခဏာ မဖြစ်စေနိုင်ကြောင်းကို အနုလုံပြန်၍ ပြလိုက်သည်ကို။ ဆေးဆရာ၊ ဓါတ်ဆရာ အစစ် ဖြစ်လိုပါက။ ဤတေဇောဓါတ်၏ အင်္ဂါလေးပါး ဖွင့်ပြသည်ကို အထူး နှလုံး သွင်းစေ လိုသည်။ ရှင်းသည်ထက် ရှင်းအောင်။ အောက်တွင်။ ဗာဟိရတေဇော ကောဋ္ဌာသနှင့်။ လက္ခဏာတေဇောဓါတ်။ ဓါတ်တေဇော။ ပရမတ်တေဇော နှစ်ပါး။ အကျိုးပေးခြားနားပုံ ထပ်၍ရှင်းပြမည်။

ဗာဟိရတေဇောကောဋ္ဌာသနှင့်၊ လက္ခဏာတေဇောဓါတ် အထူးမှတ်သားဘွယ်။

( ဥပမာ )

ဗာဟိရဂ္ဂိဝိယဇတုလောဟာဒိနံသဟဇာတ
ဓမ္မာနံ မုဒုဘာဝါနုပ္ပါဒါန ပစ္စုပဌာနာ။
မဟာဋီကာ(၂၄၉) ၅-ကြောင်းရေ။

ဟိ၊ ဗဟိရတေဇော၊ လက္ခဏာတေဇောနှစ်ပါးကို ဆေးဆရာ ဓါတ်ဆရာများ ကြည်နူးမှတ်သားဘွယ်အထူးကိုဆက်၍ ဋီကာ အလိုပြလိုက်ပါဦးအံ့။ ဗာဟိရဂ္ဂိ၊ ဗာဟိရ၌ဖြစ်သော၊ ထင်းမီး၊ နွားချေးမီး၊ ကောက်ရိုးမီး၊ တောမီး၊ အစရှိသော၊ မီးတောက် မီးလျှံတို့သည်၊ဇစတုလောဟာဒီနံ။ ချိတ်။ ကြေး။ သံ။ အစရှိသည်တို့၏။ မုဒုဘါဝါနုပ္ပါဒါန။ ပစ္စုပဌာနာ။ နူးညံ့ပြော့ပြောင်းသောအဖြစ်သို့။ လျော်စွာ ပေးသော ဉာဏ်အား ရှေးရှုထင်သကဲ့သို့။ ဧဝံတထာ။ ပမာပုံပြု အလားတူသာလျှင်။ သဟဇာတဓမ္မာနံ။ မိမိနှင့်အတူတကွ ဖြစ်ပေါ်ပျက်ဖက်နှင့်တကွ ရှိကြကုန်သော။ မိမိမှကြွင်းသော သဟဇာတ်တရားသုံးပါးအပေါင်းတို့ တို့၏။ မုဒုဘာဝါနုပ္ပါဒါန၊ ပစ္စုပဌာနာ။ နူးညံ့ပြော့ပြောင်းသောအဖြစ်သို့ လျော်စွာပေးသောဉာဏ်အား ရှေးရှုထင်သကဲ့သို့။ ဧဝံတထာ။ ပမာပုံပြု အလားတူ သာလျှင်။ သဟဇာတဓမ္မာနံ။ မိမိနှင့်အတူတကွ ဖြစ်ပေါ်ပျက်ဖျက် ရှိကြကုန်သော

မိမိမှကြွင်းသော သဟဇာတ်တရား သုံးပါးအပေါင်းတို့အား။ တို့၏။ မှဒုဘာဝါ နုပ္ပါဒါန ပစ္စုပ္ပဋ္ဌာနာ။ နှုးညံ့ ပြော့ပြောင်းသောအဖြစ်သို့ လျှော်စွာပေးသောဉာဏ်အား ရှေးရှုထင်သော အခြင်းအရာရှိ၏။

( မြန်မာပြန် )

၁။ ဗာဟိရဥ္စဖြစ်သော။ ထင်းမီး။ နွားချေးမီး။ ကောက်ရိုးမီး။ တောမီး။ အစရှိသော မီးတောက်မီးလျှံတို့သည်။ ချိတ်။ ကြေး။ သံ။ အစရှိသည့်တို့အား။ တို့၏။ နှုးညံ့ ပြော့ပြောင်းသောအဖြစ်သို့။ လျှော်စွာပေးသော ဉာဏ်အားဖြင့် ရှေးရှုထင်သကဲ့သို့။

၂။ ပမာပုံပြုအလားတူသာလျှင်၊ မိမိနှင့် အတူတကွ ဖြစ်ဖေါ်ပျက်ဖက် တကွနက် ရှိကုန်သော၊ မိမိမှကြွင်းသော သဟဇာတ်တရားသုံးပါးအပေါင်းတို့အား၊ အပေါင်းတို့၏။ နှုးညံ့ ပြော့ပြောင်းသော အဖြစ်သို့ လျှော်စွာပေးသော ဉာဏ်အား၊ ရှေ့ရှုထင်သော အခြင်းအရာရှိ၏။

ဤကဲ့သို့ ဥပမာ၊ ဥပမေယျဆောင်၍ပြဆိုသော၊ မဟာဋီကာဆရာ၏စကားအရကို စောဘန်ရသော်။

၁။ ဗာဟိရ၊ ထင်းမီး စသော မီးတောက် မီးလျှံသည်၊ လက္ခဏာတေဇောမီးမဟုတ်ဟု အဓိပ္ပါယ်ရသည်။

၂။ လက္ခဏာတေဇော။ ၎င်းလက္ခဏာတေဇောမီးသည်၊ ထင်းမီးစသော၊ မီးတောက် မီးလျှံမဟုတ်။

ဤလိုသူ့သဘာဝနှင့်သူ၊ အကျိုးပေးကြသောကြောင့်၊ တခုနှင့်တခု၊ အကျိုးပေးမတူတာကို၊ ဆေးဆရာ၊ ဓါတ်ဆရာများ အသံတူသော်လည်း၊ အသံကွဲပုံကို သိစေလိုသောကြောင့်၊ အထူးဖေါ်ပြခြင်းဖြစ်ပါကြောင်း။

ဤကား၊ ဗာဟိရတေဇောနှင့်၊ လက္ခဏာတေဇော ကွာခြားပုံပြခြင်း အထူးတည်း။

( ဆက်၍ဗျတိရေကနည်း အန္နယနည်းဖြင့် ဝေဘန်သော် )

တေဇောဓါတ်အဓိက လွန်ကဲ၍၊ ဗာဟိရ မီးတောက် မီးလျှံ သည်ရှိ၏။ ထိုဗာဟိရမီးတောက်မီးလျှံ ရှိ၍သာ။ ချိတ်၊ ကြေး၊ သံ၊ အစရှိသည်တို့ နူးညံ့ ပြော့ပြောင်းစွာဖြစ်နိုင်၏။

နူးညံ့ ပြော့ပြောင်းစွာ၊ ချိတ်၊ ကြေး။သံ ဖြစ်၍သာ၊ ဗာဟိရ မီးတောက်မီးလျှံရှိသည်ဖြစ်၏။ ဗာဟိရ မီးတောက် မီးလျှံရှိ၍ သာ၊ ပရမတ်အနှစ် တေဇောဓါတ်အစစ်အဓိကလွန်၏။

ပရမတ်အနှစ် တေဇောဓါတ် အဓိကမလွန်လျှင်။ ဗာဟိရမီး တောက်မီးလျှံ မဖြစ်နိုင်။ ဗာဟိရ မီးတောက်မီးလျှံမရှိပါက၊ ချိတ်၊ ကြေး၊ သံ၊ တို့ နူးညံ့ပြော့ပြောင်းခြင်းမဖြစ်နိုင်ဟု တထစ် ကြိမှတ်ယူရာ၏။ ချိတ်၊ ကြေး၊ သံ၊ တို့ နူးညံ့ ပြော့ပြောင်းခြင်း မဖြစ်က၊ ဗာဟိရ မီးတောက်မီးလျှံမရှိ။ ဗာဟိရ မီးတောက်မီး လျှံမရှိက၊ ပရမတ်အနှစ် တေဇောဓါတ်အစစ် အဓိကမလွန်ဟု တထစ်ကြိမှတ်ယူအပ်၏။

(ဤကား ဥပမာတည်း)

( မေး ) ပရမတ်အနှစ်တေဇောဓါတ်အစစ်၏၊ ဥဏှတ္တ လက္ခဏာဟု ဆိုအပ်သော အပူသဘောသည်ရှိ၏။ ထိုအပူသ ဘောရှိပုံကိုဘယ်အကျိုးကိုမြင်သဖြင့် သိရပါအံ့နည်းဟုပြောအံ့။

( ဖြေ ) ပရမတ်အနှစ်တေဇောဓါတ်အစစ်အား၊ ဥဏှတ္တ လက္ခဏာဟု ဆိုအပ်သော အပူသဘောသည် မရှိသည်ဖြစ်အံ့၊ ဖြစ်ခဲသော် ပရိပါစန ကိစ္စရသမပြီးစေနိုင်သောကြောင့်ရင်း။

ပရမတ်အနှစ် တေဇောဓါတ်အစစ်အား၊ ပရိပါစန ကိစ္စရသ မပြီးစေနိုင်လျှင်၊ မဒ္ဒဝါနုပ္ပါဒါနပစ္စုပဋ္ဌာန်အားဖြင့်၊ ဥာဏ်အား ရှေးရှုမထင်နိုင်သောကြောင့်ရင်း သိရသည်။

ပရမတ်အနှစ် တေဇောဓါတ် အစစ်အား၊ မဒ္ဒဝါနုပ္ပါဒါန ပစ္စုပဋ္ဌာန်အားဖြင့်၊ ဥာဏ်အား ရှေးရှုမထင်နိုင်လျှင်၊ ဥဏှတ္တ လက္ခဏာမရှိရာသောကြောင့် သိရပါသည်။

ဤသို့အားဖြင့်သခ်ါရ၊ ပရမတ်အနှစ် တေဇောဓါတ် အစစ်

အား၊ အင်္ဂါလေးပါးနှင့် ပြည့်စုံရာ၏။ ဤသို့ အင်္ဂါလေးပါးနှင့် ပြည့်စုံသောကြောင့်သာ' ပရမတ်အနှစ် တေဇောဓါတ် အစစ်ရှိသည်၏၊ အဖြစ်ကိုသိအပ်၏ ဟူလို။

ဤကား ဗျတိရေက ဉာပကဟိတ်အလိုတည်း။

( **အန္ဝယနည်းဖြင့် ဝေဘန်သော်။** )

ပရမတ်အနှစ် တေဇောဓါတ်အစစ်အား၊ အကြင်အကြောင်းကြောင့်၊ ဥဏှတ္တလက္ခဏာပူနွေးသောသဘောရှိ၏။ ထိုကြောင့် ပရိပါစနကိစ္စရသကို၊ ပြီးစေနိုင်သည်ဟုမှတ်။

ပရမတ်အနှစ်တေဇောဓါတ်အစစ်အား၊ ပရိပါစန ကိစ္စရသ ပြီးစေနိုင်သော ကြောင့်သာ၊ မဒ္ဒဝါနုပ္ပဒါန ပစ္စုပဋ္ဌာန် အား၊ ဉာဏ်အားရှေးရှုထင်နိုင်၏.ဟုမှတ်။

ပရမတ်အနှစ် တေဇောဓါတ် အစစ်အား၊ ဉာဏ်အားရှေးရှု ထင်နိုင် သောကြောင့်သာ၊ ပရမတ်အနှစ် ဥဏှတ္တ လက္ခဏာအစစ်ရှိသည်၏ အဖြစ်ကိုရသည်။

ထိုအင်္ဂါလေးပါးနှင့်ပြည့်စုံသော၊ ပရမတ်အနှစ်၊ တေဇောဓါတ်အစစ်သည်(ဥပမာ)ဆေးဆရာ ပညာရှိများသည်၊ သူနာနှင့်၊ မင်းပရိသတ်အလယ်၌ တင့်တယ်စွာ နေထိုင် သကဲ့သို့၊ ထိုနည်းတူစွာ။ မိမိနှင့် သဟဇာတ်ဖြစ်သော၊ မိမိမှကြွင်းသော၊ ပ-အာ-ဝါ-ဟု ဆိုအပ်သော ဓါတ်သုံးပါးတို့၏ အလယ်၌၊တင့်တယ်တောက်ပနိုင်ကြောင်းကို ပြဆိုလေသည်။

ဤကား အန္ဝယဉာပကဟိတ် အလိုတည်း၊

( **သာဓကပါဠိ ထုတ်ဆောင်၍ ပြဦးမည်။** )

တေဇေတိ တိက္ခဘာဝေန၊ သမုဋ္ဌလက္ခဏာဝိယ သဟဇာတ
ဓမ္မာနံမဇ္ဈေပကာသေတိ နိဝါသေတိ သဟဇာတာ၊
ဓမ္မေတိက္ခဲထာမ ဇလေ ကရောတိ ပရိပါစေတိ။
ဉသ္မာပေတိတိတေဇော တေဇောဝေဓါတု တေဇောဓါတု။

( **ပရမတ္ထဒီပဏီ။** )

တေဇေတိ၊ ဓါတ်၏၊ တိက္ခဘာဝေန၊ ထက်သည်၏အဖြစ်

ဖြင့်၊ သမုဋ္ဌာလက္ခဏာဝိယ၊ တောက်ပသကဲ့သို့၊ သဟဇာတတမ္မောနံ၊ ပ–အ–ဝါ–ဟု ဆိုအပ်သော၊ သဟဇာတ်တရားတို့၏အလယ်၌။ ပကာသေတိ၊ ထင်ရှားပြတတ်၏။ ( ဝါ )တနည်းသော်ကား၊ တေဇောတိ၊ ထက်စေတတ်၏။ နိဝါသေတိ၊ သွေး၏၊ သဟဇာ တမ္မေ။ ပ–အာ–ဝါ–ဟု ဆိုအပ်သော သဟဇာတ်တရားတို့ကို တိက္ခထာမဗလေ၊ ထက်သောအစွမ်းရှိသည်ကို၊ ကရောတိ၊ ပြု တတ်၏( ဝါတနည်းသော်ကား )ပရိပါစေတိ၊ကြေစေကျက်စေ ရင့်စေ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေဇောပရမတ်အနှစ်၊ တေဇောဓါတ် အစစ်မည်၏။ တေဇောဝေဓါတု၊ တေဇော ဓါတ်သည်ပင်လျှင်၊ တေဇောဓါတု၊ ပရမတ်အနှစ် တေဇော ဓါတ်အစစ်မည်၏။ ချုံး၍ပြလိုက်သည်။

ဗဟုသုတလည်းရ၊ တမဂ်တဖိုလ် ရက်တိုတိုနှင့် ရောက်ကြပါစေ။

ဤကား၊ ဓါတုတေဇောကဏ္ဍ ဝိနိစ္ဆယပြခြင်းနိဋ္ဌိတံ။

**( တေဇောလေးမျိုးတို့တွင် သသမ္ဘာရတေဇော။ )**

တေဇောကသိဏံ၊ ဥဂ္ဂဟုဇ္ဇ္ဓော တေဇာသ္မိံ နိမိတ္တံ ဂဏှာတိတိ
အာဒိသုဝုတ္တော သသမ္ဘာရတေဇော၊ ယေနစ သန္တပ္ပတိ
ယေနစဇီယတိ ယေနစ ပရိဒယှတိ၊ ယေနစ အသိတ
ပီတခါယိတ သမ္မာပရိဏာမံဂစ္ဆတီတိ ဧဝံဝုတ္တော
တေပ္ပဘေဒေါ အဇ္ဈတ္တိကာတေဇော၊ ဓါတုယံ၊ ဗာဟိယံ
တေဇော တေဇောဂတံ၊ ဥသ္မာဥသ္မာဂတံ၊ ဥသုမာ ဥသုမာဂတံ
ဗဟိဒ္ဓါနုပါဒိန္နာ သေယျထိဒံ ကဋ္ဌဂ္ဂိသကလဂ္ဂိ
တိဏဂ္ဂိဂေါမယဂ္ဂိ သက်ာရဂ္ဂိ ဣုဒ္ဒဂ္ဂိ အဂ္ဂိသန္တာပေါ
သူရိယသန္တာပေါ ကဋ္ဌသန္နိစယ သန္တာပေါတိ ဏာသန္နိ
စယသန္တာပေါ ဓညသန္နိစယသန္တာပေါ၊ ဘဏ္ဍသန္နိစယ
သန္တာပေါတိ ဧဝံဝုတ္တာစ ဗာဟိရာတေဇော ဓါတူတိ
ဝုတ္တောပိ သသမ္ဘာရတေဇော။

တေဇောကသိဏံ၊ ဥဂ္ဂဏှန္တော၊ တေဇာသ္မိံ၊ နိမိတ္တံ၊ ဂဏှာ တီတိအာဒိသု။ နိမိတ္တံဂဏှာတိ။ ဤသို့အစရှိသော ပါဠိတော်

တို့၌၊ ဝုတ္တော၊ ဟောတော်မူအပ်သော တေဇောသည်။ သသမ္ဘာရတေဇော၊ သသမ္ဘာရ တေဇော ကောဋ္ဌာသ မည်၏။ ယေနဇီယတိ( လ ) သမ္မာပရိဏာမံ ဂစ္ဆတိ၊ ယေန ဇီယတိ၊ ( လ )သမ္မာပရိပါစံဂစ္ဆတိဟူ၍၊ ဧဝံ၊ ဤသို့သော နည်းဖြင့် ဝုတ္တော။ ဟောတော်မူအပ်သော၊ စတုပဘေဒေါ၊ လေးပါးအပြားရှိသော၊ အဇ္ဈတ္တိက တေဇောဓါတု၊ အဇ္ဈတ္တိကတေဇော ကောဋ္ဌာသတေဇောတည်း။ 'ယံဗာဟိယံ (လ) ဘဏ္ဍာသန္နိစယ သန္တာပေါတိ၊ ဗာဟိယံ(လ)ဘဏ္ဍာသန္နိစယသန္တာပေါတိဟူ၍၊ ဧဝံ၊ ဤသို့သော နည်းဖြင့်၊ ဝုတ္တော၊ ဟောတော်မူအပ်သော၊ ဗာဟိရာ၊ အပသန္တာန်၌ဖြစ်ကုန်သော၊ တေဇောဓါတု၊ တေဇော ကောဋ္ဌာသတို့သည်တည်း။ ဣတိ၊ ဤသို့၊ ဝုတ္တာပိ၊ ဟောတော်မူ အပ်သော တေဇောသည်လည်း၊ သသမ္ဘာရတေဇော၊ သသမ္ဘာရ အဝိညာဏကတေဇော ကောဋ္ဌာသမည်၏။

( မြန်မာပြန် )

သသမ္ဘာရ တေဇောဟူသည်၊ အဇ္ဈတ္တိက သသမ္ဘာရ တေဇော၊ ဗာဟိရ သသမ္ဘာရ တေဇောဟူ၍ နှစ်ပါးအပြားရှိရာတို့တွင် သန္တပ္ပနအစ၊ သမ္မာပရိပါစကအဆုံးရှိသော ကောဋ္ဌာသ (၄)ပါးသည်၊ အဇ္ဈတ္တိကတေဇော၊ ကထဂ္ဂိအစ ဘဏ္ဍာသန္နိစယသန္တာပေါ အဆုံးရှိသော တေဇောကောဋ္ဌာသသည်၊ ဗာဟိရ တေဇောကောဋ္ဌာသမည်၏။

ဤကား အဇ္ဈတ္တိကသသမ္ဘာရတေဇော၊ ဗာဟိရသသမ္ဘာရ တေဇော နှစ်ပါးရှိရာတို့တွင်၊ အဇ္ဈတ္တိက သသမ္ဘာရ တေဇော (၄)ပါးတို့ပြမည်။

( တေဇောကောဋ္ဌာသ(၄)ပါး၏ သဘာဝကား။ )

( သန္တပ္ပနတေဇော တရက်ချန်ဖျားသော တေဇော၊ )

ဇီဝိတနဝက၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်(၄)စီးနှင့်ပြည့်စုံသော၊ စတုသမုဋ္ဌာနိကအကြင်သတ္တဝါတို့၏၊ သရီရကိုယ်အင်္ဂါအတွင်း၌

ရှိသော၊ သန္တပ္ပန တေဇောအပူဖြင့်၊ တရက်ချန် မီးယပ်ပူ၊ ဒူလာပူတို့ဖြင့်ဖျား၏။

ဓါတ်ကြီးလေးပါးသည်။ သန္တပ္ပန တေဇော ကောဋ္ဌာသ မဟုတ်။ သန္တပ္ပနတရက်ချန်ဖျား တေဇော ကောဋ္ဌာသသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

ဓါတ်ကြီးလေးပါးသည်၊ သဘောလက္ခဏာမျှသာတည်း။

( ပထဝီကောဋ္ဌာသအခဏ်း နည်းတူယူပါလေ )

( ဇီရဏတေဇော၊ အိုမင်းရင့်ယော်သောတေဇော။ )

ဇီဝိတနဝက၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်(၄)စီးနှင့်ပြည့်စုံသော စတုသမုဋ္ဌာနိက အကြင်သတ္တဝါတို့၏၊သရီရကိုယ်အင်္ဂါအတွင်း၌။ ဇီရဏ တေဇောအပူဖြင့်၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း၊ မျက်စိသည်ခြင်း၊ နားထိုင်းခြင်း။ အရွယ်ရင့်ယော်အိုရခြင်း။ ဇရေ္ဗချို့ရှင်းတို့သည် ဖြစ်ကုန်၏။

ဓါတ်ကြီးလေးပါးသည်၊ ဇီရဏတေဇောကောဋ္ဌာသမဟုတ်၊ ဆံဖြူသွားကျိုးစသည်တို့ကို ဖြစ်စေတတ်သော၊ ဇီရဏတေဇော ကောဋ္ဌာသသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

ဓါတ်ကြီးလေးပါးသည်၊ သဘောလက္ခဏာမျှသာတည်း။

( ဒါဟတေဇော အလွန်ပူသောတေဇော။ )

ဇီဝိတနဝက၊ စိတ်။ ဥ၊ ဟာ၊ ကလာပ်(၅)စီးနှင့်ပြည့်စုံသော စတုသမုဋ္ဌာနိက၊ အကြင်သတ္တဝါတို့၏ သရီရကိုယ်အင်္ဂါအတွင်း၌ရှိသော၊ ဒါဟတေဇောအပူဖြင့်။ စန္ဒကူးနံ့သာ လိမ်းကြံပေးပါ ယပ်လေ ခပ်ပေးပါ ဆီဦး ထောပါတ် လိမ်းကြံ ပေးပါဟု တစာစာ အောင်းတရအောင်၊ ပူခြင်းသည်ဖြစ်၏။

ဓါတ်ကြီးလေးပါးသည် ဒါဟတေဇောကောဋ္ဌာသမဟုတ်၊

ယတ်လေခပ်ပေးပါ၊ စန္ဒကူးနံ့သာလိမ်းပေးပါ ဆိုဦးထော့ပါတ် လိမ်းကြံပေးပါဟု တောင်းတရအောင် ပူသော၊ ဒဟာတေဇော ကောဋ္ဌာသသည်။ ဓါတ်ကြီးလေးပါးမဟုတ်။

ဓါတ်ကြီးလေးပါးသည့် သဘောလက္ခဏာမျှသာတည်း။

( ပါစကတေဇော အစာကိုကျေစေကြက်စေ )

ဇီဝိတနဝက ကလာပ် (၁) စီးသာရသော၊ ကမ္မသမုဋ္ဌာနိက အကြင်သတ္တဝါတို့၏ သရီရကိုယ်အင်္ဂါအတွင်း၌ရှိသော။ အစာသစ်အိမ် အတွင်း၌ တည်၏။ ထိုစားအပ် သောက်အပ် သော အစာကို ဝမ်းမီးအပူဖြင့် ကျေစေ ကြက်စေ သည့်ပြင် ငါးဘို့ကွဲ အောင်ချက်ပေး၏။ အစာမရှိပါက၊ ငမ်းရေပြင်ကိုယူ၍ချက်၏။ အစာရပါက ဝမ်းရေကိုလွှတ်၍ အစာကိုယူ၍ချက်၏။

ဓါတ်ကြီးလေးပါးသည်၊ ပါစကတေဇောကောဋ္ဌာသမဟုတ်၊ အစာကိုငါးဘို့ကွဲအောင်ချက်ပေးသော ပါစကတေဇော ကောဋ္ဌာသသည် ဓါတ်ကြီး လေးပါး မဟုတ်။ သဘောလက္ခဏာမျှသာတည်း။

ဤသသမ္ဘာရတေဇော ကောဋ္ဌာသ မြန်မာပြန်အကျဉ်းပြခြင်း
နိဋ္ဌိတံ။

**( သန္တပ္ပနနှင့် ဒါဟတေဇောအထူး။ )**

**ရှူဝ်ငုံခဆောင်။**

သရီရေ ပကတိဥသုမာ အတိက္ကမိတွာ ဥဏှာကာရော
သန္တာပေါ သရီရဒါဟဝသေန ပဝတ္တော
မဟာဒါဟော ပဋိဒါဟောတိ အယမေတေသံ ဝိသေသော
**မဟာဋီကာ(၄၁၀)၂၆။ ကြောင်းရေ။**

သရီရေ၊ သရီရကိုယ်၌၊ ပကတိဥသုမာ၊ ပြကတေ ဥသ္မာ

ကိုယ်ငွေ့ကို( ဝါ )ပကတိသဘောကို၊ အတိတ္တမိတ္တာ၊ လွန်၍။ ဥဏှာကာရော။ ပူသောအခြင်းအရာသည်။ သန္တာပေါ။ သန္တပ္ပန တေဇောကောဋ္ဌာသမည်၏။ (ဝါ)မီးယပ်ပူ။ ဒူလာပူ။တရက်ချန် ဖျားစေတတ်သော အဖျားမည်၏၊ သရီရဒါဟဝသေန။သန္တပ္ပန တေဇောဓါတ်လွန်သဖြင့်။ ပြင်းစွာပူလောင်ခြင်း၏ အစွမ်းဖြင့်။ ပဝတ္တော ဖြစ်စေသည်။ မဟာဒါဟော။ ပြင်းစွာ ပူလောင်ခြင်း သည်။ (ဝါ)ထောပတ်။ စန္ဒကူး နံ့သာ လိမ်းကြံပေးပါ။ ထမ်း ရွက်ယပ် လေခပ်ပေးပါဟုတောင်းတရအောင် ပူပန်ခြင်းသည်။ ပဋိဒါဟော။ ပဋိဒါဟ တေဇော ကောဋ္ဌာသမည်၏။ ဣတိ အယံ ဤဆိုအပ်ခဲ့ပြီးသည်ကား။ တေသံ။ ထိုဥသ္မာဓါတ်မီးကိုလွန်၍ ဖြစ်သော။ သန္တပ္ပန ဒါဟတေဇော ကောဋ္ဌာသ နှစ်ပါးတို့၏။ ဝိသေသော။ အထူးတည်း။ (ဝါ) ဆေးဆရာ သာမာန်။ ဓါတ် ဆရာ။ သာမာန်တို့နှင့်။ အပရေဝါဒဆရာတို့။ သိနိုင်ခဲသော ထူးခြားသောအချက်ကြီးပေတည်း။

( မြန်မာပြန် )

သရီရကိုယ်အင်္ဂါအတွင်း၌။ ပကတိဥသ္မာ ကိုယ်ငွေ့ကိုလွန်၍ ဖြစ်သောကြောင့်။ သန္တပ္ပနတေဇော ကောဋ္ဌာသမည်၏။ (ဝါ) မီးယပ်ပူ။ ဒူလာပူကို ဖြစ်စေတတ်သော။ သန္တပ္ပန တေဇော မည်၏။

ထိုသန္တပ္ပနတေဇော ကောဋ္ဌာသသည်။ သရီရ ကိုယ်အင်္ဂါဖြင့် ပြင်းစွာပူလောင်သည်၏ အစွမ်းဖြင့်။ ထောပတ်။ စန္ဒကူးနံ့သာ လိမ်းကြံပေးပါ။ထမ်းရွက်ယပ်လေခပ်ပေးပါဟုအဓါဓါတောင်း တရအောင်ပူခြင်းသည်။ ပဋိဒါဟတေဇောဟုခေါ်သည်။

ဤသန္တပ္ပနတေဇောနှင့် ဒါဟတေဇော အထူးပြခြင်းတည်း။

**တေဇော၀လေးပါး ကလာပ်စီးအထောက်သာဓကပါဠိကား၊**

( နှိပ်ငှ့်သောင်။ )

ဧတ္တောစ ပုရိမာ တယောတေဇော ဓါတုသမုဋ္ဌာနာ
ပစ္ဆိမာ ကမ္မသမုဋ္ဌာနော
ဓါတုဝိဘင်း အဖွင့်(၆၀)၂၅။

ဧတ္တော။ဤတေဇောကောဋ္ဌာသလေးပါးတို့တွင်။သန္တပ္ပနဒါဟ၊ ဇိရဏာဟုဆိုအပ်သော တေဇောကောဋ္ဌာသ သုံးပါးတို့သည်။ စတုသမုဋ္ဌာနာ၊ စတုသမုဋ္ဌာန်တို့ကြောင့်ဖြစ်ကုန်၏။
ပစ္ဆိမာ။နောက်၌ဖြစ်သော ပါစကတေဇော် ကောဋ္ဌာသသည်။ ကမ္မသမုဋ္ဌာနေကော၊ တခုတည်းသာ ဖြစ်ကုန်၏။
ဤကား တေဇော(၄)ပါး သမုဋ္ဌာန် ကလာပ်စီးပုံပြခြင်းတည်း။

**တေဇောကောဋ္ဌာသ သမုဋ္ဌာန်ကလာပ်စီး ဇယားအကျဉ်း၊**

| နံပါတ် | အမည် | သမုဋ္ဌာန် | ဒသက | နဝက | စိ | ဥ | ဟါ | ဦးရေ |
|---|---|---|---|---|---|---|---|---|
| ၁ | သန္တပ္ပန | စတုဇ | | ကမ္မ( ဇ်) | စိ | ဥ | ဟါ | ၄ |
| ၂ | ဒါဟ | စတုဇ | | ကမ္မ( ဇ်) | စိ | ဥ | ဟါ | ၄ |
| ၃ | ဇိရဏာ | စတုဇ | | ကမ္မ( ဇ်) | စိ | ဥ | ဟါ | ၄ |
| ၄ | ပါစက | ကမ္မဇကေဇ | | ကမ္မ( ဇ်) | | | | ၁ |
| | | ပေါင်း- | | ၄ | ၃ | ၃ | ၃ | ၁၃ |

★

( မှတ်သားရန် ) သမုဋ္ဌာန်တို့ပြုပြင်အပ်သော၊ ပရမတ်တရား၊ ဓါတ်တရား၊ ကလာပ်တရား၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော၊ ပူနွေးရင့်ကျက်စေတတ်သော၊ တေဇောဓါတ်အစစ် အဓိကလွှမ်းကဲသော၊ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌။ သမုဋ္ဌာန်တို့ ပြုပြင် အပ်သော၊ သမုတိ သစ္စာဟု ခေါ်ဆို အပ်သော၊ သသမ္ဘာရတေဇော ကောဋ္ဌာသ (၄) ပါ၊တို့တွင်၊ ပါစကဝမ်းမီး တပါးသာ၊ ကမ္မဇဖြစ်၍၊ ကမ္မဇကလာပ်(၁)စီးသာရ၍ ကြီးသော၊ သန္တပ္ပနတေဇော၊ ဒါဟတေဇော၊ ဇီရဏတေဇော (၃) ပါးတို့မှာ၊ စတုသမုဋ္ဌာနိကရုပ်၊ ကမ္မဇကလာပ်နှင့်၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်(၃)စီးစီရသဖြင့်၊ နှစ်ခုပေါင်း ကလာပ်(၄)စီး စီရ၏ဟု။ အထူးမှတ်သားဘွယ်ထပ်၍ဖေါ်ပြခြင်းဖြစ်ပါသည်၊

## သသမ္ဘာရတေဇော ကောဋ္ဌာသ( ၄ )ပါး။
## ( အကျဉ်း နှိပ်ငုံ ဆောင်။ )

ယေနသန္တပ္ပနံ ယေနဇီရဏံ၊ ဒါဟနုတထာ

ယေနသီတာဒိပါကောတိ စတုရံသာနလာဒိကာ

( ရင်းအဌကထာ )

ယေနတေဇေန၊ အကြင် တေဇော ကောဋ္ဌာ သကြောင့်၊ သန္တပ္ပနံ၊ တရက်ဖျားခြင်း အစရှိသည်ဖြင့်၊ ပူပန် ခြင်းသည်၊ ဟောတိ ဖြစ်၏။ သော၊ ထိုပရမတ်အနှစ် တေဇောဓါတ်အဓိကလွှမ်းကဲသော၊ သန္တပ္ပနတေဇောရင်း၊ ယေနတေဇေန။ အကြင်တေဇောကောဋ္ဌာသကြောင့်၊ ဇီရဏံ။ဆံဖြူ၊ သွားကျိုးခြင်း အရွယ်မှ ဆုတ်ယုတ်ခြင်းသည်၊ ဟောတိဖြစ်၏။ သော၊ ထိုပရမတ်အနှစ် တေဇောဓါတ် အဓိကလွှမ်းသော၊ဇီရဏတေဇော ကောဋ္ဌာသရင်း။

ယေနတေဇောနှ၊ အကြင်တေဇောကောဋ္ဌာသကြောင့်၊ ဒါဟန် အထူးသဖြင့်၊ ယင်လေးခပ်ပေးပါ၊ စန္ဒကူးနှံ့သာလိမ်းပေးပါ၊ ထောပါတ် လိမ်းပေးပါဟု တောင့်တရအောင် ပူလောင်ခြင်း သည်၊ ဟောတိဖြစ်၏။ သောစ၊ ထိုပရမတ်အနှစ် တေဇောဓါတ် အမိကလွန်ကဲသော၊ ဒါဟတေဇော ကောဋ္ဌာသရင်း။

တထာ၊ ထိုအတူ၊ ယေနတေဇောနှ၊ အကြင်တေဇောကော ဋ္ဌာသကြောင့်၊ အသိတာဒိပါကော၊ စားအပ် သောက်အပ်၊ လျက်အပ်၊ ခဲအပ်သော၊ အစာအစ ရှိသည်တို့၏။ ကျေစေ၊ ကြက်စေခြင်း၊ ငါးဘို့ ခွဲဝေ ပေးခြင်းသည်၊ ဟောတိ ဖြစ်၏။ သောစ၊ ထိုပရမတ်အနှစ် တေဇောဓါတ် အမိက လွန်ကဲသော ပါစကတေဇောကောဋ္ဌာသရင်း။ ဣတိဣမေ စတုရံသာ၊ ဤလေး ပါးသော တေဇောကောဋ္ဌာသအစုတို့ကို၊ နလာဒိကာ၊ ပရမတ် အနှစ် တေဇောဓါတ်အစစ် အမိကလွန်သော ကောဋ္ဌာသအစု တို့ဟူ၍၊ ဣရိတာ။ ဆိုအပ်ကုန်၏။

( တနည်း ဆေးကျမ်းလာ။ )

တေဇောကောဋ္ဌာသ(၄)ပါး၊ အကျယ်လက္ခဏာ(၁၂) ပါး ဖွင့်ပြချက်။ ဆေးကျမ်းအလို။

၁။ နွေးခြင်း။ ၂။ ပူခြင်း။ ၃။ အားနည်းခြင်း။
ဤသုံးပါးသည် သန္တာပနတေဇော လက္ခဏာတည်း။

၁၊ ချောက်ချားခြင်း။ ၂။ မွတ်သိပ်ဆာလောင်ခြင်း
၃။ ရှားမီးပမာ ပူလောင်၍ အေးသည့်ရေကိုအလိုရှိခြင်း၊
ဤသုံးပါးသည်၊ ဒါဟတေဇောလက္ခဏာတည်း။

၁။ ကြက်သီးမွေးညှင်းထခြင်း။ ၂။ ချမ်းခြင်း။
၃။ ရေစွတ်သကဲ့သို့ရှိခြင်း။
ဤသုံးပါးသည် သီတတေဇောလက္ခဏာတည်း။

၁။ အစါမကြေခြင်း၊ ၂၊ ပြင်းရှိခြင်း။ ၃။ မိုက်မဲခြင်း၊ ဤသုံးပါးသည် ပါစကတေဇော လက္ခဏာတည်း။

( ကောဋ္ဌာသဆောင်ပုဒ်။ )

**တေဇောလေးထွေရှိအနေကို၊ သိစေမယွင်းဖေါ်ပြလင်းအံ့။**

၁၊ နွေးခြင်း၊ ပူခြင်း၊ ငွေ့ထွက်ခြင်းမှန်၊ ယူရန်သန္တာပ္ပန၊

၂။ ယူကြအပြီး၊ ရှားမီးပမာ၊ ပြင်းစွာပူဘန်ဘိ၍၊ အေးသည့်ရေကို အလိုရှိက၊ ဒါဟတေဇော။

၃။ သဘောတနည်း၊ အအေးကြီးလျှက်၊ ရေစွတ်သကဲ့သို့ ရှိခြင်း။ ကြက်သီးဖြိုင်ဖြိုင်ထသောအခါ၊ ယူပါသီတ။

၄၊ စားသောက်ရာမှာ၊ မကြေကျက်ခြင်း၊ ပြင်းရှိခြင်း၊ မိုက်မဲခြင်းမှန် ယူရန်ပါက အကျဉ်းပြသည်။ မှတ်ကြအင်္ဂမုခ မြွှန်ယ်သော်၊

( တေဇောပျက် သေလက္ခဏာ၊ ဆေးကျမ်းလာဆောင်ပုဒ်။ )

တေဇောဓါတ်ပျက်၊ သေဆုံးချက်ကား၊ ကူးဆက်အစာ၊ ပေးသွင်းပါလည်း၊ ယူခါမစား၊ နှုပ်ခမ်းသွားကို၊ မဟာလိုခြင်း၊ မျက်စိကျွက်တက်၊ မအိပ်စက်ရာ၊ မျက်စီးရာတွင်၊ ဆင်းရူပါဝယ်၊ အကုန်ပျက်ခါ၊ ချေဝယ်အေးဘိ၊ သူမသိ၍၊ နှမ်းဘိသာရေး၊ ကြမ်းတမ်းလေသော်၊ ပါဒေအစ၊ တင်ပါးကမူ။ ဆံစနဖူး၊ အထူးအေးမြ၊ ငွေ့မထ၍၊ ကမ္ဘဇဓါတ်၊ ဂင်းစဉ်ပြတ်လျှက်၊ အတတ်ထိုသူ၊ သေတတ်ဟူ၏၊ ရက်မူဆုံးဖြတ်၊ တတ်အပ်မှတ်လော့၊ မပြတ်နိစ္စ၊ သေဆုံးကလည်း၊ ညွှဉ့်ကားသုံးရန်၊ နေ့ဆိုမွန်းတိ၊ ကြာဘိသုံးရက်၊ သေမည်တွက်လေ၊ ဆက်ဆက်အမှန်၊ သေဘို့ဖန်သည်၊ ဧကံသိရန်မိန့်ကြူးတည်း။

တေဇောကောဋ္ဌာသ(၄)ပါးနှင့် ဆေးကျမ်းလာ၊

( တဓာ အကျယ် ဆေးကျမ်းလာ(၁၂)ပါး ပြဆိုသော
တေဇောကောဋ္ဌာသ ဝိနိစ္ဆယ ပြခြင်းနိဋ္ဌိတံ၊

## ( ဗာဟိရတေဇော ကောဋ္ဌာသ။ )

ထင်းကိုစွဲ၍ဖြစ်သောမီး၊ ကောက်ရိုးကိုစွဲသောမီး၊ နွားချေးကိုစွဲသောမီး၊ ကောင်းကင်မှကြွသောမိုဃ်းကြိုးလောင်မီး၊ နေပူမှဖြစ်သောမီး၊ မျက်ခြောက်ကို စွဲသောမီး။ စပါးကို စွဲသောမီး၊ ရွှေငွေဘဏ္ဍာစသည်ကိုစွဲသောမီး၊ ငရဲမီး၊ ကမ္ဘာပျက်မီးပူစသည်တို့သည်၊ လက္ခဏာ တေဇောဓါတ်အစစ် အဓိကလွန်သော၊ ဗာဟိရတေဇောကောဋ္ဌာသမီးမည်၏။

ထိုဗာဟိရမီးသည်၊ ပရမတ်တေဇောမဟုတ်၊
ပရမတ်တေဇောသည်၊ ဗာဟိရမီးမဟုတ်။
ဤကား ဗာဟိရတေဇော ကောဋ္ဌာသမီးပြခြင်း နိဋ္ဌိတံ။

## ( အာရမ္မဏတေဇော )

တေဇောကသိဏမေ ကောသဋ္ဌာနာတီတိအာဒိသု
အာဂတါပန အာရမ္မဏတေဇော် နိမိတ္တတေဇောတိပိ ဝုစ္စတိ

တေဇောကသိဏမေ ကေသဋ္ဌာနာတီတိ အာဒိသု၊ ဓတေဇောကသိဏမေ ကောသဋ္ဌာနာတိ၊ဤသို့အစရှိသည်တို့၌၊ အာဂတာပန။ လာသောတေဇောသည်ကါး။ အာရမ္မဏတေဇော။ အာရမ္မဏ တေဇောမည်၏။ နိမိတ္တတေဇော တိပိ။ နိမိတ္တတေဇောဟူ၍လည်း ဝုစ္စတိ။ ဆိုအပ်၏။

(မှတ်ချက်) ပထဝီအခဏ်း၌ ပြထားသည့် နည်းတူယူပါလေ။
ဤကား အာရမ္မဏတေဇော အကျိုးပြခဏ်း နိဋ္ဌိတံ။

( သမုတိ ဝေဒနာ။ )

ဝေဒနာကသိနတ္ထာ နလာဘီ ဒေဝလောကေ နိဗ္ဗတ္တော

အာဂမနဝသေန ဝေဒနာတ္တဝနာမံ လဘတိအယံ

သမ္မုတိဝေဒနာတိဝေဒိတဗ္ဗာ

ဝေဒနာကသိနတ္ထာလာဘီ။ ဝေဒနာကသိုဏ်းကိုစီးဖြန်း၍။ ဈာန်ကိုရသော ပုဂ္ဂိုလ်သည်။ ဒေဝလောကေ နတ်ပြည်၌။ နိဗ္ဗတ္တော ဖြစ်သည်ရှိသော်။ အာဂမနဝသေန လာသည်၏အစွမ်းအားဖြင့်။ ဝေဒနာတ္တဝနာမံ။ ဝေဒနာဟူသောအမည်ပညတ်ကိုသာလျှင် လဘတိ ရ၏။ အယံ။ ဤဝေဒနာသည်။ သမ္မုတိ။ သမ္မုတိဝေဒနာမည်၏။ ဣတိ။ ဤသို့။ ဝေဒိတဗ္ဗာ သိအပ်၏။

ဤကား သမုတိဝေဒနာကို ပြခြင်းတည်း။

၁။ လက္ခဏာဝေဒနာ။ ၃။ အာရမ္မဏာဝေဒနာ။

၂။ သသမ္ဘာရဝေဒနာ။ ၄။ သမုတိဝေဒနာ။

ဤသို့အားဖြင့် ဝေဒနာလေးမျိုး ပြားကြောင်း သာဓကစုံလင်စွာနှင့် ပြဆိုခဲ့သည်။

ဤသို့ ဝေဒနာလေးမျိုးကို ဝိပဿနာဆရာ၊ သမထဆရာ၊ ဆေးဆရာ၊ ဓါတ်ဆရာတို့၊ သူ့အသုံးနှင့် သူသုံးလျှင်၊ တမင်တဖိုလ် ရက်တိုတိုနှင့်၊ ရရှိရေး နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ရောက်ရေး၊ ဆေးဆရာ၊ ဓါတ်ဆရာများ သူနာရောဂါကုသ၍ ပျောက်ကင်းချမ်းသာရေး မခဲပြီ။

ဤကား ဝေဒနာလေးမျိုး ကောက်နှုပ်ချက်ပြခြင်း နိဋ္ဌိတံ။

# ဓါတုဝါယော သဏ္ဍာန်ကထာ

ဝါယောဟူသည် လေးမျိုးလေးစား ခွဲခြားထားပုံ၊

( ဝါယောလေးပါးဟူသည်ကား။ )

တတ္ထလက္ခဏာ သသမ္ဘာရ အာရမ္မဏ သမုတိ ဝသေန စတုဗ္ဗိဓေါဝါယော

(မူလပရိယာယသုတ် အဋ္ဌကထာ)

တတ္ထ၊ ထိုစကားရပ်၌၊ ဝါယော၊ ဝါယောသည်၊ လက္ခဏ သသမ္ဘာရ အာရမ္မဏ သမုတိဝသေန၊ လက္ခဏဝါယော၊ သသမ္ဘာရဝါယော၊ အာရမ္မဏဝါယော၊ သမုတိဝါယော၏ အစွမ်းအားဖြင့်၊ စတုဗ္ဗိဓေါ၊ လေးပါးအပြားရှိ၏။

( မြန်မာပြန်။ )

၁။ လက္ခဏဝါယော။ ၃။ အာရမ္မဏဝါယော။

၂။ သသမ္ဘာရဝါယော။ ၄။ သမုတိဝါယော။

ဤသို့အားဖြင့် ဝါယောဟူသည် အမည်လေးမျိုးပြားလေသည်

(မေး) စတုသမုဋ္ဌာနိကရုပ်။ လေးပါးသောဟောဘုတ်တို့တွင်၊ ဝါယောဟူသည်။

၁။ အဘယ်ကြောင့် ဝါယောမည်သနည်း။

၂။ အဘယ်ကြောင့်၊ ဝါယောဓါတ်မည်သနည်း။

၃။ အဘယ်ကြောင့်၊ လက္ခဏဝါယော မည်သနည်း။

ဤကား အမေးပုစ္ဆာ ( ၃ ) ချက်။

( ဖြေ ) ထိုအမေးပုစ္ဆာ (၃)ချက်တို့တွင်၊ ပဌမအမေး

ဝါယတိဒေသန္တ ရုပ္ပတ္တိ ဟေတုဘာဝေန
ဘူတသင်္ခါတံ ပါပေတိ၊ ဝါယော၊ ဟုဝစနတ္တပြီ။

ယောသဘာဝေါ၊ အကြွင်တရားသဘောသည်၊ ဒေသန္တ ရုပ္ပတ္တိဟေတု ဘာဝေန၊ အရပ်တပါး၌ ဖြစ်ခြင်းအကြောင်း၏ အဖြစ်ဖြင့်၊ ဘူတသင်္ခါတံ၊ ဘူတရုပ်အပေါင်းတို့၏ ထိခိုက်ခြင်းသို့၊ ဝါယတိပါပေတိ၊ ရောက်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ သောသဘာဝေါ၊ ထိုတရားသဘောသည်၊ ဝါယော ဝါယောမည်၏။

( မြန်မာပြန် )

အကြွင် သဘောတရားသည်။ အရပ်တပါး၌ ဖြစ်ခြင်းအကြောင်း၏အဖြစ်ဖြင့်၊ ဘူတရုပ် အပေါင်း တို့၏ ထိခိုက် ခြင်းသို့ ရောက်စေတတ်၏။ ထိုကြောင့် ထိုတရားသဘောသည် ဝါယော မည်၏။

ဤကား ပဌမအမေးကို ဖြေခြင်းတည်း။

( ဒုတိယအမေးပုစ္ဆာ )

( ဖြေ ) မိမိသဘောကို မိမိဆောင်တတ်သောကြောင့် ဓါတ်မည်၏ဟု၊ အနဲဖြေပေးရ ပေးမည်။

အတ္တနောသဘာဝံ ဓါရေတိတိဓါတု
အနုဋီကာ ။

အတ္တနော၊ မိမိ၏သဘာဝံ၊ သဘောကို၊ ဓါရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့မိမိသဘောကို ဆောင်တတ်သော သတ္တိကြောင့် သောသဘာဝေါ။ ထိုတရားသဘောသည်။ ဓါတုပရမတ်အနှစ် ဝါဒယာဓါတ် အစစ်မည်၏။

ဤဒုတိယအမေး ပုစ္ဆာ အဖြေတည်း။

## တတိယ အမေးပုစ္ဆာ။

(ဖြေ) မိမိလက္ခဏာကို မိမိဆောင်တတ် သောကြောင့် ဓါတ်မည်၏ ဟု အဖြေပေးရပေမည်။

အတ္တနောလက္ခဏံ ဓါရေတီတိဓါတု

### ( မနုဋီကာ ။ )

ယာဓမ္မဇာတိ၊ အကြင်တရား သဘောသည်၊ အတ္တနော၊ မိမိ၏ လက္ခဏံ၊ လက္ခဏာကို၊ ဓါရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်၊ သာဓမ္မဇာတိ၊ ထိုတရားသဘောသည်၊ ဓါတု၊ ဝါယောဓါတ်မည်၏။

### ( တနည်း ထိုဝါယောလေးမျိုးတို့တွင် လက္ခဏာဝါယော။ )

တေသုတတ္ထကတမာ အဇ္ဈတ္တိကာဝါယောဓါတု

ယံအဇ္ဈတ္တံ ပစ္စတ္တံဝါယော ဝါယောဂတံ ထမ္ဘိတတ္တံ

ရူပဿအဇ္ဈတ္တံ ဥပါဒိန္နံ အာဒိသု ဝုတ္တော လက္ခဏာ ဝါယော။

### ( ရှင်းအဋ္ဌကထာ ။ )

တေသု၊ ထိုလေးပါးသောဝါယောတို့တွင်၊ တတ္ထကတမာ အဇ္ဈတ္တိကာဝါယောဓါတု (လ) အဇ္ဈတ္တံ ဥပါဒိန္နံ အာဒိသု တတ္ထကတမာ အဇ္ဈတ္တိကဝါယောဓါတု(လ)အဇ္ဈတ္တံ ဥပါဒိန္နံ ဤသို့၊ အစရှိသောပါဠိတော်တို့၌၊ ဝုတ္တော။ဟောတော်မူအပ်သော ဝါယောသည်၊ လက္ခဏာဝါယော၊ လက္ခဏာဝါယောမည်၏။

### (မြန်မာပြန်)

သဏ္ဍာဝါတို့၏ အဇ္ဈတ္တသဏ္ဍာနှင့်၊ သသမ္ဘာရဓါတ်တို့ကိုမှီ၍ ထောက်ကန်လှုပ်ရှားမှု ပရမတ်တရား၊ ကလာပ်တရား၊ အင်္ဂါ

လေးပါးနှင့် ပြည့်စုံသော၊ တကယ်ရှိသော သဘောတရားကို လက္ခဏာဝါယောဟုဆိုသည်။

**ဧသေဝနယော ပထဝီဓါတုယော။**

( ဤကား တတိယအမေးပုစ္ဆာ အဖြေတည်း )

ဝါယောဓါတ်၏ အင်္ဂါလေးပါး

သာဝိတ္ထမ္ဘိတ လက္ခဏာ သမုဒိရဏရသာ
အဘိနီဟာရ ပစ္စုပဋ္ဌာနာ သေသဓါတုတ္တယ ပဒဋ္ဌာနာ
အဋ္ဌသာလိနီ အဋ္ဌကထာ

သာဝါယောဓါတု၊ ထိုဝါယောဓါတ်သည်၊ ဝိတ္ထမ္ဘိတလက္ခဏာ။ ထောက်ပံ့ခိုင်စေခြင်းတည်းဟူသော လက္ခဏာရှိ၏။ သမုဒိရဏရသာ၊ ရွေ့စေခြင်းတည်းဟူသောကိစ္စရှိ၏။ အဘိနီဟာရ ပစ္စုပဋ္ဌာနာ၊ ရှေးရှုဆောင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သေသဓါတုတ္တယ ပဒဋ္ဌာနာ၊ မိမိမှကြွင်းသောဓါတ်(၃)ပါးလျှင် နီးစွာသောအကြောင်းရှိ၏။

(မြန်မာပြန်)

၁။ ဝါယောဓါတ်ဟူသည်၊ ဘုတ်တရား အပေါင်းတို့ကို၊ တွန်းကန်ထောက်ပန့်ခိုင်စေခြင်း ဝိတ္ထမ္ဘိတလက္ခဏာရှိ၏။

၂။ ထိုဝိတ္ထမ္ဘိတလက္ခဏာရှိခြင်းကြောင့်သာလျှင်၊ ဘုတ်တရားတို့ကို ရွေ့ရှား ရွေ့နောက် ဖယ်သွားစေခြင်း သမုတိရဏရသကိစ္စရှိ၏။

၃။ ထိုသမုတိရဏရသကိစ္စ ပြီးစေနိုင်သောကြောင့် သာလျှင်၊ ရှေးရှုယူဆောင်ခြင်း သာလျှင်၊ ထင်သောအဘိနီဟာရ ပစ္စုပဋ္ဌာန် ပြီးစေနိုင်သည်။

၄။ ဤသို့ ပြီးစေနိုင်သောကြောင့်သာလျှင်၊ ဝါယောဓါတ်၏၊ လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဟု ဆိုအပ်သော၊ အသာဓါရဏ သဘောတရားသည်၊ တပါးသောအကြောင်းတရားနှင့်၊ မရော မရှက်၊ မိမိချည်း သက်သက်ဖြစ်နိုင် ထင်ရှားနိုင်သည် မဟုတ်။ စင်စစ်သော်ကား၊ မိမိမှ တပါးသော ကြွင်းသော ဓါတ်ကြီးသုံးပါးတို့က ထိုက်သည့်အား လျော်စွာ၊ မိမိတို့ကိစ္စဖြင့် ကျေးဇူး ဥပကာရ ပြုသောကြောင့်သာလျှင် ဝါယောဓါတ်၏ လက္ခဏာ ရသ၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဟု ဆိုအပ်သော အသာဓါရဏ သဘောတရားသည် ထင်ရှားဖြစ်ပေါ်လာရသည်ဟု ဆိုလိုသည်။

လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဟု ဆိုအပ်သော၊ အသာဓါရဏ သဘောတရားကြောင့်၊ သာဓါရဏသဘောဟု ဆိုအပ်သော ပဒဋ္ဌာန် ဖြစ်ပေါ်လာရသည်မဟုတ်ပါ။

## ဝါယောဓါတ်၏ သိရာသိကြောင်းဖြစ်သော

## ( ဗျတိရေကနည်း အန္ဒယနည်းကို ဆက်၍ပြဦးအံ့။ )

၁။ ဝါယောဓါတ်၏ ဝိတ္ထမ္ဘန လက္ခဏာရှိသည်၏ အဖြစ်ကို အဘယ်ကြောင့် သိနိုင်ပါအံ့နည်းဟူသော်။ အကယ်၍ကား။ ဝါယောဓါတ်အား ဝိတ္ထမ္ဘနလက္ခဏာမရှိသည်ဖြစ်အံ့။ သဟဇာတ်ဖြစ်သော တရားတို့ကို၊ ရွေ့ရှားခြင်း သမုတိရဏ မပြီးစေနိုင်သောကြောင့်ငှင်း။

၂။ သမုတိရဏရသကိစ္စမပြီးစေနိုင်က၊ ဘုတ်တရားတို့ကို ရွေ့ရှု ဆောင်ခြင်းလျှင် ထင်သော၊ အဘိနီဟာရ ပစ္စုပဋ္ဌာန် မရှိသောကြောင့်ငှင်း။

ဤကားဗျတိရေကနည်းတည်း။

၁။ အကြင့်ကြောင့် ဝါယောဓါတ်အား၊ ဝိတ္ထမ္ဘန

လက္ခဏာ ထင်ရှားရှိ၏၊ ထိုကြောင့် သဟဇာတ် တရားတို့ကို၊ လှုပ်ရှားရွေ့စေခြင်း သမုတိရဏာ သရ ကိစ္စပြီးစေနိုင်၏။

၂။ သမုတိရဏာရသကိစ္စကိုပြီးစေနိုင်သောကြောင့် သာလျှင်၊ ထိုဝါယောဓါတ်အား သဟဇာတ်ဖြစ်သော ဘုတ်တရားတို့ကို။ ရှေးရှုဆောင်ခြင်းလျှင်။ ဉာဏ်အား ထင်သော အဘိနီဟာရ ပစ္စုပဋ္ဌာန်ရှိခြင်း။

၃။ ထိုအဘိနီဟာရ စ္စုပဋ္ဌာန်ရှိသောကြောင့် သာလျှင်။ ဝါယောဓါတ်အား။ ဝိတ္ထမ္ဘနလက္ခဏာရှိသည်ကို။ အန္ဝယ နည်းအားဖြင့်သိပါလေ။

( ဤကား အန္ဝယနည်း ပြခြင်းတည်း။ )

( တနည်း အန္ဝယနည်းကား။ )

၁။ မဖေါက်မပြန်သော ပရမတ္ထလက္ခဏာ ဝါယောဓါတ် အစစ်ဖြစ်အံ့။ ဝိတ္ထမ္ဘနလက္ခဏာအမှန်ရှိ၏။

၂။ ထိုဝိတ္ထမ္ဘန လက္ခဏာ အမှန်ရှိသောကြောင့်သာလျှင် သမုတိရဏာရသကိစ္စကို အမှန်ပြီးစေနိုင်သည်။

၃။ ထိုသမုတိရဏာရသကိစ္စ အမှန်ပြီးစေနိုင်သောကြောင့် သာလျှင်။ အဘိနီဟာရ ပစ္စုပဋ္ဌာန် ရှိပေသည်။

၄။ အဘိနီဟာရ ပစ္စုပဋ္ဌာန် ရှိသောကြောင့်သာလျှင်။ ပရမတ်အနှစ် ဝါယောဓါတ်အစစ်၏ ဝိတ္ထမ္ဘနလက္ခဏာထင်ရှား ရှိသည်ဟု အန္ဝယနည်းအားဖြင့် သိမှတ်အပ်၏။

ဤကား ဥာပကဟိတ်အလိုတည်း။

ဤသို့အားဖြင့် ပရမတ်အနှစ် ဝါယောဓါတ် အစစ်အား အင်္ဂါလေးပါးနှင့် ပြည့်စုံမှသာ။ လက္ခဏာဝါယောဓါတ် အစစ် ဖြစ်နိုင်သည်ဟုမှတ်။ ထိုနည်းတူစွာ ပထဝီဓါတ်။အာပေါဓါတ်

တောဓာတ်တို့မှာလည်း၊ သေဝနယော၊ နည်းတူပင်တည်း၊ ထိုကဲ့သို့မှ မပြည့်စုံပါက၊ အတုအရောင်သသမ္ဘာရကောဋ္ဌာသ သဘောမျှသာ ဖြစ်မည်ဆိုတာ၊ ဆေးဆရာ၊ ဓါတ်ဆရာ၊ ဝိပဿနာဆရာ၊တို့ အထင်မှား၊ အမြင်မှား၊ အမှတ်မှား၊ မဖြစ်ကြစေရန်၊ ဝါယောဓါတ်အစစ်ဖြစ်နိုင်ပုံကို ရှင်းပြလိုက်သည်။

ဤကား ဝါယောဓါတ်၏ ပဒဋ္ဌာန်အကျယ်ရှင်းပြချက် ဓါတုဝါယော သတ္တမအခဏ်း နိဋ္ဌိတံ။

## ( ဆေးဆရာများ ယောဂီများ အသုံးပြုရမည့် )

ကာယဂ် သသမ္ဘာရ သမုတိသစ္စာခေါ်သော အဇ္ဈတ္တိက ဗာဟိရ သသမ္ဘာရဝါယော ကောဋ္ဌာသအကြောင်း။

## ( သာရဏေပါဠိ )

ဝါယောကာသိကာံ ဥဂ္ဂကျန္တော ဝါယသ္မိံ နိမိတ္တံ ဂဏှာတိတိ

အာဒိသုဝဏ္ဏော သသမ္ဘာရဝါယော ဥဒ္ဓင်္ဂမဝါတါအခေါဂမ

ဝါတာ၊ ကုစ္ဆိသယာဝါတာ ကောဋ္ဌာသယဝါတာ အင်္ဂမင်္ဂ
နုသာရိနောဝါတာ၊

သတ္တကဝါတါ၊ ခုရကဝါတါ၊ ဥပ္ပလဝါတါ၊

အဿါသေါ ပဿါသော ဧဝံဝုတ္တါ အဇ္ဈတ္တိကါ ဝါယော ဓါတု
ယံဗာဟိရံ

ဝါယော ဝါယောဂတံ ထမ္ဘိတတ္တံ ရူပဿ ဗဟိဒ္ဓါ အနုပ
ဒိန္နံ

သေယျထိဒံ ပုရတ္ထိမဝါတာ ဥတ္တရာဝါတာ ဒက္ခိဏာဝါတာ

သရဇာဝါတာ၊ အရဇာဝါတာ၊ သီတာဖါတာ၊ဥဏှာဝါတာ
ပရိတ္တာဝါတာ

အဓိမတ္တာ ဝါတာ ကာဠဝါတာ ဝေရမ္ဘဝါတာပက္ခဝါတာ
သုမဏဝါတာ လဝဏ္ဏဝါတာ ဝိရူပနဝါတာတိ ပေဝုတ္တာ
ဗာဟိရဝါယောဓါတူတိ ဝုတ္တော သသမ္ဘာရဝါယော

( ရင်းအဋ္ဌကထာ )

ဝါယောကသိဏံ ဥဂ္ဂဏှန္တော ဝါယသ္မိံ နိမိတ္တံ
ဂဏှာတိ အာဒီသု။

ဝါယောကသိဏံ ဥဂ္ဂဏှန္တောဝါယသ္မိံ ဂဏှာတိ၊ ဤသို့အစရှိသည့်တို့၌ ဝုတ္တော၊ ဟောတော်မူအပ်သော ဝါယောသည်၊ သသမ္ဘာရဝါယောမည်၏။ ဥဒ္ဓင်္ဂမဝါတာ (လ) အဿာသပဿာသာတိ ဥဒ္ဓင်္ဂမဝါတာ (လ) အဿာသပဿာသဟူ၍၊ ဧဝံ၊ ဤသို့သောနည်းဖြင့်၊ ဝုတ္တော၊ ဟောတော်မူအပ်သော၊ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တိကဝါယော ဖြစ်သော၊ ဝါယောဓါတု၊ ဝါယောဓါတ်သည်ရင်း၊ ယံဗာဟိရံ (လ) ဝိရုပနဝါတာတိယံ ဗာဟိရံ၊ (လ) ဝိရုပနဝါတာဟူ၍၊ ဧဝံ၊ ဤသို့သောနည်းဖြင့်၊ ဝုတ္တော၊ ဟောတော်မူအပ်သော၊ ဗာဟိရာ။ အပသမ္ဘာနိ၌ဖြစ်ကုန်သော ဝါယောဓါတု၊ ဝါယော ဓါတ်တို့ သည်ရင်း၊ ဣတိ၊ ဤသို့၊ ဝုတ္တော၊ ဟောတော်မူအပ်သော ဝါယောသည်၊ သသမ္ဘာရဝါယော၊ အပြင်အပ၌ဖြစ်သော သသမ္ဘာရဝါယောမည်၏။

( မြန်မာပြန် )

သသမ္ဘာရဝါယောဟူသည်၊ အဇ္ဈတ္တိက သသမ္ဘာရကောဋ္ဌာသဝါယော။ ဗာဟိရကောဋ္ဌာသဝါယောဟူ၍။ နှစ်ပါးအပြားရှိရာတို့တွင်၊ ဥဒ္ဓင်္ဂမအစ အဿာသပဿာသအဆုံးရှိသော ဝါယောဓါတ်(၆)ပါးသည်၊ အဇ္ဈတ္တိကဝါယော၊ ပုရတ္ထိမလေ၊ ဥတ္တရလေအစ၊ ဝိရုပနလေ အဆုံးရှိသော၊ ဝါယော ကောဋ္ဌာ သသည်၊ ဗာဟိရဝါယော ကောဋ္ဌာသမည်၏။

ဤကား အဇ္ဈတ္တိက သသမ္ဘာရဝါယော၊ ဗာဟိရ သသမ္ဘာ ရဝါယော နှစ်ပါးရှိရာတို့တွင်၊ အဇ္ဈတ္တိက သသမ္ဘာရ ဝါယော ဓါတ် (၆)ပါးကိုပြမည်။

(ဝါယောကောဋ္ဌာသ (၆)ပါး၏ သဘာဝစကား)

## ဥဒ္ဓင်္ဂမ အထက်သို့ဆန်သောလေ။

ဇီဝိတနဝကကလာပ်။ စိတ်၊ ဥ၊ ဟာ၊ ကလာပ် ( ၄ ) စီးနှင့် ပြည့်စုံသော စတုသမုဋ္ဌာနိက၊ သသမ္ဘာရ ကောဋ္ဌာသ၊ အထက် သို့ဆန်သောလေသည်၊ ကြို့ထိုးခြင်း၊ သန်းခြင်း၊ သလိပ်ဟတ် ခြင်း၊ ဟိန်းဟိန်းရွတ်ခြင်း၊ ရယ်ခြင်းစသည်ဖြစ်သောလေတည်း။

ဓါတ်ကြီးလေးပါးသည်၊ အထက်သို့ဆန်သော လေမဟုတ်၊ အထက်သို့ဆန်သောလေသည် ဓါတ်ကြီးလေးပါးမဟုတ်။

ဓါတ်ကြီးလေးပါးသဘောလက္ခဏာမျှသာတည်း။

## အဓောဂမ အောက်သို့စုံသောလေ၊

ဇီဝိတနဝကကလာပ်၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်(၄)စီးနှင့်ပြည့်စုံ သော စတုသမုဋ္ဌာနိက သသမ္ဘာရ ကောဋ္ဌာသ၊ အောက်သို့ စုံသော လေသည်၊ ကျင်ကြီး၊ ကျင်ငယ်၊ အစရှိသည်တို့ကို၊ အောက်သို့နှင်ထုတ်ခြင်းစသည်တို့ကို ပြုသောလေ။

ဓါတ်ကြီးလေးပါးသည်၊ အောက်သို့ စုံသော လေမဟုတ်၊ အောက်သို့စုံသောလေသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

ဓါတ်ကြီးလေးပါး သဘောလက္ခဏာမျှသာတည်း။

## ကုစ္ဆိသယ အအူ၏အပြင်၌ တည်သောလေ။

ဇီဝိတနကကလာပ်၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ် (၄)စီးနှင့်ပြည့်

စုံသော၊ စတုသမုဋ္ဌာနိက သသမ္ဘာရကောဋ္ဌာသ၊ အူအသွင်း၌တည်သောလေ။

ဓါတ်ကြီးလေးပါးသည်၊ အူအတွင်း၌ တည်သော လေမဟုတ်၊ အူအတွင်း၌တည်သောလေသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

ဓါတ်ကြီးလေးပါး သဘောလက္ခဏာမျှသာတည်း။

**ကောဋ္ဌာသယျ အူအတွင်း၌တည်သောလေ။**

ဇီဝိတနဝက ကလာပ်၊ စိတ်၊ ဥ၊ ဟာ၊ ကလာပ်(၄)စီးနှင့်ပြည့်စုံသော၊ စတုသမုဋ္ဌာနိက သသမ္ဘာရ ကောဋ္ဌာသ၊ အူတွင်းလေသည်၊ အူ၏အတွင်း၌တည်၏။

ဓါတ်ကြီးလေးပါးသည်၊ အူအတွင်း၌ တည်သော လေမဟုတ်။ အူအတွင်း၌တည်သောလေသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

ဓါတ်ကြီးလေးပါးသည် သဘောလက္ခဏာမျှသာတည်း။

**အင်္ဂမင်္ဂ သရီရ ကိုယ်အလုံးလျှောက်သောလေ။**

ဇီဝိတနဝက ကလာပ်၊ စိတ်၊ ဥ၊ ဟာ။ ကလာပ် (၄) စီးနှင့်ပြည့်စုံသော၊ စတုသမုဋ္ဌာနိက သသမ္ဘာရ ကောဋ္ဌာသ၊ အင်္ဂါကြီးငယ်သို့လျှောက်သောလေသည်၊ အကြောတည်းဟူသော၊ ကွန်ရက်ကိုလျှောက်သဖြင့်၊ အလုံးစုံသော သရီရကိုယ်၌၊ အင်္ဂါကြီးငယ် ကြောသေးကြောမတို့ကိုလျှောက်၍ နှံ့၍၊ ကွေးခြင်း၊ ဆန့်ခြင်း အစရှိသည်တို့ကို ဖြစ်စေတတ်သောလေတည်း။

ဓါတ်ကြီးလေးပါးသာ၊ အင်္ဂမင်္ဂနုသာရီရလေမဟုတ်။ အင်္ဂမင်္ဂ နုသာရီရ လေသည်၊ ဓါတ်ကြီးလေးပါးမဟုတ်။

ဓါတ်ကြီးလေးပါးသည် သဘောလက္ခဏာမျှသာတည်း။

## အဿာသပဿာသ ထွက်လေဝင်လေ။

စိတ္တဇကလာပ်တစီးသာရသော်၊ စိတ္တသမုဋ္ဌာနိက၊ သသမ္ဘာရ ကောဋ္ဌာသ၊ ထွက်သက်၊ ဝင်သက်လေသည်၊ အတွင်းသို့ဝင်သော နှာခေါင်းလေ၊ ဝင်သက်လေတည်း။ အပသို့ထွက်သော နှာခေါင်းလေ။ (ထွက်သက်မလေတည်း။)

ဓါတ်ကြီးလေးပါးသည်။ ထွက်သက် ဝင်သက် လေမဟုတ်၊ ထွက်သက် ဝင်သက်လေသည် ဓါတ်ကြီးလေးပါးမဟုတ်။

ဓါကြီးလေးပါးသည် သဘောလက္ခဏာမျှသာတည်း။

( မှတ်ချက် ) ဓါတုဝိဘင်းပါဠိတော်အရ၊ ဝါယောဓါတ်၊ ( ၉ ) မျိုးပြရာတို့တွင်။ ၁။ ဥဒ္ဓင်္ဂမ။ ၂။ အဓောဂမ။ ၃။ ကုစ္ဆိသယ။ ၄။ ကောဋ္ဌာသေယျ။ ၅။ အင်္ဂမင်္ဂ။ ၆။ အဿာသ=ပဿာသ၊ ဝါယောဓါတ် ( ၆ ) ပါးတို့မှာ၊ ပဂတိဝါယောဓါတ် ( ၆ )ပါးဖြစ်သည့်အားလျော်စွာ၊ အဋ္ဌကထာ ဆရာက၊ ကလာပ်စုံနှင့်တကွ ဖေါ်ပြထားလေသည်။

### ( လေအထူး သုံးမျိုး။ )

၁။ သတ္ထက။ ၂။ ခုရက။ ၃။ ဥပ္ပလ၊ ဟူ၍ လေသုံးပါး ငင်းသုံးပါးတို့မှာ၊ ဝါယောဓါတ် အဓိကဖြစ်ပေါ်လာသော လေတို့တည်း။ အသက် အန္တရာယ်ကို လျှင်စွာ ပြုတတ်သော ဓါတ်တို့ပင်တည်း။

၁။ သတ္ထက လေ၏သဘောကား။ တရာ့ရှစ်ပါးသောအရိုး အဆက်အဖွဲ့တို့ကို ဒါးဖြင့်ဖြတ်သကဲ့သို့၊ နာကျင်အောင် လပ် တလောခြင်း ပြုလုပ်တတ်သော လေကိုဆိုလိုသည်။

၂။ ခုရကလေ၏ သဘာဝကား၊ သင်ခုံးဒါးဖြင့် ဟဒယဝတ္ထု၊ ရုပ် မှီတွယ်နေသော နှစ်လုံးသားကိုကွဲအောင် နာကျင်အောင်

လပ်တလော သေစေအောင် ပြုလုပ်တတ်သော၊ အဓိကဖြစ်သော လေကိုဆိုလိုသည်။

၃။ ဥပ္ပလလေ၏သဘာဝကား။ နှစ်လုံးသားကိုသာထုတ်သော ထိခိုက်သောလေ၊ စင်စစ်အားဖြင့်၊ နှစ်လုံးသားကို ယုတ်တရက် ပေတိုးဖေ့ သဖြင့် မူး၍သေစေတတ်သောလေ၊ ယနေ့လူတို့စေါ ဟာရ ခေါ်ဆိုနေကြသည်မှာ၊ မိနှစ်အတွင်းမဆိုင်းဘဲ သေစေ တတ်သောကြောင့်၊ ဆေးဆရာများ ခေါ်ချိန်မရအောင် ပြုတတ်သော လေသင်တုန်းဟု ခေါ်ဆိုကြ၏၊ ၎င်းသည် ဥပ္ပလ လေ ပင်တည်း။

ဤကား။ ဓါတုဝိဘင်း ပါဠိတော်၌၊ ဟောတော်မူသော လေ(၉)မျိုးတို့တွင်၊ ဤသတ္တကလေ၊ ခရကလေ၊ ဥပ္ပလလေ၊ သုံးမျိုးမှာ။ ဓါတ်တို့၏ လေဓါတ်အဓိကလွန်သောအချိန်မှာ၊ ယုတ်တရက်ဖြစ်ပေါ်လာသောကြောင့်၊ ဌာနမရှိသဖြင့်။ အဌကထာ ဋီကာဆရာများက။ ဘယ်သမုဌာန်ကလာပ်၊ ဘယ်နှစ်စီးရသည်ဟု ထုတ်ဖေါ်ပြထားခြင်းကို ကျမ်းပြုဆရာအနေနှင့် မတွေ့ရှိရသည့်အတွက်။ ဤလေသုံးမျိုးကို ကလာပ်စီး သမုဌာန်တို့ထည့်သွင်း၍ ဖေါ်မပြခြင်းဖြစ်ပါသည်။ စင်စစ်အားဖြင့် ရသင့်ရထိုက်သော သမုဌာန်နှင့်၊ ရသင့်ရထိုက်သော ကလာပ်စီးများရှိနေသည်ဆိုတာကိုတော့ ထည့်သွင်း၍ ဖေါ်မပြ ထားဧသာ်လည်း၊ ယုံမှားသံသရမရှိကြစေရန် ကြိုတင်၍ သတိပေးလိုက်ပါသည်။

# ဝါယောကောဋ္ဌာသ သမုဋ္ဌာန် ကလာပ်စီး

## ဇယားအကျဉ်း။

| နံပါတ် | အမည် | သမုဋ္ဌာန်၊ | ဒသက | နဝက | စိတ် | ဥ | ဟာ | စီး |
|---|---|---|---|---|---|---|---|---|
| ၁ | ဥဒ္ဓင်္ဂမ | စတုဇ | | ကမ္မဇ | စိ | ဥ | ဟာ | ၄ |
| ၂ | အဓောဂမ | ၎င်း | | ။ | စိ | ဥ | ဟာ | ၅ |
| ၃ | ကုစ္ဆိသယ | ၎င်း | | ။ | စိ | ဥ | ဟာ | ၄ |
| ၄ | ကောဋ္ဌသယ | ၎င်း | | ။ | စိ | ဥ | ဟာ | ၄ |
| ၅ | အင်္ဂမင်္ဂ | ၎င်း | | ။ | စိ | ဥ | ဟာ | ၄ |
| ၆ | အဿာသ | စိတ် | | | စိတ် | | | |
| | ပဿာသ | ဧကဇ | | | | | | |
| | | | | ၅ | ၆ | ၅ | ၅ | ၂၁ |

(မှတ်သားရန်) သမုဋ္ဌာန်တို့ပြုပြင်အပ်သော၊ ပရမတ်တရား ခါတ်တရား၊ ကလာပ်တရား အင်္ဂါလေးပါးနှင့် ပြည့်စုံသော။ ထောက်ကန်လှုပ်ရှားစေတတ်သော။ ဝါယောဓါတ်အစစ်။ အဓိကလွန်ကဲသော သတ္တဝါတို့၏။ အဇ္ဈတ္တသန္တာန်၌ သမုဋ္ဌာန်တို့ပြုပြင်အပ်သော သမုတိသစ္စာခေါ်သော၊ သသမ္ဘာရဝါယော ကောဋ္ဌာသ(၆)ပါးရှိရာတို့တွင်။စိတ္တဧကဇသမုဋ္ဌာန် အဿာသ ပဿာသ။ ဝါယောကောဋ္ဌာသမှတပါး၊ ကြွင်းသောဝါယော ကောဋ္ဌာသ(၅)ပါးတို့မှာ၊စတုသမုဋ္ဌာန်ကရုပ်။ကလာပ်(၄)စီးစီ ရကြလေသည်။ အထူးမှတ်သားရန်ဖေါ်ပြခြင်းပေတည်း။

သသမ္ဘာရဝါယော ကောဋ္ဌာသ(၆)ပါး။
( အကျဉ်းနှိပ်ငုံဆောင် )

ဥဒ္ဓါအဓောဂမ ကုစ္ဆိဋ္ဌာ ကောဋ္ဌာသေယင်္ဂသာရိစ
အဿာသောတိစ ဝိညေယျော ဆဠ သာဝါယုနိဿိတာ

( ၎င်းအဋ္ဌကထာ )

ဥဒ္ဓါအဓောဂမကုစ္ဆိဋ္ဌာ၊ အထက်သို့ဆန်သော ဥဒ္ဓင်္ဂမလေ။ အောက်သို့ စုံသော အဓောဂမလေ၊ ဝမ်းတွင်း၌ တည်သော ကုစ္ဆိသယလေ၊တို့ရင်း၊ ကောဋ္ဌာသေယင်္ဂသာရိစ၊ အူလျှင်မှီ ရာရှိသော၊ ကောဋ္ဌာသယလေ၊ အင်္ဂါကြီးငယ်သို့လျှောက်သော အင်္ဂမင်္ဂလေ၊ အဿာသော၊ ထွက်သက်၊ ဝင်သက်၊ လေ၎င်း။ ဣတိဣမေ၊ ဆဠ်သာ၊ ဤခြောက်ပါးသောအစုတို့ကို၊ ဝါယုနိ ဿိတာ၊ ပရမတ်အနှစ် ဝါယောဓါတ်အစစ် ·အဓိကလွန်ကဲ သော။ ဝါယောကောဋ္ဌာသ အစုတို့ဟူ၍၊ ဝိညေယျား သိအပ်၏။

( တနည်းဆေးကျမ်းလာ။ )

ဝါယောကောဋ္ဌာသ(၆)ပါး။
အကျယ်လက္ခဏာ(၈၀)ပါး ဖွင့်ပြချက်။ ဆေးကျမ်းအလို၊
(အကျဉ်းချုပ်စုပေါင်း၍ပြမည်။)

၁။ ဥဒ္ဓံဝါတလေ အပြားလက္ခဏာ ၃၀။
၂။ အဓောဝါတလေ အပြား ၅။
၃။ ကောဋ္ဌာသေယျ လေအပြား ၂၀။
၄။ အင်္ဂါသေယျ လေအပြား ၇။
၅။ အဿာသပဿာသ လေအပြား ၂။
၆။ တောဇောအကျယ် ၁၂။
ပေါင်းသော် လေမျိုး ၈၀။-ဖြစ်၏။

အကျယ်ဓါတု လက္ခဏာဒီပဏီတွင်ကြည့်ပါလေ။

( ဝါယောကောဋ္ဌာသ ဆောင်ပုဒ်။ )

ဝါယောခြောက်တန် အကြောင်းပြန်ပ်နှံ့၊ ထက်ဆန်ဥဒ္ဓင်၊ သက်လျှင်အခေါ၊ ကုစ္ဆိဝိတောမှု၊ အူပြင်သာတည်း၊ အင်္ဂ သေယျ၊ ဖြစ်ထအူတွင်း၊ မကြွင်းကိုယ်လုံး ပြည့်ဖုံး နှံ့ကာ၊ ကောဋ္ဌာသေယျ၊ မှန်လှမပျက် ထွက်သက် ဝင်သက်၊ ဖြစ်ချက် တထွေ၊ အဿာသနှင့် ပဿာသ၊ အင်္ဂါကြီးငယ် အသွယ် ပျော်ကြ၊ ယူကောက်တဝ၊ အင်္ဂမင်္ဂ၊ အမည်ရ၏၊ မှတ်ကြတတော့၊ သူ့သဘောမှာ၊ ဖြစ်ရာမရွှင်း၊ ညှိ့ခြင်း၊ အိမ်မကိုခြင်း၊ ဆောင် ရွှက်ရေးရှု၊ ဥတုယှဉ်ခြင်း၊ ထောက်ပံ့ခြင်းပြ၊ ဝါယပါပ၊ လေးဝ ဘုတ်အား၊ လှုပ်စေပြားလျှောက်၊ ဘယ်ညာ ရောက်စေ၊ တထွေ ရွေ့ရှား၊ တပါးတရပ်၊ ဖြစ်လိုလပ်သည် သတ္တမုခ မြွေနယ်သော်၊

( ဝါယောခါတ်ပျက် သေလက္ခဏာဆေးကျမ်းလာဆောင်ပုဒ်။ )

ဝါယောပျက်ဟံ၊ သေလက္ခဏံ၊ ဓာတ်မရွှင်း၊ ဖေါ်ပြလျှင်းအံ့၊ မယွင်းမှတ်ပါ၊ သိစရာကား၊ အဿာပဿာ၊ လေမျှ၍၊ ကာယ ဝမ်းချုပ်၊ ရင်မောက်ရုပ်နှင့်၊ အဟုတ်တွေ့လာ၊ ထိုသူနာသည်၊ လွန်ကာနှစ်ရက်၊ သေမည်တွက်က၊ ညွှန်ဘက်လေးယံ၊ ထိုမှပြန် သော်၊ တဖန်နေ့ကို၊ သုံးဗဟိုရ်တည်း၊ နဂိုလ်မူလ၊ မတွေ့ရ၍၊ တွေးဆပညာ၊ သိမ်မွေ့ရာသည်၊ များစွာလူတို့၊ မှတ်သား ဘို့တည်း။

ဝါယောကောဋ္ဌာသ(၆)ပါးနှင့် ဆေးကျမ်းလာ၊
လေမျိုး(၈၀)ပြဆိုသော ဝါယောကောဋ္ဌာသအကျော်း

ပြခြင်းနိဋ္ဌိတံ၊

No. 20

( ဗာဟိရ ဝါယောကောဋ္ဌာသ လေဟူသည်၊ )

| | |
|---|---|
| ၁။ အရှေ့လေ | ၉။ ပူသောလေ |
| ၂။ တောင်လေ | ၁၀။ နှဲသောလေ |
| ၃။ အနောက်လေ | ၁၁။ များသောလေ |
| ၄။ မြောက်လေ | ၁၂။ ကောင်းကင်၌ အသံမည်သောလေ |
| ၅။ မြေမှုန့်၌ပါသောလေ | ၁၃။ ကာလလေ |
| ၆။ မြူမှုန့်၌ပါသောလေ | ၁၄။ နေ၊ လ၊ နက္ခတ် တာရာ၊ စသည်တို့ လည်သောလေ |
| ၇။ မြူမှုန့်ကင်းသောလေ | ၁၅။ ဝေရမ္ဘလေ |
| ၈။ အေးသောလေ | ၁၆။ ကမ္ဘာပျက်သောလေ |

ဤသို့ အစရှိသော လေတို့သည်၊ လက္ခဏာ ဝါယောဓါတ် အမိက လွှန်သော ဗာဟိရဝါယော ကောဋ္ဌာသလေမည်၏။

ထိုဗာဟိရလေသည်၊ ပရမတ်ဝါယောမဟုတ်၊
မရမတ်ဝါယောသည်၊ ဗာဟိရလေမဟုတ်။
ဤကား ဗာဟိရ ဝါယောကောဋ္ဌာသလေ ပြခြင်းနိဋ္ဌိတံ။

**ဝါယော လေမျိုးတို့တွင် အာရမ္မဏဝါယော။**

ဝါယောကသိဏာမေ သဥ္ဇာနာတိတိအာဒီသု အာဂတာပနာ
အာရမ္မဏဝါယော နိမိတ္တဝါယောတိပိ ဝုစ္စတိ၊
ဝါယောကသိဏာမေ သဥ္ဇာနာတိတိအာဒီသု၊ ဝါယောက သိဏာမေ သဥ္ဇာနာတိ၊ ဤသို့အစရှိသည်တို့၌၊ အာဂတာပန၊

လာသောဝါယောသည်ကား၊ အာရမ္မဏဝါယော၊ အာရမ္မဏဝါယောမည်၏။ နိမိတ္တဝါယောတိပိ၊ နိမိတ်ဝါယောဟူ၍လည်း၊ ဝုစ္စတိ ဆိုအပ်၏။

ဤကား အာရမ္မဏ နိမိတ္တဝါယော ပြသောအခဏ်းတည်း။

## ( ဝါယောလေးမျိုးတို့တွင် သမုတိဝါယော။ )

ဝါယော ကသိဏာဠ္ဌာနလာဘိ ဒေဝလောကေ နိဗ္ဗတ္တော ဝါယောတွေဝနာမံ လဘတိ အယံ သမုတိဝါယောတိ ဝေဒိတဗ္ဗော။

ဝါယောကသိဏာဠ္ဌာနလာဘိ၊ ဝါယောကသိုဏ်းကို စီးဖြန်း၍ ရျာန်ရသောပုဂ္ဂိုလ်သည်၊ ဒေဝလောကေ၊ နတ်ပြည်၌၊ နိဗ္ဗတ္တော ဖြစ်သည်ရှိသော်၊ အာဂတာပန။ လာသည်၏ အစွမ်းအားဖြင့် ဝါယောတွေဝနာမံ၊ ဝါယောဟူသော အမည်သည်သာလျှင်၊ လဘတိ၊ ရ၏။ အယံ ဤဝါယောသည်၊ သမ္မုတိဝါယော၊ သမုတိဝါယောမည်၏။ ဣတိ၊ ဤသို့လည်း၊ ဝေဒိတဗ္ဗော၊သိအပ်၏။

ပထဝီနည်းတူယူပါလေ။

ဤသို့လျှင် သမုတိဝါယော ပြခြင်းတည်း။

ဤကား ဝါယောလေးမျိုး ကောက်နှုပ်ချက်ပြခြင်း နိဋ္ဌိတံ။

## ( အထူးမှတ်ချက် )

ဤသို့လျှင် ပဋိညဉ်ခံထားသည့်အတိုင်း ဓေသနာ နယလာကျမ်းလေးကျမ်းတို့မှ သဘောတူရာ ကောက်နှုပ် ပေါင်းစပ်ပြီး ပထဝီ(၄)မျိုး၊ အာပေါ(၄)မျိုး၊ တေဇော(၄)မျိုး၊ ဝါယော(၄)မျိုးတို့ကို ကောက်နှုပ်ချက် ပြသည်မှတပါး၊ ပရမတ်တရားတို့၏၊ စတုသမုဋ္ဌာနိကရုပ် ကလာပ်စီးပုံ၊ သသမ္ဘာရ ကောဋ္ဌာသတို့၏၊ ကေဇာ၊ ဗွိဇ၊ တိဇ၊ စတုဇရုပ်တို့ နှုပ်ဖုံ ဆောင်ထားရန် ပေါ်ပြမည်၊

ဤ ကလာပ်စီးပုံ နှိုင်းချုပ်။

( ၂၈ ) ပါးသော ရုပ်တရားတို့တွင်

စတုဇရုပ် ကလာပ်စီးပုံ သာဓကပါဌ် နှုပ်ငုံဆောင်။

အဝိနိဗ္ဘောဂ ရူပါနိစေဝ၊ အာကာသဓါတုစ၊ စတူဟိသမ္ဘူတါနိ။

အဘိဓမ္မတ္ထသင်္ဂဟ။

အဝိနိဗ္ဘောဂရူပါနိစေဝ၊ အဝိနိဗ္ဘောဂရုပ်(၀ါ)အဋ္ဌကလာပ်ရုပ် ( ၈ ) ခုတို့သည်၎င်း။ အာကာသဓါတုစ။ အာကာသဓါတ်သည်၎င်း။ စတူဟိ။ ကံ။ စိတ်။ ဥ။ ဟာရ ဟူသော။ လေးပါးသောအကြောင်းတို့ကြောင့် သမ္ဘူတာနိ၊ဖြစ်ကုန်၏။

၁။ ပထဝီဓါတ်။
၂။ အာပေါဓါတ်။
၃။ တေဇောဓါတ်။
၄။ ဝါယောဓါတ်။
၅။ ဝဏ္ဏဓါတ်။
၆။ ဂန္ဓဓါတ်။
၇။ ရသဓါတ်။
၈။ ဩဇာဓါတ်။
၉။ အာကာသဓါတ်။

ဤ(၉)ပါးသော အနေကံရုပ်တို့သည် စတုသမုဋ္ဌာနိကရုပ်တို့ ဖြစ်ကုန်၏။

(၄၂) ပါးသောကောဋ္ဌာသတို့ ရသင့်ရတိုက်သော၊ ကေဇ။ ဥတုဇ။ တိဇ။ စတုဇတို့တွင်။ ကေဇကောဋ္ဌာသရုပ် ကလာပ်စီးပုံ သာဓကပါဌ် နှုပ်ငုံဆောင်။

ပုဗ္ဗမုတ္တကရီသဉ္စ ဥဒရိယံ စတုရောဇာ

ကမ္မာ ပါစဂ္ဂိ စိတ္တမှာ သာသောတိ ဆပိ ဒကဇာ

(သစ္စသင်္ခေပ အဋ္ဌကထာ။)

ပုဗ္ဗမုတ္တကရီသဉ္စ။ ပြည်။ ကျင်ငယ်။ ကျင်ကြီးရင်း။ ဥဒရိယံ။ အစာသစ်ရင်း။စတုရော။ လေးပါးကုန်သော။ ပထဝီကောဋ္ဌာသ

အာပေါ ကောဋ္ဌာသ။ အစုတို့သည်။ ဥတုဇာ။ ဥတုကြောင့်၊ ဖြစ်ကုန်၏။ ပါစက္က။ အစာကို ကြေစေ ကျက်စေ တတ်သော။ ပါစကကောဋ္ဌာသ ဝမ်းမီးသည်။ ကမ္မဇာ။ ကံတခုတည်းကြောင့်။ သမုဋ္ဌာတိ၊ ဖြစ်၏။ အဿာသော ထွက်သက် ဝင်သက်လေသည်။ စိတ္တဇာ။ စိတ်တခုတည်းကြောင့်။ သမုဋ္ဌာတိ၊ ဖြစ်၏။ ဆပိ။ ထိုခြောက်ပါးသော ကောဋ္ဌာသ အစုတို့သည်။ ကေဇာ၊ တပါး ပါးစီတို့ကြောင့် ဖြစ်ခြင်းကြောင့်။ ကေဇ ကောဋ္ဌာသတို့ မည်ကုန်၏။

( မြန်မာပြန် )

၁။ အစာသစ်။ ၂။ အစာဟောင်း။

ပထဝီကောဋ္ဌာသ ( ၂ ) ပါး။ ဥတုကေဇ။

၁။ ပြည်။ ၂။ ကျင်ငယ်။

အာပေါကောဋ္ဌာသ ( ၂ ) ပါး ဥတုကေဇ။

၁။ ပါစကဝမ်းမီး။ ၁ -ပါး။ ကမ္မဇကေဇ။

၁။ ထွက်လေ ဝင်လေ။ ၁ =ပါး။ စိတ္တကေဇ၊

**ဒွိဇ စတုဇ ကောဋ္ဌာသရှပ် ကလာပ်စီးပုံ သာကေပါဠိ နှုပ်ငုံဆောင်**

သေဒသိင်္ဃာဏိကာသုစ ခေဠော စိတ္တောတု

သမ္ဘဝါဒွိဇာ-ဒွတ္တိံသ ကောဋ္ဌာသာ သေသာဝေ စတုသမ္ဘဝါ

(သစ္စသင်္ခေပ အဋ္ဌကထာ)

သေဒသိင်္ဃာဏိကာသုစ။ ချွေး။ နှပ်။ မျက်ရည်ရင်း။ ခေဠောစ တံတွေးရင်း၊ ဣတိဣမေစတ္တာရော။ ဤလေးပါးသောကောဋ္ဌာသ အစုတို့သည်။ စိတ္တောတုသမ္ဘဝါ။ စိတ်။ ဥတု။ နှစ်ပါးတို့ကြောင့်

ဖြစ်ခြင်းကြောင့်။ ဒွိဇာ။ ဒွိဇ ကောဋ္ဌာသတို့ မည်ကုန်၏။ သေသာဝေ၊ ဆိုအပ်ခဲ့ပြီးသော၊ ဧကဇ ဧကကောဋ္ဌာသ ( ၆ )ပါး။ ဒွိဇကောဋ္ဌာသ(၄)ပါး တို့မှကြွင်းကုန်သော၊ ဒွတ္တိံသ ကောဋ္ဌာသ၊ ပထဝီကောဋ္ဌာသ၊ ( ၁၈ )ပါး၊ အာပေါ ကောဋ္ဌာသ၊ (၆)ပါး၊ တေဇောကောဋ္ဌာသ ( ၃ )ပါး၊ ဝါယောကောဋ္ဌာသ (၅)ပါး၊ ဤ(၃၂)ပါးသော ကောဋ္ဌာသအစုတို့သည်၊စတုမ္ဘာဝါ လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

( မြန်မာပြန် )

၁။ ပထဝီကောဋ္ဌာသ(၂၀)ပါးတို့တွင်၊ အစာသစ်ဟောင်း ခြီး၍။ ကြွင်း(၁၈)ပါး စတုဇ။

၂။ အာပေါကောဋ္ဌာသ(၁၂ )ပါး တို့တွင်၊ ပြည်၊ ကျင်ငယ်၊ နှပ်၊ ဥတု၊ ချွေးနှပ်၊ တံတွေး၊ မျက်ရည်၊ စိတ်၊ ဥတု၊ ထိုမှကြွင်းသော။ (၆)ပါး စတုဇ။

၃။ တေဇောကောဋ္ဌာသ( ၄ )ပါးတို့တွင်၊ ကမ္မဇတေဇော နှုပ်။ ကြွင်း(၃)ပါး။ စတုဇ။

၄။ ဝါယောကောဋ္ဌာသ ( ၆ ) ပါးတို့တွင်၊ အဿာသ ပဿာသ နှုပ်။ ကြွင်း (၅) ပါး စတုဇ။

ဤသို့အားဖြင့်၊ ပထဝီကောဋ္ဌာသ (၁၈) ပါး၊ အာပေါကော ဋ္ဌာသ (၆)ပါး၊ တေဇောကောဋ္ဌာသ(၃)ပါး၊ ဝါယောကော ဋ္ဌာသ ( ၅ )ပါး၊ အစုစုပေါင်းသော်၊ စတုဇချုပ် ကောဋ္ဌာသ (၃၂ )ပါးဖြစ်၏။

**လေးဆယ့်နှစ်ပါးသော ကောဋ္ဌာသ ချုံးသိမ်းခေါင်းပိုက် ကလောင်စီးပုံ**

( နိဂုံးအကျဉ်းချုပ် နှင့်ဆောင်။ )

(၁) ဥဒရိယံအစာသစ်၊ စွန့်ပြစ်သည့် ကရီသံ၊ ပုဗ္ဗောနှင့်၊

မုတ္တံ၊ ဥဝဋ္ဋမှ်ကေဇ၊ ပါစက ဇီဝေကံ၊ ကောနေ၁၊ အသာသေ စိတ္တသာ၊ ရင်းခြောက်ရပ် ကေဒါ၊ သေချာစွာမှတ်ဦး။

(၂) ဒွိဇရပ် ခွေး၊ မျက်ရည်၊ တံတွေး၊ ထွိနှပ်၊ ကူးလို၊ ဤလေးဦး၊ ဥတုစိတ္တံ စွဲမှတ်၍ကြံ။

၃။ ကြံသမျှ ကောဋ္ဌာသ၊ ဟတြိမှာ၊ စတုဇမို့၊ ဒွိဇယ ကောဋ္ဌာသကို၊ ထင်လင်းအောင် စွဲမှတ်၍ဆောင်။ ဤလောက လူ့ဘောင်မှာ ကုန်စစ်အောင် တတ်ခဲလှလေး။

## ဤ(၄၂)ပါးသော ကောဋ္ဌာသတို့ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကား။

စတုန္နံ ပိစ ဓါတူနံ၊ အဂ္ဂိကဝသေနိဓ၊ ရူပဘေဒေါထ၊ ဝိညေယျော ကမ္မစိတ္တ နုလန္ဓဇော။

## သစ္စသခေ်ပ( ၃ )

အထ ထိုပရမတ္ထရုပ်ဓါတ်၏၊ ပြုပြီးသည်၏ အခြားမဲ့၌၊ ဣဓ ဤသို့ ရူပက္ခန္ဓာ ၆ကောဒရ၊ ဤရူပက္ခန္ဓာ ဆိုသောအရာ၌၊ စတုန္နံ ပိစ ဓါတူနံ၊ လေးပါးကုန်သော ဓါတ်တို့၏၊ အဂ္ဂိက ဝသေန၊ လွန်သောအစုတို့၏ အစွမ်းအားဖြင့်။ ကမ္မစိတ္တနုလန္ဓဇော။ ကံ။ စိတ်၊ ဥ။ ဟာ။ ကြောင်းလေးဖြာတို့ကြောင့်ဖြစ်သော။ ရူပဘေဒေါ(၄၂)ပါးသော ကောဋ္ဌာသရုပ်အပြားကို။ ဝိညေယျော။ သိအပ်၏။

## ( မြန်မာပြန် )

ရူပက္ခန္ဓာဟုဆိုသောအရာ၌။ လေးပါးကုန်သောဓါတ်တို့၏။ လွန်သောအစုတို့၏ အစွမ်းအားဖြင့်၊ ကံ။ စိတ်။ ဥ။ ဟာ။ ကြောင်းလေးဖြာတို့ကြောင့်။ ( ၄၂ ) ပါးသော။ သသမ္ဘာရ

ကောဋ္ဌာသအစုတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထို(၄၂)ပါးသော ကောဋ္ဌာသတို့ကို။ အဋ္ဌကထာ သသမ္ဘာရ ကောဋ္ဌာသဟု ခေါ်ဆိုလေသည်။

အထူးမှတ်သားဘွယ်တည်း။

**ဓါတ်ကြီးလေးပါးတို့သည် ဆံအစရှိသော ကောဋ္ဌာသ**
**အစုတို့၌ ရှံ၍တည်ပုံ။**

( နှုပ်ငုံဆောင် )

ကေသမှိထဒ္ဓလက္ခဏာ ပထဝီဓါတု ဝဝတ္ထာပေတဗ္ဗ
တထေဝ အာဗန္ဓနလက္ခဏာ အာပေါဓါတူတိ
ပရိပါစကလက္ခဏာ တေဇောဓါတူတိ
ဝိတ္ထမ္ဘနလက္ခဏာ ဝါယောဓါတူတိဇ
သဗ္ဗကောဋ္ဌာသေသု ကေကမှိ ကောဋ္ဌာသေ
စတဿောဓါတုယော ဝဝတ္ထာပေတဗ္ဗော

( ဝိသုဒ္ဓိမဂ် အဋ္ဌကထာ )

ကေသမှိ။ ဆံအစ မတ္ထလုင်အဆုံး။ ပိတ္တအစ မုတ္တအဆုံး ရှိသော ကောဋ္ဌာသအစုတို့တွင်။ ဆံအစရှိသော ကောဋ္ဌာသအစု၌။ ထဒ္ဓလက္ခဏာ။ တောင့်တင်းခိုင်မာသော သဘောလက္ခဏာကို။ ပထဝီဓါတု။ ပရမတ်သဘော။ ဓါတ်သဘော။ ကလာပ်သဘော။ အင်္ဂါလေးပါးနှင့်ပြည့်စုံသော၊ စတုသမုဋ္ဌာနိကရုပ်။ ပရမတ်ပထဝီ။ ဓါတ်ပထဝီ။ ကလာပ်ပထဝီ။ လက္ခဏာပထဝီ။ သဘောကလေးကို။ ဝဝတ္ထာပေတဗ္ဗ။ ပိုင်းခြားမှတ်သား၍သိအပ်၏။ တထေဝ။ ထိုဆံအစရှိသော ကောဋ္ဌာသ တို့၌ပင်။ အာဗန္ဓနလက္ခဏာ။ ဖွဲ့စီးခြင်းသဘောလက္ခဏာကို။ အာပေါ

ဓါတုတိ။ ပရမတ်သဘော။ ဓါတ်သဘော။ ကလာပ်သဘော။ အင်္ဂါလေးပါးနှင့်ပြည့်စုံသော။ စတုသမုဋ္ဌာနိကရုပ်။ ပရမတ်အာပေါ။ ဓါတ်အာပေါ။ ကလာပ်အာပေါ။ လက္ခဏာအာပေါ သဘောကလေးကို။ ဝဝတ္တာ ပေ တာဗွော။ ပိုင်းခြား မှတ်သား၍ သိအပ်၏။ (တထေဝ) ထိုဆံအစရှိသော ကောဋ္ဌာသအစုတို့၌ပင်။ ပရိပါစကလက္ခဏာ။ ရင့်ကျက်စေခြင်း တည်းဟူသော သဘောလက္ခဏာ ကလေးကို။ တေဇောဓါတုတိ။ ပရမတ်သဘော။ ဓါတ်သဘော။ ကလာပ်သဘော။ အင်္ဂါလေးပါးနှင့်ပြည့်စုံသော စတုသမုဋ္ဌာနိကရုပ်။ ပရမတ်တေဇော။ ကလာပ်တေဇော။ လက္ခဏာတေဇော သဘောကလေးကို။ ဝဝတ္တာပေတဗွော။ ပိုင်းခြားမှတ်သား၍သိအပ်၏။ { တထေဝ } ထိုဆံအစရှိသော ကောဋ္ဌာသအစုတို့၌ပင်။ ကျားကန်သကဲ့သို့ ထောက်ကန်ရွေ့ရှားတတ်သော သဘောလက္ခဏာကလေးကို၊ ဝါယောဓါတုတိ။ ပရမတ်သဘော။ ဓါတ်သဘော။ ကလာပ်သဘော။ အင်္ဂါလေးပါးနှင့်ပြည့်စုံသော။ စတုသမုဋ္ဌာနိကရုပ်။ ပရမတ်ဝါယော၊ ဓါတ်ဝါယော၊ ကလာပ်ဝါယော၊ လက္ခဏာဝါယော သဘောကလေးကို၊ ဝဝတ္တာပေတဗွော၊ ပိုင်းခြားမှတ်သား၍ သိအပ်၏။ ဧဝံ၊ ဤသို့၊ သဗ္ဗကောဋ္ဌာသေ၊ ဆံပင်မှကြွင်းကုန်သော ကောဋ္ဌာသေ၊ ကောဋ္ဌာသေ၊ တခုခုသော ကောဋ္ဌာသအစုတို့၌လည်း စတသော၊ အင်္ဂါလေးပါးနှင့် ပြည့်စုံကုန်သော၊ ဓါတုယော၊ စတုသမုဋ္ဌာနိကရုပ် မဟာဘုတ်တို့သည်၊ ဝဝတ္တာပေတဗွော၊ ရှိ၍နေကြောင်းကို ပိုင်းခြားမှတ်သားအပ်၏။

( မြန်မာပြန် )

ကေသာအစရှိသော ကောဋ္ဌာသအစုတို့တွင်၊ ဆံအစရှိသော ကောဋ္ဌာသအစု၌။

၁။ တောင့်တင်းခိုင်မာသော သဘောလက္ခဏာကို၊ ပရမတ်သဘော၊ ဓါတ်သဘော၊ ကလာပ်သဘော၊ အင်္ဂါလေးပါးနှင့်

ပြည့်စုံသော စတုသမုဋ္ဌာနိကရုပ်၊ ပရမတ် ပထဝီ၊ ဓါတ်ပထဝီ၊ ကလာပ်ပထဝီ၊လက္ခဏာပထဝီသဘောါကလေး ရှိ၍တည့်နေပုံကို။ ပိုင်းခြားမှတ်သား၍သိအပ်၏။

၂။ ထိုအတူ၊ စတုသမုဋ္ဌာနိကရုပ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်တို့ သည်လည်း၊ ထိုဆံပင်ပေါ်၌ ရှိ၍ တည်နေပုံကို ပိုင်းခြားမှတ်သား၍ သိအပ်၏။

၃။ ထိုနည်းတူစွာ၊ ဆံပင်မှကြွင်းသော ကောဋ္ဌာသအစုတို့၌လည်း။ စတုသမုဋ္ဌာနိကရုပ်၊ မဟာဘုတ်တို့သည်၊ ရှိ၍တည်နေပုံကိုလည်း၊ မှတ်သားအပ်ပေသည်။

(မှတ်ချက်) ထိုရှိ၍တည်နေပုံကို နောက်ဆိုအပ်ခဲ့ပြီးသော ( ၄၂ )ပါးသော၊ ကောဋ္ဌာသအစုတို့၌၊ ရသင့်ရထိုက်သော ကလာပ်စုံနှင့်၊ ရသင့် ရထိုက်သော၊ စတုသမုဋ္ဌာနိကရုပ်၊ အကြောင်းကိုပြထားခဲ့ပါသည်။ ထိုကြောင့်။

၁။ သမထဆရာ။ ၃။ ဆေးဆရာ။

၂။ ဝိပဿနာ ဆရာ။ ၄။ ဓါတ်ဆရာ။

စသည်တို့ အထူးမှတ်သားဘွယ်ကောင်းသော ဓါတ်တပါး တပါးလျှင် လေးမျိုးလေးစားပြားပုံကို၊ အကျယ်တဝင့် ကောက်နှုပ်ချက်ထုတ်၍ ဝေဘန်ဖေါ်ပြခဲ့ပြီ သည်ကို၊ မိမိတို့အသုံးကိုက်အောင် အသုံးပြုကြစေလိုပါသည်။

ဤကား ဓါတ်တပါးတပါးလျှင် လေးပါးပြားပုံ၊ သာကေစုံလျှင်စွာဖြင့် ထုတ်ပြသော အခဏ်း၊

( နိဋ္ဌိတံ )

# အာဟာရလေးမျိုးအဋ္ဌမကဏ္ဍ။

( နိဒါန်းစကား အချီး။ )

ဆေးဆရာစစ်၊ ဆေးဆရာမှန်တို့၏ သိသင့် သိထိုက်သော၊ (ဝါ) မသိလျှင်မဖြစ်သော၊ အာဟာရလေးမျိုးနှင့်တကွ၊ အာဟာရလေးမျိုးတို့၏၊ ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိတ်တို့၏ ပြပြီးသည့်နောက်၊ ကာယသုံးပိုင်း၊ တပိုင်းစီ၊ သူ့ဌာန၊ သူ့ကဏ္ဍာနှင့် သူမှ ဖေါ်မပြလျှင်။ ဆေးပညာ အတတ်ကို သင်ယူလိုကြသော ဆေးဘက်ဆိုင်ရာ လူမမယ်ကလေးများအား၊ ဘယ်နည်းနှင့်မှ ကျေးဇူးများကြမည် မဟုတ်ကြပေ။ ထိုကြောင့်၊ ဆေးပညာလိုလားသူဟူသမျှ၊ ကျေးဇူးများရလေအောင်၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော၊ ကျမ်း အစောင်စောင်တို့မှ၊ ရနိုင်သမျှ ထုတ်နှုတ် ပေါင်းစပ်၍' ရှေးဦးအစ အာဟာရ လေးမျိုးကို။ ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိတ်တို့ပါ ထည့်သွင်း ခွဲပြမည် ဖြစ်ကြောင်း။

(ဤကား နိဒါန်းစကားတည်း)

( အာဟာရလေးမျိုးကို ရှေးဦးစွာပြမည် )

အာဟာရလေးမျိုး သာဓကပါဠိ။

အာဟာရောတိ အာဟာရော၊ သောစတုဗ္ဗိဓော ကဗဠီကာရာ ဟာရော၊ ဖဿာဟာရော မနောသဉ္စေတနာ ဟာရော၊ ဝိညာဏာ ဟာရောတိ။

( ဝိသုဒ္ဓိမဂ် အဋ္ဌကထာ )

(အနက်) အာဟာရော၊ အာဟာရသည်။ အာဟာရတိ၊ ဆောင်တတ်၏။ ဣတိ ထိုကြောင့်၊ အာဟာရော၊ အာဟာရမည်၏။ သော အာဟာရော၊ ထိုအာဟာရသည်၊ ကဗဠီကာရာဟာရော၎င်း။ ဖဿဟာရော၎င်း။ မနောသဥ္စေတနာဟာရော၎င်း၊ ဝိညာဏာဟာရော၎င်း။ ဣတိ၊ ဤသို့၊ စတုဗ္ဗိဓော၊ လေး ပါး ပြားရှိသည်။ ဟောတိဖြစ်၏။

(မေး) ကော ပနေတ္ထ ကိမာဟရတီတိ။ အာဟာရလေးမျိုးတို့တွင်၊ အဘယ်အာဟာရသည်၊ အဘယ်သို့ဆောင်သနည်း။ ဤသို့မေးသော်။

(၁-ဖြေ) ကဗဠီကာရာဟာရော ဩဇဋ္ဌမကံ ရူပံအာဟာရတိ၊ ကဗဠီကာ အာဟာရသည်။ ဌီသို့ရောက်သည်ဖြစ်၍။ ဩဇာလျှင် ( ၈ ) ခုမြောက်ဖြစ်သော၊ စတုသမုဋ္ဌာနိကရုပ်ကို ဆောင်၏။

(၂-ဖြေ) ဖဿာဟာရော တိဿောဝေဒနာ အာဟာရတိ။ ဖဿအာဟာရသည်၊ သုခ။ ဒုက္ခ။ ဥပေက္ခာ။ ဟု ဆိုအပ်သော၊ ဝေဒနာသုံးပါးကိုဆောင်၏။

( ၃-ဖြေ ) မနောသဥ္စေတနာဟာရောတီသု ဘဝေသု ပဋိသန္ဓိံ အာဟာရတိ၊ မနောသဥ္စေတနာ အာဟာရသည်။ ဘုံသုံးပါး၌ ပဋိသန္ဓေကိုဆောင်၏။

(၄-ဖြေ) ဝိညာဏာဟာရော ပဋိသန္ဓိက္ခဏေနာမ ရူပံအာဟာရတိ။ ဝိညာဏအာဟာရသည်၊ ပဋိသန္ဓေခဏ၌၊ ဖြစ်၊ ပျက်မှန်စွာ၊ စိုးမရသော။ ရုပ်၊ နာမ်၊ နှစ်ပါးကိုဆောင်၏၊

( ဤကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ၊ ဆောင်တတ်သော အာဟာရလေးပါး ဆောင်ပုံ အဖြေ ဖေါ်ပြသော အကျင်း စကားတည်း။ )

## ( အာဟာရလေးမျိုး အကျယ်ခွဲ၍ အသေးစိတ်ခွဲပြဦးအံ့။ )

၁။ ဝိညာဏအာဟာရ၊ ဝိညာဏ အာဟာရ ဆိုသည်မှာ။ ပဋိသန္ဓေခဏာ၌။ ရုပ်=နာမ်–နှစ်ပါးကိုဆောင်သည်။ ထိုရုပ်နာမ်ကိုဆောင်ရာ၌။ အာရုံ၏သဘောမျှသာရှိသော ဝိဉာဏ်သည်။ အစဉ်မပြတ်ဖြစ်နေမှုကြောင့်၊ အကျိုးရုပ် နာမ်သည်၊ အစဉ်မပြတ်တည်နေနိုင်သည်။ အကြောင်း၊ ရုပ်–နာမ်–နှင့်–အာယု၊ ဥသ္မာဆိုသောတရားသုံးပါး စွန့်သွားလျှင်၊ အကျိုး ရုပ် နာမ်တို့ကင်းပြတ်သည်နှင့် တပြိုင်နက် တချတ်ထည်း၊ ဥတုဇရုပ်သာကြွင်းကြီတော့သဖြင့်၊ လျှောင်းစက်ခါ အိပ်ရာညောင်စောင်း၌ အိပ်ရလေတော့သတည်း။

## ( နိရောဓါတ် သမာပတ်ပုဂ္ဂိုလ်များ )

နိရောဓ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်များ မှာတော့၊ သမ္ပယုတ္တနာမက္ခန္ဓာ၊ စိတ္တဇရုပ်အကျိုးတရားပင် တဒင်္ဂအားဖြင့် ကင်းပြောက်နေတော့၏။ ထိုသို့နေသောကြောင့် (၇)ရက်ပတ်လုံး၊ မိုယ်းချိန်းသံ၊ တော်လဲသံ၊ မိုယ်းကျိုးပစ်သံ၊ စည်သံ၊ မောင်းသံတို့မကြားရကြပေ။ အကြောင်းသော်ကား။ အာယု၊ ဥသမာ၊ ရုပ်၊ နာမ်၊ ဝိဉာဏ်ကင်းပြတ်သော၊ သူသေကောင်ပုတ်ကဲ့သို့မဟုတ်။ ( ဘဝင်္ဂစနလ ) ဘဝင်္ဂသန္တေဒများသည်။ လှုပ်ရှားကင်းပြတ်ခြင်းမရှိ၊ ( တနည်း ) သတ္တဝါတို့၏ ကိုယ်ကာယဝယ်။ သန္ဓိသိတသွေး၊ သံသရဏာသွေးဟုနှစ်ပါးရှိရာတို့တွင်၊ ဆေးသမားတို့ခေါ်ဝေါ်မှတ်သားအင်သော၊ သက်စေါင့်သွေးဟုခေါ်ဆိုအပ်သော၊ ထက်အောက်ပြန်လှန်၍ တိုးနေကြဖြစ်သော သံသရဏာသွေးသည် မှန်မှန်တိုးနေ၏။ ထိုသံသရဏာသွေးသည် တိုးမြဲတိုးနေသည်ကို သိမြင်သောအားဖြင့်။ ဝိညာဏအာဟာရသည်။ ရုပ်၊ နာမ်ကို ဆောင်ယူပုံ သိတိုက်ပေပြီ။ ကရဇကာယ

ကိုယ်ကြီးတခုလုံး လိုအပ်သောနေရာသို့ ပို့ဆောင် သွားလာမှုသည်လည်း ဝိညာဏအာဟာရသတ္တိပင်တည်း။ ဝိညာဏ အာဟာရသည်၊ မနောသဉ္စေတနာအာဟာရ၊ ဖဿဟာရ၊ ကဗဠီကာရအာဟာရတို့ထက်၊ အရာကျယ်ဝန်းကြောင်းကိုပြသည်။

( ဝိညာဏ အာဟာရ ဆန်းကျယ်ပုံ )

ဝိညာဏ အာဟာရဆန်းကြယ်ပုံဆိုသည်မှာ။ ပန်းချီ၊ ပန်းပု ပန်းတိမ်၊ ပန်းဘဲ၊ ပိသုကာစသည်တို့သည်။ လောကကြီးတခုလုံး အဆန်းတကာတို့တွင်၊ ဆန်းသည်ထက် ဆန်းအောင် ပြုလုပ်ပေးမှုဟူသမျှသည်၊ ဝိညာဏအာဟာရ၏ စွမ်းရည်သတ္တိတို့ပင်တည်း။ ရှာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ ခံစားမှုသည်လည်း။ ဝိညာဏအာဟာရ၏ စွမ်းရည်သတ္တိပင်တည်း။ ထိုကြောင့် အဋ္ဌကထာဆရာက၊ ဝိညာဏအာဟာရသည်၊ မနောသဉ္စေတနာအာဟာရ၊ ဖဿအာဟာရ၊ ကဗဠီကာရအာဟာရတို့တက် ကျယ်ဝန်းကြောင်းကိုပြဆိုလေသည်။

( ဝိညာဏ အာဟာရပစ္စည်း ကျေးဇူးပြုပုံ။ )

ဝိညာဏအာဟာရသည်၊ ပစ္စည်းအားဖြင့် ကျေးဇူးပြုပုံဆိုသည်မှာ။ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်။ ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ အာဟာရ၊ သမ္ပယုတ္တ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ( ၁၁ )၊ စွသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြောင်းကိုပြသည်။

(ဤကား ဝိညာဏအာဟာရ အကြယ်ပြခြင်းတည်း)

၂။ မနောသဉ္စေတနာ အာဟာရ။ မနောသဉ္စေတနာအာဟာရဆိုသည်မှာ။ ရုပ်ကိုဆောင်ရာ၌၊ ကျက်ငယ်၊ လင်းတငယ်

များ၊ ဥကပေါက်ဖွားရာ၊ ပေါက်ခါစမှစ၍၊ လူများကဲ့သို့ အမိနို့ရည်ကိုအမှီပြု၍ သောက်စို့ရသော သူငယ်များကဲ့သို့မဟုတ်ပေ၊ မိမိတို့ဘာသာ အစာရှာ စား၊သောက် နိုင်မှသာ အစကိုစား သောက်ရလေသည်။ ထိုသို့ပင်ဖြစ်သော်လည်း၊ ကဗဠီကာရ အာဟာရရုပ်ကို ဆောင်နိုင်သည်။ ( ဆောင်နိုင်ပုံကား ) ထိုသို့ အစာကို မစားမသောက်ရသေးမှီ၊ မနောသဥ္စေတနာ အာဟာ ရက၊ ရုပ်ကိုဆောင်ထားသဖြင့်။ကျက်ငယ်၊လင်းတငယ်တို့သည်။ မသေမကျေဘဲ ကြီးထွားလာရလေသည်။

## ( ဆောင်ပုံဥပမာ။)

အမိကျက်မ။ လင်းတမကြီးတို့သည်။ အစာကို သွားရှာ၍။ ချီယူလာပြီး သားငယ်။ သမီးငယ်များကို အသံပြု၍ခေါ်၏။ ထိုအခါ သားငယ် သမီးငယ်တို့ကို ကျွေးမည့်ဟန်ပြုပြီး။ မကျွေး ဘဲနှင့် အမိသည် မိမိဝမ်းတည်းသို့ပင် မျိုချလိုက် လေသည်။ ဤသို့ ကျက်မ။ လင်းတမတို့သည်။ သားငယ်။ သမီးငယ်တို့အား အစာကျွေးတိုင်း ကျွေးတိုင်း။ သားငယ် သမီးငယ်များသည်။ စားလိုသောဆန္ဒ ဖြစ်ပေါ်၍လာကြလေသည်။ ယင်းသို့ စားလို သောဆန္ဒပင်ရှိ၍ မစားမသောက်ရသော်လည်း။ အာသာဆန္ဒရှိ သည့်အလျောက်။ မိမိတို့ကိုယ်သန္တာန်မှာ၊ ဖြစ်ပေါ်တိုင်း ဖြစ် ပေါ်တိုင်း။ စိတ္တဇရုပ်ကလာပ်တွေ တဖွားဖွား ဖြစ်ပေါ်၍လာ သောကြောင့်။ ထိုသားငယ် သမီးငယ်တို့၏သန္တာန်ဝယ်၊စိတ္တဇ ရုပ်တို့သည် ဆုပ်နှစ်ခြင်းမရှိဘဲလျက် အသက်မသေဘဲကြီးထွား ၍လာရသည်မှာ။မနောသဥ္စေတနာအာဟာရ၏သတ္တိပင်တည်း။ နာမ်အာဟာရပင်တည်း။ မနောသဥ္စေတနာ အာဟာရသည်၊ ပြဆိုလတ္တံ့သော၊ ဖဿာဟာရ ကဗဠီကာယ အာဟာရတို့ထက် အရာ ကျယ်လှပေ၏။ ထိုမနောသဥ္စေတနာ အာဟာရသည်။ ကာမ၊ ရုပ၊ အရူပ၊ ဟု ဆိုအပ်သော၊ ဘုံသုံးပါးတို့၌ ပဋိသန္ဓေ

ကို ဆောင်တတ်သည့်ဟု ဆိုထားသော်လည်း။ အကြည့် ခြောက်စုံ၊ အာရုံခြောက်ပါး ထိခိုက်ခြင်းက၊ ခြောက်ပါးဝိဥာဏ် အစဉ်မပြတ် လျှပ်ရောင်ပမာ နာမ်ခန္ဓာ၌၊ အသီးသီးဖြစ်ပေါ် လာသော၊ တရားစု တို့ကြောင့် ပင်တည်း။ နာနက္ခဏိက၊ ပကတူပနိဿယ သတ္တိတို့နှင့်လည်း ပြည့်စုံပါရှိသဖြင့်၊ ဖဿအာဟာ ရ ကဗဋ္ဌီကာရ အါဟာရတို့တက်ပင် အရာကျယ်လှပေသည်။

## ( အရာကျယ်ပုံကား )

အရာကျယ်ပုံဆိုသည်မှာ၊ အသညသတ်ပြဟ္မာကြီးတို့သည်။ မဟာကပ်( ၅၀၀ )တည်နေရခြင်းသည်ငှင်း။ အရူပဗြဟ္မာကြီး များ၊ မဟာကပ် ( ၈၄၀၀၀ ) တည်နေရခြင်းသည်ငှင်း။ ဤသို့ တည်နေရခြင်းသည်၊ မနောသဉ္စေတနာ အာဟာရ၏၊ ထောက် ပန့်မှုတို့ပေတည်း။

ပထမဈာန်သုံးပုံသည်၊ ဗြဟ္မပါရိသဇ္ဇာ၊ ထိုဘုံ ဗြဟ္မာတို့သည် အသင်္ချေယျကပ်(၃)စု၊ ( ၁=စု )ဗြဟ္မပရောဟိတဘုံ၊ ဗြဟ္မာတို့ သည်၊ အသင်္ချေယျကပ်ထက်ဝက်၊ မဟာဗြဟ္မာဘုံ တို့သည်၊ အသင်္ချေယျကပ် တကပ်လုံး အသက်ရှည်ရခြင်းသည်ငှင်း။

ဒုတိယဈာန်ဘုံ ဟူသည်။ ပရိတ္တာဘုံရှိဗြဟ္မာ အသက်(၂) ကမ္ဘာ အပ္ပမာဏာဗြဟ္မာအသက် ( ၄ ) ကမ္ဘာ၊ အာဘဿရာ ဗြဟ္မာအသက်(၈)ကမ္ဘာတည်နေနိုင်ခြင်းသည်ငှင်း။

တတိယဈာန်သုံးဘုံ ဝေဟပ္ဖိုလ်ဘုံရှိဗြဟ္မာ၊ ကမ္ဘာပေါင်း (၅၀၀)အသက်ရှည် နေနိုင်ခြင်းသည်ငှင်း။ ဤသို့ ပထမဈာန်ဘုံ ဒုတိယဈာန်ဘုံ၊ တတိယဈာန်ဘုံ ဗြဟ္မာကြီးတို့ အသက်ရှည် စွာနေနိုင်မှုသည်။ မနောသဉ္စေတနာ အာဟာရ၏၊ ထောက်ပံ့ မှု တို့ပေတည်း။

စတုတ္ထဈာန်ဘုံ အပါအဝင်၊ သုဒ္ဓါဝါသ ငါးဘုံတို့တွင်၊ အဝိဟာဘုံ၌ ကမ္ဘာ(၁၀၀၀)အာတပ္ပါဘုံ၌ ကမ္ဘာ(၂၀၀၀) သုဒဿာဘုံ၌ ကမ္ဘာ(၄၀၀၀) သုဒဿီဘုံ၌ ကမ္ဘာ( ၈၀၀၀ ) အကနိဋ္ဌဘုံ၌ ကမ္ဘာ( ၁၆၀၀၀ )အထိ၊ အသက်ရှည်စွာ တည်နေနိုင်ကြကုန်၏။ ထိုသို့နေနိုင်ခြင်းမှာလည်း၊ မနောသဉ္စေတနာ အာဟာရ၏ စွမ်းရည်သတ္တိတို့ပင်တည်း။။

## ( မနောသဉ္စေတနာ အာဟာရပစ္စည်း ကျေးဇူးပြုပုံ )

မနောသဉ္စေတနာအာဟာရပစ္စည်း ကျေးဇူးပြုပုံဆိုသည်မှာ၊ သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ အတ္ထိ၊ အဝိဂတ၊ ကမ္မ။ နာနက္ခဏိကကမ္မ၊ ပကတူ နိဿယ၊ ဤ(၁၂)ပစ္စည်းတို့ဖြင့်၊ ကျေးဇူးပြုလေသည်။ မနောသဉ္စေတနာ အာဟာရသည်၊ ဖဿ ကဗဠီကာရ အာဟာရတို့ထက် အရာ ကျယ်လှပေသည်။

## ( ဤကား မနောသဉ္စေတနာအာဟာရ အကျယ်ပြခြင်းတည်း )

၃။ ဖဿအာဟာရ။ ဖဿ အာဟာရဆိုသည်မှာ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဟု ဆိုအပ်သော၊ သုံးပါးသော ဝေဒနာတို့ကို ဆောင်တတ်၏ဟု ဆိုသည်။ ဖဿ အာဟာရသည်၊ ဝေဒနာကိုဆောင်ရာ၌၊ သူတပါး ချဉ်သီးစားသည်ကို၊ စက္ခုပသာဒရုပ်ဖြင့် မြင်သောသူအား၊ ကြက်သီးထခြင်း၊ ပါးတောင်ခြင်း ဖြစ်တိုင်း ဖြစ်တိုင်း၊ စိတ္တသမုဋ္ဌာန်၊ ဥတုသမုဋ္ဌာန် နှစ်ပါးတို့ကြောင့် ဖြစ်သော၊ အာပေါ ကောဋ္ဌာသ။ ဒွိဇရုပ်ဖြစ်သော တံတွေးသည်၊ လျှာမှရှိစီးထွက်လာခြင်း၊ သစ်ပင်ထိပ်ဖျားသို့တက်သောသူကို မြင်ရသည်ရှိသော်၊ အူအသည်း

ယားခြင်း ဖြစ်ပေါ်လာသည်ကို မြင်ခြင်းကြောင့်၊ ၀တ္ထုအာရုံ။ ၀ိဥာဏ်၊ သုံးပါးဆုံ၍ သိမှုဖြစ်ပေါ်လာသော အခါကြမှသာ။ ဖဿ ဖြစ်ရ၏။ ဖဿသည်၊ ကဗဠိင်္ကာရ အာဟာရထက် အရာကျယ်လှ၏။

## ( ဖဿအာဟာရကို ပစ္စည်းချေးနှုးပြပုံ )

ဖဿအဟာရကို ပစ္စည်းချေးနှုး ပြပုံမှာ၊ သမ္ပယုတ္တခန္ဓာ။ စိတ္တဇရုပ်၊မဋ္ဌသန္ဓေကမ္မဇရုပ် တရားတို့အား၊ အညမည၊ သဟဇာတ၊နိဿယ၊ ၀ိပါက။ အာဟာရ။ သမ္ပယုတ္တ။ ၀ိပ္ပယုတ္တ။ အတ္ထိ။ အ၀ိဂတ။ ဤ(၉)ပစ္စယသတ္တိဖြင့် ချေးနှုးပြနိုင်လေသည်။

## ( ဤကား ဖဿအရာကျယ်ပုံ ပြခြင်းတည်း )

၄။ ကဗဠိင်္ကါရအာဟာရ။ ကဗဠိင်္ကာရအါဟါရဆိုသည်မှာ၊ထမင်းစသော၀တ္ထုသည် အလုပ်အလွေးမဟုတ်သော်လည်း အလုပ်အလွေးပြု၍။ ခံတွင်း၀သို့ သွင်းမျိုလိုက်သောအခါ၊ ဥဒ္ဒိသို့ ရောက်သည်ဖြစ်၍။ ဩဇာရောင် (၈) ခုမြောက်ဖြစ်သော ရုပ်ကို ဆောင်သည်။ ရှေ့ ဥပရိမကာယ။ မဇ္ဈိမကာယအခဏ်း၌။ အကျယ်ပြရန်ရှိသောကြောင့်၊ ဤမျှနှင့် ချင်းလိုက်သည်။

## ( ရသင့်ရတိုက်သော အာဟာရ ပစ္စယသတ္တိကား )

ရသင့်ရတိုက်သော အာဟာရ ပစ္စယသတ္တိ ဟူသည်ကား။ အာဟာရာတိ အာဟာရေ၌။ အားရှေးရှိသော (ကရ၀ါတ်) ဏ ပစ္စည်း။ ကရ၀ါတ်၏ သုဒ္ဓကရိယာကား။ ၁။ အာဟာရ။ ၂။ အာဟာရသတ္တိ။ ၃။ အာဟာရအဂ်ဂ။ ၄။ သဟဇာတ ၅ အညမည။ ၆။ နိဿယ။ ၇။ သဟေဇာတကမ္မ။ ၈။ နာနက္ခဏိက ကမ္မ။ ၉။ ဈာန္ဒြိယ။ ၁၀။ သမ္ပယုတ္တ။

၁၁။ ဝိပ္ပယုတ္တ၊ ၁၂၊ အတ္ထိ။ ၁၃။ အဓိပတိ၊ ဤ(၁၃) ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၍ရနိုင်သည်။ ၎င်းသတ္တိနှင့်။ ပစ္စည်းတရားတို့၏။ သတ္တိ။ သတ္တိဝန္တ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗာန်သည်။ ဌာနူပစာရအားဖြင့်ရ၏။ ပစ္စည်းအရကား။ ၎င်း(၁၃) ပစ္စယသတ္တိရှိသော။ ကဗဠီကာရအာဟာရ၌။ ဖဿ။ မနော သဉ္စေတနာ။ ဝိညာဏ်ရ၏။ သို့မဟုတ်ငွေ့သေးလျှင်။ သတ္တိသမ္ဗာန် တို့ဖြင့် မှတ်အပ်သော။ ကဗဠီကာရ။ ဖဿ။ မနောသဉ္စေတနာ ဝိညာဏ်တို့ရ၏။

ကဗဠီကာရအာဟာရသည်။ အဇ္ဈတ္တသန္တာန်၌ ရုပ်ကလာပ် တွေ တဖွားဖွား ဖြစ်ပေါ် လာနိုင်အောင်။ အာဟာရ သတ္တိ။ အတ္ထိသတ္တိ။ အဝိဂတသတ္တိ။ ဤ ( ၃ ) ပစ္စယသတ္တိတို့ဖြင့်၊ ကျေးဇူးပြုနိုင်၏။ ထိုသို့ပြုနိုင်သည်ဆိုသော်လည်း။ ဥပတ္ထမ္ဘက သတ္တိဖြင့်သာ ကျေးဇူး ပြုနိုင် လေသည်။ ဇနက သတ္တိဖြင့်။ ကျေးဇူးမပြုနိုင်။

ရုပ်သည်။ ဥပတ္ထမ္ဘသတ္တိဖြင့် ကျေးဇူးပြုသည်ဟုဆိုရာဝယ်။ ဥပါဒ်ဆဲခဏ၌ ကျေးဇူးမပြုနိုင်ပေ။ ရုပ်တရားမျှတမှုသာ ရှိလေ သည်။ ဥပါဒ်၌ ရုပ်သည်အားမရှိ။ ကဗဠီကာရ အာဟာရ ကို ခံတွင်းမှမျိုသွင်းလိုက်သောအခါ။ လျှာဖြားပေါ်တင်ထား ကာမျှဖြင့် ထောင်ကျောစိမ့်၍ ဌီသို့ရောက်မှသာ အားရှိသည် ဖြစ်သောကြောင့်။ ဌီခဏသို့ရောက်မှသာ။ အာဟာရသတ္တိ။ အတ္ထိသတ္တိ။ အဝိဂတသတ္တိ။ ဤ(၃) ပစ္စယသတ္တိတို့ဖြင့်သာ။ ကျေးဇူးပြုနိုင်သည်ဟု။ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုတော်မူ လေသည်။

ထိုအာဟာရလေးပါးဝယ်။ ကဗဠီကာရပုဒ်၌။ အဘူတ တဗ္ဘာ။ ဝေကရာသဘူ ယောဂေ ဝိကာရာစိ ဟူသော မောဂ္ဂလာန် သုတ်ဖြင့်။ ဘူဓါတ်။ ကရဓါတ်။ အသဓါတ်။ ဘူဓါတ်၏အယှဉ်၊ အဘူတ တဗ္ဘော အနက်ကို ဟောသော

ကြောင့်။ ကရုပ္ပဒ်နှောင် စီပစ္စည်းသက် ( ၈ ) အနုဗန်ချေ။ ကဇဋ္ဌကာရရုပ် ပြီးစေဟူလို။

အဘူတ တမ္မော့ာဟူသည်။ စားဘွယ်။ သောက်ဘွယ်။ ခဲဘွယ် လျှက်ဘွယ်စသည်ဝတ္ထုတို့၌ ပါရှိသောဩဇာပင်တည်း။ ထိုဩဇာသည်။ ကိုင်တွယ်လျှက် အလုပ်အလွေး ပြုလုပ်၍ရသော ရုပ်တရားမျိုးမဟုတ်ပေ။ စင်စစ်မှုချအားဖြင့်။ ပညတ်မှ အသီးထုတ်အပ်သော။ ဆပ်ဆပ်ပရမတ်အနှစ် ဥပဒါန်ရုပ် ဓါတ်အစစ်ဖြစ်၍။ ကိုင်တွယ်၍ မရသည်ကို ထားဘိဦး။ ပုထုဇာဉ်တို့၏ မျက်စိဖြင့် မြင်နိုင်သိနိုင်သောတရားမျိုးမဟုတ်ပေ။ ထိုသို့ပင်ကိုင် တွယ်၍မရသည်ဖြစ်လင့်ကစား။ ဩဇာ၏ဒြဗ်ရာဝတ္ထုသည်။ အလုပ်အဆုပ်ပြုလုပ်၍ရလေသည်။ ဤသို့မှီရာဝတ္ထုကို အလုပ်အဆုပ်ပြုလုပ်၍ ရသည်ဖြစ်သောကြောင့်။ ဝတ္ထုကိုမှီ၍ ရသောနိဿိတဖြစ်သောဩဇာသည်။ ကိုင်တွယ်၍မရဟုဆိုငြားသော်လည်း။ ရသကဲ့သို့။ရသရောင်ရောင်ဖြစ်သော အခြင်းအရာကိုပင် လျှင်၊ အဘူတ တမ္မော့ာဟုခေါ်သတတ်။ ထိုအဘူတ တမ္မော့ာကိုပင်(ဩဇာ(ဟုဆိုသည်။

(မှတ်ချက်) ဤယူဆပုံကား။ အရာကျယ်လျှက်။ နက်နဲခက်ခဲ၍ အထူးသဖွဇာဉ်ရှိကြပါလေ၊ အတ္တနောမတိဖြင့် မယူဆကြစေလိုပါ။

အဇ္ဈတ္တဩဇာသည်။ ရုပ်ကလာပ်တို့ကို ပေါ်လာအောင် ကျေးဇူးပြုရာ၌။ အာဟာရသတ္တိ အဇ္ဈတ္တိသတ္တိ။ အဓိကတသတ္တိ။ ဤသုံးပစ္စယတို့ဖြင့်သာ ကျေးဇူးပြုနိုင်၏။ လိုရင်းအချုပ်ကား။ မိမိနှင့်ကလာပ်တူ ရုပ်တို့အား။ ဇာနကသတ္တိဖြင့်သာ ကျေးဇူးပြုနိုင်သည်။

ကလာပ်ပြားသောအနေကာ်၊ စတုသမုဋ္ဌာနိက ရုပ်တို့အား၊ ဥပထမ္ဘကသတ္တိဖြင့် ကျေးဇူးပြု၏။ အဇ္ဈတ္တ။ ဗဟိဒ္ဓ၊ ဩဇာနှစ်ပါးသည်။ ဇနကသတ္တိ နည်းပါးလျက်၊ ဥပထမ္ဘက များသောကြောင့်။ ဥပထမ္ဘကသတ္တိကိုယူ၍။ အာဟာရ ပစ္စည်းကို ဟောတော်မူသည်။ သို့အတွက် ဥပထမ္ဘက သတ္တိကိုသာ ပြဋ္ဌာန်းတော်မူသည်ဟု မှတ်ယူပါလေ။

(မှတ်ချက်) ကဗဠီကာရ အာဟာရသည်လည်း၊ ရုပ်အာဟာရ။ ဂန္ဓအာဟာရ၊ မဂ္ဂိကာအာဟာရတို့တက် အရာကျယ်၏။ ရူပ။ ဂန္ဓ။ မဂ္ဂိကာအာဟာရတို့သည် ဖြဆိုရန်များစွာရှိသေးသော်လည်း။ နောက်ပြဆို လတ္တံ့သော အခဏ်းတွင် အကြောင်းအားလျော်စွာ ဖေါ်ပြမည်ဖြစ်ပါကြောင်း။

(ဤကား ကဗဠီကာယ အာဟာရ အခဏ်းပြခြင်းတည်း။)

## ( ရုပ် နာမ် တို့၏ ပစ္စည်း-ပစ္စယုပ္ပန်-ပစ္စနိက် )

## ( ရှာသော် )

ရုပ်ပစ္စည်း။ ပစ္စယုပ္ပန်၊ ပစ္စနိက်ကား။

၁။ ရုပ်သည်-အကြောင်းပစ္စည်း။

၂။ ရုပ်သည်=အကျိုး ပစ္စယုပ္ပန်။

၃။ ရုပ်သည်-အကျိုးမဟုတ် ပစ္စနိက်၊

၁။ ဤသို့အားဖြင့် သုံးပါးရှိကုန်၏။ထိုသုံးပါးတို့တွင် သတ္တဝါတို့၏။ အဇ္ဈတ္တ၌ရှိနှင်းသောဩဇာ။ ဗဟိဒ္ဓထမင်းစသောဝတ္ထု၌ပါသော ဩဇာအာဟာရသည်။ အာဟာရရုပ်ကို ဖြစ်စေခြင်း၊ ထောက်ပံ့စေခြင်း။ ဌီအနေနှင့် တည်ရှိကုန်သော ကြွင်းသော (တိဇ)ရုပ်တို့အား ထောက်ပံ့ခြင်းဟူသော။ အာဟာရသတ္တိ

ဖြင့်။ ကျေးဇူးပြုကုန်၏။ ထိုကြောင့် သတ္တဝါတို့၏ ရှိနှင်းသော အဇ္ဈတ္တသြဇာနှင့် ခံတွင်းသို့ မျိုသွင်းလိုက်သော ထမင်းစသော ဝတ္ထုဥ္စပါရှိသော(ဗဟိဒ္ဓသြဇာ)ဤသြဇာနှစ်ပါးကိုပင်။ ရုပ်အာ ဟာရ ပစ္စည်းဟုခေါ်သည်။

( ဤကား ရုပ်အာဟာရပစ္စည်းတည်း )

**( ရုပ်အာဟာရ ပစ္စုပ္ပန်ကား )**

၂၊ အာဟာရဟုခေါ်သော၊ ထမင်းစသော ဝတ္ထုနှင့်တကွ ပါလာသော သြဇာကို မှီဝဲသုံးဆောင်ရသော သတ္တဝါတို့၏၊ အဇ္ဈတ္တသန္တာန်၌ ဌီသို့ရောက်သည်ဖြစ်၍။ ရုပ်တဖွားဖွားဖြစ် ပေါ်နေသော၊ အာဟာရပစ္စည်း၏။ အကျိုး။ ပစ္စယုပ္ပန်ဟု ခေါ်သည်။

( ဤကား အကျိုးပစ္စယုပ္ပန်တည်း )

**( ရုပ်အာဟာရ ပစ္စနိတ်ကား )**

၃၊ စိတ်တခုရုပ်၊(၉၀) ဝါ (၈၉)ပါးသောစိတ် (၅၂)ပါး သောစေတသိက်၊ နှစ်ခုပေါင်း( ၅၃ )ပါး သော၊ နာမ်တရား။ ဗဟိဒ္ဓအာဟာရကို မမှီဝဲရသေးသော သတ္တဝါတို့၏။ ရုပ်၊ ဤနာမ်ရုပ်တရားကို အာဟာရ ပစ္စည်း၏ အကျိုးမဟုတ်သော ပစ္စနိတ်ခေါ်သည်။

**( ဤကား ရုပ်ပစ္စနိတ်တည်း )**

( ဤသည်လျှင်ရုပ်။ ပစ္စည်း။ ပစ္စယုပ္ပန်။ ပစ္စနိတ် အခဏ်းတည်း )

**( နာမ်ပစ္စည်း ပစ္စယုပ္ပန်-ပစ္စနိတ်ကား )**

၁။ နာမ်—အကြောင်းပစ္စည်း

၂။ နာမ်—အကျိုးပစ္စယုပ္ပန်

၃။ နာမ်—အကျိုးမဟုတ်သော ပစ္စနိတ်

၁။ ဤသို့အားဖြင့်သုံးပါးရှိကုန်၏။ ထိုတွင်။ ဖဿအာဟာရ မနောသဉ္စေတနာအာဟာရ။ ဝိညာဏအါဟာရဟု သုံးပါးရှိရာ ထိုအာဟာရသုံးပါးတို့သည်။ မိမိတို့နှင့် ယှဉ်ဘော် ယှဉ်ဘက် ဖြစ်သော။ သမ္ပယုတ်တရားတို့အားရင်း။ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇသမ္ပယုတ် တရားတို့အားရင်း။ ပဋိသန္ဓေ ကမ္မဇရုပ်တို့ အားရင်း။ နာမ်အာဟာရ သတ္တိဖြင့် ကျေးဇူး ပြုကုန်၏။ ထိုကြောင့် ဖဿမနောသဉ္စေတနာ ဝိညာဏ်။ ဤသုံးပါးကို နာမ် အာဟာရပစ္စည်းဟုခေါ်သည်။

( ဤကား နာမ်အာဟာရပစ္စည်းတည်း )

## ( နာမ်အာဟာရပစ္စုပ္ပန်ကား )

၂။ စိတ်တရား( ၈၉ )ပါး၊ စေတသိက်တရား( ၅၂ )ပါး။ အကျဉ်းအားဖြင့်ပေါင်းသော်။စိတ်-စေတသိတ်တရား(၅၃)ပါး စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တရား။ ဤတရားတို့သည်။ နာမ် အာဟာရပစ္စည်း၏။ အကျိုးပစ္စုပ္ပန်ဟုခေါ်သည်။

(ဤကား နာမ်အာဟာရ အကျိုးပစ္စုပ္ပန်တည်း)

## ( နာမ်အာဟာရ၏ ပစ္စနိတ်ကား )

၃။ စိတ္တဇရုပ်။ ပဋိသန္ဓေကမ္မဇရုပ်ကျဉ်သော၊ အဇ္ဈတ္တဗဟိဒ္ဓ အလုံးစုံသော ( တိဇ ) ရုပ်တို့ကို၊ နာမ်အာဟာရပစ္စည်း၏၊ အကျိုးမဟုတ်သော၊ ပစ္စနိတ်ဟုခေါ်သည်။

( ဤကား နာမ်ပစ္စနိတ်ကို ပြခြင်းတည်း )

( အထူးမှတ်ချက် ) ဤကဲ့သို့အာဟာရလေးမျိုးကို ထုတ် ဖေါ်၍ရေးသားရခြင်းမှာ သတ္တဝါမှန်သမျှတို့၊ အာဟာရလေး မျိုးနှင့် ကင်း၍မဖြစ်နိုင်၊ ထိုလေးမျိုးတို့တွင် သနဗ္ဗသတ္တာ အာ ဟာရဋ္ဌိတိကာအရ၊ကဗဠီကာယ အာဟာရသည်၊ပိုမိုအရေးကြီး

လေသည်။ ကြီးပုံကား။ လူပုဂ္ဂိုလ်များမှာ အာဟာရမရလျှင် (၇)ရက်သာအသက်ရှည်နိုင်လေသည်၊ ခိဋ္ဌာပဒေါပ၊ နတ်တို့မှာမူကား၊ စားချိန်တန်မစားရလျှင်၊ လယ်ကတီမှ ချွေးဘီးတီး ကြ၍ စုတေခြင်းသို့ရောက်ရလေသည်။ ထိုကြောင့်။သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာဟု၊ အာဟာရကို အခြေခံပြု၍ ဟောလေသည်။ သို့ဖြစ်၍ သာသာနာတွင်းသား၊ ခေါးဆရာ မှန်သမျှ၊ ဆေးဆရာအတတ်နှင့် အသက်မွေးမည် ဆိုလျှင်၊ ရှေးဦးစွာ အာဟာရ လေးမျိုးတို့၏ အကြောင်းတရား၊ အကျိုးတရား၊ အကြောင်းအကျိုးမှလွတ်သော တရားဟူသ၍၊ သိစေလိုသော ကြောင့် ရေးသားဖေါ်ပြရခြင်းဖြစ်ပါသည်။ သိနားလည်အောင် ကျိုးစားအားထုတ်နိုင်ကြပါစေသတည်း။

ဤကား ရုပ်တရား၊ နာမ်တရားတို့၏၊ ပစ္စည်းပစ္စယုပ္ပန်၊ ပစ္စနိတ်တို့ ဖေါ်ပြခြင်း။

( ဤကား အာဟာရလေးမျိုး ပြခြင်းနိဋ္ဌိတံ )

☆ ● ☆

# ကာယသုံးပိုင်း နဝမကဏ္ဍ။

နိဒါန်းစကားအချီး၌၊ အာဟာရလေးမျိုး ပြပြီးသည့်အဆုံးဖွင့်၊ ကာယသုံးပိုင်း တပိုင်းစီ သုဒ္ဓာနံ၊ သူ့ကဏ္ဍနှင့်သူ ဖော်ပြမည်ဟုဂတိထားခဲ့သည့်အတိုင်း။ ကာယသုံးပိုင်းကို ကလာပ်စုံနှင့်တကွဖော်ပြမည်။ ဖော်ပြပြီးသည့်နောက်၊ စားသောက်အပ်သော၊ ကဗဠီကာယ အာဟာရသည်။ သူ့အပိုင်းနှင့်သူ အကျိုးပေးပုံရော ရပုံတို့ကိုပါ စုံလင်စွာဖော်ပြသွားမည်ဖြစ်ပါကြောင်း၊

( ကာယသုံးပိုင်းဟူသည်ကား )

ဣမသ္မိံသရီရေဟေဋ္ဌိမကာယော မဇ္ဈိမကာယော
ဥပရိမကာယောတိ တယောကောဋ္ဌာသာ
အဋ္ဌသာဠိနီ အဋ္ဌကထာ(၃၁၅)-၁၁။

(အနက်ကား) ဣမသ္မိံသရီရေ၊ ဤသတ္တဝါတို့၏ကိုယ်၌။ ဟေဋ္ဌိမကာယော၊ ချက်မှအောက်ဖြစ်သော ကိုယ်ရင်း၊ မဇ္ဈိမကာယော၊ ချက်မှ အထက်၊ လည်မျိုမှ အောက်ဖြစ်သော ကိုယ်ရင်း။ဥပရိမကာယော၊ ရေမျိုမှ အထက်ဖြစ်သောကိုယ်ရင်း ဣတိ။ ဤသို့၊ တယော။ သုံးပါးကုန်သော။ ကောဋ္ဌာသာ၊ ကောဋ္ဌာသအစုတို့သည်။ ဟောန္တိ ဖြစ်ကုန်၏။

(အဓိပ္ပါယ်ကား) သတ္တဝါတို့သည်၊ တိသန္တတိ၏အစွမ်းအားဖြင့်၊ ပဋိသန္ဓေတည်သည်မှစ၍ (၄၂) သတ္တာဟအတွင်းမှာပင်လျှင်၊ ကိုယ်အင်္ဂါစုံသည်နှင့်တပြိုင်နက် တချက်တည်း၊ ကာယသုံးပိုင်းလည်း၊ သူ့အပိုင်းနှင့်-သူ့ကလာပ် ကွဲပြားလာလေတော့၏။ ပရမတ္ထသဘာဝအားဖြင့်၊ ကာယသုံးပိုင်းဟူ၍မရှိ၊ ကာယသုံးပိုင်းဟူသည်၊ သမုတိသစ္စာတည်း ခေါ်တ်လေးပါးတို့

အမိကလွန်သော(၄၂)ပါးသော၊ ကောဋ္ဌာသအစု၊ သသမ္ဘာရ အနေနှင့်သာ၊ ကာယသုံးပိုင်း တပိုင်းစီခွဲပြနိုင်လေသည်။

( ဤကား ကာယသုံးပိုင်း၏ သဘောကိုပြခြင်းတည်း )

**( ကာယသုံးပိုင်းတို့တွင် ဟောဋ္ဌိမ ကာယသုံးပိုင်းကို )**

( ကလာပ်စုံနှင့်တကွဖော်ပြမည် )

တတ္ထနာဘိတော ပဋ္ဌာယ ဟေဋ္ဌာ ဟေဋ္ဌိမကာယောနာမ တသ္မိံ ကာယဒသကံ ဘာဝဒသကံ အာဟာရသမုဋ္ဌာနာနိ အဋ္ဌ ဥတုသမုဋ္ဌာနာနိ အဋ္ဌ စိတ္တသမုဋ္ဌာနာနိ အဋ္ဌာတိ စတုစတ္တာလီသ ရူပါနိ

( ၎င်းအဋ္ဌကထာ )

(အနက်ကား) တတ္ထ၊ ထိုသတ္တဝါတို့၏ကိုယ်ကို၊ သုံးပိုင်း ပိုင်းသောအစုတို့တွင်။ နာဘိတော၊ ချက်မှ၊ ပဋ္ဌာယ၊ စ၍၊ ဟေဋ္ဌာ၊ ချက်မှ။ အောက်ချေဖြား တိုင်အောင်၊ ဟေဋ္ဌိမကာ ယောနာမ၊ ဟေဋ္ဌိမကာယကိုယ်မည်၏။ တသ္မိံ၊ ထိုဟေဋ္ဌိမကာ ယကိုယ်၌။(ထည့်)ကာလာပတော၊ ပရမတ္ထသဘာဝအားဖြင့်၊ ရသင့်ရထိုက်သော ကလာပ်တို့၏ သရုပ်ကား။ ကာယဒသကံ၊ ကာယဒသက ကလာပ်၎င်း။ ဘာဝဒသကံ၊ ဘာဝဒသက က လာပ်၎င်း။ အာဟာရသမုဋ္ဌာနာနိ၊ အာဟာရကြောင့်ဖြစ်ကုန် သော။ အဋ္ဌ၊ ရှစ်ပါးသောအဋ္ဌကလာပ်တို့၎င်း။ ဥတုသမုဋ္ဌာနာနိ ဥတုကြောင့် ဖြစ်ကုန်သော၊ အဋ္ဌ၊ ရှစ်ပါးသော အဋ္ဌကလာပ် တို့၎င်း။ စိတ္တသမုဋ္ဌာနာနိ၊ စိတ်ကြောင့်ဖြစ်ကုန်သော၊ အဋ္ဌ။ ရှစ် ပါးသောအဋ္ဌကလာပ်တို့၎င်း။ ဣတိဣမိနာ ပဘေဒေန၊ ဤသို့ သောအပြားအားဖြင့်၊ စတုစတ္တာလီသရူပါနိ၊ (၄၄) ပါးအပြား ရှိသော၊ ရုပ်ကလာပ်တို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။

(အဓိပ္ပါယ်ကား) သတ္တဝါဟု ခေါ်ဆိုအပ်သော သူတို့၏ ချက်မှအောက်ဖြစ်သော၊ ချေဖျားတိုင်အောင်ဖြစ်သောကိုယ်ကို။ ဟေဋ္ဌိမ ကာယကိုယ်ဟု ခေါ်ဆိုလေသည်။ ထိုဟေဋ္ဌိမကာယ ကိုယ်၌၊ ပရမတ္ထသဘာဝအားဖြင့်ရအပ်သော၊ ကလာပ်ပြားကား။

(၁) ကာယဒသက ကလာပ် (၁၀)စီး။
(၂) ဘာဝဒသက ကလာပ် (၁၀)စီး။
(၃) ဥတုဇကလာပ် (၈)စီး။
(၄) အာဟာရဇကလာပ် (၈)စီး။
(၅) စိတ္တဇကလာပ် (၈)စီး။

(ဤကား ဟေဋ္ဌိမကာယ၌ ကလာပ်ကြီး( ၅ )စီး ကလာပ် ပြား(၄၄)စီး၊ ရပုံပြခြင်းတည်း၊)

**( ကာယသုံးပိုင်းတို့တွင် မဇ္ဈိမကာယကိုယ်ကို )**

ကလာပ်စုံနှင့်တကွ ဖေါ်ပြမည်။

နာဘိတော ဥဒ္ဓံ ယာဝဂလဝါဋကာ မဇ္ဈိမကာယော နာမ တတ္ထကါယဒသကံ ဘါဝဒသကံ ဝတ္ထုဒသကံ အါဟာရသ မုဋ္ဌာနာဒီနိ တီဏိအဋ္ဌကာနီတိ စေတုပညာသရူပါနိ၊

( ၎င်းအဋ္ဌကထာ )

(အနက်ကား) ဟိ။ ဟေဋ္ဌိမခေါ်သောကိုယ်ကို ထင်ရှား စွာ ကလာပ်စုံနှင့်တကွပြပြီးသည်၏ အခြားမဲ့၌။ မဇ္ဈိမကာ ယခေါ်သောကိုယ်ကို ထင်ရှားစွါကလာပ်စုံနှင့်တကွ ပြဆိုဦးအံ့။ နာဘိတော၊ ချက်မှ၊ ပဋ္ဌာယ၊ စ၍၊ ဥဒ္ဓံ၊ အထက်ဖြစ်သော၊ ယာဝဂလာဝါဋကာ၊ ရေမျို မှ အောက်ဖြစ်သော ဌာနသည်၊

မဇ္ဈိမကာယယောနာမ၊ မဇ္ဈိမကာယကိုယ်မည်၏။ တတ္ထ။ ထို မဇ္ဈိမကာယ ခေါ်သော အလယ်ပိုင်းကိုယ်၌၊ ပရမတ္ထသဘာဝ အားဖြင့် ရအပ်သောကလာပ်ပြားကား။ ကာယဒသကံ။ ကာ ယဒသကငင်း။ ဘာဝဒသကံ။ ဘာဝဒသကငင်း။ ဝတ္ထုဒသကံ။ ဝတ္ထုဒသကငင်း။ အာဟာရသမုဋ္ဌာနာဒိနိ၊ အာဟာရ၊ ဥတု၊ စိတ် တို့ကြောင့်ငင်း။ ဟိတိ၊ သုံးပါးကုန်သော၊ အဋ္ဌကာနိ၊ အဋ္ဌက လာပ်တို့သည်ငင်း။ ဇာတိဇာမိနာပဘေဒေန။ ဤသို့သောအပြား အားဖြင့်၊ စတုပညာသရူပါနိ။( ၅၄ )ပါး အပြားရှိကုန်သော ရုပ်ကလာပ်တို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။

(အဓိပ္ပါယ်ကား) သတ္တဝါဟုခေါ်ဆိုအပ် သောသူတို့၏၊ ချက်မှအထက်၊ ရေမျိုမှ အောက်ဖြစ်သောကိုယ်ကို။ မဇ္ဈိမကာ ယကိုယ်ဟုခေါ်ဆိုလေသည်။ ထိုမဇ္ဈိမကါယခေါ်သောကိုယ်၌ ပရမတ္ထသဘာဝအားဖြင့်ရအပ်သော၊ ကလာပ်ပြားကား။

| | | |
|---|---|---|
| (၁) | ကာယဒသက ကလာပ် | (၁၀)စီး။ |
| (၂) | ဘာဝဒသက ကလာပ် | (၁၀)စီး။ |
| (၃) | ဝတ္ထုဒသက ကလာပ် | (၁၀)စီး။ |
| (၄) | အာဟာရဇကလာပ် | (၈)စီး။ |
| (၅) | ဥတုဇကလာပ် | (၈)စီး။ |
| (၆) | စိတ္တဇကလာပ် | (၈)စီး။ |

(ဤကား မဇ္ဈိမကါယ၌ ကလာပ်ပြားပေါင်း ၅၄၊စီးရပုံပြခြင်း)

( ကာယသုံးပိုင်းတို့တွင် ဥပရိမကာယကိုယ်ကို )

**ကလာပ်စုံနှင့်တကွ ဖေါ်ပြမည်။**

ဂလဝါဋကောဥဒ္ဓံ ဥပရိမကာယောနာမ တတ္ထစက္ခုဒသကံ သောတဒသကံ ဃာနဒသကံ ဇိဝှါဒသကံ ကာယဒသကံ ဘာဝဒသကံ အာဟာရသမုဋ္ဌာဒိနိ တိဏိ အဋ္ဌကာနိတိ စတုရာသီတိရူပါနိ။ (ငင်းအဋ္ဌကထာ)

(အနက်ကား) တတော။ ထိုဟဒ္ဒိမကာယကိုယ်၊ မဇ္ဈိမ ကာယကိုယ်တို့၏၊ အပိုင်းနှစ်ပိုင်းကိုပြုပြီး ဆိုပြီးသည်၏အခြား မဲ့၌၊ သတ္တဝါတို့၏ ကိုယ်ကို၊ သုံးပိုင်း ပိုင်းသော အစုတို့တွင်၊ ဂလဝါဋကော၊ ရေမျို၊ ဥဒ္ဓံ၊ အထက်ဖြစ်သော ကိုယ်သည်။ ဥပရိမကာယောနာမ၊ ဥပရိမကာယကိုယ်မည်၏။ တတ္ထ၊ ထိုဥပရိ မကာယကိုယ်၌ (ထည့်) ကလာပတော၊ ပရမတ္ထသဘာဝအား ဖြင့် ရသင့်ရထိုက်သော၊ ကလာပ်တို့၏ သရုပ်အပြားကား။ စက္ခုဒသကံ၊ စက္ခုဒသက ကလာပ်ဂုဏ်။ သောတ ဒသကံ၊ သောတဒသက ကလာပ်ဂုဏ်။ ဃာနဒသကံ၊ ဃာနဒသက က လာပ်ဂုဏ်။ ဇိဝှါဒသကံ၊ ဇိဝှါဒသက ကလာပ်ဂုဏ်။ ဘာဝ ဒသကံ၊ ဘာဝဒသက ကလာပ်ဂုဏ်။ အာဟာရသမုဋ္ဌာနာဒီနိ၊ အာဟာရ၊ ဥတု၊ စိတ်။ တို့ကြောင့်ဖြစ်ကုန်သော၊ တီဏိ၊ သုံး ပါးကုန်သော၊ အဋ္ဌကာနိ၊ အဋ္ဌကလာပ်တို့သည်၊ ဇာတိဇာမိနာ ပဘေဒေန။ ဤသို့သော အပြားအားဖြင့်၊ စတုရာသီတိ ရူပါနိ(၈၄)ပါး အပြားရှိသော ရုပ်ကလာပ်တို့သည်၊ ဟောန္တိ ဖြစ်ကုန်၏။

(အဓိပ္ပါယ်ကား) သတ္တဝါဟုခေါ်ဆိုအပ်သော လူတို့၏ ရေမျိုမှ အထက်ဖြစ်သောကိုယ်ကို၊ ဥပရိမကာယကိုယ်ဟုခေါ် သည်။ထိုဥပရိမကာယကိုယ်၌။ ပရမတ္ထသဘာဝအားဖြင့် ရအပ် သောကလာပ်ပြားကား။

| | | |
|---|---|---|
| ၁။ | စက္ခုဒသက ကလာပ် | ၁၀။ စီး |
| ၂။ | သောတဒကက ကလာပ် | ၁၀၊ စီး |
| ၃။ | ဃာနဒသက ကလာပ် | ၁၀။ စီး |
| ၄။ | ဇိဝှာဒသက ကလာပ် | ၁၀။ စီး |
| ၅။ | ကာယဒသက ကလာပ် | ၁၀။ စီး |

၆။ ဘာ၀ဒသက ကလာပ် ၁၀၊ စီး

၇။ အာဟာရဇကလာပ် ၈။ စီး

၈။ ဥတုဇကလာပ် ၈။ စီး

၉။ စိတ္တဇကလာပ် ၈။ စီး

ဤကား ဥပရိမကာယ၌ ကလာပ်ကြီး(၉)စီး၊ ကလာပ်ပြား (၈၄)စီးရပုံ ပြခြင်းတည်း။

**( ကာယသုံးပိုင်းလုံးတွင် အကြောင်းတရားလေးပါးတို့ကြောင့် )**

ရအပ်သောကလာပ်များကို တပါးစီ ခွဲပြမည်။

၁။ ကာယ သုံးပိုင်းလုံး၌၊ ကံကြောင့်ဖြစ်သော ဒသက ကလာပ်၊ ၁၁၀။

၂။ စိတ်ကြောင့်ဖြစ်သော အဋ္ဌက ကလာပ်။ ၂၄။

၃။ ဥတုကြောင့်ဖြစ်သော အဋ္ဌက ကလာပ် ၂၄။

၄။ အာဟာရကြောင့်ဖြစ်သော အဋ္ဌက ကလာပ် ၂၄။

ဤသို့ကလာပ်စုံပေါင်းသော်၊ ကလာပ်ကြီး(၂၀) ကလာပ်သေး (၁၈၂)ဖြစ်၏။

(ဤကား ကလာပ်စုံ ပေါင်းပြခြင်းတည်း)

**ဤသို့ကလာပ်စုံကိုပေါင်းပြသော်လည်း ကလာပ်တခုနှင့်တခု**

**မရောယှက်ကြောင်း။**

တေသု ဟေဋ္ဌိမကာယောရူပံ မဇ္ဈိမကာယ ဥပရိမကာယ ရူပေဟိ သဒ္ဓိံ အသမ္ဘိံသံ သေသကာယ ဒွယေပိ ရူပံ ဣတရေဟိအသမ္ဘိံသမေ၀

( ၎င်းအဋ္ဌကထာ )

(အနက်ကား) တေသု။ ထိုဆိုအပ်ခဲ့ပြီးသော၊ ကာယသုံးပိုင်း၌ ရအပ်သော ရုပ်တို့တွင်၊ ဟေဋ္ဌိမကာယေ၊ ချက်မှအောက်ဖြစ်သောကိုယ်၌။ ပဝတ္တံ၊ ဖြစ်သော ရုပ်၊ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်သော (၄၄)ပါးသော ရုပ်တရားသည်ရင်း။ မဇ္ဈိမကာယရူပေဟိ၊ မဇ္ဈိမကာယ၌၊ အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်သော ( ၅၄ )ပါးသော ရုပ်တရားသည်ရင်း။ ဥပရိမကာယရူပေဟိ၊ဥပရိမကာယ၌၊အကြောင်း တရားလေးပါးတို့ကြောင့်ဖြစ်သော(၇၄)ပါးသော ရုပ်တရားတို့နှင့် သဒ္ဓိံ၊ တကွ၊ အသမ္ဘိန္နံ၊ မရောနှော၊ သေသကာယရူပေဟိ။ ကြွင်းသောမဇ္ဈိမကာယ။ ဥပရိမကာယ၌၊ ပဝတ္တံ၊ ဖြစ်သော၊ ရုပ်၊ ရုပ်သည်၊ ဣတရေဟိ၊ ဤမှတပါးသော၊ ဟေဋ္ဌိမကာယ၌ ဖြစ်သော ရုပ်တို့နှင့်၊ အသမ္ဘိန္နံ မေဝ၊ မရောနှော မစပ်ယှက်သည်သာလျှင်၊ ဟောတိ၊ ဖြစ်၏။

(အဓိပ္ပါယ်ကား) လူတို့သည်၊ ညနေချမ်းအခါဝယ်၊ ပဒေသာစက္ခုဖြင့်၊ တောရိပ်၊ တောင်ရိပ်၊ ကိုကြည့်ရှုသောအခါ၊ ထိုတောရိပ် တောင်ရိပ်တို့၌။ ဗိဇနိယာမ ဥတုသဘာဝအားဖြင့်၊ ပေါက်ရောက်နေသော၊ သစ်ပင်၊ ဝါးပင်တို့သည်။ တပင်နှင့်တပင် တစပ်တည်း။ စပ်၍တည်နေကြကုန်သကဲ့သို့ ထင်ကြကုန်၏ ထိုသို့ပင်တပင်နှင့်တပင်စပ်၍ အချင်းချင်းရောယှက်၍နေသည်ဟု ထင်ငြားသော်လည်း။ တပင်နှင့်တပင် မရောယှက် ကြကုန်သကဲ့သို့၊ (ဤကားဥပမာတည်း။)

(ဥပမေယျသော်ကား) လူတို့သည်၊ တိသန္ဓိတိ၏အစွမ်းဖြင့် ပဋိသန္ဓေကလလ ရေကြည်တည့် နေသည်မှစ၍၊မွေးဖွားလာပြီးနောက်၊ အသက်ထက်ဆုံး တိုင်အောင်။ ကိုယ်ကြီးတခုလုံးကို ကြည့်သည့်ရှိသော်၊ တစပ်ထည်းဟုထင်ကြသော်လည်း၊ တစပ်ထည်းမဟုတ်ကြပေ။ ထိုကာယင်္ဂသမ္ဘာရဟု ခေါ်ဆိုအပ်သေ ကိုယ်ကြီးကို၊ ဟေဋ္ဌိမကာယ။ မဇ္ဈိမကာယ၊ ဥပရိမကာယဟု၊ ကာယသုံးပိုင်းကို၊ ဓေသနာဉာဏ်နှင့်ခွဲ၍ ကြည့်လိုက်လျှင်။

တပိုင်းနှင့်တပိုင်း ရောစပ်၍မနေ၊ သူ့အပိုင်းနှင့်သူ၊ ကလာပ်တွေတဖွားဖွားဖြစ်ပေါ်နေသည်ကို တွေ့မြင်ကြရပေမည်၊ တွေ့မြင်အောင်လည်း ဉာဏ်နှင့်မြင်အောင် ကြည့်ပါ။ တွေ့လျှင်အကျိုးထူးတရားများမည်။ ထိုသို့သူ့အပိုင်းနှင့် သူ့ကလာပ်ဟုဆိုသော်လည်း။ ဟေဒိုမကာယ၌လည်း။ ကံကြောင့်ဖြစ်သောကလာပ်။ စိတ်ကြောင့်ဖြစ်သောကလာပ်။ ဥတုကြောင့်ဖြစ်သောကလာပ်။ အာဟာရ၌ဖြစ်သောကလာပ်ဟူ၍ အသီးသီးရှိကြ၏ ထိုသို့ရှိရာတွင်၊ ထိုကလာပ်စုတွေကို တပေါင်းတည်း စပ်နေသည်ဟုထင်မှတ်ကြ၏။ ထိုသို့ ထင်မှတ်သော်လည်း။ ထိုအကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်သော ကလာပ်တို့သည်။ သူ့ကလာပ်နှင့်သူဖြစ်ပျက်၍နေကြ၏။ သမုဋ္ဌာန် အကြောင်းခံသောကလာပ်သည်၊ တခုနှင့်တခု၊ မရောယှက် ကြကုန်။ မဇ္ဈိမကာယ၌ဖြစ်သော အကြောင်းတရား လေးပါးကြောင့်ဖြစ်သောကလာပ်။ ဥပရိမကာယ၌ဖြစ်သော အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်သော ကလာပ်တို့သည်လည်း။ ဆိုအပ်ခဲ့ပြီးသော ဟေဒိုမကာယ၌ အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်သော ကလာပ်တို့သည် တပိုင်းနှင့်တပိုင်း တပိုင်းထဲတွင်ရှိသော သမုဋ္ဌာန် တခုနှင့်တခု သူ့ကလာပ်နှစ်သူသာ၊ ဖြစ်ကြချုပ်ကြသည်ဟု။ ဉာဏ်ကြီးရှင်တို့မှတ်ယူပါလေ။

(မှတ်ချက်) ထိုနည်းတူစွာစားသောက်အပ်သော ကဗဠိကာယအာဟာရသည်လည်း စားသောက်ကြသောအခါ အကျိုးပေးမတူကြပေ။ ကယသုံးပိုင်း၌ ကယသုံးပိုင်းတို့တွင် သူ့ဋ္ဌာနနှင့်သူ အကျိုးပေးပုံ ကိုလည်း။ဆေးဆရာ၊ ဓါတ်ဆရာ၊ ဝိပဿနာ ဆရာတို့သည်၊ ကိုယ့်နည်းနှင့်ကိုယ် ကိုက်အောင် ဂရုပြု၍ ယူကြစေလိုပါသည်။

( ဩဇာဝိနိစ္ဆယကို စာဖေါ်မဆန့်၍ ချွင်းထိုက်သည် )

ဤကား ကယသုံးပိုင်း တပိုင်းစီ သူ့ကလာပ်နှင့်သူ ကွဲပြားအောင် ခွဲခြား၍ပြခြင်း အခဏ်း နိဋ္ဌိတံ

# အဘိဓမ္မာတောင်သာ(၆)လုံးငိုကာကျော။

( တောင်သာ(၆)လုံး ခံဘူးဝါဒ ရှေးဦးစွာ အကျဉ်းမှတ်သားရန် )

| | | |
|---|---|---|
| (၁) | ပထဝီ | အစိုင်အခဲ။ |
| (၂) | အာပေါ | အစေးအဖွဲ့။ |
| (၃) | တေဇော | အပူရင့်ကျက်။ |
| (၄) | ဝါယော | ထောက်တန်လှုပ်ရှား။ |

( အဇ္ဈတ္တပထဝီဖြစ် )

(၁) အဇ္ဈတ္တ၊ အဇ္ဈတ်၊ အတွင်းဖြစ်၊ အဇ္ဈတ်ဖြစ်သည်၊ အဇ္ဈတ်ပထဝီဖြစ်သည်၊ အတွင်း၌ဖွဲ့သည်။ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်။

( အဇ္ဈတ်ပထဝီပျက် )

(၂) အဇ္ဈတ္တ၊ အဇ္ဈတ်၊ အတွင်းပျက်၊ အဇ္ဈတ်ပျက်သည်၊ အတွင်း၌အဖွဲ့မရှိ။ ဆီးမချုပ်၊ ဝမ်းမချုပ်၊ လေမချုပ်။

( ဗဟိဒ္ဓ ပထဝီဖြစ် )

(၁) ဗဟိဒ္ဓ၊ ဗဟိတ်၊ အပြင်ဖြစ်၊ ဗဟိတ်ဖြစ်သည်၊ ဗဟိတ်ပထဝီဖြစ်သည်၊ အပ၌ဖွဲ့သည်။ သွေး၊ လေကြောပိတ်သည်။ ခေါင်း၊ ခါး၊ ကိုယ်လက်အင်္ဂါတခုခုကိုက်ခဲ။ ကိုယ်လက်အင်္ဂါ လေးလံ၊ ချွေးမထွက်ချင်းကိုယူ။

(၂) ဗဟိဒ္ဓ၊ ဗဟိတ်၊ အပြင်ပျက်။ ဗဟိတ်ပျက်သည်၊ ဗဟိတ်ပထဝီပျက်သည်၊ အပြင်၌အဖွဲ့အစီးမရှိ၊ သွေး၊ လေကြော အပိတ်အဖွဲ့ရှိ။ ခေါင်း၊ ခါး၊ ကိုယ်လက်အင်္ဂါ၊ မကိုက်မလေးလံ ချွေးထွက်ခြင်းကိုယူ။

No. 24

အဘိဓမ္မာတောင်သာဋီကာ (၆)လုံးကို ရှေးဦးစွာ အကျမ်းဖားလောက်မှတ်သားမိလျှင်၊ ဤတောင်သာ ( ၆ ) လုံးနှင့်၊ စပ်လျဉ်း၍ ရေးသမျှ ကျမ်းစကားရပ်တို့ကို အလွယ် တကူနှင့် သိနိုင်ရန် ရှေးဦးစွာ တောင်သာ (၆) လုံး အခြေခံ ကောက်နုတ်ချက်ပြလိုက်သည်။ နှုတ်ဝယ်ဆောင်ထားပါ။

ဤကား အဘိဓမ္မာတောင်သာဋီကာ (၆)လုံး ကောက်နုတ်ချက်။

( ရှေးဦးစွာ မှတ်သားဘွယ်တည်း )

**( သီတ တေဇော သိနိုင်ရန် လက္ခဏာအကြောင်း )**

(၁) ဒုက္ခပူခါ၊ ဆီးဖြူလာ၊ ညာမှာအကြောတင်း။

(၂) အေးစာစားက၊ ရောဂါကြွ၊ သီတကြောင်းလေးရင်း။

(မြန်မာပြန်)

(၁) ပူသောအခါ။ ဒုက္ခတိုးခြင်း။ ( ၂ ) ဆီးဖြူခြင်း။
(၃) ညာကြောတင်ခြင်း။ (၄) အေးသောအစာစားက၊ ဒုက္ခတိုးခြင်း။

ဤကား သီတ တေဇော လက္ခဏာ(၄)ပါးတည်း။

**( ဆောင်ပုဒ် )**

(၁) အကြောင်းသီတ၊ ကျိုးလေး၀၊ မှတ်ကြဆရာမျိုး။

(၂) ဆီးဖြူများခြင်း၊ ညာခကြောတင်း၊ အအေးစားကတိုး။

(၃) သန်းခေါင်ကျော်က၊ မွန်းတိကြ၊ ဒုက္ခလွန်ပြည့်ဖြိုး။

ဤကား သီတတေဇော လက္ခဏာဆောင်ပုဒ်တည်း။

**( သီတတေဇော အတွင်း၊ ပြင်ပ၊ လွန်လက္ခဏာ )**

(၁) အိပ်ပျော် စားဝင်၊ ဝမ်းချုပ်လျှင်၊ တွင်းပြင်မြေ ခါတ်လွန်

(၂) ကိုယ်ရေပူခြင်း၊ ခံတွင်းပုတ်ခါး၊ ခေါင်းခဲလာ၊ ပြင်မြေ ဓါတ်လွန်။

(ဤကား တွင်းပြင်သီတ တေဇောလွန်လက္ခဏာတည်း။).

( မြန်မာပြန် )

(၁) အိပ်ပျော်ခြင်း၊ အိပ်သောအခါနှစ်ချိုက်ခြင်း။

(၂) စားသောက်သောအခါ မြိန်ရှက်ခြင်း။

(၃) ဝမ်းလေ-ဆီးချုပ်ခြင်း။

( ဤကား သီတတေဇော အဇ္ဈတ္တပထဝီလက္ခဏာ )

(၁) ကိုယ်ရေငမ်းကြည့်သောအခါပူခြင်း။

(၂) ခံတွင်းပါးစပ်က မုတ်စော် နံခြင်း။

(၃) ခေါင်းကိုက်=ဇက်လေးခြင်း

( ဤသုံးပါးကား သီတတေဇောဗဟိတ် ပထဝီလက္ခဏာ။)

ဤသို့ အဇ္ဈတ္တပထဝီလက္ခဏာ၊ (၃)ပါး။

ဗဟိဒ္ဓပထဝီလက္ခဏာ၊ (၃)ပါး။

ဤ { ၆ } ပါးသောလက္ခဏာမှ၊ အနာရောဂါ အမည်ပေးရန် သာဖြစ်သည်။

**( သီတတေဇော အနာ(၃)မျိုး မှတ်သားရန်။ )**

၁။ သီတတေဇော အကြောင်းခံ၍၊ ငှာဝီအကျိုးထင်။
{ သင်္ဂဟိတနာ }

၂။ သီတတေဇော အကြောင်းခံ၍၊ ပထဝီအာပေါအ ကျိုးထင်။ ( ဗြူဟာနနာ )

၃။ သီတတေဇော အကြောင်းခံ၍၊ အာပေါ အကျိုးထင်။ (ပဿုရဏနာ)

ဤသို့အားဖြင့် သီတနာ လက္ခဏာ (၃) မျိုးတည်း။

( ဆောင်ပုဒ်လင်္ကာ။)

၁-က။ အိပ်ပျော် စားကောင်း၊ ဝမ်းချုပ်ရှောင်း ( ပ )လွန် အစ္ဆုတ်။

ခ။ ကိုယ်ပူခေါင်းလှုပ်၊ ပါးစပ်ပုတ်၊(ပ)လွန်ဗဟိတ်။

ဂ။ ပ-အစ္ဆုတ်၊ ဗဟိတ်၊ လွန်ကြောင်းဟိတ်၊ မှတ်စိတ် ဗိုလ်လူ { နာသင်္ဂဟိတ }

၂-က။ တပါး လွန်လျှက်၊ ကွက်ကြားပျက်၊ ပ၊ အာ၊ ကြောင်းသာ (ဗြူဟနနာ)

၃-က။ ခြောက်ပါးလုံးပျက်၊ ဝါ၊ လက်ချက်၊ သက်သက် (နာပဿုရဏ)

( ဆောင်ပုဒ်လင်္ကာ )

၁။ ဗာယိအစ္ဆုတ်။ ခြောက်မျိုးပြ (သီတသင်္ဂဟိတခေါ်)

၂။ အတွင်းသုံးပျက်။နှစ်ချက်အရ။ အမည်ပြ(သီတဗြူဟန)

၃။ ခြောက်ပါး လုံးပျက်။ ဝါယောချက် သက်သက် (သီတပဿုရဏ)

( ရောဂါနိုင် အစာဆောင်ပုဒ် )

၁။ အစပ်ဗာဟ၂ပ်။ ခါး။ အစ္ဆုတ်။ မြေခါတ်ပျက်စေနိုင်။

၂။ အကြောင်းသီတ။ ငြိမ်းလိုက။ ရသအပူနိုင်။

၃။ ပူဆိမ့်အစ္ဆုတ်။ ပူဖန်ဗဟိတ်။ ဥဏှာပထဝီဖြစ်နိုင်။

( သီတနာ(၃)မျိုး ယုတ္တိသဘာဝ )

(၁) မာဂဓဘာသာ။ ၁။ သင်္ဂဟိတာ။ ၂။ ဗြူဟာန။ ၃။ ပဿရဏ။

(၂) မြန်မာဘာသာ။ ၁။ မာခြင်း။ ၂။ ကြီးခြင်း။ ၃။ ယိုစီးခြင်း။

(၃) ယုတ္တိဘာသာ။ ၁။ ကျိုးဟောင်းရေစို။ ၂။ ပဲကြီးရေစိမ်။ ၃။ ထုံး။ သကြား။ ဆား။ ထမ်းလျှက်ခဲရေထိ။

# သီတလက္ခဏာဇယား

| | | | |
|---|---|---|---|
| မာဂဓ ဘာသာ | သင်္ဂဟိတာ | ဗြူဟာန | ပဿရဏ |
| မြန်မာဘာသာ | မာခြင်း | ကြီးပွားခြင်း | ယိုစီးခြင်း |
| ယုတ္တိ ဘာသာ | ကျိုးဟောင်း ရေထိ | ပဲကြီးစေ့ထုံးဆါး | သကြားခဲ ထန်းလျှက် |
| အဋ္ဌသာလိကဘာသါ | ခေါင်းခဲခြင်း | ကိုယ်ရောင်ခြင်း | ဓါတ်သက် လျှောခြင်း |

( သီတအဓိကလက္ခဏာ-၈-ပါး )

၁။ ထမင်းစားသောက်ကောင်းခြင်း။

၂။ ကျင်ငယ်ပေါပေါသွားခြင်း။

၃။ ရေအနည်းငယ်သောက်ခြင်း။

၄။ ချွေးမထွက်ခြင်း။
၅၊ ကိုယ်သားကိုယ်ရေပူခြင်း။
၆၊ ခြေလက်အင်္ဂါလေးလံခြင်း။
၇။ ခြေလက်အင်္ဂါ ကြွမ်းထမ်းခြင်း။
၈။ ဆုတ်နစ်သော ဒေါသစိတ်ဖြစ်ခြင်း။

ဤသည်လျှင် သီတတေဇော အမည်သုံးမျိုး ဇယားနှင့်ရင်း၊ သီတတေဇော အဓိကလွန်သောလက္ခဏာ(၈)ပါး။ သီတတေဇောလက္ခဏာနှင့်ဆိုင်လော စကားရပ်များ။

(အကျဉ်းကောက်နှုပ်ချက်ပြခြင်း)

(သင်္ဂဟိတ၊ ပြုဟန။ ပဋ္ဌရဏ၊ သီတနာသုံးမျိုး၊ သေလက္ခာ)

( နှုပ်ငုံဆောင် လင်္ကာ )

၁။ သင်္ဂဟိတမှာ၊ လက္ခဏာ၊ သညာဉာဏ်ပျက်ဘိ။
၂။ ဆီးသွားမသိ၊ ကိုပူဘိ၊ ရေလည်းမတော်လာ၊
၃။ သေမည်အမှန် ဆေးမတန်၊ အမြန်ပါယ်လိုက်ပါ။

၁။ ပြုဟနမှာ၊ လက္ခဏာ၊ သေချာမှတ်ဦး။
၂၊ အိပ်ပျော်စားပျက်၊ ရေမဘက်၊ တချက်ကျင်၊ များလာ။
၃။ အစွတ်ပျက်၊ ယွင်းမကွက်၊ မပျက်သေဘို့ရာ။

၁။ ပဋ္ဌရဏခေါ် အနာပေါ်၊ မျှော်၍တွေးကြည့်ပါ။
၂။မိန်းတက်လျှာလေး။ကိုရေအေး၊ ချွေးစေးထွက်လျှက်သာ။
၃။ အမြန်ပယ်လိုက်၊ ဆေးမတိုက်၊ ဆိုက်ဆိုက်သေ ဘို့ရာ။

၁။ ရွှယ်ကြီးအခါ၊ အိပ်နှစ်ပါး၊ ဝမ်းလား ကိုယ်ရောင်လာ။
၂။ ဆေးနှင့်မစပ်၊ ထိုင်ါးရပ်၊ မျက်လေပ်မှန်မကွာ။
၃။ သုနာ အကြောင်း၊ ရှေးကံဟောင်း၊ မကောင်းပယ် လိုက်ပါ။

ဤကား သီတနာသုံးမျိုး သေလက္ခဏာတည်း
(တောင်သာ(၆)လုံး ဋီကာတွင် သီတနာ(၃)လုံးပြခြင်းနိဋ္ဌိတံ)

( ဥတုတေဇော သိန္နိုင်ရန်လက္ခဏာအကြောင်း )

၁။ ဒုက္ခအေးခါ၊ ဆီးနီဝါ၊ ဘယ်မှာအကြောတင်။
၂။ ပူစာစားက၊ ရောဂါကြွ၊ ဥတုကြောင်းလေးရင်း။

(မြန်မာပြန်)

၁။ အေးသောအစါဒုက္ခတိုးခြင်း။ ၂။ ဆီးနီ၊ ဆိုးဝါခြင်း
၃။ ဘယ်ကြောတင်းခြင်း။ ၄။ ပူစာစားကဒုက္ခတိုးခြင်း။
ဤကား ဥတုတေဇော လက္ခဏာ(၄)ပါးတည်း။

( ဆောင်ပုဒ် )

၁။ အကြောင်းဥတု၊ ကျိုးလေးဝ၊ မှတ်ကြဆရာမျိုး။
၂။ ဆီးနီနဲ့ခြင်း၊ ဘယ်ကြောတင်း၊ ပူပြင်းစားကတိုး။
၃။ နေမွန်းရှိန်က၊ သန်းခေါင်ကြ၊ ဒုက္ခလွန်ပြည့်ဖြိုး။
(ဤကား ဥတုတေဇော လက္ခဏာဆောင်ပုဒ်တည်း)

( ဥတုတေဇော တွင်း ပြင် ပလွန်လက္ခဏာ )

၁။ အိပ်ပျော်စားဝင်၊ဝမ်းချုပ်လျှင်၊တွင်းပြင် မြေမ်ါတ်လွန်။

၂။ ကိုယ်ရေအေးခြင်း။ ခံတွင်းပုတ်စွာ၊ ခေါင်းကိုက်လာ.
ပြင်မြေဓါတ်လွန်။

( မြန်မာပြန် )

၁။ အိပ်ပျော်ခြင်း အိပ်သောအခါ နှစ်ချိုက်ရှိခြင်း။

၂။ စားသောက်သောအခါ၊ မြိန်ရှက်ခြင်း။

၃။ ဝမ်း၊ လေ၊ ချုပ်ခြင်း။

( ဤသုံးပါးကား ဥတုတေဇောအဇ္ဈတ္တ ပထဝီ )

၁။ ကိုယ်ရေစမ်းကြည့်သောအခါ အေးခြင်း။

၂။ ခံတွင်း ပါးစပ် ပုတ်စော်နံခြင်း။

၃။ ခေါင်းကိုက် ဇက်လေးခြင်း။

(ဤသုံးပါးကား ဥတုတေဇော ဗဟိတ်ပထဝီလက္ခဏာ)

ဤဆိုအပ်ခဲ့ပြီးသော အဇ္ဈတ္တပထဝီ လက္ခဏာ၊( ၃ )ပါး၊ ဗဟိဒ္ဓ ပထဝီလက္ခဏာ(၃)ပါး၊ရင်း(၆)ပါးသော လက္ခဏာမှာ အနာရောဂါ အမည်ပေးရန်သာဖြစ်သည်။

( ဥတုတေဇော(၃)မျိုး မှတ်သားရန် )

၁။ ဥတုတေဇော အကြောင်းခံ၍၊ ပထဝီအကျိုးထင်သော (ကက္ခဠနာ)

၂။ ဥတုတေဇော အကြောင်းခံ၍၊ ပထဝီဝါယော အကျိုးထင်၊ (ဝိတ္ထမ္ဘိတနာ)

၃။ ဥတုတေဇော အကြောင်းခံ၍၊ ဝါယောအကျိုးထင်၊ (ပရိဿဝနာ)

(ဤသို့အားဖြင့် ဥတုလက္ခဏာ(၃)မျိုး။

( ဆောင်ပုဒ်လင်္ကာ )

၁–က။ အိပ်ပြေ်စားကောင်း၊ ဝမ်းချုပ်ရှောင်း၊ လွန်ကြောင်း၊ (ပ)အဖွတ်။

ခ။ ကိုယ်အေး ခေါင်းလှုပ်၊ ပါးစပ်ပုတ်၊ လွန်ယုတ် (ပ)ဗဟိတ်။

ဂ။ ပထပီနှစ်ပါး၊လွန်တုံ့ငြား၊ မှတ်သားဥဏ္ဍာ(နာကကျွင်)

၂–က၊ တပါးလွန်လျှက်၊ ကွက်ကြားပျက်၊ ပ–တာ၊ နှစ်ပါး ကြောင့်သာ မှတ်ကြ။ (နာဝိတ္တန္တိတ)

၃–က၊ ခြောက် လုံး ပျက်၊ ဝါ ယော ချက်၊ သက်သက် (နာပရိသာဝ)

( ဆောင်ပုဒ်လင်္ကာ )

၁။ ဗာဟိအဖွတ် ခြောက်မျိုးပြ၊ (ဥဏ္ဍုကကျွင်ခေါ်)

၂။ အတွင်းသုံးပျက်၊ အပြင်သုံးလွန် တွင်းလွန်၊ ပြင်ပျက်။ ဤနှစ်ချက်ရ၊ အမည်ပြ၊ (ဥဏ္ဍာဝိတ္တန္တိခေါ်)

၃။ ခြောက်ပါးလုံးပျက်လေက၊ (ဥဏ္ဍာပရိသာဝခေါ်)

( ရောဂါနိုင်အစာဆောင်ပုဒ် )

၁။ အချဉ်ဗာဟာ၂တ်၊ ငန်အဖွတ်၊ မြေခါတ်ပျက်စေနိုင်။

၂။ အကြောင်းဥဏ္ဍာငြိမ်းလိုက၊ ရသအချိန်နိုင်။

၃။ ချို၊ ဆိမ့်အဖွတ်၊ ချိဖန်ဗဟိတ်၊ သိတာပထဝီဖြစ်နိုင်သည်။ နားလည်မြဲပိုင်ပိုင်။

( ဥဏ္ဍာနာ(၃)မျိုး ယုတ္တိသဘာဝ )

၁။ မာဂဓာဘာသာ၊ ၁၊ ကကျွင်၊ ၂၊ ဝိတ္တန္တိတ၊ ၃၊ ပရိသာဝ။

No. 25

၂။ မြန်မာဘာသာ၊ ၁။ မာခြင်း၊ ၂။ ကြီးခြင်း၊ ၃။ စီးခြင်း။

၃။ ယုတ္တိဘာသာ၊ ၁။ သားရေစို၊ ၂။ မီးအိမ်ပျံ၊ ၃။ ဖရောင်းခဲ၊

## ဥဏှလက္ခဏာဇယား

| | | | |
|---|---|---|---|
| မာဂဓ ဘာသာ | ကက္ခဠ | ပိတ္ထမ္ဘိတ | ပရိဿဝ |
| မြန်မာဘာသာ | ခိုင်မာခြင်း | ဖေါင်းပွခြင်း | ယိုစီးခြင်း |
| ယုတ္တိ ဘာသာ | သားရေစိုနေထိ | မီးအိမ်ပျံ | ဖရောင်းခဲရေနံ |
| အဇ္ဈတ္တိကဘာသာ | ခေါင်းကိုက် | ကိုယ်ရောင် | ဝမ်းသွား |

၁၊ ထမင်းစားသောက်၍ကောင်းခြင်း။

၂။ ကျင်ငယ်အနည်းငယ်သွားခြင်း။

၃။ ရေတခွက်တဖလားကုန်အောင်၊ အဖန်ဖန်သောက်ခြင်း။

၄။ ချွေးမထွက်ခြင်း။

၅။ ကိုယ်သားကိုယ်ရေအေးခြင်း။

၆။ ကိုယ်သားကိုယ်ရေ နူးညံ့ခြင်း။

၇။ ခြေလက်အင်္ဂါပေါ့ပါးခြင်း။

၇။ မဆုတ်မနစ်သော ဒေါသစိတ်ရှိခြင်း။

ဤသည်လျှင် ဥဏှတေဇော အမည်သုံးမျိုး ဇာယာနှင့်ရင်း၊ ဥဏှတေဇောအဓိကာလက္ခဏာ (၇)ပါး၊ ဥဏှတေဇောနှင့် ဆိုင်သော စကားရပ်များ အကျဉ်းကောက်နုပ်ချက် ပြခြင်း။

ကဏ္ဍိဗ္ဗ၊ မိဗ္ဗမ္ဘိတ၊ ပရိဿဝ၊ အပ္ပနာသုံးမျိုး သေလက္ခဏာ။

( နုပ်ငုံဆောင် လင်္ကာ )

၁။ ကဏ္ဍိဗ္ဗသေ၊ လက္ခဏေ။ တတွေမှတ်စရိုး။

၂။ သံနက်ခြေပြစ်၊ တင်ပြောင်လစ်၊ ပျက်ရစ်ကျယ်တမျိုး။

၁။ မိဗ္ဗံသေချက်၊ ချွေးစေးထွက်၊ အိပ်ပျက်စားမကောင်း။

၂။ ဓါတ်ခြောက်ချားက၊ အမွေးထ၊ ပျက်ကြသေအကြောင်း။

၃။ ဗဟိတ်ပျက်ယွင်း။ ကိုယ်ပူခြင်း၊ ခံတွင်းမပုတ်ပါ။

၄။ ခေါင်းကိုက် မခနှာက်၊ ကြောရင်အောင့်၊ မဖြောင့် သေတတ်စွာ။

၁။ ပရိဿဝ၊ သေတတ်လှ၊ မှတ်ကြလူအပေါင်း။

၂။ ကြွက်တက်ရေငတ်၊ဆီးချုပ်လပ်၊သေတတ်နာမကောင်း၊

၃။ နှစ်ပါးပထဝီ၊ အညီပျက်လပ်၊ ရေငတ်ကိုယ်ပူ။ ဆီးပူများခြင်း၊ နေ့တွင်ဒုက္ခ၊ ပိုမိုလှ၍၊ အိပ်ကလွန်ပျက်၊ တချက်အဖျတ်၊ ပျက်ငါးရပ်ကား။ ဝမ်းသွားမချောင်၊ ပေါင်နှင့်တင်ခါး မတောင့်ဖြားဘဲ၊ ခေါင်းခဲဇက်လေး၊ မရှိဝေး၍၊ ဆိုရေးမှန်ခြင်း၊ ခံတွင်းမပုတ်၊ မယုတ်အစာ၊ ပျက်ပြားလေကာ၊ ဒုသအညီ၊ သေတတ်ပြီတည်း။ တလီထိုမှ၊ ငါးခြောက်ကပင်၊ စ၍တိုးတက်၊

ဆယ်ပါးပျက်မှု၊ အသက်မရှင်၊ သေအံ့မြင်သည်၊ မြဲပင်စိတ်ယူ မှတ်လေသော်။

( ဤကား ဥဇ္ဈာနသုံးမျိုး သေလက္ခဏာတည်း )

ဤသည့်လျှင် တောင်သာ (၆) လုံးငှိကာတွင်

ဥဇ္ဈာနာ သုံးမျိုး ပြခြင်းတည်း။

( နိဂုံးချုပ် )

အနာ (၆) မျိုးအတွက် ပုံစံနှင့်တကွ

## ဆေးချက်ကိုပြမည်။

| | | |
|---|---|---|
| ကဏ္ဍဋ္ဌ<br>ပူဆိမ့် ,ပူဖန် | ဝိတ္ထဋ္ဌိတ<br>လွန်နှုပ်-လိုပြည့် | ပရိဿဝ<br>ပူစပ်, ပူခါး |
| သင်္ဂဟိတ<br>ချိုဆိမ့်, ချိုဖန် | ဥဗ္ဗူဟန<br>လွန်နှုပ်-လိုပြည့် | ပဇ္ဇရဏ<br>ချိုချဉ်, ချိုငန် |

၁။ ၎င်းပြထားသောပုံစံအတိုင်း၊ ကဏ္ဍဋ္ဌနာ၊ ဖြစ်ခဲ့လျှင် ကျက်ချေကိုကြည့်၍၊ ပဇ္ဇရဏဆေးချက်၊ ချိုချဉ်ငန် ပေးလေ၊ ပူဆိမ့်, ပူဖန်ကိုရှောင်ပါလေ။

၂။ ပရိဿဝနာဖြစ်ခဲ့လျှင်၊ သင်္ဂဟိတဆေးချက်၊ ချိုဆိမ့်၊ချိုဖန် ကိုပေးလေ။ ပူစပ်၊ ပူခါးရှောင်ပါလေ။

၃။ သင်္ဂဟိတအနာဖြစ်ခဲ့လျှင်၊ ပရိဿဝဆေးချက်၊ ပူစပ်၊ ခါးပေးလေ။ ချိုဆိမ့်၊ ချိုဖန်ကိုရှောင်ပါလေ။

၄။ ပဋ္ဌာနရာဖြစ်ခဲ့လျှင်၊ ကဏ္ဍဝတ္ထုဆေးချက်၊ ပူဆိမ့်၊ ပူဖန်ပေးလေ။ ချိုချဉ်၊ ချိုငန်ရှောင်ပါလေ။

၅။ ဝိတ္ထာမ္ဘိတအနာကို၊ မြူဟာနဆေးချက်ပေး။

၆။ မြူဟာနအနာကို၊ ဝိတ္ထာမ္ဘိတဆေးချက်ပေး။

၎င်းအနာနှစ်မျိုးမှာ၊ တစွယ်ပျက်၊ တစွယ်ကောင်းဖြစ်၍၊ မိမိတို့ဉာဏ်ဖြင့် သိလောက်တန်သော အရာဖြစ်၍ စေ့စုံစွာမရေးတော့မူ၍၊ ဤတွင်တောင်သာ(၆)လုံး ဋီကာစကားတခဏ်းရပ်။

( အပြီးသတ် နိဋ္ဌိတံ )

( မှတ်ချက် ) ကျမ်းဆရာရှေးပညာရှိများက အဘိဓမ္မာကျမ်းလာ ကဏ္ဍဝတ္ထု၊ ဝိတ္ထာမ္ဘိတစသည်တို့ကို မူတည်ပြီး၊ တောင်သာ(၆)လုံးကောက်၊ ဋီကာခေတ်ကျမ်းဟူ၍၎င်း၊ မူရင်း တောင်သာအဘိဓမ္မာခေါ်ကျမ်းဟူ၍၎င်း။ စသည့်အမည်မျိုးများနှင့်၊ ရေးသားဖေါ်ပြထားကြသည်။ မူရင်းကိုမပျက်စေဘဲ၊ ဤခေါ်တုးကာယဝိနိစ္ဆယကျမ်းရေးသောဆရာက၊ ထိုကျမ်း၏အဆိုအမိန့်စကားများကို၊ ကုန်စင်အောင်ဉာဏ်မမှီသဖြင့် ခြုံထွင်းမရေးမူ၍၊ ကျမ်းစုံရုံလောက်သာ ထိုတောင်သာ(၆) လုံးဋီကာကျမ်းများမှ ထုတ်နှုပ်ရေးသား ဖေါ်ပြခြင်း မျှသာဖြစ်ပါသည်။ သုတ္တံပိဋကတ် မဟာနိဒ္ဒေသ၊ပါဠိတော်အဌအထာလာ၊ဒေါသသုံးပါး မြောက်ပွါး၍ ရသော(၉၆)ပါးသောရောဂါရပုံနှင့်၊ ဘေသဇ္ဇကျမ်းလာ ဖေါ်ပြထားသော၊ သိတဉာဏ်အကြောင်းခံ၍၊ ဒေါသသုံးပါးတို့ ဖေါက်ပြန်မှုကြောင့်၊ပြတက်၏၊ဒွေးငမ်းသန္နိပါတ်၊စသောစကါးရပ်နှင့်၎င်း။ ( မိလိန္ဒ ပညာလာ ) သိတ ဉာဏ် အကြောင်းခံ၍၊ ဒေါသသုံးပါးတို့ဖေါက်ပြန်ပုံကို၎င်း။ (သံယုတ်ပါဠိတော်လာ) ရောဂါရခြင်း(၈)ပါး(မိလိန္ဒပညာလာ) သေခြင်း(၈)ပါးတို့ကို ဖေါ်ပြထားသောစကားရပ်များနှင့်ဆိုလျှင်၊ တဖက်တလမ်းဆန့်ကြဉ်ဘက်ဖြစ်သလိုလို၊ ဖြစ်သရောင်ရောင်ရှိနေသည်ကို၊ ကျမ်း

ရေးဆရာက (သံသယ) များစွာရှိနေပါသည်။ နောက်ပိုင်းတွင် ဒေသနာတော်လာ(၉၆)ပါးရောဂါ ဖြစ်ပေါ်လာပုံ အကြောင်း မျိုးစုံသာဓကပေါင်းစုံလင်စွာ ဖြင့် ဖော်ပြသွားပါမည်။ ဆေးပညာရှိ ပိဋကပ်ပညာရှိများ ဤကဲ့သို့ ရေးသားဖော်ပြသော စကားရပ်များကို ( ဒေသနာနည်း ) (ဘေသဇ္ဇနယနည်း) ရှိရာတို့တွင်၊ ကင်္ခါ-ဝိတ္ထာရ္က်တ၊ စသည့်တို့ကို အသုံးပြုသော ( အဘိဓမ္မာ တော်သာဓါတ်ကျမ်း )နှင့်၊ ဘယ်လိုဆက်သွယ်ပေါင်းစပ်၍ရ မည်၊ မရမည်ကို စင်းစားကြစေလိုပါသည်။ သို့မဟုတ်၊ ဆေး ဆရာ၊ဓါတ်ဆရာများ နားမရှုတ်ခထွေး ရလေအောင်၊ အဘိဓမ္မာ တောင်သာလာ ( ကင်္ခါ-ပိတ္ထာရ္က်တ ) စသည့်နည်းက၊ ဆေးပညာတွင် အမှန်ဆုံးနည်းဟု ဆေးပညာရှိ၊ ပိဋကပ်ပညာ ရှိများက၊ သာဓကလုံလောက်အောင် ကိုးကားပြနိုင်ပါက ဆို အပ်ခဲ့ပြီးသော၊ ဘေသဇ္ဇနယလာ။ ဆေးပညာ ကျမ်းအစောင် စောင်လာ။ ဒေါသသုံးပါးတို့ ဖေါက်ပြန်မှုကြောင့် ရောဂါရပုံ ဒေသနာတော် ( မဟာနိဒ္ဒေသ ပါဠိတော် အဋ္ဌကထာ။ သံ ယုတ် ပါဠိတော် အဋ္ဌကထာလာ )။ စကားရပ်များနှင့်။ ( မိလိန္ဒပညာ - သုတ္တ နိပါတ်ပါဠိတော် အဋ္ဌကထာ )စကား ရပ်တို့ဟာ ( တမှုတဝါဒတည်း ) ဖြစ်အောင်။ အဘိဓမ္မာ တောင်သာ ( ကင်္ခါ-ဝိတ္ထာရ္က်တ )စသည့်ဓါတ်ကျမ်းထဲသို့၊ အကျုံးဝင်အောင်ထည့်သွင်း၍ သုံးကြစေလိုပါသည်။ တကယ် မှန်သည်ဟု ခိုင်လုံသော အထောက်အထားနှင့် ပြည့်စုံအောင် ( အကိုးအကား )နှင့် ပြနိုင်ပါက။ လိုက်လျှောရန်အဆင်သင့် ဖြစ်ပါကြောင်း။

ထိုသို့မဟုတ်။ ဒေါသသုံးပါးဖေါက်ပြန်၍ (၉၆) ပါးရောဂါ ရသည်ဟုဆိုဒါကို အမှန်ယူမည်ဆိုပါက(သုတ္တ လာ)စကားရပ် နှင့် ကိုက်ညီသော (ဘေသဇ္ဇနယ) ကျမ်းအစောင်စောင်လာ။ ဒေါသသုံးပါးဖေါက်ပြန်ခြင်းကြောင့် ရောဂါရပုံ။ ဖြစ်ပုံ။ အထဲ သို့ ထည့်သွင်းပေါင်းစပ်ပြီး။ တမှုတဝါဒတည်း။ မြန်မာ့ဆေး

ပညာတခုအနေနှင့် သုံးစွဲမှသာလျှင်။ ရှေ့သို့တနေ့တခြား တိုး
တက်ကြီးပွါးလာမည့်အရေးကိုရှေ့ရှု၍(အဘိဓမ္မာတောင်သာ)
ဓါတ်ကျမ်း နိဂုံးချုပ်တွင်။ သတိပေးစကား ရေးသားဖေါ်ပြ
လိုက်ပါသည်။ ပိဋကပ်ပညာရှိ ဆေးပညာရှိများက ဆွေးနွေး
လိုသောဆန္ဒရှိ၍ ဘိတ်ကြားပါက။ နိုင်ငံတော် တော်လှန်ရေး
ကောင်စီအဖွဲ့ ဥက္ကဋ္ဌ ကို ( သဘာပတိ ) ပြု၍ အချိန်မရွေး။
(စောဒကပုဂ္ဂိုလ်) တဦးအနေနှင့် ရဲရဲဝံ့ဝံ့။ ဆွေးနွေးလိုသော
ဆန္ဒရှိသည်ဖြစ်ပါကြောင်း။ ( ဤနေရာက )နေ၍။အတိအလင်း
သတိပေးကျေညာအပ်ပါသည်။ (စေတနာရှင်တဦး)

(ချစ်ဖေ) (၉) ဥယျာဉ်လမ်း–ကြည့်မြင်တိုင်-ရန်ကုန်။

ဤကား အဘိဓမ္မာတောင်သာ ( ၆ ) လုံးဋီကာစကား

ကောက်နုပ်ချက် အကျိုးပြခန်း။

( နိဋ္ဌိတံ )

☆ ● ☆

# ကိုယ်အနာ စိတ်အနာ ဆေးဒဿမ ကဏ္ဍ။

## ( ကိုယ်အနာ စိတ်အနာဟူသည် )

၁။ သရီရဋ္ဌာနဌ်ဖြစ်သောကိုယ်အနာ။

၂။ နာမ်ခန္ဓာဌ်ဖြစ်သော စိတ်အနာ။

ဤသို့(၂)ပါးထုတ်ပြမည်။

## ( ထိုနှစ်ပါးတို့တွင် )

၁=က။ သတ္တဝါတို့၏ သရီရဋ္ဌာနဟုဆိုအပ်သော၊ တွင်းပြင်နှစ်ဝ၊ ကိုယ်ကာယဌ်၊ သီတ ဥဏှ ၊ အကြောင်းခံ၍၊ ဒေါသသုံးပါးတို့ဘောက်ပြန်သောကြောင့်၊ဖြစ်ပေါ်သော(၉၆)မျိုးရောဂါဆိုးတို့ကိုသည်းခံ၍၊ နာမ်ခန္ဓာဟု ဆိုအပ်သော စိတ်ဌ်ဖြစ်သောရောဂါကို၊ (၀ါ) အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး ထိခိုက်ငြားက၊ ခြောက်ပါးဝိဉာဏ်၊ အစဉ်မပြတ် လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာဌ်၊ ဖြစ်ပေါ်လာသောဝေဒနာကို ရှေးဦးစွာ ဆေးကုပါလေ့။

၂-ခ။ နာမ်ခန္ဓာဟုဆိုအပ်သော။ စိတ်ဌ်ဖြစ်သောရောဂါကို (၀ါ) အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး ထိခိုက်ငြားက၊ ခြောက်ပါးဝိဉာဏ် အစဉ်မပြတ် လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာဌ် ဖြစ်ပေါ်လာသောဝေဒနာကိုဆေးကုသ၍ပျောက်ကင်းချမ်းသာသည်ရှိသော်၊ သတ္တဝါတို့၏၊ သရီရဋ္ဌာနဟုဆိုအပ်သော၊ တွင်းပြင်နှစ်ဝ ကိုယ်ကာယဌ်၊ သီတ၊ ဥဏှ ၊ အကြောင်းခံ၍ ဒေါသသုံးပါးတို့ ဘောက်ပြန်သောကြောင့် ဖြစ်သော ( ၉၆ ) မျိုး၊ ရောဂါဆိုးတို့ကို ကုစားရန်လွယ်၏တဲ့။

၁-က။သတ္တဝါတို့၏၊ သရီရဋ္ဌာနဟုဆိုအပ်သော၊ တွင်းပြင်နှစ်ဝ၊ ကိုယ်ကာယဌ်၊ သီတ' ဥဏှ ၊ အကြောင်းခံ၍၊ဒေါသသုံး

ပါး‌တို့ ဘောက်ပြန် သောကြောင့်၊ ဖြစ်ပေါ် လာသော ( ၉၆ )မျိုး ရောဂါဆိုးတို့ကို၊ ဆေးနီ၊ ဆေးဝါ၊ ဆေးပြာ၊ ဆေးနက်၊ ရေလဲဘက်၍၊ အချက်ချက် အဖုံဖုံ၊ ဆေးမျိုးစုံတို့ဖြင့်။ ကုစားနိုင်သော၊ ဆေးသမားကောင်း၊ ဆေးသမား မြတ်သည် ကား။ များစွာရှိ၏။

၂–ခ။ နာမ်ခန္ဓာဟုဆိုအပ်သော၊ စိတ်၌ဖြစ်သောရောဂါကို။ (ဝါ) အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါးဝိဥာဏ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာ၌ ဖြစ်ပေါ်လာသော ဝေဒနာကို၊ ကုစားနိုင်သော ဆေးသမား ကောင်း၊ ဆေးသမား မြတ် သည်ကား။ ဘုရား စကားတော်၊ တရားတော်တည်းဟူသော၊ ဓမ္မောသထဆေးတော်ကြီးမှတပါး အခြားဆေးမရှိချေ။

၁–က။ သတ္တဝါတို့၏၊ သရီရဌာနဟုဆိုအပ်သော၊ တွင်းပြင် နှစ်ဝ၊ ကိုယ်ကာယ၌၊ သီတ၊ ဥဏှ၊ အကြောင်းခံ၍၊ ဒေါသသုံးပါးတို့ ဘောက်ပြန်သောကြောင့်၊ ဖြစ်ပေါ်လာသော(၉၆)မျိုး ရောဂါဆိုးတို့သည်၊ ဤပစ္စက္ခဘဝမှာပင် ငြိမ်းခြင်းသို့ရောက်၏။

၂-ခ။ နာမ်ခန္ဓာဟု ဆိုအပ်သော၊ စိတ်၌ဖြစ်သောရောဂါ သည်။ (ဝါ) အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြား က။ ခြောက်ပါးဝိဥာဏ် အစဉ်မပြတ် နာမ်ခန္ဓာ၌ ဖြစ်ပေါ်လာ သော ဝေဒနာသည်၊ အဆုံးမရှိသည်သာလျှင်တည်းဟုဆိုသည်။

## ( နှုပ်ငုံဆောင် )

ကာယရောဂံတိ တိက္ခာယ စိတ္တရောဂ' စိကိစ္ဆတု သုခိတော ကာယရောဂိပိ စိတ္တေ နိရာမယေ သတိ ကာယရောဂေ ဇဟ ဝဇ္ဇော ဗုဒ္ဓါတ္တိဝ မနောဂတေ ဏုဓါပိ ကာယိကော သဇ္ဇော အနဂ္ဃာ၁ဝ မနောရုဇာ။

( စတုရာရက္ခကျမ်း စာမျက်နှာ။-၁၁၅ )

ကာယရောဂ ၊ ကိုယ်၌စွဲကပ်သောရောဂါကို (ဝါ) သတ္တဝါတို့၏၊ သရီရဋ္ဌာနဟု ဆိုအပ်သော၊ တွင်းပြင်နှစ်ဝ၊ ကိုယ်ကာယ၌၊ သီတ၊ ဥဏှ ၊အကြောင်းခံ၍။ ဒေါသသုံးပါးတို့ဘောက်ပြန်သောကြောင့်၊ ဖြစ်ပေါ်လာသော ( ၉၆ )မျိုး ရောဂါဆိုးတို့ကို။ တိတိက္ခာယ၊ သည်းခံ၍၊ စိတ္တေ၊ နာမ်ခန္ဓာဟုဆိုအပ်သော စိတ်၌ဖြစ်သောရောဂါကို(ဝါ)အကြည့်ခြောက်စုံ၊ အာရုံခြောက်ပါး။ ထိခိုက်ငြားက၊ ခြောက်ပါးဝိဉာဏ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာ၌ ဖြစ်ပေါ်လာသော၊ ဝေဒနာသည်၊ နိရာမယေ။ ရောဂါဝေဒနာကင်းသည်၊ သတိ၊ ရှိသော်။ ကာယရောဂီပိ။ ကိုယ်၌ဖြစ်သောရောဂါ။ များစွာရှိငြားသော်လည်း၊ သုခိတော၊ ချမ်းသာလွယ်၏သည်။ ဟောတိ၊ ဖြစ်၏။ ကာယရောဂေ။ ကိုယ်ရောဂါ၌။ ဝဇ္ဇော။ ကုစားနိုင်သော ဆေးသမားတို့သည်။ ဗဟူ။ များစွာရှိကုန်၏။ မနောဂတေ။ စိတ်ရောဂါ၌။ ဝဇ္ဇော။ ကုစားနိုင်သော ဆေးသမားကား။ ဗုဒ္ဓတ္တံဝ။ဗုဒ္ဓဥတ္တံဝ။ ဘုရားစကား တော်သာလျှင်တည်း၊ကာယိကော။ကိုယ်၌စွဲကပ်သောရောဂါသည်။ ဣဓါပိ။ ဤဘဝ၌လည်း။ သန္တော။ ငြိမ်း၏ (ဝါ) အဆုံးရှိ၏။ မနောရုဇာ။ စိတ်၌စွဲသောအနာ။(ဝါ)ဝေဒနာသည်။ အနန္တာဝ။ အဆုံးမရှိသည်သာတည်း။

ဤကား ဒေသနာလာစိတ်၌ ဖြစ်သောအနာ

ကိုယ်၌ဖြစ်သော အနာနှစ်ပါး ကုသနည်း ကို
မှတ်သားဘွယ် အထူး

**( အကျဉ်းပြခြင်းတည်း )**

☆ ● ☆

# ကိုယ်အနာ (၉၆) ပါးရောဂါ

## ဧကဒသမကဏ္ဍ။

ထိုကိုယ်အနာ စိတ်အနာ နှစ်ပါးတို့တွင် ကိုယ်၌ဖြစ်သော (၉၆)ပါး၊ (၉၈) ပါးရောဂါဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကို၊သက်သေခံလုံလောက်သေါအချက် အကျဉ်းချုံး၍ပြမည်။

ထိုကမ္ဘာကြီးသည် မီးလောင်၍ပျက်စီးသွား၏။ပျက်စီးသွားပြီးနောက်။ ဤဘဒ္ဒကမ္ဘာကြီးသည် အသစ်ဖြစ်ပေါ်လာ၏။ ကမ္ဘာအသစ် ဖြစ်ပေါ်လာတိုင်း ကမ္ဘာ၏ ထုံးတန်း စဉ်လာအရ၊ မဟာသမတမင်း မြောက်ကြရ၏။ ဤသို့ အစဉ်အားဖြင့် အန္တရကပ်သည် (၁၁) ကပ်မြောက် ရောက်လာသောအခါ။ အလောင်းတော်သည်၊ (မဟာသမတ) မင်းအဖြစ်ကိုခံယူလျက် မင်းပြု၏။ ထိုမဟာသမတမင်း၏သားကား ရောဇမင်း။ ၎င်း၏သားကား ဝရရောဇမင်း၊ ကလျာဏမင်း။ ဝရကလျာဏမင်း။ မန္ဓာတ်မင်း။ မန္ဓာတ်မင်း၏ သားဆက် မြေးဆက် ကား။ ဝရမန္ဓာတ်မင်း။ ဥပေါသထမင်း၊ ဥပရဝမင်း။ မဃ္ဃစိုးမင်း။ ဤသို့ သားမြေးစဉ်ဆက် မင်းပြုလာရာ။ မင်းဆက်ပေါင်း ရှစ်သောင်းလေးထောင်အကြတွင်၊ နေမိမင်းကြီး မင်းပြု၍။ ထိုနောက် အနှစ်သိန်းတန်း အရောက်တွင်၊ ပထမ ဥက္ကာကရာဇ် မင်းကြီးသည် မင်းပြု၏။ အနှစ်လေးသောင်းတန်း အောက်အကြတွင် ဒုတိယဥက္ကာကရာဇ်မင်းကြီး မင်းပြု၏။ ထိုနောက် အနှစ်သောင်းတန်း အရောက်တွင်၊ တတိယ ဥက္ကာကရာဇ် မင်းကြီးသည် မင်းပြု၏။ ထိုမှ ဆက်ခါဆက်ခါ အနှစ်ရာတန်းအရောက်တွင်၊ ဘုရားဘေးတော် ဇေယျသေနမင်းကြီးသည် မင်းပြု၏။ ထိုအချိန်တွင် မဟာသမတမင်းဆက်ကုန်ဆုံးသည်ဟု သာသနာကျမ်းများတွင် ဖေါ်ပြထားသည်မှ အကျဉ်းကောက်နှုပ်၍ ပြခြင်းပင်ဖြစ်သည်။

**အကျယ်ကို သုတ်သီလက္ခံ အဋ္ဌကထာ အမ္ဗဋ္ဌသုတ်**
**( ၂၀၄ ) တွင်ကြည့်ပါ။**

ထိုမင်းဆက် ဆုံးသည်မှ အစပြု၍၊ အလောင်းတော်၏ ဘိုးတော်၊ အဉ္စနမင်းကြီးသည် မင်းအဖြစ်သို့ ရောက်သည့်အခါ ဘိုးတော် အဉ္စန မင်းကြီးသည်၊ ဒေဝီလ ရသေ့နှင့် တိုင်ပင်၍၊ မဟာသက္ကရာဇ် သုစစန္ဒေကိန်းအရ။ ( ၈၆၅၆ ) ကိုမှုတည်၍။ ဗႏ္တာသိန္ဓုဘေဒကိန်းအရ (၈၆၅၄)ဖြင့် ဖြိုခွင်း၍၊ ကြွင်းအဘိုကို ( ၂ ) ခုကြွင်းထားလျက်။ မဟာသက္ကရာဇ် အသစ်ရေတွက် ခဲ့သည်ရှိသော်။

**( မဟာသက္ကရာဇ် ဘုရားဖြစ် )**

ဤသို့ ဘိုးတော်နှင့် ဒေဝီလရသေ့တို့ ဖြိုခွင်းပြီး၊ ကြွင်းရှိသော မဟာသက္ကရာဇ် ( ၂ ) ခုကြွင်းကို အစဉ်တိုးပွားလျက်၊ မဟာ သက္ကရာဇ် ( ၆၇ )ခု၊ ဝါဆိုလပြည့် ကြွက်မင်းနေ့ဝယ် ဘုရင် သုဒ္ဓေါဒန မင်းကြီး၏။ ညာထား တောင်ရာ မယ်တော်မာယာ ဝမ်းကြာတိုက်ခန်း၌ သန္ဓေယူကာ ဆယ်လကြာသော်၊ မဟာ သက္ကရာဇ်( ၆၈ )ခု၊ ဥတုဂိမန္တ ကဆုန်လပြည့် သောကြာနေ့၊ နေအာရုံမတက်မီ ဝိသာခါနက္ခတ်နှင့် စမ်းယှဉ်ခိုက်တွင်၊ လုမ္ဗိနီ သာမော အင်ဂျင်းတော၌၊ မီးရှူးသန့်စဉ် ဖွားမြင်တော်မူပြီး။ ရှယ်တော်မျိုးမြစ် ( ၁၆ )နှစ်သို့အရောက်တွင်၊ ပါရမီဖြည့်ဘက် နှစ်မတော်ဝမ်းကွဲ ယသော်ဒရာ မင်းသမီးနှင့် လက်ထပ်ထိမ်းမြား ပြီးလျှင်။ ရမ္မ–သုဘ–သုရမ္မဟူသည့်၊ ရွှေနန်းမသုံးဆောင်တို့၌။ ( ၁၃ )နှစ်တိတိ မင်း၏စီးစိမ်ကို ခံစားစံစားပြီး၊ သက်တော် (၂၉) နှစ် မဟာသက္ကရာဇ်( ၉၇ )ခုနှစ်သို့ ရောက်သည့်အခါ ဝယ်။ နိက္ခမပါရမီဖြင့် တောထွက်ပြီး (၆) နှစ်တိုင်တိုင် ဒုက္ကရစ ရိယာ အကျင့်ကို၊ မလျှော့သောဝိရိယလုလ္လ ဥဿုဟာဖြင့်၊ ပညာ မိက ဆုထူးပန် ယောကျ်ားဖြစ်သည့် အတိုင်း၊ဖြည့်ကျင့်ဆည်းဘူး

လေ့လာအားထုတ်သဖြင့်။ ဆရာမကူဘဲ၊ လေးပါးသစ္စာခိုင်မြဲစွာဖြင့်၊ မာနငါးပါးကို အပြီးတိုင် အောင် မြင်လျက်၊ မဟာသက္ကရာဇ်(၁၀၃)ခုကဆိုလပြည့်သောကြာနေ့ နေအာရုံဝင်ကမှ၊ သက်တော်(၃၅)နှစ်အရတွင်။ လောကသုံးခွင် ဘုံသုံးပြင်၌၊ တုဘက်ပြိုင်ဘက်ကင်းလျက်၊ ·အရဟံအစ ဘဂဝါအဆုံးရှိသောဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသော၊ သဗ္ဗညုအစစ်ဘုရားအဖြစ်သို့ရောက်တော်မူလေသည်။

ထိုအခါမြတ်စွာဘုရားသည်၊ အစဉ်အလာအားဖြင့် ကျွတ်ခွင့်ကျက်ထိုက်သော သူများကို ချွတ်ရမည့် တာဝန်ရှိသည့် အလျောက်။ ရှေးဦးစွာ ချွတ်ရမည် ဖြစ်သော ပဉ္စဝဂ္ဂီငါးဦးတို့ကို။ မိဂဒါဝုံတောသို့ကြွသွားပြီးဝါဆိုလပြည့်နေ့အစထား၍။ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးရာ၊ ငါးဦးသော ပဉ္စဝဂ္ဂီတို့အစဉ်လိုက်သစ္စာလေးပါးတရားကို ရကျပြီးနောက်၊ အစဉ်လိုက်ချွတ်ထိုက်သောသူတို့ကို တရားရေအေး အမြိုက်ဆေးကို တိုက်ကြွေးရန်၊ မဇ္ဈိမယံအဆုံး၌ သောင်းထိုက်စကြဝဠာအတွင်း။ ရွှေဉာဏ်တော် ကွန်ရက် ဖြန့်ကြက်ကြည့်ရှုရာ၊ ဇာန္ဘဲလင်ဇာနပုဒ်၌နေသော။ ပေါက္ခသာတိပုဏ္ဏား မင်္ဂဖိုလ်ရရေးကိုမြင်တော်မူသဖြင့်။ ထိုဇာနပုဒ်အရပ်သို့ ကြွသွားတော်မူပြီး၊ ထိုဇာနပုဒ်၏အနီး၌၊ တခုသောသဃ်ာန်းကျောင်းကိုဖန်ဆင်း၍ သီတင်းသုံးနေတော်မူသောအခါ။ ပေါက္ခသာတိပုဏ္ဏားသည်။ ဘုရားဟုတ်သည်မဟုတ်သည်ကို သိလို၍။ တပြည့်ဖြစ်သူ အမ္ဗဋ္ဌလုလင်အားစုံစမ်းရန်စေလွှတ်ပြီး စုံစမ်းခိုင်းရာ။ အမ္ဗဋ္ဌလုလင်သည်။ ဘုရားရှိရာသို့သွားရောက်ပြီး ဘုရားထံသို့ခြင်းကပ်၍၊ အရှင်ဘုရား ယခုအခါ တိုင်းကြီး တဆယ့် ခြောက်တိုင်း တို့တွင်။ အင်္ဂတိုင်း၌များသောအားဖြင့်။ အိမ်ရာမထောင်သော အနာဂါရိကလူမျိုးတို့သည်။ စသည်ဆေးကျမ်း။ ဗေဒင်။နက္ခတ်ကျမ်း။ သဒ္ဒါကျမ်း၊ ဆန်းကျမ်းစသော အဌာရသကျမ်းများကို။ ရေးသားပို့ချခြင်း။ ရွတ်ဘတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်နေကြ ပါသည့်ဘုရား။ ထို

ဆေးကျမ်း။ ဗေဒင်၊ နက္ခတ်ကျမ်းစသော ကျမ်းများသည်။ ဘယ်ကာလ။ဘယ်အချိန်ကစ၍ ဖြစ်ထွန်း ပေါ်ပေါက် လာပါသနည်း။ အရှင်ဘုရားဟု လျှောက်ထားသည့်အခါ။ မြတ်စွာ ဘုရားက အောက်ပါဂါထာကို ဟောဟော်မူသည်။

ဧဝမေဝ ခေါတွံ အမ္ဗဋ္ဌ ယေတေ အဟေသုံ ဗြဟ္မဏာနံ
ပုဗ္ဗကာ ဣသယော မန္တာနံ ကတ္တာရောမန္တာနံ ပဝတ္တာရော
ယေသမိဒံ ဧတရဟိ ဗြဟ္မဏာ ပေါရာနံ မန္တပဒံ
ဂီတံဝုတ္တံ သမီဟိတံ တဒနု ဂါယန္တိ တဒနုဘာသန္တိ ဘာသိ
တ မနုဘာသန္တိ ဝါစိတ မနုဝါစန္တိ။

( သုတ်သီလက္ခံပါဠိတော် အမ္ဗဋ္ဌသုတ် )

အမ္ဗဋ္ဌ၊ အမ္ဗဋ္ဌလုလင်။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ မန္တပဒံ၊ ဗေဒင်သုံးပုံကို။ ကတ္တာရော၊ ပြုစီရင်အပ်ကုန်သော။ မန္တာနံ၊ ဗေဒင်သုံးပုံကို။ ပဝတ္တာရော။ ဖြစ်စေအပ်ကုန်သော။ ဗြဟ္မဏာနံ။ ပုဏ္ဏားတို့၏။ ပုဗ္ဗကာ။ ရှေးဦးစွာ ဖြစ်ကုန်သော။ ယေဣသယော။ အကြင်ရသေ့တို့သည်။ အဟေသုံ။ ရှိသည် ဖြစ်ကုန်၏။ ပေါရဏံ။ ရှေး၌ဖြစ်ကုန်သော။ မန္တပဒံ။ ထိုဗေဒင်သုံးပုံကို။ ယေဣသိဟိ။ အကြင်ရသေ့တို့သည်၊ ဂီရံ။ သရစ္ဈာယ် အပ်၏။ ဝုတ္တံ။ လေ့ကျင့်အပ်၏။ သမီဟိတံ။ ပေါင်း၍ ထားအပ်၏။ တံမန္တပဒံ။ ထိုဗေဒင်သုံးပုံကို။ ဧတရဟိ။ ယခုအခါ၌၊ တေဝိဇ္ဇာ။ ထိုဗေဒင်ကိုသင်ကုန်သော။ ဗြဟ္မဏာ။ ဗြဟ္မဏာပုဏ္ဏားတို့သည်။ တေသံဣသိနံ။ ထိုရသေ့တို့၏။ အနုဘာဂံ။ အတုကို။ ကတွာ။ ပြု၍။ ဂါယန္တိ။ သရစ္ဈာယ်ကုန်၏။တံ မန္တပဒံ။ ထိုဗေဒင်သုံးပုံကို၊တေဟိ ဣသိဟိ။ ထိုရသေ့တို့၏။ အနုဘာဂံ အတုကို။ ကတွာပြု၍။ ဘာသန္တိ။ ရွတ်ဆိုကုန်၏ တေဟိဣသိဟိ။ ထိုရသေ့တို့၏။ ဝါစိတံ။ သင်တိုင်း။ အနုပလက္ခဏံကတွာ။ အမှတ်ပြု၍။ ဝါစန္တိ။ သင်စေကုန်၏။

( မြန်မာပြန် )

အမ္ဗဋ္ဌလုင်။ ဤအတူသာလျှင် ဗေဒင်သုံးပုံကို ပြုတပ်ကုန်သော၊ ဗေဒင်သုံးပုံကိုဖြစ်စေအပ်ကုန်သော။ ပုဏ္ဏားတို့၏ ရှေး ဦးစွာဖြစ်ကုန်သော။ အကြင်ရသေ့တို့သည်။ ရှိသည်ဖြစ်ကုန်၏ ရှေး၌ဖြစ်ကုန်သော ဗေဒင်သုံးပုံကို။ အကြင်ရသေ့တို့သည်။ သရဇ္ဈာယ်အပ်၏။ လေ့ကျင့်အပ်၏၊ ပေါင်း၍ထားအပ်၏။ ထို ဗေဒင်သုံးပုံကို ယခုအခါ၌။ ထိုဗေဒင်ကိုသင်ကုန်သော။ ပုဏ္ဏားတို့သည်။ ထိုရသေ့တို့၏။ အတုကိုပြု၍။ ဗေဒင်သုံးပုံကို၊ သရဇ္ဈာယ်ကုန်၏။ ထိုရသေ့တို့၏။ အတုကိုပြု၍။ ဗေဒင်သုံးပုံကို။ ရွတ်ဆိုကုန်၏။ ထိုရသေ့တို့၏။ အတုကိုပြု၍။ ဗေဒင်သုံးပုံကို သင်တိုင်းအမှတ်ပြု၍။ သင်စေကုန်၏။

ကပ်ဦးက ဗေဒင်သုံးပုံရေးသားသော ရသေ့ တကျိတ်တို့၏။

အမည်ကိုဆက်၍ ဟောပြန်၏။

သေယထိဒံ အဋ္ဌကော ဝါမကော ဝါမဒေဝေါ
ဝေဿာမိတ္တော ယမ ဒဂ္ဂိ အင်္ဂီရ သောဘာရ
ဒွါဇော ဝါသေဋ္ဌော ကဿပေါ ဘဂုတျာဟံ
မန္တေ အဓိယာမိသာ စရိယာတောတိ။

(သုတ်သီလက္ခံပါဠိတော် အမ္ဗဋ္ဌသုတ် )

အမ္ဗဋ္ဌ။ အမ္ဗဋ္ဌလုင်။ တွံ။ သင်သည်။ သုဏာတိ။ နားစေ့ စေ့ထောင်လော့။ ဗုဒ္ဓံတော်ဗုဒ္ဓသရော။ ထိုကပ်ဦးက ဗေဒင်သုံးပုံကို စီရင်ရေးသားသော ရသေ့တကျိတ်တို့သည်။သေယျထာ တမေ။ အဘယ်သည်တို့ပါနည်းဆိုသော်။ အဋ္ဌကော။ အဋ္ဌက ရသေ့ငင်း။ ဝါမကော။ ဝါမကရသေ့ငင်း။ ဝါမဒေဝေါ။ ဝါမ

ဒေဝရသေ့ငှင်း။ ဝေသာမိတ္တော၊ ဝေသာမိတ္တရသေ့ငှင်း ယာမဒဂ္ဂိ။ ယမဒဂ္ဂိရသေ့ငှင်း။ အင်္ဂီရသော။ အင်္ဂီရရသေ့ငှင်း ဘာရဒွါဇော။ ဘာရဒွါဇရသေ့ငှင်း ဝါသေဋ္ဌော။ ဝါသေဋ္ဌရသေ့ငှင်း။ ကဿပေါ။ ကဿပရသေ့ငှင်း။ ဘဂု၊ ဘဂုရသေ့ငှင်း။ ဣတိ။ဣမေ။ဤရသေ့တကျိတ်တို့ပေတည်။အဟံ။ ငါသည် တေမန္တေ။ထိုရသေ့တကျိတ်တို့သည် ပေါင်း၍။ စီရင်ရေးသားအပ်သော။ သရဏ္ဍါယ်အပ်သော ရွတ်ဆိုအပ်သော ဗေဒင်သုံးပုံကို။ သာစရိယတော၊ဆရာနှင့်တကွ။အဓိယာမိ၊သင်ယူခဲ့ဘူး၏။

## ( မြန်မာပြန် )

အမွှင့လုင်၊ သင်သည်။ နားစေ့စေ့ထောင်လော့။ ထိုကပ်ဦးက သာမ=ယဇု–ဣရု ဟူသည့်။ ဗေဒင်သုံးပုံကို စီရင်ရေးသားသော။ ရသေ့တကျိတ်တို့တည်၊ အဘယ်သည်တို့နည်းဆိုသော် အဋ္ဌက၊ ဝါမက၊ ဝါမဒေဝ၊ ဝေသာမိတ္တ၊ ယမဒဂ္ဂိ၊ အင်္ဂီရ၊ ဘာရဒွါဇ ဝါသေဋ္ဌ၊ ကဿပ၊ ဘဂု၊ ဤရသေ့ တကျိတ်တို့ပေတည်း။ ငါသည်၊ ထိုရသေ့တို့ ပေါင်း၍၊ စီရင် အပ်သော၊ သရဏ္ဍယ်အပ်သော၊ ရွတ်ဆို အပ်သော၊ ဗေဒင် သုံးပုံ တို့ကို၊ ဆရာနှင့်တကွ သင်ယူခဲ့ဘူးကြောင်းကို ဟောတော်မူသည်။

## ( ဗုဒ္ဓဝင်ပါဠိတော်၌ )

သုံးဆူမြောက် မင်္ဂလမြတ်စွာဘုရား လက်ထက်က၊ သုရုစိပုဏ္ဏားမျိုး၌၊လုလင်ပျိုအဖြစ်ဖြင့် ဗေဒင်သုံးပုံကို တဖက်ကမ်းခပ်အောင် တတ်မြောက်ခဲ့ပုံ။

တဆယ့်သုံးဆူမြောက် ဝိပဿီ မြတ်စွာဘုရားလက်ထက်က ကဿပ လုင်ပျိုအမည်နှင့် ဗေဒင်သုံးပုံ တဖက်ကမ်းခတ်အောင် တတ်မြောက်ခဲ့ပုံ။

ဤဘဒ္ဒကမ္ဘာတွင် သုံးဆူမြောက် ငါ၏နောင်တော်၊ ကဿပ

မြတ်စွာဘုရားလက်ထက်က ဗေဒင်သုံးပုံ ပါရဂူအတတ် တတ်မြောက်သည့်ပြင်၊ လက္ခဏာကျမ်း။ ဗျာသိဟာသကျမ်း၊ ဘုမ္မန္တဝိဇ္ဇာကျမ်း၊ နက္ခတ်ကျမ်း။စသည်တို့ကိုလည်း၊ အလိုအလျောက်တတ်ခဲ့ပုံ။ စသည်တို့ဖြင့် ပေါက္ခရသာတိပုဏ္ဏား၏တပြည့်၊ အမ္ဗဋ္ဌလုလင်က ဘုရားအား ဗေဒင်သုံးပုံနှင့် စပ်လျဉ်း၍၊ မြေကြားသောတရားတော်မှာ။ ဗေဒင်အကြောင်း ပေါ်လွင်ထင်ရှားစေလို၍၊ အကျဉ်းထုတ်၍ပြခြင်းတည်း။ အကြွယ်ကိုရင်း သုတ်တွင်ကြည့်ရှုပါလေ။ ထိုဗေဒင်အကြောင်းနှင့် ပါတ်သက်၍။ အဋ္ဌကထာ အလိုထည့်သွင်း၍ အနည်းငယ်ဆက်ပြမည်၊

( အထောက်သာဓကပါဠိကား။ )

။ တေကိရဒိဗ္ဗေန စက္ခုနာ ဩလောကေတွာ ပရူပဃာတိံ အကာတွာ ကဿပ သမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော

ပါဝစနေသံ သန္ဒိတွာ မန္တေ ကရိံသု

(သုတ်သီလက္ခံ အဋ္ဌကထာ အမ္ဗဋ္ဌသုတ်၊ ၂၅၅-ဟံမှု)

အမ္ဗဋ္ဌ၊ အမ္ဗဋ္ဌလုလင်၊ တွဲ၊ သင်သည်၊ သုဘာသိ၊ နားစေ့စေ့ထောင်လေ။ တေထိုအဋ္ဌကထာဆရာပြည့်မှဆင်းသက်လာကြကုန်သော၊ အဋ္ဌက၊ ဝါမက စသော ရှေးဟောင်း ပြော်ဟိတ်ရှိသော တကျိတ်တို့သည်။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ဩလောကေတွာ။လောကသုံးပါးကိုကြည့်၍။ပရူပဃာတိံ သူတပါးအသက်ကို သတ်ခြင်း၊ စားခြင်း၊ ရဇ္ဇပူဇော်ခြင်းကို၊ အကာတွာ၊ မပြုကြမူ၍၊ (မှတ်ချက်) ထိုအန္တရကပ်ဦးက သူ့အသက်သတ်ခြင်း စားခြင်း၊ ရဇ္ဇပူဇော်ခြင်း မရှိကြသေးဟူလို။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ကဿပ သမ္မာသမ္ဗုဒ္ဓဿ။ ကဿပမြတ်စွာဘုရား၏၊ ပါဝစနေ။ တရားတော်နှင့် သဟ တကွ။ သံသန္ဒိတွာ၊ နှီးနှော၍၊ မန္တေ။ ဗေဒင်သုံးပုံတို့ကို။ ကရိံသု ပြုကုန်သတဲ့၊

( မြန်မာပြန် )

အမ္ဗဋ္ဌလုလင် သင်သည် နားစေ့စေ့ထောင်။ အနန္တရကပ်ဦးက အဘာဿယ ဗြဟ္မာတို့အသက် ကံနှစ်ပါးကုန်၍။ လူပြည်သို့ ဥပပါတ်တိဟိတ် ပဋိသန္ဓေ စွဲယူနေကြကုန်သော၊ ရသေ့သူမွန် လူ့ရေချွန်တကျိတ်တို့သည်။ ( ၁၀ ) ပါးသီလကို စောင့်ထိမ်း၍ ဒိဗ္ဗစက္ခုဖြင့်ကြည့်ရှုလျှက်။ ကဿပမြတ်စွာဘုရား သာသနာတော်နှင့်တကွနှံ့မ်းနေ့ာလျှက် ဘုရားတရားတော်နှင့် ဆန့်ကျင်သည်ကို မပြုမူ၍။ ဗေဒင်သုံးပုံကို စီရင်ရေးသားသည်ဟုဆိုသည် ငှါကာကလည်းနည်းတူဆို၏၊ ထိုပြင် အထူးဆိုသည်မှာ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဟူလို။ ဤကား အထူးတည်း။

( မှတ်ချက် ) ဤသို့ဗေဒင်သုံးပုံ၏အကြောင်းကို မြတ်စွာဘုရား ကိုယ်တော်တိုင် အမ္ဗဋ္ဌလုလင်ကို အတိတ်ဆောင်၍ဒင်း။ လျှောက်ထားသည်ကို၊ အဖြေပေးခြင်းကို မြင်သောအားဖြင့် ဤဗေဒင်သုံးပုံ တပုံဟာ ကမ္ဘာဦးကမဟုတ်။ ဤအနန္တရကပ်ဦးက အဋ္ဌက ဝါမကစသောရသေ့တကျိတ်တို့သည်။ ကဿပမြတ်စွာဘုရား သာသနာတော်နှင့် မဆန့်ကြင်သည်ကို။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်ကြည့်ရှု၍ရေးသားသည်။ သရဏ္ဏယ်သည်။ ရှုတ်ဘတ်သည်ဆိုသောကြောင့်။ ဗေဒင်သုံးပုံသည်၊ ဤကပ်ဦးကဖြစ်ပေါ်လာသည်။ ကဿပမြတ်စွာဘုရားလက်ထက်ကလည်း၊ ဗေဒင်သုံးပုံ၏ အစီအစဉ်ရှိသောကြောင့်။ ကပ်ဦးအစတိုင်းအစတိုင်း ဗေဒင်သုံးပုံသည်၊အသစ်အသစ် ဖြစ်ပေါ်လာမြဲ ဓမ္မတာဘဲဟု တထစ်ကြဲမှတ်ယူသင့်ပါသည်။ အချို့ ဒေသနာတော်ကျမ်းကို စုံအောင်မလေ့လာဘူးကြသဖြင့်၊ သုတနည်းပါးသေါသူများက မိမိတို့၏ အထင်နှင့် ပြောမိပြောရာ ပြောကြသည်ကို လိုက်၍ ဗေဒင်ဟာ ကမ္ဘာဦးကထဲက အာတဗ္ဗနဗေဒင်ပါ ဗေဒင်လေးပုံရှိသည်။ အာထဗ္ဗနဗေဒင်ဟာ ဘုရားဗေဒင်ဟု၍လည်း ခေါ်

သည်။ တဖွဖွပြောနေကြသည်ကို ကြားရှိနေရပါသည်။ဒါပေမဲ့ အငြင်းမပွားစေလို၍ ဘာက်ပြိုင်၍မပြောဘဲ နေခဲ့ရာမှ ယခု အလျှင်းသင့်၍ ဤနေရာကထည့်၍ အနည်းငယ်ရှင်းပြမည်။

## ( အာဟာရထဲ ဝေဒင်အကြောင်းကား )

အပရာပရေ၊ပန ဖြဟ္မဏာ ပါဏာဒတိပါတာဒိနိ ပက္ခိပိတွာ တယောဝေဒေတိ ဘိန္ဒိတွာ ဗုဒ္ဓဝစနေနသဒ္ဓိံ ဝိရုဒ္ဓေန အကံသု

(သုတ်သီလက္ခံ အဋ္ဌကထာပါဠိအသိတ်။ ၂၁၆)

အပရာပရေ၊ အဆက်ဆက်ဖြစ်ကုန်သော ( ဝါ )ဤအန္တရ အပ်ဦး အသက်အသချေ်ယျတန်းမှအစ၊ အနှစ်တသိန်း ကာလ တိုင်။ ပစ္ဆာ၊ နောက်တို့၌ဖြစ်ကုန်သော။ဖြဟ္မဏာပန၊ အခမ္မိက ပုဏ္ဏားတို့သည်ကား၊ အဟောသုံ၊ ဖြစ်ပေါ်လာကြကုန်၏။ တေ။ ထိုအခမ္မိကပုဏ္ဏားတို့သည်။ ပါဏာတိပါတာဒိနိ။ သူ့အသက် သတ်ခြင်း။စါးခြင်း၊ယာဇ်ပူဇော်ခြင်းအစီအစဉ်တို့ကို။ပက္ခိပိတွာ ထည့်သွင်း၍၊ တယောဝေဒေ၊ ထိုအန္တရကပ်ဦးက၊ အဋ္ဌက၊ ဝါမက စသော၊ ရသေ့တကျိတ်တို့ စီရင်ရေးသား သရဇ္ဈာယ် ရွတ်ဆိုသင်အံ လေ့ကြက်ကြကုန်သော၊ သာမ၊ ယဇု၊ ဣရု၊ ခေါ်တွင် ဝေဒင်သုံးပုံတို့၏ အစီအစဉ်ကို၊ ဘိန္ဒိတွာ၊ ဖေါက် ခွဲ၍။ ဗုဒ္ဓဝစနေန။ ဘုရားတရားတော်နှင့်၊ သဒ္ဓိံ။ တကွ၊ ဝိရုဒ္ဓေန ဆန့်ကျင်သည်ကို၊ အကံသု၊ ပြုကြကုန်သတဲ့။

## ( မြန်မာပြန် )

အန္တရကပ်ဦး အသက်အသချေ်ယျတန်းမှ။ အနှစ်တသိန်း တန်းကာလတိုင် နောက်အဘို့ဖြစ်ကုန်သော။ အခမ္မိကပုဏ္ဏား တို့သည်ကား ဖြစ်ပေါ်လာကြကုန်၏။ ထိုပုဏ္ဏားတို့သည်၊ သူ့ အသက်သတ်ခြင်း။ စားခြင်း။ ယာဇ်ပူဇော်ခြင်း။အစီအစဉ်တို့ကို

ဘည့်သွင်း၍။ ထိုအန္တရကပ်ဦးက၊ အဋ္ဌက၊ ဝါမက စသော၊ ၎ရှေ့သော တကျိတ်တို့ စီရင်ရေးသားသရဇ္ဈယ် ရွတ်ဘတ်သင်အံ လေ့ကျက်ကြကုန်သော၊ သာမ၊ ယဇု။ ဣရု၊ ခေါ်တွင် ဗေဒင် သုံးပုံတို့၏။ အစီအစဉ်ကို ဖေါက်ခွဲ၍၊ ဘုရားတရားတော်နှင့်တ ကွ။ ဆန့်ကျင်သည်ကို၊ ပြုကြကုန်သတဲ့။ ထိုတရားတော်နှင့် ဆန့်ကျင်အောင် ပြုလုပ်သော ဗေဒင်ကို၊ အာထဗ္ဗဏ ဗေဒင် ဟုခေါ် ဋီကာဆရာကဖွင့်ပြသည်။

ဗေဒင်သုံးပုံကို ဖေါက်ထွင်း၍ အာထဗ္ဗနဗေဒင် ဖြစ်ပေါ်လာ ခြင်း အကြောင်းရင်းဟူသည်။

အာထဗ္ဗဏဝေဒေါ ပရူပဃာတက ရုဗ္ဗာ သာဝဇ္ဇာပရိဘော ဂဝါတိ၊ ကတ္တွာ ဣရုဝေဒ၊ ယဇုဝေဒ၊ သာမဝေဒါ နဲ့ နိုဗ္ဗတ္တံ။

**( သုတ်သီလက္ခံ အဋ္ဌကထာသစ်-၂၀၇ )**

အာထဗ္ဗဏဝေဒေါ၊ အာထဗ္ဗဏဗေဒင်၏ တံခိုးဟူသည်ကား (၁) အန္တရကပ်ဦးက မဟာသမတမင်း တဆက်တဆက် ခြောက်မှအစပြု၍၊ မဟာသမတမင်းဆက်ပေါင်း (၂၅၂၅၆) နှစ်သိန်းငါးသောင်း နှစ်ထောင်ငါးရာ ငါးဆယ် ခြောက်ယောက် အကြ၊ လူတို့၏ အသက်၊ သောင်းတန်းရောက် တတိယ ဉတ္တာဂရာဇ မင်းကြီး လက်ထက်ကြမှ ပေါ်ပေါက် လာသော အာထဗ္ဗဏဗေဒင်၏ တံခိုးဟူသည်ကား။ (ရသမျှအနက်အကုန် ဘည့်သွင်းပြဆိုက်သည်။) ပရူပဃာတကရုဗ္ဗာ။ သတ္တဝါတို့ကို ျားခအောင်၊ နာအောင်၊ ကိုယ်လုံးခြောက်အောင်( ၉၆ )ပါး သောရောဂါဖြစ်အောင်၊ သေအောင် ညှင်းဆဲသတ်ဖြတ်ခြင်းကို ပြုတတ်သော အစီရင်များ ပါဝင် သည်၏ အဖြစ် ကြောင့်။ အသာခုနံ၊ တရားရှိသူ၊လူမင်း၊ နတ်မင်း၊ တရားရှိသူ၊ တိုင်းသူ ပြည်သားနှင့်။ ဆေးဆရာများတို့သည်။ အပရိဘောဂေါ။ မနှစ် သက်၊ မလိုက်နာ။ မသုံးဆောင်၊ မပြုလုပ်ကြကုန်။ ဣတိကတွာ။

( မြန်မာပြန် )

ဤသို့သော အကြောင်းကြောင့်၊ ဣရုယုဗေဒ။ ယဇုဗေဒ။ သာမဗေဒါနန္တိ။ ဣရုယုဗေဒ။ယဇုဗေဒ။ သာမဗေဒဟုဆိုအပ်သော။ ဗေဒင်သုံးပုံမှအပဖြစ်သော ဗေဒင်ဟူ၍။အာထဗ္ဗဏံ။အာထဗ္ဗဏ ဗေဒင်ကို။ ဝုတ္တံ။ ဆိုအပ်၏။

အာထဗ္ဗဏ ဗေဒင်၏တံခိုးဟူသည်ကား။ တနည်း။ အန္တရ ကပ်ဦးက မဟာသမတမင်း တဆက်ဆက်ခြောက်မှ အစပြု၍။ မဟာသတမင်းဆက်ပေါင်း (၂၅၂၅၆) နှစ်သိန်းငါးသောင်း နှစ်ထောင်ငါးရာငါးဆယ်ခြောက်ယောက်အကြ။ လူတို့အသက် တန်း သောင်းတန်းအရောက်။ တတိယ ဥက္ကာကရဇ်မင်းကြီး လက်ထက်ကြမှ ပေါ်ပေါက်လာသော။ အာထဗ္ဗဏ ဗေဒင်၏ တံခိုးဟူသည်ကား၊ သတ္တဝါတို့ကို ဖျားအောင်။ နာအောင်။ ကိုယ်လုံးခြောက်အောင် ( ၉၆ )ပါးသောရောဂါဖြစ်အောင်။ ညှင်းဆဲသတ်ဖြတ်တတ်သော အစီရင်များ ပါဝင်သည်၏အဖြစ် ကြောင့်။ တရားရှိသူ လူမင်း။ နတ်မင်း။တရားရှိသူ တိုင်းသူ ပြည်သား။ ဆေးဆရာများတို့သည်။ မနှစ်သက်။ မလိုက်နာ။ အသုံးဆောင်။ မပြုလုပ်ကြကုန်။ ဤသို့သော အကြောင်းကြောင့်။ ဗေဒင်သုံးပုံမှအပဖြစ်သော ဗေဒင်ဟူ၍။ အထဗ္ဗဏဗေဒင်ကိုဆို အပ်၏။ ဝိနည်းဋီကာ စသည့်တို့၌လည်း အကျယ်ဖွင့်ဆိုထား လေသည်။

( မှတ်ချက် ) အန္တရကပ်ဦးက ဘုရားအလိုတော်ကြ။ ဗေဒင်သုံးပုံသာရှိသည်။အချို့က မသိကြသဖြင့် အာထဗ္ဗဏပါ ဗေဒင်လေးပုံ အာထဗ္ဗဏဗေဒင်ကား ဘုရားဗေဒင် မှန်လွန်း အားကြီး၍ ကွယ်ထားသည်ဟုလည်းဆိုကြသည်။ ယခုပေါ်ပြ ပါ သာကေစုံလျှင်စွာနှင့် တင်ပြတော့ ငြင်းစရာမလို။ အန္တရ ကပ်ဦးက ဘုရားအလိုတော်ကြ ဗေဒင်မှာ သုံးပုံသာဖြစ်သည်၊ လေးပုံမဟုတ။ အာထဗ္ဗဏ ဗေဒင်ဟာ ဘုရားဗေဒင်လည်းမ

ဟုတ်။ အနှစ်သိန်းတန်းအောက် သောင်းတန်းမှာ ပေါ်သော ဗေဒင်။ သတ္တဝါများများအောင်၊ နာအောင် ကိုယ်လုံးခြောက်အောင်။ နွနာကစ (၉၆) (၉၈) ပါးသော ရောဂါဖြစ်အောင် ညှင်းဆဲသတ်ဖြတ်တတ်သော ရောဂါဖြစ်သည်ဆိုဒါ တထစ်ကြ မှတ်ယူပါလေ။ (၉၈)ပါးသောရောဂါဖြစ်ပေါ်လာပုံကို။ သာဓကအကိုးအကားနှင့် ရှေ့ကိုဆက်၍ပြမည်။ ဘုရားဗေဒင်ဆိုဒါ ဘုရားပွင့်ကာနီးမှ ဖြစ်ပေါ်လာပုံကို သုတ်သီလက္ခံ အဋ္ဌကထာကျမ်းတွင် ဖေါ်ပြထားလေသည်။ကျယ်မည်စိုး၍ချွင်းလိုက်သည်။

သုတ္တနိပါတ်လာ စကား ( ၉၈ ) ပါးသော ရောဂါဖြစ်ပုံ အကျဉ်းချုံး၍ မှတ်သားလွယ်အောင်ပြမည်။

တရံသောအခါ၊ ကောသလတိုင်းသား မင်းဆွေမင်းမျိုးတို့သည်။ ဘုရားထံပါးခြင်းကပ်၍၊ ရှင်ကြီးဂေါတမ၊ ယခုအခါမြေဝယ်မြှုတ်ထားသော ကုဋေ (၈၀) ကြွယ်ဝကုန်သော သူဌေးသူကြွယ်တို့သည် များစွာရှိကြပါကုန်၏ ဘုရား။ ထိုသူဌေးသူကြွယ်တို့သည်၊ ရှေးအန္တရကပ်ဦးက သူတော်ကောင်းဖြစ်သော၊ ရသေ့ပုဏ္ဏားတို့ ကျင့်အပ်သော ( ၁၀ ) ပါးသော၊ ကုသလကမ္မပထတရားများ ကျင့်ကြပါကုန်၏လောဟု ဤသို့ နားတော်လျှောက်ကြပြီး၊ ရှင်ကြီးဂေါတမ၊အကျွန်ုပ်တို့ လျှောက်ထားသည်ကို ဝန်မလေးလျှင် ဟောတော်မူပါဘုရားဟု ထပ်မံလျှောက်ထားသောအခါ၊ မြတ်စွာဘုရားက အိုသူကြွယ်တို့။ ရှေးအန္တရကပ်ဦးကဖြစ်ကုန်သော၊ ရသေ့ပုဏ္ဏားတို့သည်၊ သူ့အသက်ကိုသတ်ခြင်း၊ စားခြင်း၊ယာစ်ပူဇော်ခြင်းမပြု( ၁၀ )ပါး သီလကိုသာ စောင့်ထိမ်းလျက်၊ ဗေဒင်ကိုသာ သရဇ္ဈာယ်ခြင်း ရွတ်ခြင်း၊ သင်အံလေ့ကျက်ခြင်းအမှုကိုသာပြုလျက်၊ ဗြဟ္မစိုရ်ရဲ တရားကိုသာ ပွားများလျက် တရားကို မပျက်မကွက် ရအောင်သာ၊ စောင့်ထိမ်းလျက်နေကြ၍။ ရွှေငွေကိုမဆိုထားဘိ ချိတ်ဖြင့်လုပ်သော ပိုက်ဆံကိုမှ မသိမ်းဆည်းသည့်ပြင် နှုတ်ကောက်သ

လေးစပါးဆံများကိုလည်း မသိမ်းဆည်း။ ဤလိုသောသူတို့၏
တံခါးဝ၌သာရပ်လျက် တထပ်စာမျှသာ အလှူခံကြကုန်၏။ အ
ဝတ်အထည်လည်း အပို အလှူမခံ သည့်ပြင်၊ အိပ်ရာညောင်
စောင်း ဆူးလစ်မွတ်ချွန်ဘတ်သော ဆန်းကြယ်သော အိပ်ရာ
ညောင်စောင်းဘုံနန်းပြသာဒ်အဆောက်အဦးကိုလည်း အလှူ
မခံမသုံးဆောင်။ သစ်ရွက်မိုး ကျောင်း၌သာ သီတင်းသုံးလျက်
စောင့်ရှောက်၍နေကြပြီး၊ ထိုကပ်ဦးသူတို့သည်၊ အာဂန္တုရိက၊
အနာဂါရိက နှစ်မျိုးလုံးပင်နွားမျိုးကိုအလေးအမြတ်ပြုကြ၏၊ထို
အာဂါရိက၊အိမ်ရာထောင်သောသူတို့က အိမ်ရာမထောင်သော
အနာဂါရိက၊တောနေရသော ရဟန်းများအား။နွားမှရသောနွား
နို့၊ထောပတ်။ ဆီဦး၊ ရက်တက်၊ နို့ကမ်း စသည်တို့ကို ပေးလှူ
ကြကုန်၏၊ စားကြကုန်၏။ ယဇ်ပူဇော်ကြကုန်၏။ နွားစသော
သတ္တဝါဟူသမျှတို့ကိုမသတ်။ ယဇ်လည်းမပူဇော်။ သူတပါးတို့
အားလည်းသတ်၍မကျွေး။နွားသတ္တဝါတို့သည်၊ငါတို့အါးစီးစိမ်
ဥစ္စာပေးသော အဆွေခင်ပွန်းတို့ ပေတည်းဟု နှစ်လုံးသွင်း၍
ထားကြကုန်၏။

နွားတို့သည် ကျေးဇူးကြီးပုံ သည်မျှမကသေး ဆိုဖရာရှိသေး
၏။နွားမတို့မှရအပ်သော၊ နွားနို့၊ ထောပတ်၊ ဆီဦး၊ ရက်တက်
နို့ခမ်း။ဤငါးမျိုးတို့သည်၊ လေကြောင့်ဖြစ်သော(၃၂)ပါးသော
ရောဂါ၊ သည်းခြေကြောင့်ဖြစ်သော (၃၂) ပါးသောရောဂါ၊
သလိပ်ကြောင့်ဖြစ်သော (၃၂) ပါးသောရောဂါကို ပျောက်
ကြောင်း၊ ဆေးစွမ်းကောင်းကိုပေးသော ကျေးဇူးရှင်တို့သည်
လည်းမည်ကုန်၏၊ ထိုနွားမတို့မှရသော နွားနို့စသော ငါးမျိုး
သောဝတ္ထုတို့သည်။ မြတ်သော ယဇ်ပူဇော်ခြင်း၌၊အကျိုးကိုပေး
ခြင်း၊ ဆာလောင် မွတ်သိတ် ခြင်းကို ပါယ်ပျောက် စေခြင်း
အသား အား အဆင်းစသည် တို့ကိုလည်း ပေးတတ်သော
ကြောင့်။ မိဘနှင့်လည်း တူသည်ဖြစ်၍ မသတ်မစား ယဇ်လည်း

မပူဇော်။ သူတပါးကိုလည်းသတ်၍မကျွေး မိဘသဘွယ် စောင့်ရှောက်၍ထားကြကုန်၏။

## ( သုတ္တနိပါတ် အဋ္ဌကထာ ၄၉-၂၂ )

ဤသို့အားဖြင့် လ-နှစ်များစွာတရားအားထုတ်လာကြရာမှ၊ လောကကြီးဟာ ပျက်စီးခြင်းသို့ရောက်ချိန် သတ္တဝါတို့၏ ရောဂါရချိန်တန်လာသောအခါ။ တောကျောင်း၌ (၁၀) ပါးသော သီလများကို မပျက်စောင့်ထိမ်း မင်းလည်းတရားစောင့် တန်ခိုးလည်းအလွန်ကြီးနေရာမှ၊ ထိုရသေ့ကိုသည်၊မြို့နေသူ သူဌေးသူကြွယ်တို့၏။ အသုံးအဆောင် စသည်တို့ကိုတပ်ခြင်း။ မင်း၏စီးစိမ်ကိုတပ်ခြင်းစတို့ဖြင့် ဖြစ်ပေါ်လာသောအခါ၊ တရားအားမထုတ်နိုင်ကြသဖြင့် ဈာန်မှလျှောကြခြင်းကြောင့်၊ လိမ်ညာကော်ထုတ်ကြကုန်ပြီ။

ထိုပုဏ္ဏားတို့သည်၊ ဈာန်မှလျှောကြပြီးနောက် လိမ်ညာကော်ထုတ်ကြပုံကား။ အဋ္ဌကပဦးက အဋ္ဌက၊ ဝါမက၊ စသောရသေ့တကျိတ်တို့သည်၊ ကဿပ မြတ်စွာဘုရား သာသနာတော်နှင့်တကွ မဆန့်ကျင်သည်ကို ရေးသား စီရင် အပ်သော ဗေဒင်သုံးပုံ၏ အစီအစဉ်ကိုဖေါက်ခွဲ၍၊ တရားတော်နှင့်မလျော်သော အချက်အလက်တို့ကို သီကုန်းရေးသား၍ ဆက်ရပါမှု၊ ကြီးသောလပ်များစွာရရာ၏ဟု နှစ်လုံးသွင်းပြီး။ ဗေဒင်သုံးပုံတို့မှာ ကောင်းသောတရားနှင့် လျော်သော အချက်အလက်များကိုထုတ်ပြန်ပြီး၊ တရားနှင့် မလျော်သော။ ကောက်ကျစ်စင်းလဲသော၊ ရာလေးလီနှင့်တကွ၊ အသားယဇ်ပူဇော်ခြင်းစသည်များ ပါဝင်သော၊အချက်အလက်တို့ကိုထည့်သွင်း၍၊တသောင်းတန်းတွင် နန်းစံသော သုံးဆက်မြောက်ဖြစ်သော။ ဥက္ကာမုခ၊ ကရကဏ္ဍု။ ဟတ္ထိနိကာ၊ ဝိနိသူရ၊ ဟူသော၊ သားလေးယောက်။ မိယာ၊ သုမီယာ၊ အာနန္ဒာ။ ဝိဇိတာ။ ဝိဇိတသေနာ။ ဟူသော

သားငါးယောက်၏ ဘခင်။ တန်ခိုးအာနာကြီးမားခြင်းကြောင့်။ အာဂါတွင်းက မီးဝင်းဝင်းတောက်သော တတိယ ဥက္ကာကရာဇ်မင်းကြီးထံသို့ ခြင်းဘပ်ရန်ကြံစီကြပြီး။

ဥက္ကာကရာဇ်မင်းကြီး သာကီဝန်မင်းမျိုးဖြစ်ပုံ အမ္ဗဋ္ဌလုလင်အား ဘုရားဟောပြပုံထည့်ပြမည်။

ပေါရာဏံ ခေါပန တေအမ္ဗဋ္ဌ မာတာပေတ္တိကံနာမ

ဂေါတ္တံ အနုဿရတော အယျပုတ္တာ သကျာဘဝန္တိ ဒါသိ

ပုတ္တော တွမသိ သကျာနံ သကျာခေါပန အမ္ဗဋ္ဌ ရာဇာနံ

ဥက္ကာကံ ပိတာမယံ ဒဟန္တိ

သုတ်သီလက္ခံ ပါဠိတော် အမ္ဗဋ္ဌသုတ် (၇၃၂၆)

အမ္ဗဋ္ဌ။ အိုအမ္ဗဋ္ဌလုလင်၊ တေသင်၏၊ ပေါရာနံ၊ ရှေး၌ဖြစ်သော မာတာပေတ္တိကံ။ မိဘစဉ်ဆက်အားဖြင့်။ မပြတ်ဖြစ်သော။ နာမဂေါတ္တံ။ အမည်နာမအမျိုးအနွယ်ကို အစဉ်အောက်မေ့လိုက်သည်ရှိသော်။ သကျာ၊ သာကီဝန်မင်းမျိုးတို့၏။ အယျပုတ္တာ။ အရှင်သခင်မျိုးတို့သည်၊ ဘဝန္တိ၊ဖြစ်ကုန်၏။ တွံ။သင်၊ အမ္ဗဋ္ဌလုလင်သည်။ သကျာနံ။ သာကီယမျိုးတို့၏။ ဒါသိပုတ္တော။ ကျွန်မသား ကျွန်မျိုးတို့သည်။ အသိဖြစ်၏။ အမ္ဗဋ္ဌ။ အိုအမ္ဗဋ္ဌလုလင်။ သကျာနံ။ သာကီယမျိုးတို့သည်။ ခေါပန။ စင်စစ်လျှင်။ ရာဇာနံ ဥက္ကာကံ။ မလွှာဝိဒေဟ တိုင်းအရှင် ဥက္ကာကရာဇ် မင်းကြီးကို။ ပိတာမဟံ၊ သာကီယမျိုးတို့၏။ အမွန်အစအာဒိပုရိသဖြစ်သော အဘိုး မင်းကြီးဟူ၍။ဒဟန္တိ။ မှတ်ကြကုန်၏။

( မြန်မာပြန် )

မြတ်စွာဘုရားက၊ ပေါက္ခရသာတိပုဏ္ဏားအ၏ တပည့်ဖြစ်သော၊ အမ္ဗဋ္ဌလုလင်အား။ အမ္ဗဋ္ဌလုလင်၊ သင်သည်။ ရှေး၌ဖြစ်သော၊ မိဘ

စဉ်ဆက်အားဖြင့် မပြတ်ဖြစ်သော အမည်နာမ အမျိုးအနွယ်ကို စ၍အောင့်မေ့လိုက် သည့်ရှိသော်။ သာကီဝန် မင်းမျိုးတို့၏၊ အရှင်သခင် မျိုးတို့သည် ဖြစ်ကုန်၏။ သင်အမွှေ လုင်သည်။ သာကီယမျိုးတို့၏။ကျွန်မသား ကျွန်မျိုးတို့သည်ဖြစ်၏။အိုအမွှေ လုင်။သာကီဝန်မင်းမျိုးတို့သည်၊ စင်စစ်လျှင်။ မလ္လာဝိဒေဟတိုင်း အရှင် ဥက္ကာကမင်းကြီးကို။သာကီယမျိုးတို့၏။ အမွန်အစ အာဒိ ပူရိသအဘိုးမင်းကြီးဟူ၍မှတ်ကြကုန်၏။ ထိုမင်းကြီးစကားပြော လျှင် အာခံတွင်းမှ မီးတောက်သကဲ့သို့။ စက်ရောင် တွေလွှတ် ခြင်းကြောင့် ဥက္ကာကရစ္ဆာ မင်းကြီးဟု တွင်လေသည်။

အထက်ဖေါ်ပြပါ ရသေ့လုလင်တို့သည်။ ထိုမင်းကြီးအံသြ ဝင်၍။ တွေ့ရန်ကြံစီထားသည့်အတိုင်း မင်းကြီး၏ တံခိုးကြီး၍ အာခံတွင်းမီးတောက်သကဲ့သို့။ စက်ရောင်များ လွှတ်သည်ဟု ကြားသိနေရသည့်အတွက်။ အလွန်ကြောက်ရွံ့ သော်လည်း။ သူဌေးသူကြွယ်မင်းတို့၏ စီးစိမ်ကို လိုခြင်တတ်မက် မောသော လောဘဇောကြောင့်။ မျက်နှာသေကလေးဖြင့် အရဲစွန့်ပြီးပြော ဆိုကြကုန်ပြီ။

( မေး ) မင်းကြီးကသင်တို့သည်။ အဘယ်စကားချား လျှောက်ထားလို၍။ ငါ၏ထံသို့ ခြင်းကပ်လာကြသနည်းဟုမေး သော်။

(ဖြေ) ထိုအခါရသေ့လုလင်ပုဏ္ဏားတို့က အသင်မင်းကြီး သည်၊ များစွာသော စီးစိမ်ဉစ္စာနှင့် ပြည့်စုံသည့်ပြင်၊ တံခိုးလည်း အလွန်ကြီးလှပါသည်။ ထိုထက်တံခိုးကြီးပြီး ပစ္စုပ္ပန်တမလွန် လောကနှစ်ဌာနလုံးအကျိုးများစေရန် မကြုံစဖူး ထူးကဲသောရာ လေလီနှင့် ယာဇ်ပူဇော်ရပါမူ။ စီးစိမ်ချမ်းသာ တိုင်းကားပြည် ရွာ။ တိုက်စီကား တိုင်းပြည်လည်း ငြိမ်ဝတ်ပိပြားသည့်ပြင်၊ တမလွန်ဘဝသို့ ပြောင်းကြွသွားသောအခါ၌လည်း နတ်ပြည် သို့ တခပြော်တပါးကြီး ရွှေခွန်နှစ်ဆက်။ မျိုးခုနှစ်ဆက်သလုံး ရောက်နိုင်ကြောင်းကို လျှောက်ထားကြလေကုန်ပြီ။

(အမိန့်) မင်းကြီးသည် ရသော့လှူထွက် ပုဏ္ဏားတို့ဆိုတိုင်း အမိန့်ထုတ်ပြီး။

( ၁ ) မြင်းကိုသတ်၍ ပူဇော်ကြောင်းဖြစ်သော၊ ပူရိသက်ို ထား၍၊ ရှစ်ဆယ့်တပါးသော ယာဇ်ပူဇော်ခြင်းကိုရင်း။

( ၂ ) ယောက်ျားတို့ကိုညှင်းဆဲတ္တတ်သော် လေးပါးသော ယာဇ်ပူဇော်ခြင်းတို့ ပူဇော်အပ်သော၊ ဘူမိနှင့်တကွဖြစ်သော ဥစ္စာစီးစိမ်တို့ကိုပေးလှူတတ်သော(၂၂)ပါးသောယာဇ်ကိုရင်း၊

( ၃ ) နေ့တိုင်းနေ့တိုင်း ထန်းပိုးကျင်း၊ ထိုထန်းပိုးကျင်း၏ ကြရာအရပ်၌ ပွတ်တိုင်ကိုပြုလုပ်၍၊ ထိုမှ ဤမှ ရွှေ့အပ်သော ယာဇ်တိုင် စသည်တို့ဖြင့်ရင်း၊တနည်း ဂဲခံ၍ ဆန်တက်လာရာ အရပ်မှ ပူဇော်အပ်သောယာဇ်ရင်း။

( ၄ ) ထောပတ် များသကာတို့ကို သောက်၍၊ တကျိန် ပူဇော်ခြင်းဖြင့်( ၁၇ )ကောင်ကုန်သော သတ္တဝါတို့၏ ပူဇော် အပ်သော၊တနည်း၊ယာဇ်တိုင်အား(၁၇)ကြိမ်သောယာဇ်ရင်း၊

( ၅ ) ခါးအခြင်းခြင်းထုတ်ချင်း လျှိုခြင်းဟု ဆိုအပ်သော အပိတ်အကာမရှိသော နှစ်မျိုးသော၊ယာဇ်တို့ဖြင့် ပူဇော်အပ် သော၊ ယောက်ျားတို့နှင့်တကွ၊ စီးစိမ်ကိုလှူကြောင်းဖြစ်သော သဿမေဓနှင့် တူသော ယာဇ်အထူးကိုရင်း။

## ( လှူအပ်သော လှူဘွယ်ဝတ္ထုအမည်များ )

က။ ဦးဆောင်နွားလားဥသဘနှင့်တကွ နွားအပေါင်းတို့ ကိုရင်း။

ခ။ တနည်း ဦးဆောင်နွားသိုးကြီးနှင့်တကွ။ နွားအပေါင်း တို့ကိုရင်း။

ဂ။ သားရဲရုပ်စသတ်တို့ဖြင့် ပြုလုပ်ထားသော မြတ်သော အခင်းတို့ကိုရင်း၊

ဃ။ ပိုး–ဖဲ–ကတီပါ စသော မြတ်သော အဝတ်ပုဆိုးတို့ ကိုရင်း။

င။ ပုတီး၊ နားဒေါင်း၊ လက်ကောက်၊ တန်ဆာတို့ဖြင့်၊ ကောင်းစွာဆင်ယဥ်အပ်ကုန်သော သတိုး သမီးကညာ အပျိုကလေးတို့သည်ရင်း၊

စ။ အာဇာနည် မြင်းတို့ဖြင့်၊ ဆင်ယဥ် အပ်ကုန် သော၊ ကောင်းစွာပြုပြင် စီရင်အပ် ကုန်သော၊ ဆန်းကြယ် သော ခြင်္သေ့ရေတို့ဖြင့်၊ ချယ်လယ်အပ် ကုန်သော ရထားတို့ဖြင့်ရင်း။

ဆ၊ မွေ့လျော်ဘွယ်ကုန်သော ဖြောင့်တန်းသော လမ်းတ လျောက်လုံး စီတန်း ဆောက်လုပ်သော၊ အဘို့အစု အားဖြင့်၊ ဘုံတဆင့်၊ နှစ်ဆင့်၊ သုံးဆင့် စသည်တို့ဖြင့် ကောင်းစွာ ဝေဘန် ပိုင်းခြား အပ်ကုန်သော၊ အိမ် ပြာသာဒ်တို့ကိုရင်း၊

ဤသို့ အားဖြင့် အထူးထူး အမျိုးမျိုးသော ယာဇ်ပူဇော် ခြင်းနှင့် စပ်သမျှအကုန်၊ ဈာန်မှ လျောကျ ဆင်းသော၊ ရသေ့ လူထွက်တို့အား လှူလိုက်ပြီး။

ရသေ့လူထွက်တို့သည် ဤလှူရုံနှင့် အားမရသေး၍ ရှေ့တိုး၍ အသားစားလိုသောဆန္ဒဖြစ်ပေါ်ပြီး။

အကြင်ရသေ့လူထွက်ပုဏ္ဏားတို့သည်၊ ထိုမင်းကြီးလှူသော ပစ္စည်းတွေ အကုန်ယူသွားကြပြီး၊ နေ့ညည့် သုံးဆောင် ကြပြီး နောက်၊ ရှေးတုံးက မသိမှီးခဲ့သော် ယခုသိမှီးခြင်းကို အညီ အညွတ်တိုင်ပင်ကြပြီး၊ အားလုံးသိမှီးထားရန် သဘောတူကြပြီး

နောက်၊ နွားမတို့ကရသော နွားနို့စသော အရသာငါးမျိုးတို့ကို၊ စားသောက်ကြရသဖြင့် အလွန်မွန်မြတ်လှပါ၏။ ထိုထက်အသားကိုစားရပါမူ၊ ထိုထက်မွန်မြတ် ကောင်းမွန်ပေလိမ့်မည်ဟု စားလိုသောတဏှာပေမ တိုးပွားလာကြပြီး။

ဈာန်မှလျှော့ကြသော ရသေ့လူထွက်ပုဏ္ဏားတို့ ဒုတိယအကြိမ်၊ လိမ်ညာလင်ထုတ်ပြီး မင်းကြီးထံချဉ်းကပ်ပြီး။

ဈာန်မှ လျှော့ကြသော ရသေ့လူထွက် ပုဏ္ဏားတို့သည်၊ ဒုတိယ အကြိမ် လိမ်ညာလင် ထုတ်ပြီး မင်းကြီးထံ တင်ရန်ချဉ်းကပ်ပြီး။

ပုဏ္ဏားတို့သည်၊ ဒုတိယအကောက်ဉာဏ်ကြံပုံကား၊ နွားတို့သည် ငါတို့ကိုယ်တိုင် သတ်စားရပါက၊ သူတပါးတို့ကဲ့ရဲ့ကြကုန်လိမ့်မည်ဟုကြံစီပြီးလျှင်၊ နွားသားကိုစားလိုသော ပုဏ္ဏားတို့သည်၊ ( ပဌမအကြိမ်က ဗေဒင်သုံးပုံကို ဖေါက်ခွဲ၍ ) ဘုရားတရားတော်နှင့်ကိုက်ညီသော အချက်အလက်တို့ကို ပယ်ခုတ်၍၊ ယာဇ်ပူဇော်ခြင်းနှင့်စပ်သော အချက်အလက်တို့ကိုထည့်သွင်း၍၊ မင်းကြီးအား ဆက်သကဲ့ရာ(ပဌမအဆင့်)အောင်မြင်ကဲ့ပြီ၊ ငါတို့လိုအပ်သော ကိစ္စလည်း ပြည့်စုံ သင့်သလောက်ပြည့်စုံကြကုန်ပြီ၊ ယခုတဖန် ဒုတိယအကြိမ်၊ နွားသားစားလိုသောဆန္ဒ ငါတို့စိတ်၌ဖြစ်ပေါ်လာပြန်ပြီ။ ထို့ကြောင့်ဗေဒင်ကိုအသစ်တဖန်ထပ်မံရေးသားပြီး၊ သင်မင်းကြီးသည်။ နွားများနှင့်အမျိုးမျိုးသော အသုံးအဆောင်တို့ကို လှူဒါန်းပြီးပါပြီ။ ဒုတိယတဖန်ကြံနေတာကတော့။ နွားသားကို အလှူပေးရပါမူ သင်မင်းကြီးသည်။ ရှေးကပူဇော် ခံရသည်ထက် ပိုမိုတံခိုးကြီးလာလိမ့်မည်ဟူသော အချက်အလက်များ ထည့်သွင်း ရေးသားလျက်။ မင်းကြီးအား မင်းကြီးထံသို့ ချဉ်းကပ်ကြကုန်ပြီး။

## ( ပုဏ္ဏားတို့ ထိုမင်းကြီးထံသို့လျှောက်ကြပြီ )

မင်းကြီး နွားစသောသတ္တဝါတို့သည်၊ လူတို့၏အခိုင်းအစေ အသုံးအဆောင် သာဖြစ်၏။ ဥပမာ။ ရေသည် လူတို့၏အသုံး အဆောင်ဖြစ်သကဲ့ကို။ ထိုနည်းတူစွာ နွားစသောသတ္တဝါတို့ သည်လည်း လူတို့၏အသုံးအဆောင်သာဖြစ်ကုန်၏။ ထိုလူတို့ ၏ အသုံးအဆောင်ဖြစ်ကုန်သော။ နွားမတို့ကို သတ်၍ အထူး ထူး အပြားပြားရှိကုန်သော ဤနွားမ၏ အသားဖြင့်။ ယာဇ်ပူ ဇော်လော့။ နွားသားတို့ကို ချက်ပြုတ်၍ ပုဏ္ဏားတို့ကိုကျွေးမွေး လော့။ ဤသို့ ကိုယ်တိုင်သတ်၍ အသားယာဇ်ပူဇော်ခြင်းသည် ပုဏ္ဏားတို့အား ချက်ပြုတ်ကျွေးမွေးခြင်းကြောင့်။ သင်မင်းကြီး သည်။ သေသည်၏အခြားမဲ့၌။ နတ်ပြည်တွင်မက ဗြဟ္မာ့ပြည် ၏ သွားရာလမ်းခရီးတည်းဟု ဤသို့ဆို၍ လျှောက်တင်ကြလေ ကုန်ပြီ။

## မင်းကြီးသည် ပုဏ္ဏားတို့ဆိုတိုင်း နွားကိုယာဇ်ပူဇော်ရန်အတွက် ကိုယ်တိုင်သတ်ပြီ။

မင်းကြီးသည်။ ပညာရှင်ဖြစ်၍ ဘုန်းတံခိုး အာနိသင်ကြီး သော်လည်း။ မင်းဆရာ။ စိုးဆရာ အဂ္ဂါနှင့်ကိုက်ညီသော်၊ မင်းဆရာ ပညာရှိအမတ်များလည်း မရှိသဖြင့်။ အပမာဒလေခ ဆိုသည့်အလား ကောင်းမကောင်း။ အကြောင်း အကျိုးကို။ မဆင်ခြင် မစင်းစားဘဲ နတ်ပြည်။ ဗြဟ္မာ့ပြည် ရောက်လိုသော ဆန္ဒလောက်သာ အာရုံထားသဖြင့်၊ ပြုအပ်ပြီးသော မဂ်လာကိစ္စ ရှိသည်ဖြစ်၍။ မဆိုင်းမတွသံလျက်ကို ကိုင်ဆောင်၍။ အသိမ်း မကာသောနွားတို့ကို (ဝ၊) တနည်း နွားလားဥဿဘနှင့်တကွ။ သိန်းမကသော များလှစွာသောနွားတို့ကို၊ ယာဇ်တွင်း၌ရင်း။ ယာဇ်တဲ့အပြင်၌ရင်း။ ယာဇ်မဏ္ဍာပ်အပြင်၌ရင်း။ ဝါရှိသော

အဆင်း။ ဖြူသောအဆင်း၊ နီသောအဆင်း၊ အစရှိကုန်သော ကဗလာတို့ကို ချုံ၍တည်၏။ အသက် အသင်္ချေသျှ တန်းမှ။ သောင်းတန်းအထိ။ တိရိစ္ဆာန်သတ္တဝါ၊ လူသတ္တဝါ၊ စသည်တို့ကိုသတ်၍ ယာလေးလီ ယာဇ်မပူဇော်ကဲ့ကြဘူးပေ။ ဤတတိယ ဉက္ကါကရာဇ်မင်းကြီးလက်ထက်ကြမှ ဗျါနိမှလေါကြသေါရသေ့ လူထွက်ပုဏ္ဏားတို့ လောဘရံမက်ပွားပြီး။ ဘုရားအလိုတော်ကြ ကပ်ဦးက အဋ္ဌကထ ဝါမက၊ စသော ရသေ့တကျိုတ်တို့သည်။ ကဿပ မြတ်စွာဘုရား သာသနာ တရားတော်နှင့် မဆန့်ကျင်အောင်။ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်ရှု၍ စီရင်ရေးသား၊ သာမ။ ယဇု။ ဣရယုဟူသည့် ဗေဒင်ကျမ်း သုံးကျမ်းကို ဖေါက်ထွင်း၍ မလျော်သော အချက်အလက်တို့ ထည့်သွင်း၍၊ မင်းကြီးထံသို့ ဆက်သသဖြင့်၊ မင်းကြီး ထိုရသေ့လူထွက်တို့ တင်ဆက်သော (အာထဗ္ဗဏ) ဗေဒင်၏တံခိုးကြောင့် ဤကဲ့သို့သော အသိမ်း မကသောသတ္တဝါတို့ကိုသတ်၍ ရာလေးလီယာဇ်ပူဇော်ပွဲ အစ ကနဦးဖြစ်ပေါ်လာသည်ဆိုဒါ။ နောက် ၎င်းအာထဗ္ဗဏဗေဒင်အကြောင်းကို အနည်းငယ် ရှင်းပြခဲ့ပြီးပါပြီ။

ဤကား သာဓကပါဠိတော် အဋ္ဌကထာစာအားတို့မှ အကျဉ်း ချုပ်၍ မြန်မာပြန်သက်သက်ဖြင့် ပြခြင်းတည်း။

ယာဇ်ပူဇော်ပြီးသောနွားသားများကို ပုဏ္ဏားတို့ယာဇ်တွင်းမှထုတ်၍ ချက်စားကျပြီ။

ရာဇာဂတမင် ကိစ္စောခဂ္ဂံဂဟေတွာ ပုဂ်ဝေန
သဟာအနေက သတသဟဿ ဂါဝေါမာဃေသိဖြပ္ပဏာ
ယညာပါဒ္ဒေမံသာနိ ဘိန္ဒိတွာ ခါဒိံသု

သုတ္တနိပါဠ်အဋ္ဌကထာ(၅၃)၁၇။

ရာဇာ။ ပုဏ္ဏားတို့တင်ဆက်သည့် အထဗ္ဗဏဗေဒင်ကိုလက္ခံ

သိမ်းပိုက်ပြီး ဆုပ်ဆိုင်းမရှိပြုလုပ်သော၊ အာခံတွင်းက မီးလျှံတောက်ကြွ တံခိုးရှိသော အသက် အသချော်ယျတန်းမှ၊ မဟာ သမတမင်းဆက်ပေါင်း ( ၂၅၂၅၅၆ ) ယောက်အကြွ အနှစ်သောင်းတန်းတွင် မင်းပြုသော၊ ဘုရင် ဥတ္တာကရဇ် မင်းကြီးသည်။ ကတမင်္ဂလကိစ္စော၊ ပြုအပ်သော မင်္ဂလာကိစ္စရှိသည်။ ဟုတွာ၊ ဖြစ်၍၊ ခဂ္ဂံ၊ ဒါးသံလျက်ကို။ ဂဟေတွာ၊ ကိုင်ဆောင်၍။ ယညပါင္ငံ။ ယာဇတွင်း၏ အနီးသို့၊ ကတွာ၊ သွားရောက်၍။ ပုင်ဝေန။ ရှေ့ဆောင်နွားလားနှင့်၊ သဟ၊ တကွ၊ အနေကသတ သဟဿာ။ ထောင်အလွန် သိန်းမကကုန်သော၊ ဂါဝေ။ နွားတို့ကို။ မာယေသိ။ သတ်၏။ မြဟ္မဏာ။ ပုဏ္ဏားတို့သည်။ ယညပါင္ငေ။ ယာဇတွင်း၌။ ဝါ။ ယာဇတွင်း၏အနီးသို့။ ကတွာ။ တပျော်တပါးကြီးစုရုံးသွားကြ၍။ မံသာနိ။ ယာဇတွင်း၌ရှိသော နွားတို့၏အသားကို၊ ဂဟေတွာ။ ကိုယ်စီကိုယ်ငှအဘို့ အစုကိုခွဲဝေယူကြလျက်၊ ဘိန္ဒိတွာ။ အလောတော်၊ ထစ်ကြခုတ်ကြပြီး ပေစိတွာ၊ ချက်ကြကုန်၍။ ခါဒိံသု။ စားကြကုန်၏။ ဝါ။ လင်မယား။ သား။ ချွေးမ။ သမီး၊ သမက်။ မြေး။ မြစ်၊ တစုတို့နှင့်၊ ဝိုင်းအုံကာ မစားသေးဘူး အထူးဟင်းလျာတို့ကို တပျော်တပါး မြိန်မြိန်ယှက်ယှက်ကြီး စားကြကုန်ပြီး။

## ( မြန်မာပြန် )

ပုဏ္ဏားတို့တင်ဆက်သည့် အထင်္ဂလာပဗ္ဗဒ်ကို လက္ခံသိမ်းပိုက်ပြီး ဆုပ်ဆိုင်းမရှိပြုလုပ်သော အာခံတွင်းက မီးလျှံတောက်ကြွ တံခိုးရှိသော အသက်အသချော်ယျတန်းမှ။မဟာ သမတမင်းဆက်ပေါင်း( ၂၅၂၅၅၆ )ယောက်အကြွ အနှစ်သောင်းတန်းတွင် မင်းပြုသော။ ဘုရင်ဥတ္တာကရဇ် မင်းကြီးသည်။ ပြုအပ်သော မင်္ဂလာကိစ္စရှိသည်ဖြစ်၍၊ ဒါးသံလျက်ကို ကိုင်ဆောင်၍။ ရှေ့ဆောင် နွားလားနှင့်တကွ ထောင်အလွန် သိမ်းမကကုန်

သော နွားတို့ကိုသတ်၏။ ပုဏ္ဏားတို့သည် ယာဇ်တွင်း၏အနီးသို့ တပျော်တပါးကြီး စုရုံးသွားကြ၍။ ယာဇ်တွင်း၌ရှိသော နွားတို့၏အသားတို့ကို ကိုယ်စီကိုယ်င အဘို့အစုကို ခွဲဝေယူကြလျက် အလောတော် ထစ်ကြခုတ်ကြပြီး ချက်ကြကုန်၍။ လင်မယား။ သား။ ချွေးမ၊ သမီး၊ သမက်၊ မြေး။ မြစ်တစုတို့နှင့် မိုင်းကုံကာ မစားရသေးဘူး အသားထုံး ဟင်းလျာကို။ တပျော်တပါး မြိန်မြိန်ယှက်ယှက်စားကြကုန်ပြီး။ ဤကား ကပ်ဦးအစ ပဌမ အကြိမ်တည်း။

ထိုမင်းကြီး နွားကိုသတ်၍ယာဇ်ပူဇော်သည့်. နွားသားများကို ပုဏ္ဏားတို့ ယာဇ်တွင်းမှယူ၍ ချက်ပြုတ်စားကြသည်ကို နတ်ဗြဟ္မာနှင့်တကွ လောကအလုံး ကျော်ကြားပြီ။

တတောဒေဝါတိ ဧဝံ တသ္မိံရာဇိနိ ဂါဝိယောဃာတေသု

မာရဒ္ဓေ အထ တဒနန္တရမေဝ တံဂေါဃာတနံ ဒိတွာဒေဝေ

စတုမဟာရာဇိကာ ဒယော ဒေဝါစ ဝိရောစာတိ ဗြဟ္မ

ဏေသု လဒ္ဓဝေါဟာရာ ဗြဟ္မနောစ သက္ကာဒေဝါ နမိန္ဒေါစ

ပဗ္ဗတပါဒ နိဝါသိနော ဒါနယက္ခသညိတာ အသုရယက္ခ

သာစ အဓမ္မော အဓမ္မော ဣတိ ဧဝံ ဝါစံနိစ္ဆာ ရန္တာ မိ

မန္ဒသာဒိ မန္ဒသာတိစ ဝဒန္တာ ပက္ကန္ဒုံ ဧဝံ ဘူမိတော

ပဘုတိ သောသဒ္ဒေါ မုဟုတ္တေန ယာဝဗြဟ္မလောကာ အဂ

မာသိ ဧဝ ဝိကာရ ပဒိပုဗ္ဗော လောကေ ဝ အဟောသိ

တိံကာရဏာ ယံသတ္တံ နိပတိ ဂါဝေယသ္မာ ဂါဝိမှိ သတ္တံ

နိပတိ တိ ဝုတ္တံ ဟောတိ

( သုတ္တနိပါဌ်အဋ္ဌကထာ။ ၅၃-၂၃ )

တတောဒေဝါတိ။ တတောဒေဝါတိဟူသည်ကား။ ဧဝံ။ ဤသို့။ တသ္မိံကာလေ။ ထိုအခါ၌။ ရာဇိနီ။ မင်းသည်။ ဂါဝိယော၊ နွားမတို့ကို။ ဃာတေတု။ သတ်အံ့သောငှါ၊ အာရဒ္ဓေ။ အားထုတ်အပ်သည်ရှိသော်။ အထ။ ထိုအခါ၌။ တဒနန္တရမေဝ၊ ထိုအခြားမဲ့၌သာလျှင်၊ တံဂေါဃာတနံ။ ထိုနွားသတ်သောက်ျားကို၊ ဒိတွာ။ မြင်ကုန်၍။ စတုမဟာရာဇိကဒယော။ စတုမာရာဇ် အစရှိကုန်သော။ တေဒေဝါ။ ထိုနတ်တို့ သည်လည်းကောင်း။ ပိတရောစာတိ၊ ပိတရောစဟူသည်ကား။ ဗြဟ္မဏာသု။ ပုဏ္ဏားတို့၏။ လဒ္ဓဝေါဟာရာ။ အဘဟူ၍ခေါ်အပ်ကုန်သော။ ဗြဟ္မဏောစ။ ဗြဟ္မာတို့သည်လည်းကောင်း။ ဒေဝါနမိန္ဒောစ။ နတ်တကာတို့ကိုအစိုးရသော သိကြားမင်းသည် လည်း ကောင်း။ ပဉ္စထပေါဒနိဝါသိနော၊ တောင်ခြေရင်း၌နေကုန်သော၊ ဒါနဝယက္ခသီတာ၊ အသူရယက္ခသာစ။ ဒါနဝအမည်ရှိသော ဘီလူး။ အသူရယက္ခိုက်တို့သည်လည်းကောင်း။ အဓမ္မောအဓမ္မောဣတိ၊ တရားမဟုတ်လေရကား။ တရားမဟုတ်လေစွ တကားဟု။ ဧဝံ ဝါစံ။ ဤသို့သောစကားကို။ နိစ္ဆာရေန္တာ။ မြွက်ဆိုကုန်လျက်။ မနုဿာ၊ လူတို့သည်။ မိ။ စက်ဆုပ်ဘွယ် ရှိသော အကျင့်ကို ကျင့်ကုန်၏။ ဣတိ၊ ဤသို့လည်း၊ ဘူမိတော၊ မြေမှ၊ ပဘုတိ၊ ဝဒန္တော ဆိုကုန်လျက်၊ ပက္ကန္ဒုံ၊ ငိုကြွေးခြင်းပြုကြကုန်၏။ ဧဝံ ဤသို့ ငိုကြွေးခြင်းပြုကြသည်ကို၊ ဘူမိတော၊ မြေပြင်မှ၊ ပဘုတိ။ စ၍။ သောသဒ္ဒေါ၊ ထိုအသံသည်၊ မုဟုတ္တေန၊ တခဏခြင်းဖြင့်၊ ယာဝဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည်ထိအောင်၊ အဂမာသိ၊ ပြန့်နှံ့သွားလေ၏။ ကေဝိကာရ ပရိပုဏ္ဏာ၊ တပြိုင်နက် တည်းဟူသောအခြင်းအရာဖြင့်ပြည့်သော။ လောကော၊ လောကကြီးသည် အဟောသိ၊ ဖြစ်ပြီ။ ကိံ။ အဘယ်သို့နည်းဟူမူကား။ ယံသတ္တံ အကြင် ဒါးလက်နက်သည်။ ဂါဝေ။ နွား၌၊ နိပတိ၊ ကျ၏။ တသ္မာ။ အကျင်ကြောင့်။ ဂါဝိမှိ။ နွားမ၌လည်း။ သတ္တံ။ ဒါးလက်နက်သည်။ နိပတိ။ ကျ၏။ ဣတိတသ္မာ။ ထိုသို့သော

အခကြောင်းကြောင့်၊ ကေဝိဋ္ဌာရပဋိပုစ္ဆာ၊ တပြိုင်နက် တည်းဟူသော အခြင်းအရာအားဖြင့် ပြည့်သော၊ လောကော၊ သတ္တလောကာ၊ သင်္ခါရလောကာ၊ ဩကာသ လောကအတွင်း၌ ရှိနေကြကုန်သော၊ မင်းနှင့်လူအပေါင်းတို့သည်။ အဟောသိ၊ဖြစ်ပြီ။ ဇာတိ၊ ဤသို့သော စကားကို၊ ဝုတ္တ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

(မြန်မာပြန်)

တတောဒေဝါဟူသော ဤသို့သော စကားသည်။ ဥက္ကာကရာဇ် မင်းသုံးဆက် မြောက်။ တတိယ ဥက္ကာကရာဇ် မင်းကြီးသည်၊ ပုဏ္ဏားတို့ လိမ်ညာဏ်ထုတ်၍ ဆက်သအပ်သော အာထဗ္ဗဏ ဗေဒင်၏အစီအရင်ကို မဆုပ်ဆိုင်းဘဲ။ ယာဇ်ပူဇော်ရန်အလို့ငှါ၊ နွားသိုး၊နွားမတို့ကိုသတ်အံ့သောငှါအားထုတ်၏။ထိုအခါ၊ ထိုအခြားမဲ့၌ သာလျှင်၊ ထိုနွား သတ်သော ယောက်ျား တို့ကို မြင်ကုန်၏။ စတုမဟာရာဇ်အစရှိကုန်သော နတ်တို့သည်လည်းကောင်း၊ ပုဏ္ဏားတို့၏ အဘဟု ခေါ်ဆိုအပ်ကုန်သော၊ ဗြဟ္မာတို့သည်လည်းကောင်း။ တောင်ခြေရင်း၌နေကုန်သော၊ ဒါနဝ အမည်ရှိသော၊ ဘီလူး၊အသူရာယက္ခိုက်တို့သည် လည်းကောင်း တရားမဟုတ်လေစွ တရားမဟုတ်လေစွ။ ဤသို့သောစကားကို ရွတ်ဆိုကုန်လျက်။မင်းနှင့်တကွ၊ ရသေ့လူထွက် ပုဏ္ဏားတို့သည်၊ စက်ဆုပ်ဘွယ်သောအကျင့်ကို ကျင့်ကုန်၏။ ဤသို့လည်းဆိုကုန်လျက် ငိုကြွေးကြကုန်၏။ ဤသို့ ငိုကြွေးကြသည်ကို မြေမှစ၍၊ ထိုငိုကြွေးသံကို တခဏခြင်းဖြင့် ဗြဟ္မာ့ပြည် တိုင်အောင် ပျံ့နှံ့သွားလေ၏။ တပြိုင်နက်တည်းဟူသော အခြင်းအရာ အားဖြင့် ပြည့်သော၊ လောကသည်ဖြက်ပြီ။ အကြောင်းသည် အဘယ်သို့နည်းဟူမူကား၊ အကြင်ဒါးလက်နက်သည် နွား၌ကြ၏။ အကျင်ကြောင့် နွားမ၌လည်း၊ ဒါးလက်မည်သည်ကြ၏။ ထိုသို့သော အကြောင်းကြောင့် တပြိုင်နက်တည်းဟူသော အခြင်းအရာ

အားဖြင့်ပြည့်သော၊ လောကသုံးပါး အတွင်း၌ ရှိနေကြကုန်သော၊ မင်းနှင့် လူအပေါင်းတို့သည်။ အဟောသိဖြစ်ပြီ။ ဤသို့သောစကားကို ဆိုလိုသည် ဖြစ်၏။ ဤသို့သော အကြောင်းကြောင့်။ လောကကို စောင့်သော နတ်တို့ဘဲ သွားသည့်ပြင် (၉၈) ပါးသော ရောဂါပေါ်ပြီ။

## ( ၉၈ )ပါးသောရောဂါပေါ်ပြီ။

တတောစဒေဝါပိတရောစ ဣန္ဒောအသုရ ယက္ခသာစ
အဓမ္မောဣတိ ပက္ကန္ဒုံယံသတ္ထံ နိပတိဂါဝေ တယော
ရောဂါပုရေအာသုံ ဣစ္ဆာအာသနံ ဇယာ ပသုနဉ္စ
သမာရမ္ဘ အဋ္ဌနဝုတိအာဂမုံ

( သုတ္တနိပါတ်ပါဠိတော် စူဠဝဂ်၊ ၁၇၉ ) ၁၇

တတောတဒနန္တရမေဝ၊ ထိုညွှာကရစ်မင်းကြီးသည်။ နွားသိုး၊ နွားမတို့ကိုသတ်အံ့ဟု အားထုတ်သည့်၏ အခြားမဲ့၌ပင်လျှင်။ ဒေဝါစ၊ စတုမဟာရာဇ်နတ်တို့သည်လည်းကောင်း။ ပိတရောစ။ ဗြဟ္မာတို့သည်လည်းကောင်း အသုရယက္ခသာစ၊ ဒါနဝဘီလူးဟုဆိုအပ်သော အသူရာ ယက္ခိုက်တို့သည် လည်းကောင်း၊ ဣန္ဒောစ၊ သိကြားမင်း သည်လည်းကောင်း။ အဓမ္မောဣတိ၊ အဓမ္မတို့ဟူ၍၊ ဝါစံ၊ စကားကို၊ နိစ္ဆာရေန္တာ၊ မြွက်ကုန်သည်ဖြစ်၍။ ပက္ကန္ဒုံ၊ ငိုကြွေး၍ ဘါယ်သွားကြကုန်၏။ ကိံကာရဏာ၊ အဘယ်ကြောင်းကြောင့်၊ ပက္ကန္ဒုံ ငိုကြွေး၍ ဘါယ်သွားကြကုန်သနည်း။ ယံယသ္မာ၊ အကျင်ကြောင့်၊ ဂါဝေ၊ နွား၌၊ သတ္ထံ၊ ဒါးလက်နက်ကို၊ နိပတိ၊ ကျစေ၏။ တသ္မာ၊ ထိုကြောင့်။ ပက္ကန္ဒုံ ငိုကြွေး၍ ဘါယ်သွားကြကုန်၏။ ပုရေ၊ နွား သတ်၍ ယာဇ်မပူ

ဇော်မှီ နွားသားမစားမှီ ရှေ့အဘို့၌၊ ဗုဇ္ဈာ၊ မရှိလျှင်လိုခြင်း ခြင်းဒုက္ခ။ အာသန့်။ မစားရလျှင် စားခြင်ခြင်းဒုက္ခ။ ဇယာအို ချိန်တန်လျှင်အိုရခြင်းဒုက္ခ။ ဇုတိ။ ဤသို့။ တယော ရောဂါ။သုံး ပါးသောအနာတို့သည်သာလျှင်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ ပသုနဥ္စ။ အာထဗ္ဗဏဗေဒင်၏ အစီအစဉ်အရ နွားတို့ကိုသတ် ခြင်း။ ယာဇ်ပူဇော်ခြင်း၊ စားခြင်းအားဖြင့် အဌနဝုတိ။ စက္ခု ရောဂေါအစ ဘဂန္ဒ ါအဆုံးရှိသော(၉၈)ပါးသော ရောဂါတို့ သည်။ အာဂမုံ။ လူတို့ကိုယ်၌ပေါ်လာစွဲကပ်ကြကုန်၏။

## ( မြန်မာပြန် )

ထိုဥက္ကာကရာဇ် မင်းကြီးသည်၊ နွားတို့ကို သတ်အံ့ဟုအား ထုတ်သော အခြားမဲ့၌ ပင်လျှင်။ စတုမဟာရာဇ် နတ်တို့သည် လည်းကောင်း။ ပြဟ္မာတို့သည်လည်းကောင်း။ ဒါနဝဘီလူးဟု ဆိုအပ်သော အသူရာယက္ခိုက်တို့သည်လည်းကောင်း၊သိကြား သည်၎င်း။ အဓမ္မ အဓမ္မ ဟူသောစကားကို မြွက်ဆိုကုန်သည် ဖြစ်၍။ ငိုကျွေး၍ဘါယ်သွားကြကုန်၏။ အဘယ်ကြောင့် ငိုကျွေး မည်တန်း၍ ဘါယ်သွားကြကုန်သနည်း။အကျင်ကြောင့် နွား၌ ဒါးလက်နက်ကိုကြစေ၏ ထိုကြောင့်ငိုကျွေးဘါယ်သွါးကြကုန်၏ နွားမတို့ကိုသတ်၍ ယာဇ်မပူဇော်ဒ္ဒိ နွားသားကို မစားမှီ ရှေ့ အဘို့၊ မရှိလျှင်လိုခြင်ခြင်းဒုက္ခ။ မစားရလျှင် စားခြင်ခြင်းဒုက္ခ။ အိုချိန်တန်လျှင် အိုရခြင်းဒုက္ခ။ ဤသုံးပါးသောအနာရောဂါတို့ သည်သာလျှင် ရှိသည်ဖြစ်ကုန်၏။ အာထဗ္ဗဏဗေဒင်၏ အစီအ စဉ်အရ။ ပုဏ္ဏားတို့ဆိုတိုင်းမင်းကြီးသည်။ နွားလားဥသဘနှင့်။ အသိန်းမကသော နွားတို့ကို ကိုယ်တိုင်သတ်၍ ယာဇ်ပူဇော် ခြင်း။ ထိုနွားသားတို့ကို ပုဏ္ဏားတို့အား ချက်ပြုတ်စားသောက် စေသည့်အတွက် ပုဏ္ဏားတို့နွားသါးမျိုးကိုစားသည်မှစ၍ လူတို့ ကိုယ်၌ စက္ခုရောဂါအစ ဘဂန္ဒြ ါအဆုံးရှိသော အကာ၊င်းအား

ဖြင့်၊(၃၄)မျိုး အကြွယ်အားဖြင့် (၉၈)မျိုးသော ရောဂါတို့ဖြစ်ပေါ်လာကုန်၏၊ဟု သုတ္တနိပါဋ်အဋ္ဌကထာ နောက်က မဟာနိဒ္ဒေသပါဠိတော်လာစကားအရ ပြထားကဲ့သည်ကိုသတိမူ၍။

၁။ နွားတို့ကိုသတ်၍ ယာလေးလီနှင့်ယာဇ်ပူဇော်ခြင်းမှာ၊ ဤအန္တရာကပ်တွင်။ ယခုတတိယမြောက် ဥက္ကာကရာဇ် မင်းကြီး လက်ထက် အစဖြစ်သည်၊

၂။ ပုဏ္ဏားတို့ အန္တရကပ်ဦးက။ အဋ္ဌက။ ဝါမက။ စသော ကဿပမြတ်စွာဘုရား သာသနာတော်နှင့် မဆန့်ကျင်အောင် ဒိဗ္ဗစက္ခုညာဏ်ဖြင့်ကြည့်ရှု၍ စီရင်ရေးသားအပ်သော။ သာမ။ ယဇု။ ဣရုယု။ ဟူသည်။ ဗေဒင်သုံးပုံကို ဖေါက်ထွင်း၍ အာထဗ္ဗဏဗေဒင် ဖြစ်ပေါ်လာရခြင်းမှာ ဤအကြိမ်သည် ပဌမ။

၃။ ပုဏ္ဏားတို့သည်။ သို့မဟုတ် တိုင်းသူပြည်သားတို့သည် ဤ အန္တရကပ်ဦးအစမှ။ နွားသား။ သို့မဟုတ် အသားစားကြခြင်းသည်။ ဤအကြိမ်သည် ပဌမအကြိမ်ဖြစ်၏။

၄။ အန္တရကပ်ဦးအစမှ(၉၆)ပါး။ (၉၈)ပါးသောရောဂါ ဖြစ်ပေါ်လာရခြင်းမှာ ဤအကြိမ်သည် ပဌမအကြိမ်ဖြစ်၏။

၅၊ (၉၈) ပါးသော ရောဂါတို့တွင် နူနာသည်။ ပဌမ။ ဤ တတိယ ဥက္ကာကရာဇ်မင်းကြီးသမီး အကြီးဆုံး။ ပိယာနှင့် ကာသိကတိုင်း ဗာရာဏသီပြည် ရှင်မင်းကြီး ရာမမင်းပင်ဖြစ်ကြောင်း( သုတ်သီလက္ခံ အဋ္ဌကထာ ) ၂၀၆-၇။ တွင်။ ဟောထားတော်မူသည်။

ဤကား။ ( ၉၈ ) ပါးသော ရောဂါဖြစ်ပေါ်လာရခြင်းကို သာဓကေ အစုံထည့်၍ ရှင်းပြသောအကျော်း အကျဉ်းတည်း။

ထိုအကြောင်းကို ရာဇဝင်တခုအနေနှင့် မှတ်သားမိအောင် အကျဉ်းအားဖြင့် ထပ်၍ရှင်းပြမည်။

ပြဆိုအပ်ခဲ့ပြီးသော၊ မာလာ ဝိဒေဟ တိုင်းရှင်၊ ဘုရင် တတိယဥက္ကာကရာဇ် မင်းကြီးသည်။ မင်းပြုသည်မှ ထိုကာလ၌။ မင်းကြီးအား၊ ဟတ္တာ၊ စိတ္တာ၊ စန္ဒာ၊ ဇာလိ၊ ဝိသာခါ။ ဟူ၍ မိဖုရားငါးရောက်ရှိလေသည်။ မိဖုရား တယောက် တယောက်လျှင်။ မောင်းမအပျိုတော် ငါးရာကြစီ ခြံရံခစားစေ၏။ ဟတ္တာမည်သော မိဖုရားခေါင်းဆောင်ကြီးမှာ၊ ဥက္ကာမုခ။ ကရကဏ္ဍ။ ဟတ္ထိနိက၊ ဘိနိသူရ၊ ဟူ၍ သားတော် လေးယောက်၊ ပိယာ၊ သုပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတသေနာ၊ ဟူ၍ သမီးတော် ငါးယောက်၊ ဤသို့အားဖြင့် ကိုးယောက်သော သားသမီးတို့ကို ဖွားမြင်ပြီးနောက်။ ဟတ္တာ အမည်ရှိသော၊ မိဖုရားကြီးသည် နတ်ရွာစံတော်မူ၏။ ထိုအခါမင်းကြီးသည်၊ လှပတင့်တယ်သော နန်းတွင်းသူ တယောက်ကို မိဖုရားအရာမြှောက်၍၊ ထိုမိဖုရား၌ ဇန္တု မည်သော သားတယောက်ကိုဖွားမြင်တော်မူလေ၏။ တရံသောအခါ မင်းကြီးက မိဖုရားအား ဆုထူးပေးသနားမည်။ လိုအပ်သောဆုကိုတောင်းလော့ဟုပြောရာ၊ မိဖုရားက အခြားဆုကိုတော့အလိုမရှိပါ မင်းကြီး အရိပ်အရာလွဲလျှင် သားကိုနန်းအပ်ဟု ဆုတောင်းသည့်အခါ၊ မင်းကြီးသည် ဝန်ခံလိုက်၏။ ထိုအခါ မင်းကြီးသည် မင်းတို့စကား မိုးကြိုးသွား ဆိုသကဲ့သို့၊ နောက်မဆုပ်သာသဖြင့်၊ မိဖုရားခေါင်းကြီးက မွေးထားသော သားများ ရန်မူမှာ စိုးရိမ်သဖြင့်၊ ပရိယာယ်ဖြင့်၊ သားသမီးကိုး ယောက် စလုံးကိုခေါ်ပြီး၊ သားတို့ သမီးတို့ တစုံတခုသော ဘေးအန္တရာယ်မရှိရလေအောင်၊ ဘခင်၏စကားကို၊ နားထောင်ကြ၍၊ မှူးမတ်စုံလင်စွာနှင့်တကွ စစ်အင်္ဂါလေးပါးနှင့် မိမိတိုင်းပြည်ကြီးမှလွတ်သော၊ တခုသောနေရာဌာန၌ မြို့တည်၍ နေကြလော့။ ဘခမည်းတော်နတ်ရွာစံမှ နန်းကိုသိမ်းပိုက်ကြလော့ဟု အမိန့်ရှိသဖြင့်၊ အမိန့်ရှိသည့် အတိုင်း၊ မှူးမတ် စုံလင်စွာနှင့်။

စစ်အင်္ဂါလေးပါးပြည့်စုံစွာဖြင့်၊ ငိုယိုကာ မိမိလာပြည်မှ မြောက်ရှုးရှူး ထွက်ခွါသွားကြရာ၊ ဟိမဝန္တာ တောင်ကြီး၏၊ တောင်ဘက် တောနယ်မြေပြန့် တခုတွင်။ ရေအိုင်တခု၏အနီး၌၊ တခုသောကျွန်းတောကြီး အတွင်းသို့ဝင်၍ နေရာရှာကြကုန်၏။

ထိုအခါ ထိုတောအရပ်၌ရှိနှင့်သော ကျွန်ုပ်တို့၏ အလောင်းတော်၊ ကပိလရသေ့ မြင်တော်မူလျှင်၊ ထိုမင်းသား မင်းသမီးတို့အား၊ အကြောင်းစုံမေးမြန်းပြီးလျှင်။ ထိုမောင်တော် နှစ်မတော်တို့အား။ မြို့တည်လိုပါက ဤအရပ်တွင်တည်ဆောက်ကြ ဤအရပ်သည် ဘူမိနက်သံ မြေခံကောင်းသော အရပ်။ မြေနေရာတည်း။ ဤအရပ်၌ရှိသော နွယ်မြက်သစ်ပင်တို့သည် လက်ျာရစ်လျှက် ရှေ့အဘို့ကိုသာ အဖျားညွတ်လျှက်သာနေကြ၏၊

ဤအရပ်သည် သစ်၊ ကျား၊ မြွေတို့လိုက်၍ တိမ်းရှောင်ထွက်ပြေးလာကြသော၊ သမင်၊ ဒရယ်၊ ယုံငယ်၊ ဂျီ ၊ ဆတ်၊ စသောသတ္တဝါ တို့သည်။ ဤအရပ်သို့ ရောက်လာလျှင်၊ ရန်သူကိုမကျောက်ရတော့ပေ။ ရန်သူကို အောင်နိုင်သော အရပ်ဒေသဖြစ်၍၊ အာယုဒ္ဒ ဘူမိလည်း မည်၏။ ထိုကြောင့် သင်တို့သည် ငါ၏ကျောင်းနေရာမှာပင် မြို့တည်ကြ။ ငါ၏ သက်နန်း ကျောင်းကိုတော့ သင့်တော်သည့် နေရာ၌သာ ရွှေ့ပြောင်းကြ။ ဤမြို့သည် ငါနေသောမြို့ဖြစ်၍၊ ကပိလဝတ် မြို့ဟု မှည့်ကြဟု အမိန့်ပေး၏။ အလောင်းတော် အမိန့်ပေးသည့် ထိုအမည်ကိုမှည့်၍။ မြို့တည်ကြကုန်၏။

ထိုသို့ မင်းသား မင်းသမီး မောင်နှစ်မတစုတို့သည်၊ ထိုနေရာ၌ မြို့နန်းတည်ပြီးနေလာရာ အတော်ကြာ၍ ကြီးပြင်းအရွယ်ရောက်ကြသဖြင့်၊ အမကြီးကို အမိအရာထား၍၊ နှစ်မနှင့် အစုံစုံတို့သည်။ လက်ထပ်မင်္ဂလာ ပြုကြကုန်၏။ ထိုလက်ထပ်ကြပြီး၊ မကြားစဖူး အသားထူးကို စားမိခြင်းကြောင့်၊ အမအကြီးဆုံးဖြစ်သော ပိယာဆိုသော မင်းသမီးတော်၌၊ နူနာများစွဲကပ်လာ

လေတော့၏။ ထိုအခါ မောင်တော်များက အမကြီးအား နားချ၍၊ ကျွန်ုပ်တို့နှင့်အတူ နေရန်မသင့်ဟု ယူဆပါသည်။ ကျွန်ုပ် တို့သည် အစ်မကြီးအား သင့်တော်သော နေရာတ ခု၌၊ နေစေပြီး ထိုအပ်သည့် ကိစ္စအရပ်ရပ်တို့ကို ဝတ်ပြုပါမည် ဟုပြောပြီး။ အစ်မကြီးကို ရထားနှင့်ယူ၍၊ ကပ်လမြို့တော်၏အ နောက်မြောက် ခပ်ရွှန်းရွှန်း တခုသော တောအုပ် အတွင်း၌၊ ဥမင်းကျင်းတူး၍ လုံစွာကာရန်ပိတ်ဆို့ပြီးလျှင်။ ထိုဥမင်းတွင်း ၌ထား၍။ ထိုအပ်သော အစားအသောက်များကို မလင့်ဟင်း ရလေအောင် ပို့ပေးစေသည်။

ထိုအခါ ကာသိကတိုင်း၊ ဗာရာဏသီပြည်ရှင် ဘုရင်ရာမမင်း ကြီးသည်၊ နူနာစွဲကပ်၍ တောထွက်ပြီး သစ်သီးသစ်ဥတို့ကိုသာ အာဟာရပြုလျက် စားသောက်မျှတပြီး။ မိမိအမှီပြု၍နေသော ကလောပင်၏အသီးအရွက် စသည်တို့ကိုပင် ဆေးပြုလုပ်လျက် စားသောက်ရာ။ မကြာမြင့်မီ နူနာရောဂါကင်းပျောက်ပြီး၊ မူလ ကထက်ပင် လှပတင့်တယ်ခြင်းသို့ ရောက်သွားသည်။ မင်းကြီး သည် ထိုရောဂါ ပျောက်ပြီးသောအခါ။ ထိုအနီး၌ပင်၊ အ ခေါင်းရှိသော ကလောပင်၏ ကျယ်စွာ အခေါင်းတွင်း၌ပင်။ တဆယ့်နှစ်တောင် မြင့်သော နေရာ၌ သုတ်သင်ရှင်းလင်း၍။ တံခါးကိုရင်း။ လေသာပြတင်းကိုရင်း၊ လှေခါးကိုရင်း။ ဖွဲ့၍ ထိုကလောပင်၏အခေါင်းအတွင်း၌ နေထိုင်ခြင်းကိုပြု၏။

ရာမမင်းကြီးသည် နူနာပျောက်ကင်းပြီးနောက်၊ ထိုကလော ပင်အခေါင်း၌ အိမ်ပြု၍နေရာ။ တနေ့သ၌ ညဉ့်မိုးသောက်လာ နီးအခါ။ ကျားတကောင်သည်။ ပိယာ မင်းသမီး၏ ဥမင်ခေါင်း အနီးသို့ရောက်သောအခါ လူ၏အနံ့ကိုရသဖြင့်။ ဟိမ်းသံပေး ပြီး မြေကိုရက်၍ ဝင်လာသည်ကို။ ဥက္ကာကရာဇ်မင်း၏ သမီး တော် နူနာစွဲကပ်နေသော၊ ပိယာ မင်းသမီးသည် မြင်သဖြင့်၊ အလွန်ကြောက်လန့်သောကြောင့် ကြယ်လောင်သောအသံဖြင့်

အော်လေသော်၊ ကျားသည် ထွက်ပြေးလေ၏၊ ထိုမင်းသမီး အော်သံကို ရာမမင်းသည်ကြားလေသော်။ ဤအသံသည်၊ ထူး ဆန်းသော မိန်းမအသံဘဲဟု၊ အောင်သံကြားသည့် နေရာကို မှတ်ထားပြီး၊ နံ့နက်မိုးသောက်အလင်းသို့ ရောက်သောအခါ။ ထိုအရပ်သို့သွား၍စုံစမ်းရှာဖွေရာ။ လေးဒေါင့်ကန်၏အတွင်း၌။ လူသံကြား၍။ ရာမမင်းကြီးက ဤလေးဒေါင့်ကန်၏အတွင်း၌ တည့်နေသောသူသည်။ အဘယ်အရပ်က အဘယ်သူဖြစ်ပါ သနည်းဟုမေးလေသော်။

( ကန်တွင်းက မင်းသမီးဖြေ )

အရှင်သား အကျွန်ုပ်သည် မာတုဂါမတည်း ဤသို့ ဖြေဆို လိုက်၏။

( မင်းကပြန်မေး )

ဤကန်တွင်း၌ တည်ရှိနေသောသူသည်၊ အဘယ်ဇာတ်အ ဘယ်အမျိုးအနွယ်ဖြစ်ပါသနည်းဟုမေးသော်၊

( မင်းသမီးဖြေ )

အရှင်သား ငါသည်။ မလ္လာဝိဒေဟတိုင်းရှင် ဘုရင်ဥက္ကာ ကရစ်မင်းကြီး၏ သမီးတော်အကြီးဆုံး ပီရာမင်းသမီးပင်ဖြစ်ပါ ၏ဟုဆို၏။

( မင်းသည် မင်းသမီးကိုခေါ်၏ )

သင်မင်းသမီး သင်သည် ဤကန်တွင်းက ထွက်၍လာခဲ့ပါ လော့ဟု ရာမမင်းကြီးက ခေါ်ဆိုလိုက်သော်။

( မင်းသမီးကပြန်၍ပြောလိုက်၏ )

အရှင်သား ငါသည် ဤကန်တွင်းတက်၍လာခြင်းငါ မစွမ်း နိုင်ပါဟု မင်းသမီးက ပြန်၍ပြောလိုက်၏။

( မင်းပြန်မေး )

အသင်မင်းသမီး အသင်သည် ဤကန့်တွင်းမှ ဘယ်သို့သော အကြောင်းကြောင့် မတက်နိုင်ပါသနည်း။

( မင်းသမီးဖြေ )

အရှင်သားငါသည်း မကြားစဖူး အသားထူးကို စားသောက်မိသဖြင့်။ လူမသဒ်စရာနွံနာသည် ငါ့အားစွဲကပ်နေခြင်းဖြစ်ပါ၏ အရှင်သားဟု မင်းသမီးက ပြန်၍ပြောလိုက်၏။

ဤသို့ အားဖြင့် ရာမမင်းကြီးသည်။ မင်းသမီးအား မိမိ၏ ပစ္စတ္တိကိုပြလို၍၊ ငါသည်၊ ဗာရာဏသီပြည်ကြီးကို အစိုးရသော ရာမမင်းကြီးတည်းဟုပြောဆိုပြီး မိမိနေရာသို့ပြန်၍၊ တဆယ့် နှစ်တောင်ရှိသော လှေခါးကိုယူ၍။ မင်းသမီးနေသော ဥက္က တွင်းသို့ချပေးပြီး၊ မင်းသမီးကိုအပေါ်သို့တက်စေပြီး၊ မိမိနေရာ ကလောပင်တဲနန်းသို့ ခေါ်ဆောင်လာပြီး။ မိမိသုံးဆောင်ခသော ဆေးကိုတိုက်ကျွေးရာ၊ မကြာခင်ပင် ရောဂါ ပျောက်ကင်း၍။ ရွှေအဆင်းနှင့်တူသော။ အဆင်းနှင့်ပြည့်စုံလာသည့်ပြင် အလွန် တရာလှပတင့်တယ်သော အဆင်းနှင့် ပြည့်စုံ လာသည့်အခါ၊ ထိုမင်းသမီးနှင့် ရာမမင်းကြီးသည်၊ ထိုကလောပင်တဲနန်းမှာပင် ပေါင်းသင်းဆက်ဆန်၍နေကြရာ၊ မကြာခင်ပင် ကိုယ်ဝန်ရင့်မာ လာပြီး ဘွားမြင်ရာ။ အမွှာဘူးသားနှစ်ယောက် ဖွားမြင်လေ၏။ ထိုနည်းတူစွာ အမွှာဘူး တဆယ့် ချောက်ကြိမ် ခမွးလာရာ။ သား (၃၂)ယောက်ဖြစ်လာလေသည်။ အကျဉ်းချုံး၍ပြရလျှင်၊ ထိုမင်းမိဖုရားတို့သည်၊ ထိုတောအနီးမှာပင် ကလောပင်ကိုအ မှီပြု၍ မြို့တည်သောကြောင့်၊ ထိုမြို့ကို ကောလိယမြို့ဟု တွင်လေ သည်။ကျားတို့၏သွားလာဝင်ထွက်ရာလည်း ဖြစ်သောကြောင့်။ ဗျဂ္ဃမြို့ဟုလည်း တွင်ပြန်လေသည်။ ထိုမြို့နှစ်မြို့ကို တပေါင်း

တည်းအမည်ကို ပေါင်းခေါ်သော် ကောလီယဖျူဆွမြိုဟု တွင်လေသည်။ ထိုမြှိုသည် တိုင်းကြီး တဆယ့် ခြောက်တိုင်းတွင် တတိုင်း အပါအဝင်ဖြစ်၍ ယခုတိုင် ကျော်ကြားလျက် ရှိလေသည်၊

( မှတ်ချက် ) ဤအခဏ်းကို ဤလို ထုတ်ပြရ ခြင်းမှာ။ ကာယသမ္ဘူတကိုယ်တွင်း (၉၈) ပါးသောရောဂါ ဖြစ်ပေါ်လာရာ၌။ ထိုမင်းနှင့်၊ ထိုမင်းသမီးအစ ဖြစ်ပေါ်လာကြောင်း ထင်ရှားစေလိုသည်ပြင်။ ထိုရောဂါကို ထိုဆေးနှင့်ပင် ပျောက်သည်ဟု ထင်ရှားစေလို၍ အလွန်ကြယ်ဝန်းရာမှ၊ လိုရင်းအကျဉ်းနှုပ်၍သာ ပြလိုက်ပါသည်။ အနည်းငယ်စုံစုံလင်လင် မပါနိုင်သည်ကို ခွင့်ပြုပါ။ အကျယ်ကို အလိုရှိပါက သုတ်သီလက္ခံ အဋ္ဌကထာ (၂၀၆) စာကြောင်းရေ (၇) တွင် ကြည့်ရှုကြပါရန် ညွှန်းပြပါသည်။

ဤကား (၉၆)ပါး ( ၉၈ )ပါး ရောဂါဖြစ်ပေါ်လာရာတွင်၊ နူနာကအစ၊ ဖြစ်ပေါ်လာပုံကို အကျဉ်းချုပ်ပြခြင်းတည်း။

### (၉၆) ပါး (၉၈)ပါးတို့၏ ရောဂါအမည်များ။

| | |
|---|---|
| ၁။ စက္ခုရောဂေါ | မျက်စေ့၌ ဖြစ်သောရောဂါ။ |
| ၂။ သောတရောဂေါ | နား၌ဖြစ်သောရောဂါ။ |
| ၃။ ဃာနရောဂေါ | နှာခေါင်း၌ဖြစ်သောရောဂါ။ |
| ၄။ ဇိဝှါရောဂေါ | လျှာ၌ဖြစ်သော ရောဂါ။ |
| ၅။ ကာယရောဂေါ | ကိုယ်၌ဖြစ်သောရောဂါ။ |
| ၆။ သီသရောဂေါ | ဦးခေါင်း၌ဖြစ်သောရောဂါ။ |
| ၇။ ကဏ္ဏရောဂေါ | နားရွက်၌ဖြစ်သောရောဂါ။ |
| ၈။ မုခရောဂေါ | ခံတွင်း၌ဖြစ်သောရောဂါ။ |

| | | |
|---|---|---|
| ၉။ | ဒဒ္ဒုရောဂေါ | သွား၌ဖြစ်သောရောဂါ။ |
| ၁၀။ | ကာသော | ချောင်းဆိုးရောဂါ။ |
| ၁၁။ | သာသော | ကုတ်ဟိုးနာ၊ ပန်းနာရောဂါလည်းဟူလို။ |
| ၁၂။ | ပိနာသော | နှာခေါင်းဖုနာ၊ ဖွတ်သိုနာလည်းဟူလို။ |
| ၁၃။ | ဍာဟော | ကိုယ်လုံးပူသောရောဂါ။ |
| ၁၄။ | ဇရော | ဖျားသောရောဂါ။ |
| ၁၅။ | ကုစ္ဆိရောဂေါ | ဝမ်းတွင်း၌ဖြစ်သောရောဂါ။ |
| ၁၆၊ | မုစ္ဆာ | မူးဝေသောရောဂါ။ |
| ၁၇။ | ပက္ခန္ဒိကာ | သွေးဝမ်းသွားသောရောဂါ။ |
| ၁၈။ | သူလာ | ဘေးထိုးအောင့်သောရောဂါ။ |
| ၁၉။ | ဝိသူစိကာ | သီးစွာဝမ်းကြသောရောဂါ။ |
| ၂၀။ | ကုဋ္ဌံ | နူနာရောဂါ။ |
| ၂၁၊ | ဂဏ္ဍော | ထွတ်မြင်းနာ။ |
| ၂၂၊ | ကိလာသော | ပျောက်ကြားသောညှင်းနာ။ |
| ၂၃၊ | သောသော | အသွေး အသား ခန်းခြောက်သော ခယယုတ် ချောင်းဆိုးနာ မြစ်ခြောက်နာလည်း ဟူလို။ |
| ၂၄။ | အပမာရော | ဝက်ရူးနာ။ |
| ၂၅။ | ဒဒ္ဒု | ဝဲကြီး ဝဲမို စွဲသောအနာ။ |
| ၂၆။ | ကဏ္ဍု | ဝဲခြောက်စွဲသောအနာ။ |
| ၂၇။ | ကစ္ဆု | ပွေးစွဲသောအနာ။ |
| ၂၈။ | နခသာ | လက်သီးချစ်မိ၍ ဖြစ်သောအနာ |
| ၂၉။ | ဝိတစ္ဆိကာ | လက်ဖဝါး ခြေဖဝါး ကွဲသော အနာ။ |

၃၀။ လောဟိတပိတ္တံ — သွေးအံ့ သွေးကြနာ၊
၃၁။ မဓုမေဟော — ဒူလာသရောနာ၊ ကျင်ပျော် ဆီးချိုးရောဂါ။
၃၂။ အံသာ — မြင်းသရိုက်ရောဂါ၊ ဒူလာလိပ် ခေါင်းလည်းဟူလို။
၃၃။ ပိဠကာ — ထွတ်အိုင်းနာ၊ ဝက်ခြံနာလည်း ဟူလို။
၃၄။ ဘဂန္ဒလာ — ဘဂန္ဒြနာ၊ ဘရင်ဂျီနာလည်း ဟူလို။ တနည်း စအိုမှ အရည်တစိုစိုယိုသောအနာလည်းဟူလို။

ဤကား မဟာနိဒ္ဒေသပါဠိတော်လာရောဂါအမျိုး( ၃၄ ) ပါးတည်း။

( အဋ္ဌကထာအလို(၉၆)ပါး ဖြစ်လာပုံကား )

၁။ အပမာရောတိ အမနုဿဂါဟော ဝေရိယက္ခ အာဗာ ဓါဟု၊ အဋ္ဌကထာ ဆိုသောကြောင့်။ ရန်သူဘီလူး ဖမ်းသော အနာဖြစ်ရကား။ ဒေါသနှင့်မဆိုင် ၎င်းကိုနှုပ်ထား၍၎င်း။

၂။ နခသာဟိနခေဟိဝိလိ ခိတဌာနေ ဥပ္ပန္နကရောဂေါဟု အဋ္ဌကထာဆိုသောကြောင့်၊ လက်သဲချစ်မိ ကုတ်မိသောအနာ ဖြစ်ရကား။ဒေါသနှင့် မဆိုင်သောကြောင့်၎င်းကိုနှုပ်ထား၍၎င်း။

ကြံသော(၃၂)ပါးသောရောဂါသည်၊ ဒေါသနှင့်ဆိုင်သော ကြောင့် ဒေါသသုံးပါးနှင့်မြှောက်လျှင်(၉၆)ပါး ဖြစ်လာလိမ့် မည်ဟု အဋ္ဌကထာ ဖွင့်ပြသည်။

ပိတ္တသမုဋ္ဌာနာတိ ပိတ္တေနသမုဋ္ဌာနပ္ပတ္တိ
တေသန္တိ ပိတ္တ သမုဋ္ဌာနာ တေဒွတ္တိံသာ
ဟောန္တိ သေမှသမုဋ္ဌာနာ ဒိသုပိဒသေဝနယော
(မဟာနိဒ္ဒေသ အဋ္ဌကထာ)

( ပါဠိတော်လာ(၃၂)ပါးကို မြန်မာပြန်သော် )

၁၊ စက္ခုရောဂါစသည့် (၃၂) ပါးကို၊ သည်းခြေတပါးနှင့် မြှောက်၊ (၃၂)ပါးပင်ဖြစ်၏။

၂။ ၎င်း။ (၃၂) ပါးကို၊ သလိပ်၊ တပါးနှင့်မြှောက်၊ (၃၂)ပါးပင်ဖြစ်၏။

၃။ ၎င်း (၃၂) ပါးကို၊ လေတပါးနှင့် မြှောက်၊ (၃၂)ပါးပင်ဖြစ်၏။

ဤသို့(၃၂) ပါးသုံးလီပေါင်းသော် (၉၆)ပါးဖြစ်လေသည်။ ၎င်းကိုပင်(၉၆)ပါးသောရောဂါဟုခေါ်သည်။ သို့သော်အထူး သတိပြုစေလိုသည်မှာ။ ဒေသနာတော်လာ စကားအသုံးအနှုံး နှင့်။ အနက်ပြန်ဆိုရာမှာ၊ ဆေးကျမ်း အသုံးအနှုံး၌၊ ပြန်ဆို ခေါ်ဝေါ်ထားခြင်းမှာ၊ အချို့သောနေရာမှာ တူသင့်သလောက် တော့တူပေသည်။ အနည်းငယ် ကွဲလွဲနေတာလည်း ရှိပါသည်။ ပညာရှိများအနေနှင့် မှားယွင်းသည်ဟု မယူဆသင့်ပေ။ အဘယ်ကြောင့်ဆိုသော် အချို့သော ကျမ်းများ မှာတော့၊ ပဌမ ကျမ်းဆရာများက ရိုက်နှိပ်ထားသည်မှာ အမှန်ပင် ဖြစ်ပေလိမ့် မည်။ နောက်ကျမ်းပြုဆရာ မရှိသည့်နောက်၊ နောက်ထပ်ရိုက် သောသူများက မကျွမ်းကျင်၍ သော်၎င်း၊ စာပုံနှိပ်သူများကို အားကိုးပြီး မပြင်ဆင်ဘဲ နေ၍သော်၎င်း။ အချို့သော ရသေ့ ဟောကျမ်းများမှာ၊ ဘုရားဟော သစ္စာနစ်ပါး မကွဲသဖြင့်၊ အနက်ပေး မှားနေသည်ကို၎င်း။ ရှိတန်သလောက် ရှိနေကြပေ

လဲမှံမည်ဆိုတာ ယုံမှားသံသယ မရှိသင့်ချေ။ အမှန်ပင်ရှိပေလိမ့်မည်၊ အခြားသူကိုမဆိုထားနှင့် ဤကျမ်းကိုရေးသောကျမ်းဆရာပင် အနည်းနှင့် အများ အမှားပါမည် ဆိုတာကိုတော့၊ ကျွန်တော် မညင်းပါ ဝန်ခံပါသည်။ ကျွန်တော် ရေးသားသောကျမ်းများ မှားယွင်းတာကိုတွေ့ရှိပါက (သတိ)ပေးကြပါရန် မေတ္တာ ရပ်ခံပါသည်၊ နောက်ထပ် ရိုက်နှိပ်သော အခါ အချိန်မှ ဖြည့်စွက်ပြင်ဆင်ပါမည့် အကြောင်း တောင်းပန်ပါသည်။

ဤကား ဒေသနာတော်လာ ( ၉၆ )ပါး ( ၉၈ ) ပါးသော ရောဂါကို အကျဉ်းအားဖြင့် ရှင်းပြခြင်းတည်း။

( ၉၆-ပါးသောရောဂါမှတပါး ရောဂါ(၈)ပါးရှိမှံ )

၁။ ပိတ္တသမုဋ္ဌာနာ အာဗာဓါ၊ သည်းခြေကြောင့်ဖြစ်သော အနာ။

၂။ သေမှ သမုဋ္ဌာနာအာဗာဓါ၊ သလိပ်ကြောင့် ဖြစ်သော အနာ။

၃။ ဝါတသမုဋ္ဌာနာ အာဗာဓါ၊လေကြောင့်ဖြစ်သေါအနာ၊

၄။ သန္နိပါတိက အာဗာဓါ၊ သည်းခြေ၊ သလိပ်၊ လေ၊ တို့ ရောစ၍ဖြစ်သောအနာ။

၅။ ဥတုပရိဏာမဇာ အာဗာဓါ၊ဥတုဖေါက်ပြန်ခြင်းကြောင့် ဖြစ်သော အနာ။

၆။ ဝိသမပရိဟာရဇာ အာဗာဓါ၊ ကိုယ်ကိုယ်နှင့် မသင့် တင့်စွာဆောင်ရွက်သောအနာ၊

၇။ ဩပက္ကမိကာအာဗာဓါ၊ ကိုယ်လုလ္လ၊ သူလုလ္လဖြင့်နာ

အောင် အားထုတ်၍ရင်း။ တနည်း အဆိပ် ပယောဂ ကြောင့်လည်း ဟူလို။

၈။ ကမ္မဝိပါကဇာ အာဗာဓါ၊ ကံကြောင့် ဖြစ်သောအနာ၊ တနည်း၊ ဥပပီဠကကံ၊ ဥပစ္ဆေဒကကံတို့ နှိပ်စက်ခြင်း ကြောင့်ဖြစ်သော အနာတို့ဟူ၍( ၈ )ပါးနှင့် အထက် က ဖေါ်ပြပါ ( ပါဠိတော်လာ ရိုးရိုးနှင့် ပေါင်းသော် (၄၂)ပါးဖြစ်၏။

၍ (၈) ပါးကို မဟာနိဒ္ဒေသ ပါဠိတော်စုဠ္ဌ ၍အတိုင်း လာသည်ကိုသတိပြုပါ။

( သေခြင်းအကြောင်း ၈-ပါး )

၁။ သည်းခြေ။ ပျက်၍သေခြင်း။
၂။ သလိပ်။ ပျက်၍သေခြင်း။
၃။ လေ။ ပျက်၍သေခြင်း။
၄။ သန္နိပါတ်။ ရောက်၍ သေခြင်း။
၅။ ဥတု။ ဖေါက်ပြန်ခြင်းကြောင့်သေခြင်း။
၆။ ကိုယ့်ကိုယ်နှင့် မသင့်သည်ကို ဆောင်ရွက်၍သေခြင်း။
၇။ ကိုယ့်လုံ့လ–သူတပါးလုံ့လကြောင့်သေခြင်း။
၈။ ကံ။ ကြောင့်သေခြင်း။

၍ကား မိလိန္ဒပဉှာပါဠိတော် ( ၁၂၂ ) ဗျာဒိဗလဝဂ်၌ ဖေါ်ပြထားသော အချက်မှ အကျဉ်းတည်း။

အထက် ဖေါ်ပြပါ စကား ရပ်များသည် ဒေသနာတော် စကားတည်း။

(မိလိန္ဒပဉှာ ရှုဒ္ဓိဗလဝဂ်၊ ၁၂၂၊ ဒေါသဖေါက်ပြန်ပုံ)

## ( ဝါယော လေကောဋ္ဌာသပျက် ဆယ်ပါး )

၁။ သီတေန၊ ချမ်းသောတေဇောကြောင့်ပျက်၏။
၂။ ဥဏှေန၊ အပူတေဇောကြောင့်ပျက်၏။
၃။ ဇိဃစ္ဆာယ။ အစာဆာမွတ်ခြင်းကြောင့်ပျက်၏။
၄။ ပိပါသာယ၊ ရေမွတ်သိတ်ခြင်းကြောင့် ပျက်၏။
၅။ အတိဘုတ္တေန၊ အလွန်အစားကြူးခြင်းကြောင့် ပျက်၏
၆။ ဌာနေန၊ အလွန်ရပ်ခြင်းကြောင့် ပျက်၏။
၇။ ပဓါနေန၊ အလွန် အ ပင် ပန်း ခံခြင်း ကြောင့် ပျက်၏။
၈။ အာဓါဝနေန၊ အလွန် ပြေး လွှား ခြင်းကြောင့် ပျက်၏။
၉။ ဥပက္ကမေန၊ များစွာအားထုတ်သော လုလ္လကြောင့် ပျက်၏။
၁၀။ ကမ္မဝိပါကေန၊ ကံ၏အကြိုးကြောင့်ပျက်၏။

ဤသို့ လေပျက်ခြင်း (၁၀)ပါးသည်၊ အတိတ်ကြောင့်လည်း မဟုတ်၊ အနာဂါတ်ကြောင့်လည်းမဟုတ်၊ ပစ္စုပ္ပါန် သက်သက် သာပျက်သည်ဟုဆိုသည်။

## ( အာပေါသလိပ်ကောဋ္ဌာသပျက် သုံးပါး )

၁။ သီတေန။ ချမ်းသောတေဇောကြောင့်ပျက်၏။
၂။ ဥဏှေန။ အပူတေဇေကြောင့်ပျက်၏။
၃။ အန္နပါနေန။ ထမင်း အဖျော်စသည့် ဆာလောင်ခြင်း ကြောင့်ပျက်၏။

( ဤကား သလိပ်ပျက်ခြင်း သုံးပါးတည်း )

( အာဝေပါသည်းခြေ ကောဌာသပျက်သုံးပါး )

၁။ သိတေန။ ချမ်းခြင်း တေဇောကြောင့်ပျက်၏။
၂။ ဥဏှေန။ အပူတေဇောကြောင့်ပျက်၏၊
၃။ ဝိသမဘောဇနေန။ မညီညွတ်သော ဘောဇဉ်ကြောင့် ပျက်၏။

( ဤကား သည်းခြေပျက်ခြင်း သုံးပါးတည်း )

(မှတ်ချက်) ဤဆိုအပ်ခဲ့ပြီးသော ဓေါသသုံးပါးတို့သည်၊ မိလိန္ဒမင်းကြီးက ရှင်နာဂသေန မထေရ်ကို လျှောက်သဖြင့်၊ ရှင်နာဂသေနမထေရ်မြတ်က သုတ္တံဒေသနာတော်လာ၊ ကာယသမုဟာဟုခေါ်ဆိုအပ်သော။ ကာယဂ်သမ္ဘာရ ကိုယ်၏ အစိတ်အပိုင်းတွင် ပါဝင်နေသော၊ ဓေါသတို့ပျက်ပုံဟောသည်ကို သတိပြုပါ။ ဆေးဆရာများသည် ရှေးက ရေးသားထားသော ဆေးကျမ်း၊ ယခုခေတ်မှီ ရေးသားထားသော ဆေးကျမ်းများတွင်၊ ကာယသမုဟာ ကောဌာသပျက်ပုံနှင့်၊ မြတ်စွာဘုရားကို ဇာနုဿောဏိပုဏ္ဏားက လျှောက်ထားသောအခါ၊ သံယုတ်ပါဠိတော်တွင်၊ မြတ်စွာဘုရားက ဇာနုဿောဏိပုဏ္ဏားကို ပြန်၍ ဟောသော၊ ရူပသမုဟာ ရုပ်ပျက်ပုံကိုဒင်း၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၃) တွင်၊ ခန္ဓာရုပ် စစ်ပျက်ပုံကို ပြထားသဖြင့် ရုပ်စစ်နှင့်၊ သသမ္ဘာရရုပ်တို့၏၊ပျက်ပုံတူကြသော်လည်း အပျက်ခြင်း မတူပုံကို(သတိ) မလင့်မှသာ၊ ဆေးဆရာ ပြုလုပ်မှု အကျိုးများမည် ကို သိစေလိုသည်။

ရုပ္ပတီတိရုပံ။ အရသံယုတ်ပါဠိတော်၊ ဇာနုဿောဏိလာ၊ သီတ ဥဏှာကြောင့် ဖေါက်ပြန်ပုံ။

( ရုပ်စစ်ပျက်ပုံ တဆယ့်နှစ်ပါး )

၁။ အချမ်းကြောင့်လည်း ရုပ်ဘောက်ပြန်သည်။
၂။ အပူကြောင့်လည်း ရုပ်ဘောက်ပြန်သည်၊
၃။ ဆာလောင်ခြင်းကြောင့်လည်း ရုပ်ဘောက်ပြန်သည်။
၄။ ရေမွတ်သိတ်ခြင်းကြောင့်လည်း ရုပ်ဘောက်ပြန်သည်။

၅။ မှက်ကိုက်၍လည်း ရုပ်ဘောက်ပြန်သည်။
၆။ ခြင်ကိုက်ခြင်းကြောင့်လည်း ရုပ်ဘေါက်ပြန်သည်။
၇။ လေပူအတိုက်ခံခြင်းကြောင့်လည်းရုပ်ဘောက်ပြန်သည်။
၈။ နေပူခံခြင်းကြောင့်လည်း ရုပ်ဘောက်ပြန်သည်၊
၉။ ယင်နားခြင်းကြောင့်လည်း ရုပ်ဘောက်ပြန်သည်။
၁၀။ မြွေကိုက်ခြင်းကြောင့်လည်း ရုပ်ဘောက်ပြန်သည်။
၁၁။ ကင်းကိုက်ခြင်းကြောင့်လည်း ရုပ်ဘောက်ပြန်သည်။
၁၂။ သန်းကိုက်ခြင်းကြောင့်လည်း ရုပ်ဘောက်ပြန်သည်။

ဤသို့အားဖြင့်၊ရုပ်စစ် ဘောက်ပြန်ရာ၌၊ ဥပါဒ်ဌီဘင်နှင့်တကွ ချုပ်ပျောက်သွားလေသည်၊ စင်စစ်အားဖြင့်ဆိုရလျှင်၊ ဒေါသ သုံးပါးတို့ ဖေါက်ပြန်ပျက်စီးရာ မတူဘူးဟုဆိုတာ၊ အထက်က ဓိလိန္ဒ မင်းကြီးမေးလျှောက်ချက်အရ၊ ရှင်နာဂသိန်မထေရ် အ ဖြေပေးထား သည်ကို မြင်သော အားဖြင့် သိအပ်သည့်ပြင်၊ နောက်က မဟာနိဒ္ဒေသ ပါဠိတော်လာ၊ စက္ခုရောဂါစသော ( ၃၂ ) ပါးသောရောဂါကို၊ ဒေါသသုံးပါးနှင့် မြောက်ပွားရာ (၉၆)ပါးသောရောဂါ ဖြစ်ပေါ်လာပုံကိုရင်း၊ ထိုပြင် နိဒါန်းတွင် သစ္စာနှစ်ပါး ခွဲပြထားသည်ကိုရင်း၊ သာဓကရုံ အထောက်အ ထားကို ကြည့်သောအားဖြင့် ( ၉၆ ) ပါးသော ရောဂါသည်၊ ခန္ဓာဟုဆိုအပ်ခသော နာမသမူဟာ၊ ရူပသမူဟာတို့အပေါ်သို့၊ မကြ ရောက်နိုင်။ ကာယသမူဟာ ကာယဂ်သမ္ဘာရ၏ အခပေါ်၌သာ လျှင် ကြခရောက်သည်ဟု၊ တထင်ကြ မှတ်ယူပါလေ၊ သညာ ဝိပလ္လာသ မဖြစ်ကြစေရန်၊ တချို့ကျမ်းဂန်များတွင် ခန္ဓာနှင့်ကိုယ် တွဲ၍ အနက်ပြန်ထားသည်။ ထိုပြန်ဆိုသူများ၊မှားသည်ကို၊မမှား ရအောင်သာ (သတိ)ပြုနိုင်ရန် သစ္စာနှစ်ပါးပျက်ပုံ ဘောက်ပြန် ပုံကို၊ အကျဉ်းချုပ်၍၊ ရှင်းပြလိုက်သည်။

ဤကား (၉၆) ပါးသော ရောဂါ ဖြစ်ရခြင်း အကြောင်းရင်း အကျဉ်းကောက်နှုပ်ချက် ပြခဏ်းနိဋ္ဌိတံ။

( ဆေးဆရာများ နောက်ဆုံးသတိ )

သာခကပေါင်ကာ။

ပေါတ္တဒေကတုယံသိပ္ပံ၊ ပရဟာတ္တေသုယံခနံ
ယထာကိစ္စေသမုပ္ပန္နေ နတံခနံ

ပေါတ္တကေ တု၊ အကြင်ပေတို့၌ ရှိသော အတတ်သည့်ငင်း၊ ပရဟာတ္တေသု၊ အကြင်သူတပါးလက်၌ရှိသော ဥစ္စာသည့်ငင်း။ အတ္ထိ။ ထင်ရှားတိတိ ကော်ရှိကြပါပေကုန်၏။ ယထာကိစ္စေ၊ ပြုဘွယ်ကိစ္စသည်၊ သမုပ္ပန္နေ၊ ဖြစ်လပ်သော်၊ တံ၊ ထိုပေ၌(ဝါ) စာအုပ်၌ အဖြူပေါ် အမဲတင်ထားသောစာသည်၊ နသိပ္ပံ၊ မိမိ အတတ်မမည်၊ တံ၊ ထိုသူတပါးလက်၌ရှိသောဥစ္စာသည်၊ နခနံ မိမိဥစ္စာမမည်။

( မြန်မာပြန် )

အကြင်ပေတို့၌ရှိသော အတတ်သည့်ငင်း၊ အကြင်သူတပါးလက်၌ရှိသော ဥစ္စာသည့်ငင်း။ ထင်ရှားတိတိရှိကြပါပေကုန်၏။ ပြုဘွယ်ကိစ္စဟူသမျှသည်၊ ဖြစ်လာပ်သော် ( ဝါ ) စာမေးပွဲတို့ ဝင်၍ ဖြေလိုသော်၊ ထိုပေ၌(ဝါ)အဖြူပေါ်အမဲတင်ထားသော အတတ်ပညာသည်၊ အတတ်မမည်။ သူတပါး လက်၌ရှိသော ဥစ္စာသည်လည်း ဥစ္စာမမည်ကြောင်းကို နီတိကျမ်းက ပြထား လေသည်။ ထိုကြောင့် ပညာလိုလားသူ အပေါင်း တို့သည်၊ ပညာရှိများရှိရာသို့သွားရောက်ချဉ်းကပ်ရမည်ဟု နီတိကျမ်းလာ စကားရပ်ကို ကျမ်းရေးဆရာက ထပ်မံသတိပေးလိုသည်မှာ။

ပဏ္ဍိတော သုတသမ္ပန္နော ယတ္ထ အတ္ထီတိ စေ သုတော
မဟုဿာဟေန တံ ဌာနံ ဂန္တဗ္ဗာ ဝ သုတေသိနာ

သုတသမ္ပန္နော၊ သုတနှင့်ပြည့်စုံသော၊ ပဏ္ဍိတော၊ ပညာရှိ သည်၊ ယတ္ထ၊ အကြင်အရပ်၌၊ အတ္ထီတိ၊ ရှိ၏ဟူ၍၊ စေသုတော အကယ်၍ကြားငြားအံ့၊ တံဌာနံ၊ ထိုအရပ်သို့၊ မဟုဿာဟေန၊ သည်းစွာအားထုတ်သဖြင့်၊ ဂန္တဗ္ဗာဝ၊ သွါးရာသာလျှင်တည်း

( မြန်မာပြန် )

သုတနှင့်ပြည့်စုံသော ပညာရှိသည်၊ အကျင်အရပ်၌ ရှိ၏ဟူ၍၊ အကယ်၍ကြားငြားအံ့၊ ထိုအရပ်သို့ သည်းစွာအားထုတ်သဖြင့်။ သွားရောက်သင်ယူရာ၏ဟူ။ နီတိကျမ်းကဆိုပြန်သဖြင့်၊ ပညာကိုလိုသူတို့မှာ ပညာရှိများရှိရာသို့ သွားရောက်ဆည်းကပ်ရမည်ဟု တိုက်တွန်း နှိုးဆော်ထားသည်ကို သိရကြပါသဖြင့်။ ယခုမှာမူ ထိုကဲ့သို့မဟုတ်ပါဘဲ၊ ပညာရှိနှင့်တူသော ဒေသနာနယလာ၊ ကျမ်းတစ်ဆောင် မိမိလက်ဝယ် ရောက်ရှိထားသဖြင့်၊ ပညာရှိတို့ထံ သွားရောက်ဆည်းကပ်သည်နှင့်မခြား တမူအလားတူသောကြောင့်၊ နတံသိ ။နတံခနံ။ မဖြစ်ရလေအောင်၊ နိဂုံးချုပ်အနေနှင့် သတိပေးနှိုးဆော် တိုက်တွန်း လိုက်ပါသည်။ လိုအင်ဆန္ဒပြည့်စုံကြပါစေသော်။

# ( နိဂုံးချုပ် )

ဤသို့ရေးသားဖော်ပြပြီးခဲ့သော၊ ဒေသနာနယသင်္ခေပ ဓါတုကထာ ဝိနိစ္ဆယ ကျမ်းမှာ၊ နိဒါန်းတွင်ဖော်ပြခဲ့ပြီးသော၊ အဘိဓမ္မတ္ထသင်္ဂဟ ရူပပရိစ္ဆေဒကဏ္ဍနှင့်၊ ဓါတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်း၊ ကာယနုပဿနာကျမ်း။ တောင်သာခြောက်လုံးကောက်ဋီကာ၊ ကျမ်း လေးကျမ်းတို့မှာ၊ စင်စစ်အားဖြင့်၊ ဆေးကျမ်းများ မဟုတ်ကြပေ။ အသုံးတတ်လျှင် တမင်္ဂတဖိုလ်ရကိုတိုင်နှင့်၊ ရောက်နိုင်ရနိုင်သော၊ ကျမ်းများသာဖြစ်ကြလေသည်။

ဤကျမ်းများမှာ၊ အက္ခရာတလုံးမှားယွင်းသွားပါမူ။ ဘုရားတဆူဖြက်သာနှင့်တူသည်ဟု-ဒေသနာတော်မှာလာကြောင်း။အာစရိယ မရုံပရအဆက်ဆက်မှ၊ ဆုံးမလာကြောင်း။ ထို့ကြောင့် ဤကျမ်းများကို၊ ပေါင်း၍ စု၍ ရေးသားပေးပါလျှင်။ တပည့်များက၊ တောင်ပန်၍ ရေးသားဖြန့်ဆိုရသော်လည်း။ ကျမ်းရေးဆရာ၏၊ အဘို့မှာမလွယ်ကူပေ။ တလုံးတပါဒမှားသွားပါက၊ ဘုရားတဆူဖျက်ရာ မကြရလေအောင်၊ မိမိစွမ်းနိုင်သလောက်၊ အဂတိမလိုက် လောဘမဘက်ဘဲ စေတနာကောင်းကောင်းနှင့် အမြန်ရေးသားခဲ့ပါ၍။ (ချို့ယွင်းချက်ပါမည်) အားလုံးဆေးဆရာတို့၏ အလိုဆန္ဒပြည့်ဖြည့်အောင်းပါမည်လည်း မထင်ပါ။ စာမေးပွဲနှင့်၊ နီးကပ်နေပါသောကြောင့်၊ စာမေးပွဲနှင့် သက်ဆိုင်မည်ထင်သော၊ စာလည်းပါမည်၊ မသက်ဆိုင်သောစာလည်းပါမည်။ ထို့ကြောင့် သက်ဆိုင်သော စာများကိုသာအသုံးပြု၍ မသက်ဆိုင်သောစာများကို။ ဗဟုသုတအနေနှင့်သာ၊ အသုံးပြုပြစေလိုပါသည်။

ထို့ကြောင့်-ဒေသနာတော်ကျမ်းဖြစ်သည့်အတွက်၊ အသုံးပြုသောအခါ။ ဓမ္မက္ခန္ဓာတခုဆုံးလျှင်။ဘုရားတဆူကိုးကွယ်ရသည်ဟု နှလုံးသွင်း၍၊ ဤကျမ်းစာအုပ်ကို။ လက်ဝယ်ရောက်ရှိသည်နှင့်တပြိုင်နက်၊ တခေါက် နှစ်ခေါက်ဆုံးအောင်ဘတ်ရှုပြီးမှ၊ မိမိလိုရာကို၊ လေ့ကျက်တော် မူကြစေလိုပါသည်။

အမှားအယွင်းရှိပါကပါယ်၊ မိမိသဘောမကြဒါကိုထား သဘောကြဒါကိုသာအသုံးပြုကြပါရန်။ကျမ်းပြုဆရာက တင်ကြိုမေတ္တာရပ်ခံအပ်ပါသည်။

မေး။ အဘယ်ကြောင့်-အက္ခရာတလုံး ဓမ္မက္ခန္ဓာတခုကို။ဘုရားတဆူမည်ပါသနည်းဟုမေးငြားအံ့။

ဖြေ။ မြတ်စွာဘုရားသည်။ သချိုင်းလေးထပ်၊ သိမ်းကပ်ပြည့်သည်နှင့် တပြိုင်နက် တချက်ထည်း၊ မဟာသက္ကရာဇ် ၁၀၃-ခု-ဥတုဂိမန္တ ကဆုံလပြည့်ကြုံ၊ ဆင်မင်းနေ၀ယ်၊ မဟာဗောဓိပင်နှင့် ရွှေပလ္လင်စံနေတော်မူပြီး-ညဉ့်ဦးယံ၌။ (ပု) သန်းခေါင်ယံ၌၊ (ဒိ) မိုးသောက်ယံ၌၊ (အာ) ဤသုံးတန်၊ ပြည့်လျှံစုံညီ၊ လေးသစ္စာမှန်၊ သဗ္ဗညုတရွှေဉာဏ်တော်ကိုရ၍။ အနေကဇာတိ သံသာရံ။ အစဖြာသော အောင်ဂါထာကိုရွတ်ဆိုပြီးသည်မှ၊ တရားစည်းကြီးရိုက်ဆော်တီးကာ (၄၅) ဝါစေ့ရောက်။ မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုံလတွင်။ မလ္လာမင်းတို့ ဥယျာဉ်တော် ကုသိနာရုံ၊ ဝိဟာရ၌။ သီတင်းသုံးနေတော်မူခိုက်။ ရှင်အာနန္ဒာမထေရ်မြတ်က။ မြတ်စွာဘုရားထံချဉ်းကပ်၍၊ လက်အုပ်ချီကာ အရှင်ဘုရား။ အရှင်ဘုရား ပရိနိဗ္ဗာန်မပြုပါနှင့်။ အရှင်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့သော်။ တပည့်တော်တို့သည်၊ ကိုးကွယ်ရာမဲ့ဖြစ်ရပါတော့မည်။ အရှင်ဘုရားမှ တရားမဟောလျှင်။ တပည့်တော်တို့အား။ ဘယ်သူများတရားရေအေးတိုက်ကြွေး၊ ဆုံးမပါမည်နည်းဘုရားဟု ရှင်အာနန္ဒာက လျှောက်ထားသောအခါ။ အောက်ပါ သာစကပါဠိကို။ ထုတ်ဆောင်၍၊ ရွှေနှုတ်တော်မြွက်ဟလေသည်။

**အထောက် သာစကပါဠိကား**

ယောဝေါ အနန္ဒ မယာဓမ္မောစ ဝိနယောစ ဒေသိတော
ပညတ္တော သောဝေါမ အစ္စယေန သတ္တာ ဘဝိဿတိ
အာဟဥ္စ ဒါနိ ဓောဝေါ တုမှေ ဩဝါဒါမိ အနုသာ သာမိ
မယိ ပရိနိဗ္ဗုတေ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓ သဟဿာနိ
တုမှေ ဩဝါဒိဿတိ။

{ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော် }

အနန္ဒ၊ ချစ်သားအာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ဝေါ၊ တုမှာကံ၊ သင်ချစ်သားတို့အား။ ယောဓမ္မောစ၊ အကြင် သုတ်အဘိဓမ္မာ တရားတော်မြတ်ကိုရင်း ။ယောဝိဝိယောစ၊ အကြင်ဝိနည်းတရားတော်မြတ်ကိုရင်း၊ ဒေသိတောစ၊ ဟောလည်း ဟောအပ်ပြီ။ ပညတ္တောစ ပညတ်လည်း ပညတ်အပ်ပြီသောဓမ္မဝိနယော၊ ထိုသုတ်ဝိနည်း၊ အဘိဓမ္မာ၊ တရားတို့သည်။ မမ၊ ငါဘုရား

၏။ အစ္စယေန၊ လွန်သဖြင့်။ ဝေါ၊ သင်ချစ်သားတို့၏။ သတ္ထာ၊ ဆရာသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဒါနိ၊ ယခုအခါ၌။ အာဟဉ္စ၊ငါဘုရားသည်။ ကော ဝ၊ တဆူတည်းသာလျှင်။ တုမှေ၊ သင်ချစ်သားတို့ကို။ ဩဝါဒါမိ၊ ဆုံးမ၏။ အနုသာသာမိ၊ ကံမြစ်တော်မူ၏။ မယိ၊ ငါဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိ နိဗ္ဗာန်စံလွန်တော်မူသည်ရှိသော်။ ဓမ္မာနိစတုရာသီတိ ဓမ္မက္ခန္ဓ သဟဿာနိ၊ ရှစ်သောင်းလေးထောင်သော၊ဓမ္မက္ခန္ဓာတို့သည်၊{ဝါ}ရှစ်သောင်းလေးထောင် သော၊ ဘုရားပေါင်းတို့သည်။ တုမှေ၊ သင်ချစ်သားတို့အား။ ဩဝါဒိဿတိ ဆုံးမကံမြစ်လတံ့။

## ( မြန်မာပြန် )

အာနန္ဒာ၊ ငါဘုရားသည်။ သင်တို့အား။ အကြင်သုတ်-ဝိနည်း အဘိ ဓမ္မာတရားတို့ကိုလည်း။ ဟောလည်းဟောအပ်ပြီ။ ပညတ်လည်း ပညတ်အပ်ပြီ ထိုသုတ် အဘိဓမ္မဝိနယဟုဆိုအပ်သော။သုတ်အဘိဓမ္မာ ဝိနည်း တရားတို့သည်။ ငါ ဘုရားကွယ်လွန်သောအခါ၌။ သင်တို့၏ဆရာဖြစ်လတံ့။ ယခုအခါ၊ ငါ ဘုရားတဆူတည်းသာလျှင် သင်တို့ကို။ ကံမြစ်ဆုံးမတော်မူ၏။ ငါဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်။ရှစ်သောင်းလေးထောင် ကုန်သော ဓမ္မက္ခ န္ဓာတို့သည်။ ရှစ်သောင်း လေးထောင်သော ဘုရားအဖြစ်ဖြင့်၊ သင်တို့အား ဆုံးမကံမြစ်လတံ့။ ဤသို့အားဖြင့် ညီအော်အာနန္ဒာ လျှောက်ထားသည်ကို အဖြေပေးတော်မူ၏။ထိုသို့မြတ်စွာဘုရားသည်။ ညီတော်အာနန္ဒာအား။ အ ဖြေပေးတော်မူသည့်စကားကို။ အထူးအလေးပြု၍။ စကားပြောသောအခါ၊ စာတလုံးကိုရေးသားသောအခါ။မမှားမယွင်း ပညတ်တန်းကို၊ နပညတ်တန်း မဖြစ်အောင် အထူးကျိုးစားရကြပေမည်။ သို့မဟုတ်ပါဘဲနှင့်။ သုတ္တာ သုတ္တာ နုလောမ-အာစရိယ စသည်တို့ကို။ လွှတ်ကင်း၍ မိမိသဘောအရ-ဟောမည်၊ ပြောမည် ရေးသားမည့်ဆိုပါက ဓမ္မက္ခန္ဓာတစုချို့ယွင်းသွားပါမူ။ ဘုရားတ ဆူဖျက်ရာရောက်မည်ကို မဖြစ်ကြစေရန်။ ဤနိဂုံးတွင် အာနန္ဒာလျှောက် ချက်ကို။ မြတ်စွာဘုရား အဖြေပေးတော်မူသော။ မဟာပရိနိဗ္ဗာန ပါဠိတော် စကားရပ်ကို ထည့်သွင်း၍ ရေးသားဖော်ပြရခြင်းဖြစ်ပါကြောင်း။

ထို-သုတ်-ဝိနည်း-အဘိဓမ္မာဟုဆိုအပ်သော ပိဋကပ်သုံးပုံကို၊ ဓမ္မက္ခန္ဓာ အားဖြင့် ဝေဘန်သော် ယထာနုလောမသာသနာ။ ယထာ ယထာပရာဓ သာသနာ။ ယထာဓမ္မသာသနာဟူ၍။ သာသနာသုံးရပ် ဖြစ်ပေါ်လာလေသည်။

တခုတခုသော သုတ်တို့တွင်၊ အနုသန္ဓေ တပါးရှိသော သုတ်သည်၊ ဓမ္မက္ခန္ဓာတခုမည်၏။ ထိုနည်းတူစွာ၊ ၂-ခု-၃-ခု-၄-၅-ခု အစရှိသောကျန်ပိဋကပ်မျိုးသည်၊ တခုတခုသောဓမ္မက္ခန္ဓာအားဖြင့်၊ အစဉ်အတိုင်း တိုးပွား၍။ ရာ-ထောင်-သောင်း-ထိအောင်၊ ရေတွက်ရာ၏။

တနည်း၊ ၊လေးပိုက်- လေးပါဒရှိသော၊ စုဏ္ဏိရဂါထာများသည်လည်း၊ မေးခွန်းတခုမေးထိုက်သည့်စကားရပ်သည်၊ ဓမ္မက္ခန္ဓာတခုမည်၏။ ထိုမေးခွန်းကိုဖြေကြားသည့်စကားရပ်သည်၊ ဓမ္မက္ခန္ဓာတခုမည်၏၊ ထိုသို့-အစဉ်တိုးပွား၍ ယထာနုလောမ။ သုတ္တံဒေသနာတခုလုံးကို ရေတွက်၍၊ ရသောစကားရပ်သည်၊ ဓမ္မက္ခန္ဓာပေါင်း ( ၂၁၀၀၀ ) နှစ်သောင်းတထောင်၊ ဘုရားပေါင်း (၂၁၀၀၀ ) နှစ်သောင်းတထောင်မည်၏ဟူလို။ ထိုသို့ရေတွက်ရာတွင်၊ အမှန်အကန်ရအောင် ရေတွက်နိုင်ဖို့ အလို့ငှါ၊ ပုဂ္ဂိုလ်တူးပုဂ္ဂိုလ်မြတ်၊ ပေါ်ပေါက်ရန်(နသုကရံ) မလွယ်လှပေ။ ထိုယထာနုလောမ၊ သာသနာ၊ သုတ္တံပိဋကပ်တော်ကို၊ အဋ္ဌရကပ်ဦးအစမှ၊ အသက်ရာတန်းအရောက်တွင်၊ ကျွန်ုပ်တို့အလောင်းတော်သည်၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်းစေ့မြောက်၊ ဘုရားအဖြစ်သို့၊ ရောက်သောအခါကြမှပဋ္ဌဝင်္ဂါးဦးကိုအမှူးထား၍၊ ဟောရာ၊ ရှေ့ဦးစွာလူသားငါးဦးနှင့်၊ နတ်ဗြဟ္မာပရိသတ်ကို၊ ရှေ့ဦးစွာကျွတ်တန်းကို၊ဝင်တော်မူကြကြောင်းကို၊ ဓမ္မစကြာ သုတ်ပါဠိတော်မြတ်၌၊ ဟောကြားထားတော်မူလေသည်။ ထိုမှအစပြု၍၊ လေးဆယ်ငါးဝါ ကာလပတ်လုံး၊ နိဂုံးချုပ်သုတ်သုံးကျမ်းကို ကုန်စဉ်အောင်ဟောတော်မူသည်၊

ဤကား သုတ္တံပိဋကပ်၊ ယထာနုလောမ သာသနာတော်ကို ရေတွက်၍ ပြခြင်းတည်း။

ထိုသာသနာသုံးရပ်တို့တွင်၊ ယထာပရာဓ သာသနာခေါ် ဝိနည်းပိဋကပ်တော်ကိုဝေဘန်၍၊ ပြရလျှင်။

တခုတခုသော၊ ဓမ္မက္ခန္ဓာအားဖြင့်။ ဝတ္ထု မာတိကာ ပဒဘာဇနီ၊ အဲပတ္တိဝါရ၊ အနာပတ္တိဝါရ။ တိတ်အပိုင်းအခြားရှိ၏။ ထိုအပိုင်းအခြားမျိုး၌ တခုတခုသော အပိုင်းသည်။ တခုတခုသော၊ ဓမ္မက္ခန္ဓာမည်၏။ ဤသို့ လျှင် အဆင့်ဆင့်တိုးပွား၍။ ယထာပရာဓ၊ ဝိနည်းဒေသနာတော်၊ တခုလုံးကို။ရေ တွက်၍ရသော။ ဓမ္မက္ခန္ဓာပေါင်း (၂၁၀၀၀) နှစ်သောင်းတထောင် ဘုရား ပေါင်း (၂၁၀၀၀) နှစ်သောင်းတထောင်မည်၏ ဟူလို။

ထိုသို့ရေတွက်ရာတွင်၊ အမှန်အကန်ရအောင်၊ ရေတွက်နိုင်ရန်အလို့ငှါ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်၊ ရဘို့ပေါ်ပေါက်ရန်၊ ( နသုကရံ ) သုတ္တ ပိဋကပ် တော်ထက်ပင်၊ ခဲရင်းလှပေ၏။ ထိုဝိနည်းဒေသနာတော်မှာ၊ ဘုရားရှင်သည်၊ အခါအားလျော်စွာ၊ အဖြစ်ပေါ်ပေါက်လာသောအခါကြမှသာ၊ ပညတ်တော် မူရလေသည်၊ ထိုသို့ဝိနည်းခေါ် ယထာပရာဓ သာသနာကို၊ ပညတ်တော်မူရ ခြင်းမှာ၊ ရှင်သုဒိန်ကိုအကြောင်းပြု၍၊ အန္တိမခေါ်သော-သိက္ခာပုဒ်လေးပါး တို့တွင်။ မေထုနသံဝါသသိက္ခာပုဒ်တော်ကို။ ရှေ့ဦးစွာပညတ်တော်မူလေ သည်မှစ၍။ ဝိနည်းငါးကျမ်းကုန်စဉ်အောင် ဟောတော်မူလေသည်။

## ဤကားဝိနည်းပိဋကပ် ယထာပရာဓ သာသနာတော်ကို ရေတွက်၍ ပြခြင်းတည်း။

ထိုသာသနာသုံးရပ်တို့တွင်၊ ယထာဓမ္မသာသနာ၊ အဘိဓမ္မာပိဋကပ် တော်ကို၊ ဝေဘန်၍ ပြရလျှင်၊

အဘိဓမ္မာပိဋကပ်တော်ကို။ ရေတွက်၍ပြရသော် တခုတခုသောတိတ် အပိုင်းအခြားသည်၊ ဓမ္မက္ခန္ဓာတခုမည်၏။ တခုတခုသောဒုတ်အပိုင်း အခြား သည်။ဓမ္မက္ခန္ဓာတခုမည်၏၊ဤသို့လျှင်၊ ယထာဓမ္မ သာသနာတခုလုံး၊ ရေတွက် ၍၊ ရသော ဓမ္မက္ခန္ဓာ ပေါင်း ( ၄၂၀၀၁ ) လေးသောင်း နှစ်ထောင်၊ ဘုရား ပေါင်း ( ၄၂၀၀၀ ) လေးသောင်းနှစ်ထောင်မည်၏ ဟူလို။

ထိုအဘိဓမ္မာဒေသနာတော်ကို၊ ရေတွက်နိုင်ရန်အလို့ငှါ ၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ်ပေါက်ဘို့ရန် ( နသုကရံဝေ ) သုတ္တ - ဝိနည်းပိဋကတ်တို့တက် သာလွန်၍မလွယ်ကူလှတော့သည်သာလျှင်ကတည်း။

ဤသို့ ယထာဓမ္မခေါ်၊ အဘိဓမ္မာဒေသနာတော်မြတ် ပေါ်ပေါက်လာရခြင်းအကြောင်းရင်းမှာ၊ ဘုရားဖြစ်သည်မှ (၆) ဝါအလွန် (၇)ဝါမြောက်၊ တာဝတိံသာနတ်ပြည်သို့၊ ကြွသွားတော်မူပြီး၊ မယ်တော်မိနတ်သားကို၊ ကျေးဇူးဆပ်လိုသောအနေဖြင့်၊ မယ်တော်မိနတ်သားကို၊ အကြီးအမှူးထား၍။ ဝါတွင်းသုံးလပါတ်လုံး။ တာဝတိံသာနတ်ပြည်၌။ အဘိဓမ္မာခုနစ်ကျမ်းကို၊ ကုန်စဉ်အောင်ဟောတော်မူရာ၊ များစွာသောနတ်ဗြဟ္မာပရိတ်သတ်တို့သည်။ ကျွတ်တန်းဝင်ကြကုန်၏ဟုဆိုသည်။

## ဤကား အဘိဓမ္မာပိဋကတ် ယထာဓမ္မသာသနာတော်ကို ရေတွက်၍ ပြခြင်းတည်း၊

## သာသနာသုံးရပ် ပိဋကတ်သုံးဖြာ၊

| | |
|---|---|
| ၁။ ယထာနုလောမသာသနာ။ | သုတ္တံပိဋကပ်–ဓမ္မက္ခန္ဓာ ( ၂၁၀၀၀ ) |
| ၂။ ယထာပရောဓသာသနာ။ | ဝိနည်းပိဋကတ်-ဓမ္မက္ခန္ဓာ {၂၁၀၀၀} |
| ၃။ ယထာဓမ္မသာသနာ | အဘိဓမ္မာပိဋကတ်-ဓမ္မက္ခန္ဓာ ( ၄၂၀၀၀ ) |

ဤသို့အားဖြင့် သာသနာသုံးရပ် ပေါင်းသော် (၈၄၀၀၀)ဖြစ်၏။

ဤကား ဘုရားရှင်သည်၊ ပရိနိဗ္ဗာန်ပြုကာနီး၊ ရှင်အာနန္ဒာလျှောက်ထားချက်အ ၂။ အတိတ်ကိုပြန်၍။ မိန့်ဆိုတော်မူသော။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်။ ဘုရားပေါင်း ရှစ်သောင်းလေးထောင်ကို။ အကျဉ်းအားဖြင့်၊ မိမိစွမ်းနိုင်သလောက်။ ရေတွက်၍ပြသည်မှာ။ ရသေ့ဟောသောကျမ်းမဟုတ်၊ ဘုရားဟောသောကျမ်း ဖြစ်သည်ဆိုထာ။ ဓာထစ်ချမှတ်ယူကြစေဟုလိုသော်

ဤကျမ်းမှာ ဓမ္မက္ခန္ဓာ (၈၄၀၀၀) တို့မှ ထုတ်နှုပ် ရေးသားရသောကျမ်းဖြစ်၍။ တမင်္ဂတဖိုလ်ရက်တိုတို နှင့်၊ ရောက်နိုင်သည်။ ရောက်နိုင်သောကျမ်းတစောင်ဖြစ်၍။ ဤ ကျမ်းကိုဘတ်ရှုသောအခါ။ ဓမ္မက္ခန္ဓာကိုရေတွက်၍ဘတ်ရှုပါမှ၊ မိမိတို့လိုသား တောင်းဘအပ်သည်။ မြတ်သော တမင်္ဂတဖိုလ်ရက်တိုတိုနှင့် ရောက်နိုင်ရေးကိုသာ၊ ကျိုးစားစေလိုသည်။

ဤကျမ်းကိုကောက်နှုပ်ချက်ထုတ်၍။ ပရမတ္ထတရားလေးပါး။ ခန္ဓာငါးပါး၊ စသည့် သစ္စာနှစ်ပါး၊ အတွင်းသို့ပါဝင်သော၊ ရုပ် ( ၂၈ ) ပါးတို့၏၊ သမုဋ္ဌာန၊ ငါးကလာနှင့်၊ ဓါတ်ကြီးလေးပါး၊ လေးမျိုးစီပြားပုံ၊ အဟာရလေးမျိုး၊ ကာယသုံးပိုင်း၊ စသည်တို့အခဏ်း။ တောင်သာခြောက်လုံး၊ သခေ်ပတို့ပါဝင်အောင်၊ ရေးသား ဖေါ်ပြသည့်ပြင် ( ၉၆ ) မျိုး၊ ရောဂါဆိုးတို့သည်။ အစဖြစ်ပေါ်ရခြင်း အကြောင်းရင်းနှင့်၊ ၉၆-မျိုးသောရောဂါတို့၏၊ အမည်ပါ၊ ထည့်သွင်း၍၊ တမင်္ဂတဖိုလ်ရက်တိုတို့နှင့်၊ ရောက်လိုရေးကို ရှေးရှု၍ရေးသားဖေါ်ပြခြင်းဖြစ်သော။ ဤဓါတုကာယ ဝိနိစ္ဆယကျမ်းကို။

၁။ သမထဆရာ။ ၃။ ဆေးဆရာ။
၂။ ဝိပဿနာဆရာ။ ၄။ ဓါတ်ဆရာ။

တို့အသီးသီးလိုရာကိုသာ အသုံးပြုတော်မူကြပါလော့။
**ဤတွင် ဓါတုကာယ ဝိနိစ္ဆယကျမ်းနိဋ္ဌိတံ။**

ဤကျမ်းကိုရေးရခြင်းမှာ တော်လှန်ရေးကောင်စီ အဖွဲ့မှ ဆေးဆရာများ စာမေးပွဲဝင်ရန်၊ တိုက်တွန်း၊ နှိုးဆော်ချက်အရ။ ဆေးဆရာများက ဆုံးဖြတ်ချက် ချထားသော၊ ကျမ်းများမှာ- ပိဋကတ် မသင်ဘူးသည့်အတွက် ပင်္ဂြိဘာသာဖြင့်၊ ရေးသားထားသော၊ စာများကို၊ ကောက်နှုပ်ချက် ထုတ်၍၊ ရေးသားဖေါ်ပြပေးပါရန်။ တောင်းပန်ချက်အရ။ ရေးသားရခြင်းဖြစ်ပါသောကြောင့်၊ တိုက်တွန်းနှိုးဆော်သော၊ တော်လှန်ရေး ကောင်စီအစိုးရနှင့် တောင်းပန်သော ဆေးဆရာ၊ ဖတ်ရှုသူ၊ ရဟန်း ရှင်လူ အပေါင်းတို့ပါ လိုအင်ဆန္ဒလည်း ပြည့်ဝ တမင်္ဂတဖိုလ် ရက်တိုတိုနှင့် ရောက်ကြရကြပါစေသော်။

ရှေ့ကိုဆက်၍၊ ဘေသဇ္ဇနယသခေ်ပနှင့်၊ အခွင့်သာပါက ဒေသနာနယနှင့် ဘေသဇ္ဇနယလာ ပဋ္ဌာန်သန္ဒေခန်းကို၊ ဆက်လက်ရေးသား ဖေါ်ပြသွားပါမည် ဖြစ်ပါကြောင်း။

**ဒေသနာနယ လေးကျမ်း အပြီးသတ် နိဋ္ဌိတံ**